
နာ့စူမဲ့ ဆောဆဲကီ

# ဘော့ကျန်

## ရဲမြလွင်

ဂျပန်ဘာသာမှတိုက်ရိုက်ပြန်ဆိုသည်။



တတိယအကြိမ်

# ဘော့ကျန်

## ရဲမြလွင် ( မြန်မာပြန် )

[ ထုတ်ဝေကာလ
၂၀၀၆၊ နိုဝင်ဘာလ။ ]

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၅၂၀၆၀၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၂၉၅၀၆၁၁

●

ထုတ်ဝေသူ – ဦးမြင့်ဦး(ရွှေကျေးစာပေ)(မြဲ ၀၁၅၈၅)၊ အမှတ်(၁၂၁)၊ ၃၄လမ်း၊ ကျောက်တံတား။ ပုံနှိပ်သူ – ဦးမြင့်ဦး(သိန်းသန်းဦးအော့ဖ်ဆက်)၊ ၁၂၁၊ ၃၄–လမ်း၊ ကျောက်တံတား။ ကွန်ပျူတာ – မြနန္ဒာ။
မျက်နှာဖုံး–ကိုမှတ်သုံး။

●

အကြိမ် – တတိယအကြိမ်။
အုပ်ရေ – ၅၀၀
တန်ဖိုး – 1500

## ဖြန့်ချိရေး

မြနန္ဒာစာအုပ်တိုက် – အမှတ် ၁၄၅၊ ၃၆လမ်း၊ ကျောက်တံတား။ ရန်ကုန်။
ဖုန်း – ၇၀၁၀၃၁



နာစူမဲ့ဆောဆဲကီ

## အမှာစာ

ဂျပန်ပြည်၏ ခေတ်စမ်းစာရေးဆရာကြီး 'နာစုမဲ့ဆောဆဲကီ' အား ၁၈၆၇–ခုနှစ် ဇန်နဝါရီလတွင် တိုကျိုမြို့ ရှင်ဂျူခုရပ်ကွက်တွင် မွေးဖွားခဲ့လေသည်။ ဆရာကြီး မွေးဖွားချိန်တွင် ဂျပန်နိုင်ငံ၌ မေဂျိပြုပြင်ပြောင်းလဲရေးကာလနှင့်ကြုံကြိုက်နေသော ကြောင့် ဂျပန်ပြည်၏ အနှစ်နှစ်ရာမျှ ပိတ်ထားသောတံခါးကို ရုတ်တရက် ဖွင့်လိုက် သည့်အလား အနောက်ဥရောပနိုင်ငံများမှ ယဉ်ကျေးမှု အသွယ်သွယ်တို့ စုပြုံဝင်ရောက် လာခဲ့ကြကုန်သည်။

ထိုကဲ့သို့ ဝင်လာကြသော အသွင်သဏ္ဍာန် အမျိုးမျိုးတွင် "အနောက်တိုင်းစာပေ" သည် အင်အားအကြီးမားဆုံး ဖြစ်ပေသည်။

ဆရာကြီး ဆောဆဲကီသည် အသက် (၁၄)နှစ်သားအရွယ်မှစ၍ ခက်ခဲနက်နဲ သောတရုတ်ဂန္ထဝင်ကဗျာကိုလေ့လာခဲ့ပြီးထူးခြားလေးနက်သောတရုတ်ကဗျာများ ကို စပ်ဆိုခဲ့ပေသည်။ ထို့ကြောင့်လည်း သူ့ဘဝတစ်လျှောက်လုံးတွင် စာရေးဆရာ တစ်ယောက်အနေနှင့်ဖြစ်စေ၊ ပညာရှင်တစ်ယောက်အနေနှင့်ဖြစ်စေ အရှေ့တိုင်းစာပေ အနုပညာ၌သာ နှစ်မြှုပ်တော့မည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

၁၈၈၂–ခုနှစ်လောက်တွင် အစ်ကိုဖြစ်သူက ကမ္ဘာအနှံ့ကျယ်ပြန့်လာမည့် အင်္ဂလိပ် စာပေအား လေ့လာလိုက်စားရန် တိုက်တွန်းခဲ့သောကြောင့် တိုကျိုတက္ကသိုလ်မှ အင်္ဂလိပ်စာ အဓိကဖြင့် ဘွဲ့ရအောင် ကြိုးစားခဲ့ရပြန်သည်။

သို့သော်လည်း မိမိမြတ်နိုးသော တရုတ်စာပေကိုလည်း စွန့်လွှတ်ခဲ့သည်မဟုတ် ပေ။ အနောက်တိုင်းစာပေကို လိုက်စားခြင်းသည် အရှေ့တိုင်းစာပေကို စွန့်လွှတ်ခြင်း ဟု ဆောဆဲကီက မယူဆခဲ့ပေ။ အနောက်တိုင်းစာပေနှင့်အရှေ့တိုင်းစာပေတို့သည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းအလား ဒွန်တွဲနေကြသည်ဟုသာ ယူဆခဲ့ပေသည်။

မြန္မာစာအုပ်တိုက်

၁၈၉၅ ခုနှစ်တွင် တိုကျိုတက္ကသိုလ်မှ ဘွဲ့ရပြီးသောအခါ ဆောဆဲကီသည် ရှိကောကုကျွန်း မစုယာမမြို့၌ အလယ်တန်းပြဆရာအဖြစ် စတင်အမှုထမ်းခဲ့လေသည်။ ဤအတွေ့အကြုံက 'ဘောကျန်'ဟူသောဝတ္ထုကို မွေးဖွားစေခဲ့သည်ဟု ဆိုရပေမည်။ နောက်တစ်နှစ်မျှကြာသောအခါ ကျူးရှူးကျွန်းသို့ ပြောင်းရွှေ့ အမှုထမ်းခဲ့ပြီးနောက် ၁၉၀၀ ပြည့်နှစ်၌ ပညာရေးဝန်ကြီးဌာနက ဆောဆဲကီအား အင်္ဂလန်နိုင်ငံ၌ ပညာဆည်းပူးရန် ရွေးချယ်စေလွှတ်ခြင်း ခံခဲ့ရလေသည်။ အင်္ဂလန်တွင် နှစ်နှစ်ကြာမျှ နေခဲ့ပြီးနောက် ဂျပန်ပြည်သို့ပြန်ရောက်လာသောအခါ ဝတ္ထုများစတင်ရေးသားခဲ့ရာမှ ဂျပန်ပြည်၏ နာမည် အကျော်ကြားဆုံး စာရေးဆရာကြီး ဘဝသို့ရောက်ရှိလာခဲ့လေတော့သည်။

ဆောဆဲကီ၏ ပထမဆုံးသော လက်ရာမှာ ၁၉၀၅ခုနှစ်တွင် ရေးသားသော 'ဝဂဟိုင်ဝနဲကော ဒယ်အဂု' ကျွန်ုပ်သည်ကြောင်တစ်ကောင်ဖြစ်သည်။" I am a cat" ဟူသော ဟာသဝတ္ထုဖြစ်လေသည်။ ၎င်းဝတ္ထုဖြင့် တစ်ခါတည်း နာမည်ရသွား သော ဆောဆဲကီသည် သူ၏ဒုတိယလက်ရာဖြစ်သော "ဘောကျန်" ကို ၁၉၀၆ ခုနှစ်တွင် ရေးသားခဲ့လေသည်။

"ဘောကျန်သည် ဂျပန်စာပေလောကတွင် လွန်စွာရေပန်းစားခဲ့ပြီးယနေ့ထက်တိုင် စာဖတ်ပရိတ်သတ်၏ အသည်းစွဲဖြစ်နေဆဲပင် ရှိပေသေးသည်။"

'ဘောကျန်' ဝတ္ထုကို အကြိမ်ပေါင်းများစွာ စင်တင်ကပြခဲ့ကြသည်။ ရုပ်ရှင်နှင့် တယ်လီဗေးရှင်းဇာတ်လမ်းများ ရိုက်ကူးခဲ့ကြပေသည်။ ဆောဆဲကီ ရေးသားခဲ့သော ဝတ္ထု တော်တော်များများမှာ လေးနက်သော အတွေးအခေါ်များ၊ စာပေအယူအဆများ နှင့် ပြည့်နှက်နေတတ်ပေရာ "ဘောကျန်" မှာမူ လူငယ်၊ လူလတ်၊ လူကြီး အရွယ်မရွေး ဖတ်ရှုနိုင်သည့်အတွက် ဂျပန်ဝတ္ထုလောကတွင် အဖတ်အများဆုံး ဝတ္ထုနေရာသို့ ရောက်ရှိလာခဲ့ပေသည်။

'ဘောကျန်'ကို မြန်မာဘာသာပြန်ဆိုရာတွင် စာဖတ်သူများအနေဖြင့် ကျေနပ်မှု မရှိပါက စာရေးဆရာကြီး ဆောဆဲကီ အောင်မြင်ကျော်ကြားသော ဝတ္ထုအား ဘာသာပြန်သူ၏ ဂျပန်ဘာသာနှင့်မြန်မာဘာသာ မကျွမ်းကျင်မလုံလောက်မှုကြောင့် မူရင်း အရသာကို ပီပြင်အောင်မစွမ်းဆောင်နိုင်ခဲ့၍သာ ဖြစ်ပါလိမ့်မည်။ အကယ်၍ အတော့်အသင့် မကျေနပ်လက်ခံခဲ့ကြသည်ဖြစ်ငြားအံ့၊ စာရေးသူနှစ်ရှည်လများ မျှော်လင့်တောင့်တခဲ့ရသော ဂျပန်–မြန်မာ ယဉ်ကျေးမှု ပေါင်းကူးတံတားကြီးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်မျှ အရာရောက်ခဲ့ပြီဟု ယူဆကာ ကျေနပ်ဝမ်းမြောက်ရမည်သာ ဖြစ်ပါသည်။

"ဂျပန်–မြန်မာ ယဉ်ကျေးမှုပေါင်းကူးတံတားကြီး" ဟု ဘာသာပြန်သူက

တမင်ရွေးချယ် အသုံးပြုခဲ့ရခြင်းကို ရှင်းလင်းတင်ပြရန် လိုအပ်လာပါသည်။

ဂျပန်နိုင်ငံသည် အာရှတိုက်အတွင်းမှ နိုင်ငံတစ်ခု ဖြစ်သော်လည်း တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့ကဲ့သို့ အိမ်နီးချင်းနိုင်ငံမျိုးမဟုတ်ပဲ မြန်မာနိုင်ငံနှင့်အလှမ်းကွာဝေးသော အရှေ့ဖျားဒေသမှ နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီက ထိုနိုင်ငံနှင့်မြန်မာနိုင်ငံတို့ 'ယဉ်ကျေးမှုအရကူးလူးဆက်ဆံခဲ့ကြသည်'ဟူသော သမိုင်းအထောက်အထားကို ထင်ရှားစွာ မတွေ့ရသေးပေ။

သို့နှင့်ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့တော့ရာ ဂျပန်လူမျိုးတို့သည် မြန်မာ့မြေပေါ်သို့ ခြေချလာခဲ့လေတော့သည်။ သို့သော်လည်း သူတို့ပါဝင်ဆင်နွှဲသောစစ်ကား အရင်းရှင်နယ်ချဲ့နှင့်ဖက်ဆစ်တို့၏ စားကျက်လုပွဲဖြစ်ပေရာ ထိုစဉ်က လာရောက်ခဲ့ကြသော ဂျပန်စစ်သားအတော်များများသည် မြန်မာ့မြေပေါ်သို့ ဂျပန့်ယဉ်ကျေးမှုကို ယူမလာကြဘဲ ရိုင်းစိုင်းမှု၊ ရက်စက်ကြမ်းကြုတ်မှုတို့ကိုသာ ယူလာခဲ့ကြသောကြောင့် ဘာသာပြန်သူတို့၏ဖခင်နှင့်ဦးကြီးများသည် ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ် အမြစ်တွယ်လာကာ ၎င်းဂျပန်တပ်သားများအား တော်လှန်တိုက်ခိုက်ကာ မောင်းထုတ်ပစ်ခဲ့ရပြန်သည်။

စစ်ကြီးပြီး၍ ဘာသာပြန်သူတို့ မွေးဖွားကြီးပြင်းလာသောအချိန်၌လည်း စာအုပ်စာတမ်းများနှင့်ရုပ်ရှင်ဇာတ်လမ်းများ၌ ဂျပန်တို့အား ကြောက်စရာဗီလိန်များ အသွင်နှင့်သာ မြင်ခဲ့ရပြန်သည်။

၁၉၈၁–ခုနှစ်၊ အောက်တိုဘာလတွင် ဘာသာပြန်သူသည် ဂျပန်ပြည်သို့ သိပ္ပံပညာရေး လေ့လာရန်ရွေးချယ်စေလွှတ်ခြင်းခံခဲ့ရပေရာ အတိတ်ကာလအကြောင်းတို့ကြောင့် အစပိုင်းတွင်ဂျပန်တို့အပေါ် အနေစိမ်း၍နေခဲ့မိပေသည်။ သို့သော် ဂျပန်ပြည်၌ အနေကြာလာသောအချိန်၌ကား ဂျပန်လူမျိုးတို့၏ မျက်နှာအသွင်အပြင်၊ ဘာသာစကား၊ စိတ်နေစိတ်ထားတို့သည် အံ့သြစရာကောင်းလောက်အောင် မြန်မာလူမျိုးတို့နှင့်တူညီနေသည်ကို တွေ့ရသည်။

ဘာသာပြန်သူက ရထားပဲစီးစီး၊ ထမင်းဆိုင်ကိုပဲဝင်ဝင် ရတ်ရက်တွေ့လိုက်ရသော ဂျန်ပန်လူမျိုးတို့၏ မျက်နှာထားသည် မြန်မာပြည်တွင် ကျန်ရစ်ခဲ့သော အပေါင်းအသင်း သူငယ်ချင်းတစ်ဦးနှင့် တူသလိုလို၊ ဆွေမျိုးသားချင်း တစ်ယောက်ယောက်နှင့်ဆင်သလိုလို မြင်တွေ့ခဲ့ရသော အကြိမ်ပေါင်းသည် မနည်းခဲ့ပေ။ တစ်ဖန် မြန်မာပြည်မှ ပြန်လာခဲ့သော ဂျပန်ပါမောက္ခတစ်ဦးက "ကျုပ်ကို လာကြိုကြတဲ့ မြန်မာတွေသာ လုံချည်နဲ့တိုက်ပုံသာ ဝတ်မထားဘူးဆိုရင် ဘယ်လိုမှ ဂျပန်နဲ့ ခွဲလို့ရမှာ မဟုတ်ဘူး" ဟူ၍ ပြောခဲ့ဖူးပြန်သည်။

ထို့အပြင် "ကျွန်တော်သည် ကျောင်းသို့သွားမည်" ဟူသော မြန်မာဝါကျအား ကျွန်တော်သည် (ဝါကာကုရှိဝ) ကျောင်းသို့(ဂကောအဲ) သွားမည် (အီကီမတ်စု) ဟုတိုက်ရိုက် ပြောချနိုင်လောက်အောင် ဝါကျဖွဲ့စည်းပုံချင်းက တူညီနေပြန်လေသည်။ ထို့ကြောင့်လည်း ဂျပန်ပြည်သို့ရောက်ရှိလာခဲ့သော နိုင်ငံတကာမှ ပညာသင်များတွင် ဂျပန်ဘာသာ၌ ထိပ်ဆုံးမှနေကြသူများမှာ မြန်မာပညာတော်သင်များသာ ဖြစ်ကြောင်း ထူးခြားစွာ တွေ့ရ လေသည်။

ဂျပန်ပြည်၏ကျည်ဆံရထားသည်လည်းကောင်း၊ မိုးထိတိုက်ကြီးများသည် လည်းကောင်း၊ အံ့သြဖွယ်ရာကောင်းကြသည်မှန်သော်လည်း ၎င်းတို့ထက် ထူးခြား အံ့သြဖွယ်ရာ ကောင်းသည်မှာ ဂျပန်မြို့တိုင်း၌ ဂျပန်–မြန်မာ ယဉ်ကျေးမှုအသင်းများ တည်ရှိနေကြခြင်းဖြစ် ပါသည်။ ထိုအသင်းများကို မြန်မာပြည်စစ်ပြန်ကြီးများက ဦးစီးဖွဲ့စည်းခဲ့ကြပါသည်။ ထိုင်း–ဂျပန် ယဉ်ကျေးမှု၊ တရုတ်–ဂျပန်ယဉ်ကျေးမှု၊ အိန္ဒိယ– ဂျပန်ယဉ်ကျေးမှု အသင်းဟူ၍ကား မယ်မယ်ရရ မတွေ့ခဲ့ရပေ။

အထက်ပါအကြောင်းများကြောင့် ဘာသာပြန်သူ၏ ခေါင်းထဲတွင်အလင်း ရောင်ကလေးတစ်စက် လက်ကနဲပွင့်လာခဲ့ရလေ၏။ အမိတိုင်းပြည်တွင် အင်္ဂလိပ် ဘာသာစာပေမှ မြန်မာဘာသာသို့ ပြန်ဆိုသူများဒုနှင့်ဒေးရှိသည်။ အရှေ့တိုင်းဘာသာကို လေ့လာပြီးမြန်မာမှုပြုသူမှာ နည်းပါးလှသေးသည်။ ထိုဟာကွက်ကို မိမိအနေဖြင့် ကြိုးစားဖြည့်မည်ဟူသော အကြံအစည်ဖြစ်လာသောအခါတွင်ကား 'သင်သည် ဂျပန်စာကိုမည်သည့်ရည်ရွယ်ချက်နှင့်လေ့လာပါသနည်း'ဟူသောဂျပန်ဘာသာပြဆရာမလေး မစ်စ်နီချိဂါဝါ၏ အမေးကို 'မြန်မာ့ယဉ်ကျေးမှုအား ဂျပန်များကသိရှိရန်၊ ဂျပန်ယဉ်ကျေးမှုအားမြန်မာများက သိရှိစေရန် 'လေ့လာပါသည်ဟု ဖြေလိုက်မိပါတော့သည်။ ထိုအခါ ဆရာမလေးက ထုံးစံအတိုင်း 'Japanese Smile' ဖြင့်ခနဲ့ပြုံး ပြုံးပြခဲ့လေသည်။

ထိုဆရာမလေး၏ ခနဲ့ပြုံးများသည် တကယ့်နှစ်လိုဖွယ်အပြုံးများ ဖြစ်လာမည့်နေ့ကို မျှော်လင့်လျှက်။

(ရဲမြလွင်)

## တတိယအကြိမ်ထုတ်ဝေခြင်းအတွက် ဘာသာပြန်သူ၏အတွက် အမှာစာ

ဘော့ကျန် မြန်မာစာပေသို့ ရောက်ရှိလာသည်မှာ ၁၄နှစ်ပင် ကြာသွားခဲ့ပေပြီ။ ၁၉၉၂ ခုနှစ် ပထမအကြိမ် ထုတ်ဝေဖြစ်ခဲ့ပါသည်။ အမှန်တော့ ကျွန်တော်သည် ၁၉၈၇ ခုနှစ်ကတည်းက မြန်မာဘာသာသို့ ပြန်ဆိုပြီးဖြစ်သော်လည်း စာအုပ်အဖြစ်ရောက်ရှိလာရန် ၅နှစ်ကျော်အောင် ကြာသွားခဲ့ရပါသည်။ ထိုစဉ်က ကျွန်တော်သည် မော်လမြိုင်မြို့ရှိ ဆရာအတတ်သင်သိပ္ပံတွင် လက်ထောက်ကထိက အဖြစ်အမှုထမ်းနေခဲ့ပါသည်။ မော်လမြိုင်သည် ကျွန်တော်၏ ဒုတိယမွေးရပ်မြေဟုပင် ဆိုနိုင်လောက်အောင် အချိန်အကြာကြီး နေခဲ့ရသည့် မြို့ဖြစ်ပါသည်။ ပြီးတော့ ကျွန်တော်အနှစ်သက်ဆုံးမြို့ကို ပြောပါဆိုလျှင် ကျွန်တော်သည် မော်လမြိုင်ဟုပင် ပြောရပါလိမ့်မည်။ မော်လမြိုင်က လှသည်။ သစ်သီးဝလံနှင့် အစားအစာပေါများသည်။ သို့သော် မိုးကများလွန်းလှသည်။ မိုးများသည့်အတွက် အပြင်သို့ မထွက်ဖြစ်သောကြောင့် စာထိုင်ရေးနေဖြစ်ခဲ့လေသည်။ ဘော့ကျန်စာအုပ်ကလေးအား ကျိုက္ခမိရေလယ်ဘုရား၊ စက်စဲပင်လယ်ကမ်းခြေ၊ ဖွဲကပင်တောင် စသည့်နေရာများသို့ သွားလေတိုင်း လက်ထဲတွင် တကိုင်ကိုင် ယူသွားနေမိတော့သည်။ ဘော့ကျန်သည် တောကျောင်းမှ ဆရာလေးဖြစ်သည်။ကျွန်တော်လည်း ငယ်စဉ်က ချင်းတွင်းမြစ်ဖျားရှိ တောရွာကလေးတစ်ရွာတွင် ကျောင်းဆရာလုပ်ခဲ့ဖူးသည်။ ဘော့ကျန်ထဲတွင်ပါသော တောခွေး၊ အကျီးနီ၊ ဆပ်ကပ်လူပျက်၊ ဖြူကောင်၊ ရွှေဖယုံသီးတို့နှင့်တူသော လူများကို ကျွန်တော့်အမှုထမ်းနေသည့်ကျောင်းတွင်လည်း အများကြီးတွေ့လာခဲ့ရပါသည်။ ယခုထက်တိုင် လောကကြီးထဲတွင် တောခွေးကြီးများ၊ အကျီးနီကြီးများကို တွေ့နေရဆဲဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော် စာရေးဆရာ မဖြစ်သေးပါ။ ရန်ကုန်မြို့သို့ ရုံးကိစ္စဖြင့် လာလေတိုင်း ကျွန်တော် မြန်မာပြန်စာမူထုပ်ကြီးကို ယူလာပြီး ကျွန်တော်နှင့်သိသော

စာရေးဆရာကြီးများထံသို့ သွားကာပေးဖတ်သည်။ သူတို့က "မဆိုးပါဘူး" ဟုသာ မှတ်ချက်ချသော်လည်း စာအုပ်အဖြစ်ထုတ်ပါဟု တိုက်တွန်းအားပေးခြင်း မပြုကြပါ။ ထို့နောက် စာပေတိုက်အချို့ကို ပြကြည့်ပြန်သည်။ သူတို့ကလည်း "ကောင်းတော့ ကောင်းတယ်ဗျ။ဒါပေမဲ့ ကျွန်တော်တို့ တိုက်ကတော့ မထုတ်ရဲဘူး" ဟုပွင့်ပွင့်လင်းလင်း ပြောလာကြလေသည်။ ဟုတ်သည်လေ။ ထိုစဉ်က ကျွန်တော်သည်လည်း နာမည်ရ စာရေးဆရာတစ်ယောက် မဟုတ်သည့်အပြင် ဂျပန်စာပေသည်လည်း မြန်မာစာဖတ် ပရိသတ်အတွင်းသို့ ထဲထဲဝင်ဝင် မရောက်သေးပေ။ သို့နှင့် ကျွန်တော်တို့ မိသားစု ရန်ကုန်မြို့သို့ ပြောင်းလာခဲ့ကြသည်။ ဘောကျန်ကို စာအုပ်အဖြစ် ထုတ်လိုသောစိတ်က ပျောက်မသွားသေး။ နောက်ဆုံးတွင် ဘယ်သူမှ ထုတ်မပေးလျှင် ကိုယ်တိုင် ထုတ်တော့ မည်ဟု စိတ်ထဲတွင် ဒုံးဒုံးချကာ မိန်းမဝတ်ထားသော လက်ကောက်တစ်ရံကို ဖြုတ် လိုက်ရလေသည်။

ဘောကျန် တကယ်တမ်း ထွက်လာပြီးသည့်နောက် ကျွန်တော် မမျှော်လင့်ထားသော ကိစ္စများက ဖြစ်လာကြတော့သည်။ စာပေဝါသနာပါသော လူငယ်များက ဘောကျန် ကို အလွန်ကြိုက်ကြောင်း ယခုလို မြန်မာဘာသာသို့ ပြန်ပေးသည့်အတွက် ကျေးဇူး တင်ကြောင်း ပြောလာလေတော့သည်။ ထို့အပြင် သည်စာအုပ် သေချာပေါက် အမျိုးသား စာပေဆု ရနိုင်မည်ဟု ခန့်မှန်းသူက ခန့်မှန်းလာကြလေသည်။ နောက်ဆုံးတွင် ဘောကျန် ကျေးဇူးကြောင့် ကျွန်တော်လည်း ရဲမြလွင် ဖြစ်လာခဲ့ယုံမျှ မက ကျွန်တော့်ကို မြင်လေတိုင်း "ဘောကျန်ကြီး လာပြီဟေ့" ပြောလာကြတော့သည်။ ဘောကျန်ကို တစ်အုပ်လုံး ပြီးအောင် ဘာသာပြန်ပြီးသည့်နောက်ပိုင်းတွင် ကျွန်တော် သည် အခြားအခြားသော ဂျပန်စာပေများကို ဘာသာပြန်ရန် လက်ရဲလာခဲ့လေတော့ သည်။

ဘောကျန်ကို စာရေးဆရာကြီး နာဇုမဲ့ဆောဆဲကီက ၁၉၀၆ ခုနှစ်တွင် ရေးသား ခဲ့လေရာ ယခုအခါ နှစ် ၁၀၀ ပင် ပြည့်ခဲ့ပေပြီ။ စာဖတ်သူများအနေနှင့် ရာပြည့် ဘောကျန် အား ဖတ်ရှုရင်း ဘောကျန် မအိုသေးပဲ အစဉ်နုပျိုနေကြောင်း တွေ့လာကြရမည် တစ်ထစ်ချ ယုံကြည်နေမိပါတော့သည်။

(ရဲမြလွင်)

(၁)

ဖြစ်ကတတ်ဆန်းလုပ်တတ်တဲ့ ဗီဇစိတ်ကြောင့်လားမပြောတတ်ပါဘူးဗျာ၊ ကျုပ်ကတော့ ကလေးဘဝကစပြီး အရှုံးနဲ့ချည်းရင်ဆိုင်ရခဲ့တယ်။ သူငယ်တန်းကျောင်းသားဘဝတုန်းက ကျောင်းအပေါ်ထပ်က ခုန်ချမိလို့ ခါးဆစ်လွဲပြီး တစ်ပတ်လောက်လမ်းမလျှောက်နိုင်အောင် ခံခဲ့ဖူးတယ်။ ဘာကြောင့်များ ဒီလောက်မိုက်မဲတဲ့အလုပ်ကို လုပ်တာလဲလို့ မေးတဲ့လူများရှိကောင်းရှိမယ်။ အမှန်က သိပ်ပြီးမယ်မယ်ရရ အကြောင်းရှိလှလို့တော့ မဟုတ်ပါဘူး။ ကျုပ်က အဲဒီကျောင်းဆောင်သစ်ကြီးရဲ့အပေါ်ထပ် ပြတင်းပေါက်ကနေ ငုံ့ကြည့်လိုက်တဲ့အခါ အောက်ကအတန်းသားတစ်ယောက်ကဒီလိုစတယ်ဗျ။

"ဟေ့ကောင် ကြွား၊ မင်းသတ္တိရှိရင် အဲဒီကနေ ခုန်ချရဲသလား၊ ခုန်မချရဲဘူးမဟုတ်လား၊ အလကားမိန်းမလျှာပါကွာ" တဲ့။ ဒါကြောင့် ကျုပ်လဲ မခံချင်စိတ်နဲ့ခုန်ချပြလိုက်တာပဲ။ ကျောင်းစောင့်အဘိုးကြီးရဲ့ ကျောပေါ်မှာ ကုန်းပိုးစီးရင်း ပြန်လာတဲ့ကျုပ်ကိုလည်းတွေ့ရော အိမ်ကအဖေက "ဟင်း. . . ကောင်းကွာ၊ နှစ်ထပ်တိုက်ကနေ ခုန်ချတာ ခါးဆစ်လွဲရသလား" လို့ဆူတယ်။ ကျုပ်က ဘာပြန်ပြောလိုက်သလဲ သိလား၊ "နောက်တစ်ခါကျရင် ခါးဆစ်မလွဲအောင် ခုန်ချပြပါ့မယ်အဖေ "လို့ပေါ့။

တစ်ခါက ဆွေမျိုးတွေဆီကနေပြီး နိုင်ငံခြားလာတဲ့ ခဲတံချွန်တဲ့ မောင်းချဓားလေးတစ်ချောင်း လက်ဆောင်ရဖူးတယ်။ ကျုပ်က နေရောင်မှာတစ်လက်လက်တောက်ပနေတဲ့ ဓားသွားလေးကိုထောင်ပြပြီး သူငယ်ချင်းတွေကို ကြွားတာပေါ့။ ဒီတော့သူငယ်ချင်းတစ်ယောက်က "မင်းဓားကလက်ပေမယ့်မပြတ်ပါဘူးကွာ" လို့ပြောလာတယ်။ ကျုပ်က "ပြတ်တယ်ကွ၊ ငါ့ဓားကဘာကိုဖြတ်ဖြတ်ပြတ်တယ်" လို့ မခံချင်စိတ်နဲ့ပြန်ပြောတော့ " သည်လိုဆို မင်းရဲ့လက်မကိုဖြတ်ရင် ပြတ်မလား "တဲ့။ ကျုပ်က

"ဟဲဟဲ လက်မလောက်တော့ အသာလေးပေါ့၊ ဟောဒီမှာကြည့်" လို့ဆိုပြီး ညာလက်မကို ဖြတ်ပြလိုက်တယ် ဓားကလည်း သေးတာကတစ်ကြောင်း၊ လက်မ အရိုးကလည်း မာတာကတစ်ကြောင်းကြောင့် ပြတ်မသွားတာ။ ဒါပေမယ့် ဓားဒဏ်ရာရဲ့ အမာရွတ်ကတော့ သေတဲ့အထိ မပျောက်တော့ဘူးဗျို့။

ကျုပ်တို့အိမ်ဝင်းရဲ့ အရှေ့ဘက် ခြံစည်းရိုးကနေ ခြေလှမ်းအလှမ်းငါးဆယ် လောက်လျှောက်လိုက်ရင် တောင်ဘက်ကုန်းမြင့်ပိုင်းလောက်မှာ ဟင်းသီးဟင်း ရွက်စိုက် ခင်းကလေး တစ်ခုရှိတယ်။ အဲဒီစိုက်ခင်းရဲ့ အလယ်တည့်တည့်မှာ သစ်အယ်ပင်ကြီး တစ်ပင်ရှိတယ်။ ကျုပ်က ဒီသစ်အယ်ပင်ကြီးကို အသက်ထက်တောင်မြတ်နိုးတယ်။ သစ်အယ်သီးတွေ မှည့်ချိန်ရောက်ပြီဆိုရင် ကျုပ်ဟာ အိမ်နောက်ဘေးပေါက်ကထွက်ပြီး အပင်ကကြွေကျတဲ့ အသီးမှည့်တွေကိုကောက်ပြီးစားတယ်။ ကျုပ်တို့ စိုက်ခင်းရဲ့ အနောက်ဘက်စည်းရိုးက ရာမရှိရောယောဆိုတဲ့ အပေါင်ဆိုင်တစ်ဆိုင်ရဲ့ အိမ်ဝင်းနဲ့ ဆက်နေတယ်။ အဲသည်အပေါင်ဆိုင်မှာ ကန်းတားရောဆိုတဲ့ အသက်ဆယ့်သုံးလေး နှစ်အရွယ် ကောင်လေးတစ်ယောက်ရှိတယ်။ ဒီကောင်က အတော်သူရဲဘောကြောင် တယ်။ လူအလစ်မှာ လေးပေလောက်မြင့်တဲ့ ခြံစည်းရိုးကိုကျော်ပြီး ကျုပ်တို့ အခင်း ထဲက သစ်အယ်သီးတွေကို လာခိုးလေ့ရှိတယ်။

တစ်ညနေတော့ ကျုပ်ဟာ ခြံတံခါးဝထောင့်နားမှာ အသာချောင်းပြီး သူ့ကို ဖမ်းလိုက်တယ်။ ကန်းတားရောဟာ လွတ်လမ်းမမြင်တော့တဲ့အဆုံး ကျုပ်အပေါ်ကို ခုန်အုပ်လိုက်တယ်။ တစ်ဖက်လူက ကျုပ်ထက် နှစ်နှစ်လောက်ကြီးတာမှန်ပေမယ့် သူက သတ္တိရှိတဲ့ အကောင်မဟုတ်ဘူး။ သူ့သံခမောက်ကြီးနဲ့ ကျုပ်ကို အတင်းတိုးဝှေ့နေတယ်။ နောက်ဆုံး သူ့ခေါင်းက ကျုပ်ချိုင်းအောက်ဝင်သွားတယ်။ ကျုပ်လက်လဲ လှုပ်ရှားလို့ မရတော့တဲ့အတွက် သူ့ခေါင်းကိုညှပ်ထားပြီး ဟိုဟိုဒီဒီ တအားယိမ်းတာပေါ့။ ကန်းတားရောဟာ ကျုပ် ယိမ်းတဲ့ဘက်ကိုလိုက်ပြီး ဘယ်ဘက်ယိမ်းလိုက်၊ ညာဘက် ယိမ်းလိုက်နဲ့ ယိမ်းထိုးနေတော့တာပေါ့။ ကန်းတားရောဟာ ကြံရာမရဘဲ ကျုပ်ရဲ့ လက်ကို ချိုင်းကြားကနေလှမ်းကိုက်တယ်။ ကျုပ်လည်း နာလွန်းတာနဲ့ သူ့ခြေထောက် တွေကို ကလန့်ပြီး ခြံစည်းရိုးဘက်ကို တွန်းလှဲလိုက်တယ်။ ယာမရှိရော အပေါင်ဆိုင်က ကျုပ်တို့စိုက်ခင်းထက် ၆ပေလောက်နိမ့်တယ်။ ကန်းတားရောရဲ့ ကိုယ်ကြီးဟာ ခြံစည်းရိုးတိုင်တွေကိုကျိုးပြီး သူ့အိမ်ဝင်းဘက်ကို ခေါင်းနဲ့ကျသွားတော့တယ်။ ပါးစပ်ကလည်း တအီးအီးညည်းနေတယ်။ သူကျသွားတော့ ကျုပ်အင်္ကျီချိုင်း စုတ်ပြဲ သွားတယ်။ ခုမှပဲ ကျုပ်ရဲ့လက်တွေလည်း လွတ်လွတ်လပ်လပ်ကြီး လှုပ်ရှားနိုင်တော့ တယ်လေ။

ညကျတော့ အမေ သူတို့အိမ်သွားပြီး တောင်းပန်တယ်။ ပြီးတော့ ကန်းတားရော ဆီကို စုတ်ပြဲပြီးပါသွားတဲ့ အကျီစကို ပြန်တောင်းလာတယ်။ ဒါတင်မကသေးဘူး။ ကျုပ်ဟာ အိမ်ကို တော်တော်ကြီး ဒုက္ခပေးခဲ့တယ်။ တစ်ခါက ရွာက လက်သမားအိမ်က ကောင်ကလေး 'ကာနဲကော'ရယ်၊ ငါးဆိုင်က 'ကကု'ဆိုတဲ့ ကောင်လေးရယ်၊ ကျုပ်ရယ်ဟာ မောဆာခုရဲ့ မုန်လာဥနီအခင်းကို ဖျက်ဆီးပစ်ဖူးတယ်။ အဲ့ကြောင့် ပေါက်ခါစ အပင်နုနုလေးတွေကို ကောက်ရိုးနဲ့ဖုံးထားတဲ့အပေါ်မှာ ကျုပ်တို့တစ်တွေဟာ တစ်နေ့လုံးနပန်းလုံးကစားခဲ့ကြတော့ အပင်ငယ်တွေအားလုံး ကြေမွသွားတာပေါ့။

တစ်ခါကလည်း မုရုဂါဝါရဲ့ လယ်ကွင်းထဲက ရေသွယ်မြောင်တွေကို ပိတ်ပစ်ဖူးတယ်။ မုရုဂါဝါက ရေကန်ကနေ သူ့လယ်ကွင်းထဲကို ဝါးလုံးတွေဆက်ပြီး ရေမြောင်လုပ်ကာ ရေပေးခဲ့တာကိုး။ ကျုပ်က နားမှမလည်ဘဲ။ ဒါကြောင့် ဝါးလုံးခေါင်းထဲကို ကျောက်ခဲတွေ၊ တုတ်ချောင်းတွေ ထိုးထည့်ကြည့်ခဲ့တာပေါ့။ ဝါးလုံးမြောင်ထဲကို ရေလုံးဝမစီးနိုင်တော့တဲ့ အခါကျမှ အိမ်ကိုပြန်လာပြီး ညစာစားနေလိုက်တယ်။ မုရုဂုဝါလည်း သိရော မျက်နှာကြီးနီလာပြီး အိမ်မှာလာသောင်းကျန်းတယ်လေ။ ကျုပ်မှတ်မိသလောက် ကတော့ အိမ်ကလျော်ကြေးပေးပြီး ပြဿနာအေးအောင် လုပ်လိုက်တယ်ထင်ပါရဲ့။

အဖေက ကျုပ်အပေါ် နည်းနည်းကလေးမှ သနားတဲ့စိတ်မရှိဘူးဗျ။ အမေကဆိုရင် အစ်ကို့ကိုပဲ မျက်နှာသာပေးတယ်။ ကျုပ်အစ်ကိုက ဖြူဖြူသွယ်သွယ် ဇာတ်ထဲက မင်းသမီး ဂိုက်မျိုးပဲ။ အဖေကတော့ ကျုပ်ကိုတွေ့လိုက်တယ်ဆိုရင် "ဒီကောင် ဘယ်လိုမှ အသုံးကျမယ့်ကောင် မဟုတ်ပါဘူး" လို့သာ တတွတ်တွတ် အပုပ်ချနေတော့တာပဲဗျာ။ အမေက "ဒီလောက် မိုက်ရိုင်းတဲ့ကလေး ကြီးရင် ဘာဖြစ်လာမယ်မသိဘူး" လို့ ပြောတယ်လေ။

ဟုတ်မှာပါလေ။ ကျုပ်က အသုံးကျချင်မှကျမှာပါ။ ဒါက ရှင်းနေတဲ့ကိစ္စပဲ။ ကြီးရင် ဘာဖြစ်လာမယ်မသိဘူးလို့ စိုးရိမ်တာကလည်း သဘာဝကျပါတယ်။ ကျုပ်က ထောင်နှုတ်ခမ်းပေါ် လျှောက်ပြီး ရှင်သန်ကြီးထွားလာခဲ့တဲ့သူကိုး။

အမေမဆုံးခင် ၂–ရက်၊ ၃ရက်လောက်အလိုကပေါ့။ ကျုပ်က မီးဖိုချောင်ထဲမှာ ကင်းမြီးကောက်ထောင်လိုက်၊ ကျွမ်းပစ်လိုက်ကစားရင်း တစ်နေ့ မီးဖို အုတ်ခုံစွန်းနဲ့ ခိုက်မိပြီး နံရိုးအောင့်သွားတယ်။ အဲဒီအချိန်မှာ အမေက ဒေါသအကြီးအကျယ်ဖြစ်ပြီး "နင့်အမေ ဖျားနေတာ မသိဘူးလား၊ ဒီလောက်တောင် ကမြင်းကြောထတဲ့ ကလေး မျိုးကို ငါမကြည့်ချင်ဘူး။ ထွက်သွား" လို့ ပြောတဲ့အတွက် ကျုပ်လည်း ဆွေမျိုးတွေ အိမ်မှာသွားပြီး အိပ်နေလိုက်တာပေါ့။ ဒါနဲ့ (၂)ရက်လောက်လည်းကြာရော အမေ ဆုံးပြီဆိုတဲ့ သတင်းကို ကြားလာရတော့တယ်။ ဒီလောက်ရောဂါသည်းနေမှန်း သိရင်

ငါလိမ်လိမ်မာမာ နေမှာပေါ့လို့တွေးရင်း အိမ်ကိုပြန်ခဲ့တယ်။

အိမ်ရောက်တယ်ဆိုရင်ပဲ အစ်ကိုက ထုံးစံအတိုင်း "မင်းဟာ သားဆိုးသားမိုက်ပဲ။ မင်းအတွက်ကြောင့် အမေအခုလို ရတ်တရက်သေရတာ" လို့ အပြစ်တင်ကြိမ်းမောင်းလာတယ်။ ကျုပ်လည်းမခံနိုင်တော့တဲ့အဆုံး သူ့ပါးကို ဖြတ်ရိုက်လိုက်မိတယ်။ ထုံးစံအတိုင်း ကျုပ်ပဲ အဆူခံ အကြိမ်းခံရတာပေါ့ဗျာ။

အမေဆုံးပြီးတဲ့နောက် ကျုပ်တို့သားအဖသုံးယောက်ပဲ ကျန်ရစ်တော့တယ်။ ကျုပ်အဖေကအလုပ်ကို လက်မောင်းကြောတင်းအောင် လုပ်ချင်တဲ့သူမဟုတ်ဘူး။ လူကိုမတွေ့လိုက်နဲ့ "မင်းကတော့ အသုံးကျမယ့်ကောင် မဟုတ်ပါဘူးကွာ" လို့ ထပ်ကာတလဲလဲ ရှုံချဖို့ဘဲတတ်တယ်။ ဘာတွေအသုံးမကျတာလဲ ဆိုတာကိုတော့ ကျုပ်လည်းနားမလည်ဘူးလေ။ အတော့်ကို ထူးဆန်းတဲ့အဖေပဲ။

အစ်ကိုကတော့ အလုပ်ကြီး၊ အကိုင်ကြီးလုပ်မယ်လို့ ပြောပြီး အင်္ဂလိပ်စာကိုကြိုးစားနေလေရဲ့။ နဂိုကမှ မိန်းမစိတ်ရှိတဲ့အပြင် ကောက်ကျစ်လွန်းလို့ ကျုပ်နဲ့တော့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ။ ပျမ်းမျှအားဖြင့် ဆယ်ရက်ကို တစ်ခါလောက်တော့ အမြဲ ရန်ဖြစ်ကြတယ်။ တစ်ခါက သူနဲ့ကျုပ် စစ်တုရင်ထိုးကြတယ်။ သူက ကျုပ်အလစ်မှာတမင်ညစ်ပြီး ရွှေ့လိုက်တော့ ကျုပ်အကျပ်ရိုက်သွားတာပေါ့။ ဒါကို သူက ကြည့်ပြီး ကျုပ်ကိုလှောင်တယ်။ ကျုပ်လည်းမခံနိုင်တာနဲ့ လက်ထဲက မြင်းရုပ်နဲ့ သူ့နဖူးကို ထိုးလိုက်တာ နဖူးကသွေးတွေ ရဲခနဲထွက်ကျလာတော့တယ်။ ဒါနဲ့သူက အဖေ့ကို သွားတိုင်တာပေါ့။ အဖေကဒေါပွလွန်းလို့ ကျုပ်ကို သားအဖြစ်က စွန့်လွှတ်မယ်လို့ပြောလာတယ်။ ကျုပ်ကလည်း စွန့်ချင်ရင် စွန့်ပေါ့လေ။ ဘာတတ်နိုင်မှာလဲလို့ နေပစ်လိုက်တယ်။ အဲဒီအချိန်မှာ ကျုပ်တို့အိမ်မှာ နှစ်ရှည်လများ အိမ်ဖော်အဖြစ်နေခဲ့တဲ့ ကီယော်ဆိုတဲ့အဒေါ်ကြီးက အဖေ့ကို မျက်ရည်ကလေး တလည်လည်နဲ့ တောင်းပန်တဲ့အတွက် အဖေလည်း ဒေါသပြေသွားတယ်။ ကျုပ်ကတော့ အဖေ့ကို သိပ်မှုနေတာမဟုတ်ပါဘူး။ ကီယော်ကိုတော့ ကျုပ်သနားတယ်။

ဒီအိမ်စေ အဒေါ်ကြီးဟာ အရင်ကအတော်ကြီး အခြေအနေတောင့်တင်းခဲ့ပြီး ခေတ်ပျက်ချိန်မှာ စီးပွားပျက်ခဲ့ရလို့ ခုလိုအိမ်စေဘဝရောက်ခဲ့ရတာလို့တော့ ကြားမိတယ်။ ဒါကြောင့်လည်း သူ့ကို ကျုပ်တို့က မလေးမစား အဒေါ်ကြီးလို့ ခေါ်နေကြတာပေါ့။ ဘာကြောင့်ရယ် မပြောတတ်ပါဘူးဗျာ၊ ဒီအဒေါ်ကြီးကျမှ ကြံကြံဖန်ဖန် ကျုပ်ကို သနားနေတယ်။ အတော့်ကို ထူးဆန်းတယ်။

အမေက သူမသေခင် သုံးလေးရက်မှာ ကျုပ်ကို မျှော်လင့်ချက်မထားတော့ဘူးလို့ ပြောသွားတယ်။ အဖေကလည်း ဒီကောင်ဟာ ဘယ်လိုမှ ထိန်းလို့ရမယ့် အကောင်မျိုး

မဟုတ်ဘူးလို့ ညည်းတွားပြစ်တင်တယ်။ ရပ်ကွက်ထဲက လူတွေကလည်း ကျုပ်ကို ပေါ့တန်ဆိုးသွမ်းတဲ့ လူရမ်းကားတစ်ယောက်ရယ်လို့ မြင်ထားကြတယ်။ ဒါပေမယ့် ကီယော်ကတော့ ကျုပ်ကို မျက်စိမှိတ်ပြီးအထင်ကြီးတယ်။ကျုပ်ကလည်း ကိုယ့်ကိုကိုယ် အသုံးကျတဲ့ကောင် မဟုတ်ဘူးလေလို့ဘဲ သဘောထားတာပါပဲ။ ဒါကြောင့်လည်း ကျုပ်အပေါ်မှာ ထူးထူးခြားခြား အထင်ကြီးနေတဲ့ ကီယော်ရဲ့ သဘောထားကို စဉ်းစားလို့မရအောင် ဖြစ်နေရတာပေါ့။ တစ်ခါတစ်ခါ မီးဖိုချောင်ထဲမှာ လူတစ်ယောက်မှ မရှိတဲ့ အခါမျိုးမှာ–

"လူလေးက စိတ်ကောင်းရှိတယ်။ သဘောထားလည်း ရိုးဖြောင့်တယ်" လို့ မကြာခဏ ချီးမွမ်းလေ့ရှိတယ်။ ဒါပေမယ့် ကျုပ်အဖို့တော့ ကီယော်ဘာကိုဆိုလိုမှန်း နားမလည်နိုင်ခဲ့ဘူး။ ကီယော်ပြောသလိုသာ ကျုပ်က စိတ်ကောင်းရှိတယ်ဆိုရင် ကီယော်အပြင် တစ်ခြားလူတွေက ကျုပ်အပေါ် ဘာလို့ ပြန်မကောင်းကြတာလဲ။ ဒါကို ကျုပ်နားမလည်နိုင်ဘူး။

ကီယော်က ဒီလို ပြောလာတဲ့အခါမျိုးမှာ ကျုပ်က "မြှောက်ပင့်ပြောတာ အမုန်းဆုံးပဲ" လို့ ပြန်ပြီးပြောလေ့ရှိတယ်။ အဲဒီအခါ "ဒါကြောင့်လည်း လူလေးဟာ လူရိုးလူဖြောင့်လို့ ပြောတာပေါ့" လို့ ပြန်ပြောပြီး အဒေါ်ကြီးဟာ ကျုပ်ရဲ့ မျက်နှာကို ပြုံးပြုံးကြီးစိုက်ကြည့်နေတယ်။ သူ့သဘောနဲ့ ကျုပ်ကို စိတ်ကူးပြီး တစ်ဖက်သတ် အကောင်းမြင်နေတာ ထင်ပါရဲ့ဗျာ။ အတော့်ကို စိတ်ပျက်စရာပဲ။

အမေဆုံးပြီးကတည်းက ကီယော်ဟာ ကျုပ်ကို တစ်ခါထက်တစ်ခါ ပိုပြီးသနား လာပုံရတယ်။ ကျုပ်ကတော့ ကလေးပီပီ ဘာကြောင့်များ ဒီလောက်သနားနေရတာပါ လိမ့်လို့ သံသယ ဝင်ဝင်လာတတ်တယ်။ စိတ်မကောင်းလည်းဖြစ်လာတယ်။ ဒါပေမယ့် ကီယော်ကတော့ သနားမြဲ သနားနေခဲ့တာပါပဲ။ တစ်ခါတစ်လေ သူ့ပိုက်ဆံနဲ့ ကင်းဇူဗ မုန့်တောင့်ရှည်နဲ့ ကောဆိုင်းရာကီဇီးပမ ဘီစကွတ် စတာတွေကို ဝယ်ကျွေးတယ်။ သိပ်အေးတဲ့ညမျိုးမှာ ခေါက်ဆွဲပြုတ်တို့၊ ဆန်ပြုတ်ပူပူနွေးနွေးတို့ကို ဝယ်ပြီး အိပ်ပျော် နေတဲ့ ကျုပ်အနားမှာ လာထားတတ်တယ်။ တစ်ခါတစ်လေတော့လည်း ကြေးအိုးတို့ မြူစွမ်ပြုတ်တွေကိုပါ လာထားတတ်တယ်။

စားစရာတစ်မျိုးတည်းသာ မကသေးဘူး၊ ခြေအိတ်လည်း ဝယ်ပေးဖူးတယ်။ ခဲတံတို့ စာအုပ်တို့လည်း ရဖူးတယ်။ ပိုက်ဆံ ၃ယန်းလည်းချေးဖူးတယ်။ ကျုပ်က ပိုက်ဆံချေးပါဦးလို့ တစ်ခါမှမပြောဖူးဘူး။ သူ့ဘာသာ အခန်းရောက်လာပြီး အိတ်ကပ် ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိရင် ဘယ်ကောင်းမလဲ၊ နည်းနည်းပါးပါးသုံးဖို့ ယူထား ပါလို့ဆိုပြီး ပေးသွားတာပါပဲ။ ကျုပ်ကမလိုဘူးလို့ ပြောလည်းမရဘူး။ ဒါနဲ့ ကျုပ်ယူ

ထားလိုက်ရတာပါပဲ။

အဲဒီပိုက်ဆံ (၃)ယန်းကို ပိုက်ဆံအိတ်ထဲ ထည့်ပြီး ပိုက်ဆံအိတ်ကို အိင်္ကျီကပ်ထဲ ထည့်ကာ ကျုပ်အိမ်သာကိုတက်တော့ ရုတ်တရက် ပိုက်ဆံအိတ်က အိမ်သာတွင်းထဲကို ကျသွားတော့တယ်။ ကျုပ်လည်း အိမ်သာကထွက်လာပြီး ကီယော်ကို အကျိုးအကြောင်း ပြောပြတော့ "ကိစ္စမရှိပါဘူးကွယ်။ အခုပဲ တုတ်ရှည်ရှည် တစ်ချောင်းယူပြီး ဆယ်ပေးပါမယ်" လို့ ပြောတယ်။

ခဏကြာတော့ ရေတွင်းဆီက ရေတစ်ပွမ်းပွမ်း လောင်းဆေးနေတဲ့ အသံကြားရလို့ ထွက်ကြည့်တဲ့အခါ ကီယော်တုတ်ဖျားမှာညပ်ပါလာတဲ့ပိုက်ဆံအိတ်ကိုဆေးနေတာကိုး။ အိတ်ကိုဖွင့်ပြီးကြည့်လိုက်တော့ အထဲက ငွေစက္ကူတွေဟာ အညိုရောင်ပြောင်းပြီး မှိန်နေတာကို တွေ့ရတယ်။ ကီယော်ဟာ အဲဒီပိုက်ဆံတွေကို မီးနဲ့ကင်ပြီး ကျုပ်ကို ပေးတယ်လေ။

နမ်းကြည့်တော့ အနံ့ကနံ့နေတယ်။ ဒီတော့ကီယော်က "ပေးပေး၊ ကြီးကြီး လဲပေးမယ်" လို့ဆိုပြီး တစ်နေရာရာက လဲကာ ဖြူဖွေးပြောင်လက်နေတဲ့ ဒင်္ဂါးစေ့ကလေး သုံးစေ့ကို ပေးလာတယ်။ ဒီငွေသုံးယန်းကို ကျုပ်ဘာတွေ သုံးပစ်တယ်ဆိုတာကိုတော့ မေ့သွားပြီ။ ခုတော့ ဒီငွေသုံးယန်းကို ပြန်ပေးချင်ပေမယ့် ပေးလို့မဖြစ်တော့ဘူး။ ယခုအချိန်ရောက်မှတော့ ဆယ်ဆမက ပြန်ဆပ်နိုင်ပေမယ့် ဆပ်ဖို့ အခွင့်မသာတော့ဘူးလေ။

ကီယော်က တစ်ခုခုပေးချင်တယ်ဆိုရင် ဘယ်တော့ဖြစ်ဖြစ် အဖေနဲ့အစ်ကို မရှိမှ ပေးတာ။ ကျုပ်ကလည်း သူတစ်ပါးကွယ်ရာမှာ လုပ်တာလောက် အမြင်ကပ်တာမရှိဘူး။ ကျုပ်နဲ့အစ်ကိုမတည့်ကြတာမှန်ပါတယ်။ ဒါကတစ်ခြားပဲ။ သူ့ကွယ်ရာမှာ ကီယော်ဆီက သကြားလုံးတို့၊ ရောင်စုံခဲတံတို့ကို ယူရတာကို သဘောမကျဘူး။ ဒါကြောင့်ကီယော်ကို မေးကြည့်တယ်။ ဘာဖြစ်လို့ ကျုပ်တစ်ယောက်တည်းကိုပဲ ကွက်ပေးပြီး အစ်ကို့ကိုကျတော့ မပေးရတာလဲလို့ပေါ့။ "လူလေးရဲ့ အစ်ကိုမှာ ဝယ်ပေးမယ့် အဖေရှိနေလို့ပေါ့ကွယ်"လို့ ပြန်ဖြေတယ်လေ။ ဟုတ်တော့လည်း ဟုတ်တယ်။ အဖေက မျက်နှာလိုက်တယ်။ မတရားဘူး။

အဖေက ခေါင်းမာတယ်ဆိုပေမယ့် ကျုပ်ထင်သလောက်တော့ မျက်နှာသာပေးတတ်တဲ့ လူမျိုးမဟုတ်ဘူး။ ဒါပေမယ့် ကီယော်ဘက်ကကြည့်တော့ မျက်နှာလိုက်တယ်လို့ပဲ မြင်နေတယ်လေ။ အရင်က ဆွေကြီး၊ မျိုးကြီးဖြစ်ခဲ့တာ မှန်ပေမယ့် ယခုအခြေအနေက စာမတတ်၊ ပေမတတ် အဒေါ်ကြီးတစ်ယောက်မို့ မပြောသာဘူးပေါ့လေ။ ဒါပေမယ့် ကီယော် ရဲ့ သဘောထားက သာမန်ထက် ကျော်လွန်နေတော့ ကျုပ်တောင်



ခပ်လန့်လန့်ဖြစ်လာတယ်။ ကီယော်က ကျုပ်လိုကောင်မျိုးကို ဝေဖန်တာက ကြည့်ပါဦး။ ကြီးလာရင် လူတစ်လုံး သူတစ်လုံး ချမ်းသာကြွယ်ဝလာမယ့် ကလေးတဲ့။ အသား လည်းဖြူ၊ ရုပ်ကလည်း ချောတဲ့အပြင် စာအလွန်ကြိုးစားတဲ့ ကျုပ်ရဲ့ အစ်ကိုကိုကျတော့ ဘာမှ အသုံးကျမယ့်ကလေး မဟုတ်ပါဘူးတဲ့။ကျုပ်ဖြင့်နားကို မလည်နိုင်ဘူး။ ဒီအဒေါ် ကြီးက သူသဘောတွေ့တဲ့လူမှ လူတစ်လုံးသူတစ်လုံးဖြစ်လာမယ်၊ သူနဲ့ သဘောမ တွေ့ရင် တစ်နေ့ဒုက္ခတွေ့ရမယ်လို့ယုံနေသလား မပြောတတ်ပါဘူးဗျာ။

အဲဒီတုန်းက ကျုပ်ကြီးလာရင် ဘာဖြစ်ချင်တယ်လို့ လေးလေးနက်နက် မတွေးခဲ့ ဖူးပါဘူး။ ဒါပေမယ့် ကီယော်က ခဏခဏ ဘာဖြစ်လာလိမ့်မယ်၊ ညာဖြစ်လာလိမ့်မယ် လို့ ပြောပြောနေလေတော့ သူပြောလာတဲ့အတိုင်း ဖြစ်လာလေမလားဘဲလို့ စိတ်ကူးယဉ် မိတဲ့အခါမျိုးတော့ရှိတာပေါ့ဗျာ၊ အခုပြန်တွေးကြည့်တော့ အတော်အရူးထ ခဲ့တာပါပဲ။

တစ်ခါက ကီယော်ကို ကျုပ်ဘယ်လို ပုဂ္ဂိုလ်မျိုးဖြစ်လာမလဲလို့ မေးကြည့် ဖူးပါတယ်။ ဒါပေမယ့် ကီယော်အဖို့ ဘာရယ်လို့ တိတိကျကျ ခန့်မှန်းထားတာ မဟုတ်ပါဘူး။ လူကလေးက လန်ချားကြီးစီးပြီး တကယ့်အိမ်ကြီးအိမ်ကောင်းနဲ့ နေရမှာ သေချာတယ်လို့သာ ပြောနေတာပဲရှိတယ်။ သဘောကတော့ ကျုပ်က တစ်အိုးတစ်အိမ် ထူထောင်ပြီးနေတဲ့အခါ သူပါလိုက်နေချင်တဲ့ ဆန္ဒကလည်း ရှိနေတယ်။ ဒါကြောင့် လိုက်နေပါရစေနော်လို့လည်း အကြိမ်ပေါင်းများစွာ တောင်းပန်နေတတ်တယ်။ ကျုပ်လည်း တကယ့် အိမ်ပိုင်ယာပိုင်နဲ့ သူဌေးစိတ်ပေါက်လာပြီး "ထားရမှာပေါ့ဗျာ" လို့တောင်ပြောမိလိုက်တယ်။ ခက်တာက ကီယော်က အတော့်ကို စိတ်ကူးယဉ် လွန်းတယ်ဗျာ။ သူက ကြီးလာလို့ အိမ်ဆောက်ရင် ဘယ်ရပ်ကွက်မှာ ဆောက်မလဲ၊ ကောဂျိမကျိရပ်ကွက်မှာလား၊ အာဇာဗုရပ်ကွက်လား၊ ဥယျာဉ်ထဲမှာ ဒန်းပုခက် ဆင်ဦး မလား၊ ဒါဆိုရင် မကျယ်လွန်းဘူးလား စသည်ဖြင့် လေထဲမှာ တိုက်ဆောက်နေ တတ်တယ်ဗျာ၊ အဲဒီတုန်းက ကျုပ်ကလည်း အိမ်တို့ဘာတို့ မလိုချင်သေးတော့ ကီယော်ပြောတဲ့ ဂျပန်ဆန်ဆန် သို့မဟုတ် အနောက်တိုင်းဆန်ဆန် ဘယ်အိမ်မျိုးမှ မလိုချင်ပါဘူးလို့ ငြင်းတာပေါ့။ ဒီတော့ လူကလေးက လောဘမကြီးဘူး၊ စိတ်ထား မွန်မြတ်ပါပေတယ်လို့ ချီးမွမ်းပြန်ပါရော။

အမေဆုံးပြီးတဲ့နောက် ၅နှစ်၆နှစ်လောက်ကတော့ ဒီအတိုင်းပဲ အချိန်ကုန်ခဲ့တယ် ဆိုပါတော့ဗျာ။ အဖေက ဆူမယ်၊ အစ်ကိုနဲ့ ရန်ဖြစ်မယ်၊ ကီယော်က မုန့်ဝယ်ကျွေးမယ်၊ ချီးမွမ်းမယ်၊ ဒါကနိစ္စဓူဝဖြစ်နေက အဖြစ်အပျက်တွေပဲပေါ့။ ကျုပ်ကလည်း ဘာကြီးဖြစ် ရမယ်၊ ညာကြီးဖြစ်ရမယ်လို့ သိပ်မျှော်မှန်းထားတဲ့ လူမဟုတ်လေတော့ ကိုယ့်ဘဝကိုယ် အကျေနပ်ကြီး ကျေနပ်နေမိတာပေါ့။ ကမ္ဘာပေါ်က တစ်ခြားကလေးတွေလည်း

ကျုပ်လိုပဲနေမှာပါပဲ။

တစ်ခါတစ်ခါ ကီယော်ကလာပြီး လူလေးကသိပ်သနားဖို့ကောင်းတယ်။ ခုလို နေရတာ စိတ်ဆင်းရဲမှာပဲနော်လို့ လာပြောတဲ့အခါမျိုးကျတော့လည်း သူပြောတဲ့အတိုင်း ဟုတ်တယ်။ စိတ်ဆင်းရဲတယ်လို့ ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်ပြမိတာပါပဲ။ ဒါပေမယ့် သိပ်ပြီးတော့ စိတ်ထဲမှာ မခံစားရပါဘူး။အဖေက မုန့်ဖိုးမပေးလည်း ကျုပ် ဘာတစ်ခွန်းမှ မပြောဘူး။ မစားဘဲ နေလိုက်တာပဲ။

အမေဆုံးပြီလို့ ဖြနှစ်လောက် ကြာသွားတော့ နှစ်သစ်ကူးလထဲမှာ အဖေ လည်းလေဖြတ်ပြီး ဆုံးသွားပြန်တယ်။ အဲဒီတုန်းက ကျုပ်ဟာ အလွတ်ကျောင်း တစ်ခုကနေပြီး ကိုးတန်းအောင်ပြီးနေပြီ။ အစ်ကိုကလည်း ကူးသန်းရောင်းဝယ်ရေး ကျောင်းက ဘွဲ့ရပြီးနေပြီ။ သူက ကျူးရှူးကျွန်းကိုသွားပြီး ကုမ္ပဏီခွဲတစ်ခုခုမှာ အလုပ် လုပ်ရမယ်လို့ ပြောလာတယ်။ ကျုပ်တစ်ယောက်တည်း တိုကျိုမှာ ကျောင်းဆက် တက်ရတော့မှာပဲပေါ့။ အစ်ကိုက ကျုပ်တို့ အမွေဆိုင်အိမ်ကြီးနဲ့ ပစ္စည်းတွေကိုရောင်းရ မယ်လို့ ပြောလာတယ်။ ကျုပ်ကတော့ သဘောပဲလေလို့ ပြန်ဖြေလိုက်တယ်။

ကျုပ်သူ့ကို ဒုက္ခမပေးချင်ဘူးလေ။ ကျုပ်အတွက်နဲ့ တာဝန်မလေးစေချင်ဘူးလေ။ သူက ကျုပ်ကို ဆက်ပြီးစောင့်ရှောက်ထားမယ်ဆိုရင်လည်း တကျက်ကျက်နဲ့ ရန်ဖြစ် နေကြမှာပဲ။ သူနဲ့သာနေရင် သူ့ကိုလည်း ကျေးဇူးတင်နေရဦးမယ်။ စေတနာမပါဘဲ ကျွေးမွေးတဲ့အတွက် ကျုပ်ကသူ့ရှေ့မှာ ခေါင်းငုံ့နေရမှာမျိုးကို မလိုလားဘူး။ နောက်ဆုံး ပိုက်ဆံမရှိရင် နွားနို့ပို့ပြီး ကိုယ့်ကိုယ်ကို အားကိုးနေဖို့ ကျုပ်ဆုံးဖြတ်လိုက်တယ်။ အစ်ကိုဟာ ပရိဘောဂကုန်သည်တစ်ယောက်ကို ခေါ်လာပြီး အိမ်မှာရှိတဲ့ တိုလီမုတ်စ တွေကို ဈေးပေါပေါနဲ့ရောင်းပစ်တယ်။ အိမ်နဲ့ခြံကိုတော့ သူကြွယ်တစ်ဦးထံမှာ သူများကစပ်ပေးလို့ ထိုက်ထိုက်တန်တန် ရောင်းလိုက်ရပါတယ်။ ပိုက်ဆံတော်တော် ရလိုက်မှန်းသိပေမယ့် ဘယ်ရွေ့ဘယ်မျှဆိုတာကိုတော့ လုံးဝမသိရဘူး။ အဲဒီအချိန်မှာ ကျုပ်က ကန်ဒါရပ်ကွက်က အော့ဂါဝါမကျိလမ်းမှာ အိမ်ငှားပြီးနေလို့ တခြား ရောက်နေတာကိုး။

ကီယော်ကတော့ သူ ၁၀နှစ်ကျော်ကျော် ကိုင်တွယ်နေထိုင်လုပ်ကိုင်လာတဲ့ အိမ်ရာ ပစ္စည်းတွေကို ရောင်းလိုက်ရလို့ နမြောနေတာပေါ့။ ဒါပေမယ့် သူ့ပစ္စည်းမှ မဟုတ်ဘဲ၊ သူလည်းဘာတတ်နိုင်ရမှာလဲ။ လူလေးကြီးလာတော့ ဒါတွေပိုင်ဆိုင်ခွင့်ရမှာပေါ့လို့ ကျုပ်ကို တဖွဖွဖျောင်းဖျအားပေးနေရှာတယ်။ ဒါဆိုရင် အခုကျုပ်ရသင့်ပြီပေါ့။ မရပါဘူးဗျာ။ အဒေါ်ကြီးက ဘာမှန်းညာမှန်းမသိဘဲ အသက်ကြီးလာရင် အမွေရမှာ ပဲလို့ အရမ်းယုံကြည်ထားတာထင်ပါရဲ့ဗျာ။

နောက်ဆုံးတော့ ကျုပ်နဲ့အစ်ကို လမ်းခွဲကြတာပဲပေါ့ဗျာ။ ခုကျနေတာက ကီယော် ဘယ်မှာနေရမှာလဲဆိုတဲ့ ပြဿနာပဲ။ အစ်ကိုကလည်း ဘယ်နည်းနဲ့မှ ကီယော်ကို ခေါ်သွားမှာ မဟုတ်ဘဲ။ ကီယော်ကလည်း အစ်ကိုသွားမယ့်ကျူးရှူးအထိလိုက်နေနိုင်မှာ မဟုတ်ဘူး။ ကျုပ်ဆိုတဲ့ ကောင်ကလည်း ဈေးပေါပေါဖျာလေးချပ်ခင်းစာ အခန်းကျဉ်းလေးထဲမှာ နေရတာဆိုတော့ တောင်မင်းမြောက်မင်း မကယ်နိုင်ဖြစ်နေကြရတော့တယ်။

ဒါနဲ့ကီယော်ကို မေးကြည့်မိတယ်။ တခြားအိမ်တစ်အိမ်မှာ အိပ်ဖော် သွားမနေချင်ဘူးလားလို့ပေါ့။ ဒီတော့ လူလေးကြီးလာလို့ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ သားနဲ့ မယားနဲ့ တင့်တင့်တယ်တယ်မဖြစ်လာသေးမီတော့ အော်အိဆီကိုပဲ အပူကပ်ပြီးနေရတော့မှာပေါ့လေလို့ ပြတ်ပြတ်သားသား ပြောလာတော့တယ်။

အော်အိဆိုတာက ကီယော်ရဲ့ တူတော်သူဖြစ်ပြီး တရားရုံးတစ်ခုက စာရေးတစ်ယောက်ပဲ။ သူ့ဘာသာသူ တင့်တင့်တယ်တယ် နေထိုင်နိုင်သူဖြစ်လို့ သူ့အဒေါ်ကို သူနဲ့လာနေဖို့ နှစ်ခါသုံးခါ ခေါ်ခဲ့ဖူးတယ်။ ကီယော်ကလည်း ကီယော်ပဲ။ ဆွေမျိုးသားချင်းကိုပစ်ပြီး သူစိမ်းအိမ်မှာ အိမ်ဖော်လုပ်နေရတာကို ပျော်နေပုံပေါက်တယ်။ ဘာမှ အကြောင်းမပြန်ခဲ့ဘူး။

ဒါပေမယ့် ခုတော့ ကျုပ်တို့အိမ်ကနေ တခြားအိမ်တစ်အိမ်ကို သူစိမ်းအဖြစ် သွားနေရမှာထက် ကိုယ့်တူကိုယ့်သားအိမ်မှာ သွားပြီးနေရတာက ပိုကောင်းဦးမယ်လို့ တွေးလာပုံရတယ်။ ဒါပေမယ့် ကျုပ်ကို မြန်မြန်အိမ်ထောင်ပြုပြီး တစ်အိုးတစ်အိမ် ထူထောင်ဖို့ တဖွဖွပြောနေရှာတယ်။ အဲဒီအခါကျရင် သူသေချာပေါက်လာနေမယ့်လို့လည်း ပြောရှာတယ်။ သွေးသားဖြစ်တဲ့ အော်အိထက် ကျုပ်ကိုပိုပြီး တွယ်တာနေရှာတယ်လေ။

အစ်ကိုဟာ ကျူးရှူးကိုထွက်မသွားခင် နှစ်ရက်လောက်တုန်းက ကျုပ်နေတဲ့ အဆောင်ကို ရောက်လာပြီး ငွေယန်း ၆၀၀ ထုတ်ပေးတယ်။ ဒါကို အရင်းအနှီးလုပ်ပြီး အရောင်းအဝယ်လုပ်ချင်ရင်လုပ်၊ ဒါမှမဟုတ်ရင် ဒီငွေနဲ့ကျောင်းဆက်နေချင်နေ၊ မင်းသဘောအတိုင်း ဆုံးဖြတ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ ငါ့ကို ဘာမှလာပြီး အပူမကပ်နဲ့လို့ ပြောလာတယ်။ အစ်ကို ဒီလောက်သိတတ်တာကိုပဲ ကျေးဇူးတင်ရဦးမယ်။

ကျုပ်အဖို့ကတော့ ဒီလောက်ငွေကို ရရ၊ မရရကိစ္စမရှိပါဘူး။ ဒါပေမယ့် ကျုပ်သူ့ကို အသိအမှတ်ပြုတဲ့အနေနဲ့ ယူထားလိုက်ပါတယ်။ အဲဒီနောက် အစ်ကိုဟာ နောက်ထပ် ယန်းငါးဆယ် ထုတ်ပေးပြီး ဒါကို ကီယော်ကို ပေးလိုက်ကွာလို့ဆိုတယ်။ ကျုပ်လည်း ဘာမှပြန်မပြောဘဲ အသာယူထားလိုက်တယ်။ နောက်နှစ်ရက်လောက်ကြာတော့ ရှင်းဗကျီကားဂိတ်မှာ ကျုပ်တို့ညီအစ်ကိုနှစ်ယောက် ခွဲခွာကြတယ်။

အဲဒီနောက်ပိုင်းမှာ အစ်ကို့ကို တစ်ခါမှ မတွေ့ရတော့ဘူး။

ကျုပ်ဟာ အိပ်ရာပေါ်မှာပက်လက်လှဲရင်းက ဒီငွေ ၆၀၀ကို ဘယ်လိုသုံးရပါ့ လိမ့်လို့စဉ်းစားနေမိတယ်။ ကုန်သည်လုပ်တယ်ပဲထား၊ ကျုပ်စိတ်မရှည်ပုံမျိုးနဲ့ မလွယ်ဘူး။ ဒါ့အပြင် ဒီလောက်ငွေကလေးနဲ့ကကော ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်မှာတဲ့လား။ ဖြစ်တယ်ပဲထား၊ ကုန်သည်ဘဝရောက်သွားခဲ့ရင် ကျုပ်အဖို့လူတွေအရှေ့မှာ ပညာရဲရင့်ပွဲလယ်တင့်တဲ့အဖြစ်မျိုး ရမှာမဟုတ်တော့ဘူး။ ဘဝရှုံးရလိမ့်မယ်။ ဒါဆိုရင် ဒီငွေကို အရင်းအနှီးမလုပ်တော့ဘူး။ ပညာသင်တဲ့ဘက်မှာပဲ သုံးတော့မယ်။ ငွေ ၆၀၀ကို သုံးပုံပုံရင် တစ်ပုံကို ၂၀၀ ရမယ်။တစ်နှစ် နှစ်ရာလောက် သုံးရင် သုံးနှစ်တော့ ကျောင်းနေလို့ရတယ်။ သုံးနှစ်လောက် ကြိုးစားလိုက်ရင် တစ်ခုခုတော့ဖြစ်လာမှာပဲ။

အဲဒီနောက် ဘယ်လိုကျောင်းမျိုးမှာ နေရမယ်ဆိုတာကို စဉ်းစားလာရပြန်တယ်။ ခက်တာက ဘယ်ဘာသာကိုမှ ထူးထူးခြားခြားနှစ်သက်လှတာမဟုတ်ပါဘူး။ စာပေ၊ အနုပညာပိုင်းမှာက ကျုပ်ဘာမှမစွံဘူး။ ကဗျာဖွဲ့ဖို့ဆိုတာကတော့ ဝေလာဝေး၊ ခေတ်သစ်ကဗျာဝါဒ၂၀ထဲက စစ်ဝါဒတောင် နားလည်တဲ့ကောင်မဟုတ်ဘူး။ ကျုပ်အတွက်တော့ ဘာမှမထူးဘူးဆိုပြီး ရူပဗေဒဌာနရှေ့ ကြော်ငြာစာကို တွေ့တာနဲ့ ချက်ချင်းလျှောက်လွှာတင်ကာ အဲဒီဌာနကိုပဲ ဝင်လိုက်တယ်။ အခုပြန်စဉ်းလိုက်တော့ ဒါဟာလည်းပဲ ဖြစ်ကတတ်ဆန်းလုပ်တတ်တဲ့ ဗီဇကြောင့်ရလိုက်တဲ့ ဆုံးရှုံးမှုတစ်ခုပဲ မြင်လာတော့တယ်။

သုံးနှစ်လုံးလုံးကျောင်းနေတယ်ဆိုပေမယ့် ပညာရေးဘက်မှာဘာမှထူးချွန်မလာဘူး။ ကျုပ်အဆင့်က နောက်ပိတ်ဆုံးကစရေတွက်မှ ပိုပြီးရှာလို့လွယ်တယ်။ ဒါပေမယ့် အံ့သြဖို့ကောင်းတယ်ဗျို့။ သုံးနှစ်လောက်လည်းကြာရော၊ ကျုပ်အလို အလျောက်ဘွဲ့ရလာတော့တာပဲ။ ကျုပ်ကိုကျုပ်တောင်ရက်မိတာ မှန်ပေမယ့် ဘာမှ ထူးထူးခြားခြားခံစားရတာ မဟုတ်လေတော့ ဒီဘွဲ့ကို ကျုပ်ကျေနွေရရပဲ ယူလိုက်ပါတယ်။

ဘွဲ့ရပြီး ၈ရက်လောက်ကြာတော့ ကျုပ်ကို ကျောင်းအုပ်ကြီးကခေါ်တယ်။ ရှီကောကုဘက်က အလယ်တန်းကျောင်းတစ်ကျောင်းမှာ သင်္ချာဆရာတစ်ယောက်လိုနေတယ်။ လစာကယန်း၄၀လောက်ရမယ်။ ဘယ်လိုလဲလို့ ဆွေးနွေးလာတယ်။ ကျုပ်ဟာ သုံးနှစ်သုံးမိုး ပညာသင်ယူခဲ့တာမှန်ပေမယ့် ကျောင်းဆရာလုပ်ဖို့နဲ့ နယ်ဘက်ကို သွားနေဖို့ကို ဘယ်တုန်းကမှစိတ်မကူးခဲ့ဘူး။ ဒါပေမယ့် တခြားဘာအလုပ်ကို လုပ်မယ်လို့ စိတ်ကူးထားတာကလည်း မရှိတော့ "ချက်ချင်းသွားလုပ်ပါ့မယ် ဆရာကြီး" လို့ အကြောင်းပြန်လိုက်တယ်။ ဒါကလည်း ဖြစ်ကတတ်ဆန်း လုပ်တတ်တဲ့ ဗီဇစိတ်ကြောင့်ပါပဲ။

အလုပ်လက်ခံလိုက်ပြီးတဲ့ နောက်မှာတော့ ကျုပ်အဖို့ အလုပ်ရှိတဲ့နေရာကို သွားရုံပဲရှိတော့တာပေါ့။ ကျုပ်ဟာ ဖျာလေးချပ်ခင်းစာ အခန်းကျဉ်းကလေးထဲမှာ သုံးနှစ်သုံးမိုးအောင်းနေခဲ့ရတယ်။ ဘယ်သူနဲ့မှ စကားပြောစရာမလိုဘူး။ ကျုပ်တစ်သက်မှာ ဒီကာလကလေးဟာ အတော့်ကိုသက်တောင့်သက်သာ နိုင်လှတဲ့ ကာလကလေးပါပဲ။ ခုတော့ ဒီအခန်းလေးကို ကျုပ်ခွဲရတော့မယ်။ ကျုပ်လေ မွေးကတည်းက တိုကျိုမြို့ အပြင်ဘက်ကို တစ်ခါပဲ ထွက်ဖူးတယ်။ ဒါတောင်ကျောင်းကသူငယ်ချင်းတွေနဲ့ ကမားကူးရားဘက်ကို လေ့လာရေးထွက်တာလောက်ပဲရှိတယ်။

အခုသွားရမှာက ကမားကူးရားမဟုတ်ဘူး။ သည့်ထက်အများကြီးဝေးတဲ့ ဒေသကို သွားရတော့မယ်။ မြေပုံထဲမှာကြည့်လိုက်တော့ ပင်လယ်ကမ်းစပ်က အပ်ကလေးတစ်ချောင်းလိုဖြစ်နေတဲ့ မှုန်မွှားမွှား ကျွန်းကလေးတစ်ကျွန်းပဲ။ သိပ်ထင်ရှားလှတဲ့ နေရာတဲ့ ဟုတ်ဟန်မတူဘူး။ ဘယ်လိုမြို့မျိုး၊ ဘယ်လိုလူမျိုးတွေဆိုတာ ကိုလည်း ကျုပ်မသိဘူး။ သိသိ မသိသိ၊ ဒါက ကိစ္စမရှိပါဘူး။ စိုးရိမ်စရာမလိုပါဘူး။ သွားတော့ သွားရမှာပါပဲ။ စိတ်ကတော့ နည်းနည်းထင့်တာပေါ့လေ။

ကျုပ်ဟာအိမ်ကထွက်ခဲ့ပြီးတဲ့နောက်ကီယော်ရှိတဲ့နေရာကိုသွားလည်ခဲ့ရသေးတယ်။ ကီယော်ရဲ့ တူတော်သူဟာ ကျုပ်မျှော်လင့်ထားတာထက်ပိုပြီး သဘောကောင်းနေတယ်။ ကျုပ်သွားတဲ့အခါတိုင်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုရှာတယ်။ ကီယော်ကလည်း ကျုပ်ကိုရှေ့မှာထားပြီး ဟိမဝန္တာချီးမွမ်းဖွင့်တယ်။ ကျုပ်ဘွဲ့ရတဲ့အခါ ဂျီမကျိုဘက်မှာ အိမ်ကြီးတစ်ဆောင်ဝယ်ပြီး အရာရှိကြီးလုပ်လိမ့်မယ်လို့လည်း ကြွားသေးတယ်။ သူ့ဘာသူ ဆုံးဖြတ်ပြီး ပြောချင်ရာပြောနေတော့ ကျုပ်က ဘာမှဝင်မပြောသာဘူး။ မျက်နှာကြီးနီပြီး ခေါင်းငုံ့နေရုံပဲ တတ်နိုင်တော့တယ်။ ဒါက တစ်ခါနှစ်ခါ မဟုတ်ဘူး။ စကားဘယ်လောက်များသလဲဆိုရင် ကျုပ်ငယ်ငယ်တုန်းက အိပ်ရာထဲသေးပါတယ်ဆိုတာထိ လျှောက်ပြောတယ်။

အော်အိက ကီယော်ရဲ့စကားကို ဘယ်လိုများအောက်မေ့တယ်တော့ မပြောတတ်ဘူး။ ကီယော်ဟာ ရှေးဟောင်း အဒေါ်ကြီးပီပီ ကျုပ်ကို ပဒေသရာဇ်ခေတ်က အရှင်သခင်တစ်ယောက်လို ဆက်ဆံနေတယ်။ သူရဲ့သခင်ဆိုရင် သူ့တူရဲ့ သခင်ပဲဖြစ်တယ်လို့ ယူဆနေပုံရတယ်။ အော်အိခမျာ ဘယ်လိုနေရမယ်မသိတော့ဘူး။

အလုပ်မသွားခင် သုံးရက်လောက်အလိုမှာ ကျုပ်သွားလည်တော့ ကီယော်ဟာ အအေးမိဖျားနေလို့ အခန်းကျဉ်းလေးထဲမှာ လှဲနေတာကို တွေ့ရတယ်။ ကျုပ်ကို တွေ့ရောချက်ချင်းထထိုင်ပြီး "ဘော့ကျန် အိမ်ဘယ်တော့ ဝယ်မှာလဲ" လို့ မေးတော့တယ်။ သူကဘွဲ့ရရင် အိတ်ကပ်ထဲ ပိုက်ဆံတွေ အလိုအလျောက် ဝင်လာတယ်လို့

အောက်မေ့နေရှာတယ်။ ဒီလောက်တောင် အထင်ကြီးလျက်နဲ့ ကီယော်ဟာ ကျုပ်ကို 'ဘော့ကျန်' လို့ခေါ်နေဆဲပဲ။ ကျုပ်ကအိမ်မဝယ်နိုင်သေးတဲ့ အကြောင်းပြောလိုက်တော့ ကီယော်ဟာ မျက်နှာအကြီးအကျယ်ပျက်သွားပြီး ဖြူရော်စ ပြုနေပြီဖြစ်တဲ့ သူ့ဆံစတွေနဲ့ လက်နဲ့သပ်နေတော့တယ်။ သနားစရာပဲ။

"အခု သွားရပေမယ့် ပြန်လာမှာပါ။ နောက်နွေကျရင်သေချာပေါက် ပြန်လာမှာပါ"

ကျုပ်ကသူ့ကို အားပေးစကားပြောမိတယ်။ ဒါပေမယ့် သူ့မျက်နှာ ပြန်လန်းမလာသေးဘူး။ ဒါနဲ့-

"အပြန်ကျရင် ဘာလက်ဆောင် ဝယ်ခဲ့ရမလဲ၊ ကီယော်ဘာလိုချင်သလဲ" မေးကြည့်သည်။

"အဲကိုဂေါ မုန့်ဖက်ထုပ်တော့စားချင်တယ်"

အဲကိုဂေါ မုန့်ဖတ်ထုပ်ဆိုတာ ကျုပ်အဖို့ကြားတောင်မကြားဖူးဘူး။ သူပြောတာနဲ့ ကျုပ်သွားမယ့် အရပ်ကလည်းတခြားစီပဲ။

"ကျွန်တော် သွားမယ့်နေရာမှာ မုန့်ဖက်ထုပ်မှ မရှိဘဲ" လို့ပြောတော့ "ဒါဖြင့် ဘယ်အရပ်သွားမှာလဲကွယ့်" လို့ မေးရှာတယ်။

"အနောက်ဘက်ကို"

"ဒါဆို ဟာကောနဲ့ရဲ့ တစ်ဖက်ကမ်း အနောက်ဘက်လား" တဲ့။

ဟာကောနဲ့ဆိုတာက ကမားကူးရားလောက်တောင် မဝေးဘူး။ အတော်နားဝေးတဲ့ အဒေါ်ကြီးပါပဲ။

ကျုပ် ခရီးထွက်မည့်နေ့မှာ ကီယော်ဟာအစောကြီး အိမ်ကိုရောက်လာပြီး အထုတ်အပိုးတွေ ပြင်ပေးနေရှာတယ်။ လမ်းကဆိုင်တစ်ဆိုင်ကနေ သွားတိုက်ဆေး၊ သွားပွတ်တံနဲ့ လက်သုတ်ပုဝါကို ဝယ်ပြီး အိတ်တစ်အိတ်ထဲမှာ ထည့်ယူလာရှာတယ်။ ကျုပ်ကမလိုပါဘူး ပြောတာတောင် မရဘူး။

ဒါနဲ့ ကျုပ်တို့ လန်ချားနှစ်စီးနဲ့အတူတူ ဘူတာကို ထွက်လာခဲ့တယ်။ ပလက်ဖောင်းပေါ်ရောက်တော့ ကျုပ်က ရထားတွဲပေါ်တက်လိုက်တယ်။ သူက အောက်ကနေ ကျုပ်ကို ငေးမောကြည့်နေပြီး. . . .

"လူကလေးကို တွေ့ရတော့ပါ့မလားကွယ်၊ ကျန်းမာအောင်နေနော်" လို့ ဝမ်းနည်းသံကလေးနဲ့ ဆိုရှာတယ်။

သူ့မျက်လုံးအိမ် တစ်ခုလုံးမှာလည်း မျက်ရည်တွေပြည့်လို့ ကျုပ်မငိုမိအောင် ထိန်းထားလိုက်ရတယ်။ ဒါပေမယ့် ပြိုတော့မယ့်မိုးလို ကျုပ်ငိုချလိုက်ချင်တာတော့

အမှန်ပဲ။ရထားကြီးက တရွေ့ရွေ့ထွက်ခွာလို့ အတော်လှမ်းလှမ်းရောက်တော့ ခုလောက်ဆို ပြန်ရောက်ပြီပေါ့လို့ ကျုပ်အောက်မေ့ပြီး ပြတင်းပေါက်ကနေ ခေါင်းပြူကြည့်လိုက်တယ်။ ကီယော်ဟာ ပလက်ဖောင်းပေါ်မှာ ရပ်နေတုန်းပဲ။ ရထားကြီးက တဂျုံးဂျုံး ထွက်ခွာသွားတာနဲ့အတူ သူ့ကိုမှုန်ဝါးဝါးပဲ မြင်ရတော့တယ်။

## (၂)

'ပေါ'ဆိုတဲ့ ဉသြဆွဲသံနဲ့အတူ သင်္ဘောကြီးက အရှိန်တန့်လိုက်တယ်ဆိုရင်ပဲ ကမ်းမှာ ဆိုက်ကပ်ထားတဲ့ ကူးတို့ဖောင်ကြီးဟာ ကမ်းကခွာပြီး ကျုပ်တို့ သင်္ဘောဆီကို လှော်ခတ်လာတော့တယ်။ လှေထိုးသားတွေရဲ့ ကိုယ်ပေါ်မှာကလည်း အဝတ် ဗလာကျင်းနေပြီး ခါးကိုသာအဝတ်ပိုင်းနီလေးတွေနဲ့ ပတ်ထားကြတယ်။ အတော်ရိုင်းတဲ့ဒေသပဲ။ စဉ်းစားကြည့်လိုက်ပြန်တော့လည်း ဒီလောက်ပူအိုက်နေမှ ဘယ်အဝတ်အစား ကပ်နိုင်ရှာကြမလဲလေ။ ခြစ်ခြစ်တောက်ပူနေတဲ့ နေရောင်ခြည်တွေက ရေပြင်ကို တဖျပ်ဖျပ်ရိုက်ခတ်နေတော့ ကြည့်ရတာ ခေါင်းနောက်စရာပဲ။ သင်္ဘောစာရေးကို မေးကြည့်တော့ ကျုပ်ကဒီမှာဆင်းရမှာလို့ဆိုတယ်။ သေသေချာချာ ကြည့်လိုက်တဲ့အခါ ကျုပ်တို့တိုကျိုက အော်အောမောရိရပ်ကွက် သာသာလောက်ရှိတဲ့ တံငါရွာကြီးတစ်ရွာပဲ။ လူကို အရူးအပေါမှတ်ပြီး ဒီနေရာမျိုးကို ပို့လိုက်ကြသလား မသိပါဘူးဗျာ။ ဒီလောက်ခေါင်တဲ့နေရာကို ကျုပ်ဘယ်လိုလုပ် သည်းခံပြီးနေရမှန်းမသိဘူး။ တတ်နိုင်ပါဘူးလေ၊ ဖြစ်သလို အောင့်အီးသည်းခံနေရတော့မှာပဲ။ ဒါကြောင့် ဖောင်ပေါ် ကျုပ်ပဲအရင် ခုန်ဆင်းလိုက်တယ်။ ကျုပ်နောက်ကဆက်ပြီး ငါးယောက်၊ခြောက်ယောက် ခုန်ဆင်းလာကြဟန်တူပါရဲ့။ ဒါ့အပြင်သေတ္တာကြီး လေးလုံးကိုလည်း ချကြသေးတယ်။ ပြီးမှ လှေထိုးသားတွေဟာ ဖောင်ကိုကမ်းခြေဘက်ပြန်ပြီး လှော်ခဲ့ကြတော့တယ်။

ကမ်းကိုရောက်တာနဲ့ ကျုပ်အရင်ဆုံးပဲ ခုန်တက်လိုက်တယ်။ ကမ်းနဖူးမှာ နပ်ချေးတွဲလောင်းနဲ့ ရပ်ကြည့်နေတဲ့ ကောင်ကလေးရဲ့ လက်ကိုကိုင်ပြီး "အလယ်တန်းကျောင်းဘယ်နားမှာရှိသလဲကွယ့်" လို့ မေးကြည့်မိတယ်။ ကောင်လေးကကြောင်သွားပြီး "မသိဘူး"လို့ဖြေတယ်။ တော်တော် ကတ်တတ်တတ်နိုင်တဲ့ကလေးပဲ။ ကြောင်နဖူးသာသာလောက် ကျယ်တဲ့ ရွာကလေးထဲမှ ကျောင်းဘယ်မှာရှိမှန်းမသိဘူး

ဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ။

အဲဒီအချိန်မှာပဲ ကီမိုနို အဝတ်ဆန်းဆန်းကို ဝတ်ထားတဲ့လူကြီးတစ်ယောက်က "ကျုပ်နဲ့လိုက်ခဲ့" လို့ခေါ်တဲ့အတွက် လိုက်လာလိုက်တာ မီနားတိုးရာဆိုတဲ့ တည်းခိုခန်းရှေ့ကိုရောက်သွားတယ်။ အဲဒီအခန်းထဲက အပေါက်ဆိုးဆိုး မိန်းမကြီးက ငှက်ဆိုးသံကြီးနဲ့ "ကြွပါရှင်၊ ကြွပါရှင်" လို့ခေါ်လိုက်တဲ့အသံကိုလည်း ကြားရော ကြွချင်စိတ်လည်း ကုန်သွားပါရောဗျို့။ ကျုပ်လည်း အပေါက်ဝမှာရပ်ရင်း အလယ်တန်းကျောင်း ဘယ်နားမှာရှိသလဲလို့မေးတော့ ဒီကနေငါးမိုင်လောက် ရထားစီးရဦးမယ်လို့ဖြေတယ်။ ကျုပ်ဒီမှာတည်းလို့ မဖြစ်ဘူးဆိုတာ ပိုပြီးသေချာသွားတော့တာပေါ့။ ဒါနဲ့ ကီမိုနိုဝတ်ထားကဲ့ လူကြီးဆီကကျုပ်ရဲ့အထုပ်နှစ်ထုပ်ကို ဆွဲယူပြီး ထွက်လာခဲ့တယ်။ တည်းခိုခန်းက လူတွေကတော့ အံ့သြတဲ့မျက်နှာတွေနဲ့ ကျုပ်ကိုကြည့်ပြီး ကျန်ရစ်ခဲ့ကြတယ်။

မကြာခင်မှာပဲ ဘူတာဘက်ကို ရောက်လာပြီး လက်မှတ်ဝယ်လိုက်တယ်။ ရထားတွဲပေါ်တက်ကြည့်တော့ လားလား တွဲကလေးတွေက မီးခြစ်ဘူးခွံ သာသာလောက်ပါကလား။ ဆူညံဆူညံနဲ့မောင်းလာလိုက်တာ ၅မိနစ်လောက်လည်းကြာတော့ ဆင်းရမယ့် ဘူတာကိုဆိုက်တော့တာပါပဲ။ပြောမယ့်သာပြောရတယ်၊လက်မှတ်ခကတော့ ဈေးချိုသားပဲ။ ၅မိုင် ခရီးမှ သုံးဆင့်ပဲ ပေးရတယ်။

ဘူတာကနေ လန်ချားငှားပြီး ကျောင်းရှိတဲ့ နေရာကိုသွားကြည့်တော့ ကျောင်းဆင်းသွားပြီမို့ ဘယ်သူမှမရှိတော့ဘူး။ ညတာဝန်ကျဆရာကလည်း ကိစ္စလေးတစ်ခုနဲ့ အပြင်ထွက်သွားတယ်လို့ ကျောင်းစောင့်ကြီးကပြောတယ်။ ညတာဝန်ကျဆရာ အလုပ်က တယ်လွတ်လပ်သားပဲလို့လည်း အောက်မေ့လိုက်မိတယ်။ ကျောင်းအုပ်ကြီးအိမ်ကိုပဲ သွားရမလားလို့ စဉ်းစားပြီးမှ ခရီးကလည်း ပန်းလာတဲ့အတွက် လန်ချားပေါ်ပြန်တက်လိုက်တယ်။ အနီးဆုံးတည်းခိုရိပ်သာ တစ်ခုကိုသာပို့ပါဗျာလို့ လန်ချားသမားကိုပြောပြီးထွက်လာလိုက်တာ 'ယာမရှိရောယာ'ဆိုတဲ့ တည်းခိုရိပ်သာရှေ့ကို ရောက်လာတော့တယ်။ ကျုပ်ငယ်ငယ်တုန်းက နပန်းလုံးခဲ့တဲ့ ကန်းတားရောတို့နဲ့အပေါင်ဆိုင်ရဲ့နာမည်နဲ့အတူတူဖြစ်နေတော့ ကျုပ်ပိုပြီး စိတ်ဝင်စားတယ်။

ဘာကြောင့်ရယ်မသိဘူး၊ ကျုပ်ကို လှေကားအောက်က အခန်းမှောင်မှောင် ကျဉ်းကျဉ်းကလေးထဲမှာ နေရာချထားကြတယ်။ ကျုပ်က ဒီအခန်းမကြိုက်ဘူး၊ တစ်ခြားအခန်းပေးပါလို့ ပြောတော့ လိုက်ပို့တဲ့မိန်းမက ဝမ်းနည်းပါတယ်ရှင်၊ တစ်ခြား အခန်းတွေပြည့်နေပါပြီလို့ ပြောကာ ကျုပ်အထုပ်အပိုးတွေကို ဖွတ်ပုံချပြီး ထွက်သွားတော့တယ်။ မတတ်သာတဲ့အဆုံး ဒီအခန်းထဲမှာပဲ တဒီးဒီးကျနေတဲ့ချွေးတွေကို သုတ်ရင်း သည်းခံ

နေရတော့တာပေါ့။ ခဏကြာတော့ “ရေချိုးလို့ရပြီ” လို့ လှမ်းအော်သံကြားတာနဲ့ ခဏတဖြုတ်ပဲ ရေထဲဆင်းချိုးပြီး ပြန်တတ်လာခဲ့တယ်။ ရေချိုးခန်းအပြန် ဘေးဘက်ကို လှည့်ကြည့်လိုက်တော့ အေးတဲ့အခန်းကောင်းတွေ အများကြီး အားနေသားပဲ။ အတော် ယုတ်မာတဲ့ဟာတွေ၊ လူညာမတွေ၊ ကျုပ်ကို သက်သက်ညာကြတယ်။

မကြာခင်မှာဘဲ အိမ်ဖော်တစ်ယောက်က လင်ပန်းတစ်ခုကို သယ်ပြီး ထမင်းပို့ လာတယ်။ အခန်းသာညံ့တာ ထမင်းကတော့တယ်မြိန်သားဗျို့။ ထမင်းပွဲပြင်ရင်း အိမ်ဖော်မက ကျုပ်ကို “ဘယ်အရပ်က ကြွလာပါသလဲရှင်” လို့ မေးတဲ့အတွက် “တိုကျို က”လို့ ဖြေလိုက်မိတယ်။ ဒီတော့ သူက “တိုကျိုက နေလို့ကောင်းရဲ့လား”တဲ့။ ကျုပ်က လည်း ‘ကောင်းပါတယ်’လို့ ပြန်ပြောလိုက်တယ်။ ထမင်းစားသောက်ပြီးလို့ သိမ်းသွား တဲ့နောက်ပိုင်းမှာ မီးဖိုဘက်ဆီက မိန်းမတစ်သိုက် တဝါးဝါးရယ်မော နေကြသံကို ကြားလာရတယ်။ သိပ်နားကြားပြင်းကတ်ဖို့ ကောင်းတာနဲ့ အိပ်ရာပေါ်တက်အိပ် ကြည့်ပေမယ့် ချက်ချင်းအိပ်မပျော်ဘူး။ ပူကပူ အိုက်ကအိုက် နားကလည်း ကျုပ်ရဲ့ အိမ်နဲ့စာရင် ငါးဆလောက်ပိုပြီး ဆူညံမလားဘဲ။

ဒါနဲ့ပဲ ကျုပ်တဖြည်းဖြည်း အိပ်ငိုက်လာတော့တယ်။ အိပ်ပျော်သွားတော့ ကီယော်ရဲ့ အကြောင်းကို အိပ်မက်မက်တယ်။ ကီယော်က အဲဂိုဂေါမုန့်ဖက်ထုပ်တွေကို ပလုတ်ပလောင်း ဝါးစားနေတယ်တဲ့၊ ဖက်တွေကိုပါစားနေလို့ ကျုပ်က “ဖက်တွေပါ စားလို့ အဆိပ်ဖြစ်နေပါဦးမယ်” လို့ ပြောတော့ ကီယော်က “ဖက်ရွက်က ဆေးဘက်ဝင် တယ်ကွယ့်” လို့ ပြောပြီး မြိန်ရေရှက်ရေ တကျွတ်ကျွတ် ဝါးစားပြန်ရော၊ ကျုပ်ရယ်ချင်တဲ့ စိတ်ပေါက်လာတာနဲ့ ဝါးဟားဟားလို့ရယ်လိုက်ရော၊ အိပ်မက်က လန့်နိုးလာခဲ့တော့ တယ်။ မျက်စိပွတ်ကြည့်လိုက်တော့ အိမ်ဖော်က ကျုပ်အခန်းတံခါးတွေကို ဖွင့်နေပြီ။ အပြင်ဘက်မှာတော့ ရာသီဥတုက သာယာနေလေရဲ့။

“ခရီးကောင်းသွားချင်ရင် လက်ဆောင်ကမ်း”ဆိုတဲ့ စကားပုံကို ကျုပ်ကြား ဖူးတယ်။ လက်ဆောင်မကမ်းရင်တော့ ဖြစ်သလိုနေရမှာသေချာတယ်။ကျုပ်ကို ကြည့်လေ၊ ဘာလက်ဆောင်မှ မပေးမိလို့ အခန်းမှောင်မှောင် ကျဉ်းကျဉ်းကလေးထဲမှာ ချောင်ပိတ်မိနေပြီ။ ရုပ်ပုံကခပ်နွမ်းနွမ်း ကင်းဘတ်သားရေအိတ်ဟောင်းကြီးနဲ့ ထီးအ ဟောင်းကြီးကို ဆောင်းထားပြန်တော့ ပိုပြီးအထင်သေးစရာ နှိမ်စရာ ဖြစ်တာပေါ့လေ။ တောသူတောင်သား ဖြစ်လျက်သားနဲ့ သူတစ်ပါးကို အထင်သေးရတယ်လို့ပေါ့ဗျာ။

ဒါလောက်တောင်ဖြစ်လှတာ ခင်းတို့ မျက်လုံးပြူးသွားအောင် တံစိုးလက်ဆောင် ပေးပြရသေးတာပေါ့။

ကျုပ်အစ်ကို ပေးတဲ့ပိုက်ဆံအားလုံးထဲက ကျန်တဲ့ယန်း၃၀လောက်ကို လက်

ထဲမှာပိုက်ပြီး တိုကျိုကနေထွက်လာလိုက်တာ ရထားခ သဘော်ခနဲ့ စရိတ်စခတွေ သုံးပြီးတဲ့နောက် ၁၄ယန်းလောက်တော့ ကျန်ပါသေးတယ်။ အားလုံးသုံးလိုက်တဲ့ တိုင်အောင် အခုတင် လခရတော့မှာမို့ စိုးရိမ်စရာမလိုဘူး။ လူ့ကပ်စီး တောသားတွေကို ၅ယန်းလောက် ပစ်ပေးပြီး မျက်လုံးပြူးသွားအောင် လုပ်ပြရဦးမှာပေါ့။ ဒါနဲ့ ကျုပ်လည်း အိပ်ရာကထ မျက်နှာသစ်ပြီး စောင့်နေတော့ မနေ့ညက အိမ်ဖော်မ ထမင်းလင်ပန်း သယ်ပြီး ရောက်လာပြန်တယ်။

ထမင်းပွဲပြင်နေတုန်း သူ့ပါးစပ်က ပြုံးစိပြုံးစိ လုပ်နေပြန်သေးတယ်။ အတော် အမြင်ကတ်ဖို့ ကောင်းတယ်။ ဘာများရယ်စရာတွေ့နေလို့ပါလိမ့်။ ကျုပ်ရဲ့ ပုံပန်းက တောဆန်တယ်ဆိုပေမယ့် ဘယ်လိုပဲကြည့်ကြည့် သူ့ယက်တော့ အများကြီးသာပါသေး တယ်။ အစပိုင်းက ကျုပ်ဟာ ထမင်းစားသောက်ပြီးမှ ပိုက်ဆံပေးမယ်လို့ စိတ်ကူး ထားပေမယ့် သူ့ရုပ်ကို မကြည့်ချင်တာနဲ့ ပိုက်ဆံငါးယန်းထုတ်ပေးပြီး ဒါကို ရုံးခန်းမှာ ပေးပါလို့ ပြောလိုက်တယ်။ အဲဒီအခါမှာ အိမ်ဖော်က ကျုပ်ကို ထူးဆန်းတဲ့ သဘောမျိုးနဲ့ ကြည့်ပြီးထွက်သွားတယ်။ ထမင်းစားသောက်ပြီးတော့ ကျုပ်ကျောင်းကို ထွက်လာခဲ့ တယ်။ ကျုပ်ဖိနပ်ကတော့ နဂိုအတိုင်းပဲ။ ဘယ်သူမှ ပွတ်တိုက်မထားကြပါဘူးဗျာ။

မနေ့ကတင် လန်ချားနဲ့ သွားခဲ့လေတော့ ကျောင်းရှိတဲ့နေရာကို အကြမ်းဖျင်းတော့ မှတ်မိနေတယ်။ လမ်းထောင့်ကွေ့သုံးလေးခုကို ချိုးလိုက်တယ်ဆိုရင်ပဲ ကျောင်းပေါက်ဝ ရှေ့ကို ရောက်လာတော့တယ်။ ကျောင်းပေါက်ဝနဲ့ ဆင်ဝကြားမှာ ကျောက်ပြားတွေ ခင်းထားတယ်။ မနေ့က လန်ချားနဲ့ ဝင်လာတုန်းက ဒီနေရာကို ဖြတ်နင်းသွားတုန်း ဂဒုံးဂဒုံး မြည်ပြီး ဆောင့်ခဲ့လို့ အတော်ပန်းခဲ့ရတယ်။

လမ်းကတည်းကတွေ့ခဲ့ရတဲ့ ကျောင်းယူနီဖောင်းဝတ်လူငယ်တွေဟာ ကျောင်း ဂိတ်ပေါက်ဝကို ဝင်လာကြတယ်။ သူတို့အထဲမှာ ကျုပ်ထက် အရပ်မြင့်ပြီးသန်မာ တဲ့သူတွေပါတယ်။ ဒီဟာတွေကို သင်ပြရမှာပါလားလို့ တွေးမိတော့ စိတ်ထဲမှာ လေးသလိုလို ခံစားလာပြန်တယ်။

ကျုပ်ဟာ မိတ်ဆက်ကတ်ပြားကလေးကို ထုတ်ပြီး ကျောင်းအုပ်ကြီး ရုံးခန်းထဲကို ဝင်သွားမိတယ်။ ကျောင်းအုပ်ကြီးက ပါးသိုင်းမွေးပါးပါး၊ အသားမည်းမည်း၊ မျက်လုံး ပြူးပြူးနဲ့ တောခွေးတစ်ကောင်ရဲ့ပုံမျိုးပဲ။ စကားကလည်းများတယ်။ အလုပ်ကို ကြိုးစားလုပ်ကိုင်ဖို့ ဆုံးမစကားတွေပြောပြီး ကျုပ်လက်ထဲကို ခန့်စာကြီး တစ်စောင်ပေး တယ်။ အဲဒီခန့်စာကြီးကို ကျုပ် တိုကျိုကို ပြန်တုန်းက လက်ထဲမှာလုံးခြေပြီး ပင်လယ်ထဲ ကိုလွှင့်ပစ်ခဲ့ပြီးပြီ။ ကျောင်းအုပ်ကြီးက မိတ်ဆက်ရမယ်လို့ ဆိုပြန်တယ်။ အမှန်တော့ ဒါဟာအပိုအလုပ်ပဲ။ ဒီလိုလိုက်ပြနေမယ့်အစား ဆရာများအခန်းထဲမှာ သုံးရက်

လောက်ဆက်တိုက်ကပ်ထားလိုက်တာကမှ ပိုကောင်းဦးမယ်။

ဆရာတွေကတော့ ပထမခေါင်းလောင်း မထိုးမချင်း ဆရာများ အခန်းထဲကို ရောက်ကြဦးမှာ မဟုတ်ၾသေးဘူးလို့ ဆရာကြီးကဆိုတယ်။ နာရီကို ထုတ်ကြည့်ပြီး မှာစရာကြားစရာတွေ များပေမယ့် အခုတော့ ယေဘူယျသဘောလောက် ပြောပြထားမယ်လို့ဆိုပြီး သူ့ရဲ့မဟာဆွေးနွေးခန်းကြီးကို စတော့တာပါပဲ။ ကျုပ်ဟာ ဟန်မပျက် ငြိမ်ပြီးနားထောင်နေရပေမယ့် သူပြောတဲ့စကားတွေကို စိတ်မဝင်စားတော့ဘူး။ ဆရာကြီးပြောတာတွေဟာ မဖြစ်နိုင်တာတွေများတယ်။ ကျုပ်လို ဖြစ်ကတတ်ဆန်းနေတတ်တဲ့လူက ကျောင်းသားတွေရဲ့ရှေ့မှာ စံပြဖြစ်ရမယ်ဆိုတာရယ်၊ ဆရာတွေထဲမှာလည်း စံနမူနာထားရမယ့် ဆရာတစ်ယောက် ဖြစ်ရမယ်ဆိုတာရယ်၊ ကျောင်းပြင်ပမှာလည်း အကျင့်သိက္ခာနဲ့ပြည့်စုံရမယ်ဆိုတဲ့ အချက်တွေကို ဘယ်လိုလုပ်ပြီး လိုက်နာနိုင်ပါ့မလဲ။ ဒါလောက်တောင် ကောင်းမြတ်ပြီးတော်တဲ့ လူဆိုရင် ဒီလို တောလက်ကျေးရွာကိုလာပြီး ငွေလေးယန်းလေးဆယ်လောက်သာ ရတဲ့ အလုပ်မျိုး ဘယ်လုပ်ပါ့မလဲ။

လူဆိုတာများသောအားဖြင့် တစ်ယောက်နဲ့ တစ်ယောက်သိပ်မကွာခြားကြပါဘူး။ စိတ်တိုရင် ရန်ဖြစ်တတ်ကြတာပဲ မဟုတ်လား။ သူပြောတဲ့ အတိုင်းသာဆိုရင် ကျုပ်အဖို့ စကားလည်း တစ်ခွန်းမှပြောထွက်မှာ မဟုတ်သလို လမ်းတောင် ထွက်လျှောက်ရဲမှာ မဟုတ်တော့ဘူး။ ဒီလောက်တင်းကြပ်မှန်း အစကမသိလို့ပေါ့။ ကျုပ်လိမ်ပြောတာလည်း မကြိုက်ဘူး။ ဒီတော့ သူပြောတာကို ငြိမ်နားထောင်နေပြီးမှ ငါဆက်လုပ်လို့ မဖြစ်တော့ဘူး ပြန်မှပဲလို့ တွေးမိလိုက်တယ်။

တည်းခိုရိပ်သာမှာ ၅ယန်း ဘောက်ဆူးပေးလိုက်တဲ့အတွက် ကျုပ်မှာ ၉ယန်းလောက်ပဲ ကျန်ရစ်တော့တယ်။ ဘောက်ဆူးမပေးခဲ့မိရင်ကောင်းသား။ ကျုပ်အတော်ဝမ်းနည်းသွားမိတယ်။ ဒါပေမယ့် ၉ယန်းလည်း ၉ယန်းလောက်တော့တာသွားမှာပဲ။ တိုကျိုကို ပြန်ဖို့ ခရီးစရိတ်မလောက်သည့်တိုင် ကြံဖန်ပြီး ပြန်သွားလို့ ရနိုင်သေးတယ်။ လိမ်ပြောရမှာကိုတော့ ကျုပ်မုန်းတယ်။ ဒါကြောင့် ကျုပ်က "ဆရာကြီး ပြောတဲ့အတိုင်း လိုက်လုပ်လို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီခန့်စာကိုပြန်ယူပါ" လို့ ပြောချလိုက်မိတယ်။ ဒီတော့ ကျောင်းအုပ်ကြီးဟာ တောခွေးတစ်ကောင်လို မျက်လုံးပေကလပ်ပေကလပ်လုပ်ရင်း ကျုပ်ကိုကြောင်ပြီးကြည့်နေတယ်။ ပြီးမှ "ဒါက သဘောလောက် ပြောတာပါကွာ၊ မင်းမလိုက်နာနိုင်ဘူးဆိုတာလည်း သိပါတယ်" လို့ပြောပြီး ရယ်တယ်။ ဒါဆိုရင် ဘာလို့ ဒီလိုစကားတွေ ဒီ အပိုပြောနေရသေးလဲဗျာ။

ဒီလိုနဲ့ ထွေရာလေးပါးပြောနေတုန်း ကျောင်းတက်ခေါင်းလောင်းက မြည်လာ

တယ်။ အတန်းတွေဆီက ဆူညံသံတွေလည်းထွက်လာတယ်။ "ဆရာတွေရောက်တော့မယ်၊ သွားစို့" လို့ဆိုတဲ့အတွက်လည်း ကျုပ် ကျောင်းအုပ်ကြီး နောက်ကနေ ဆရာများ အခန်းထဲကို ရောက်သွားမိတယ်။

ဆရာတွေဟာ အခန်းကျယ်အရှည်ကြီးထဲမှာ နံရံနားကို ကပ်ပြီး ဝိုင်းထိုင်နေကြတယ်။ ကျုပ်တို့လည်းဝင်သွားလိုက်ရော စောစောကတည်းက တိုင်ပင်ထားသလို ဝိုင်းကြည့်ကြတယ်။ ကျုပ်ကို အထူးအဆန်းသတ္တဝါများ အောက်မေ့နေကြသလား မပြောတတ်ပါဘူး။ဒါနဲ့ဆရာကြီး စီစဉ်တဲ့အတိုင်း ဆရာတစ်ယောက်စီရဲ့ ရှေ့ကိုသွားပြီး ခန့်စာကိုထောင်ပြကာ မိတ်ဆက်ရတယ်။ ကျုပ်က ခန့်စာကို ပြလိုက်တယ်ဆိုရင် ဆရာတစ်ယောက်ဖင်ကြွပြီး ကျုပ်ခန့်စာကိုယူကာ ကျုပ်ကိုအရိုအသေပြုတယ်။ ပြီးမှ ကျုပ်ဆီကို ပြန်ပေးရင်း အရိုအသေပြုပြန်တယ်။ ဘုန်းကြီးကျောင်းမှာ သွားပြီး ဝတ်ချနေတဲ့အတိုင်းပဲ။

ဒီလိုနဲ့ ၁၅ယောက်မြောက် ကာယဆရာရဲ့ အလှည့်လည်းရောက်ရော သူက တခြားလူတွေထက် အကြိမ်များစွာ ထပ်လုပ်နေတဲ့အတွက် စိတ်ထဲမှာ ကသိကအောက် ဖြစ်လာတော့တယ်။ ကျုပ်လည်းညည်းငွေ့လာတော့တယ်။ ဘယ့်နှယ် ဒီအလုပ်ထဲ ထပ်ပြန်တလဲလဲ လုပ်နေရတော့ မညည်းငွေ့ဘဲ ရှိနိုင်ပါတော့မလား။ သူတို့က တစ်ကြိမ်ပဲလုပ်ရတာ။ ကျုပ်က၁၅ကြိမ်တောင်ဆိုတော့ မောလာတော့တာပေါ့။ တစ်ဖက်သားဘက်လည်း နည်းနည်းပါးပါး ကိုယ်ချင်းစာဖို့ကောင်းတယ်။

ကျုပ်မိတ်ဆက်နေတုန်း ဒုတိယကျောင်းအုပ်ဆိုတဲ့ လူကိုတော့ သတိထားလိုက်မိတယ်။ သူ့နာမည်ကိုတော့ ကောင်းကောင်းမမှတ်မိတော့ဘူး။ သူက စာပေပညာသင်တဲ့ ဆရာပဲ။ စာပေပညာသင်တဲ့လူဆိုတော့ တက္ကသိုလ်တစ်ခုခုက ဘွဲ့ရဖြစ်လို့ အထင်ကြီးစရာပါပဲ။ ဒါပေမယ့် သူက မိန်းမလျာတစ်ယောက်လို ညောင်နာနာ အသံကလေးနဲ့ စကားပြောတတ်တယ်။ ပိုပြီး အံ့သြဖို့ကောင်းတာက နွေခေါင်ခေါင်မှာ ဖလန်နယ်အင်္ကျီ အနီကြီးကို ဝတ်ထားတာပဲ။ ဘယ်လောက် အိုက်လိုက်မယ် မပြောတတ်ဘူး။ စာပေ အနုပညာသမားဆိုတော့ သပ်သပ်ရပ်ရပ် ဝတ်စားထားတာပေါ့။ ဒါပေမယ့် သူဝတ်ထားတဲ့ အင်္ကျီအနီကြီးက ကိုးလို့ကန့်လန့်ဖြစ်နေတယ်။ နောက်မှ မေးကြည့်တော့ ဒီလူကတစ်နှစ်လုံး အင်္ကျီအနီကို အမြဲဝတ်တယ်ဆိုပဲ။သူ့မှာက ရောဂါဆန်းတစ်မျိုးလည်း ရှိတယ်လို့သိရတယ်။

ကာယကံရှင်ကိုယ်နှိုက်က ရှင်းပြတော့ အနီရောင်ဟာ ကိုယ်ခန္ဓာအတွက် ဆေးဘက်ဝင်တယ်လို့ဆိုတယ်။ ကျန်းမာရေးအတွက် ဝတ်သင့်တယ်လို့ ဆိုပေမယ့် ကျုပ်တော့မယုံဘူး။ ဒီလိုဆိုရင် ဘာဖြစ်လို့ ဘောင်းဘီရော အပေါ်အင်္ကျီကိုပါ

အနီရောင်ချုပ်မထားရသလဲလို့ ပြန်မေးလိုက်ချင်တယ်။

နောက်တစ်ယောက် သတိထားမိတာက မျက်နှာဖြူဖတ်ဖြူလျော်နဲ့လူဟာ များသောအားဖြင့် ပိန်တတ်တယ်။ ဒီလူ့ကျတော့ဝနေတယ်။ ကျုပ်မူလတန်းကျောင်းသားဘဝတုန်းက အဆာအိဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အဖေကလည်း သူ့လိုပဲ ဖြူဖတ်ဖြူလျော်ပဲ။ သူကလယ်သမား၊ လယ်သမားတိုင်း ဖြူဖတ်ဖြူလျော်ဖြစ်နေသလားလို့ ကီယော်ကို မေးကြည့်တော့ ဒီလိုလည်းမဟုတ်သေးဘူးလို့ဆိုတယ်။ အဲဒီပုဂ္ဂိုလ်က ရွှေဖရုံသီးအစိမ်းတွေချက်စားလို့ ဒီလိုဖြစ်တာလို့ ပြောတယ်။ အဲဒီအချိန်ကစပြီး မျက်နှာဖြူဖတ်ဖြူရော်နဲ့ ခပ်ဝဝလူတွေတွေ့ရင် ရွှေဖရုံသီးအစားကြူးတဲ့လူတွေပဲလို့ ကောက်ချက်ချမိတယ်။ အင်္ဂလိပ်စာဆရာဟာလည်း သေချာပေါက်ရွှေဖရုံးသီးတွေ အများကြီးစားမှာပါပဲ။ ရွှေဖရုံသီးတွေစားရင် ဘာဖြစ်လို့ ဒီလိုဖြစ်ရတယ်ဆိုတဲ့အကြောင်းကိုတော့ ကျုပ်လည်းနားမလည်ဘူး။ ကီယော်ကိုမေးကြည့်တော့လည်း ပြုံးရုံသာပြုံးတယ်။ ပြန်မဖြေဘူး။ ကီယော်လည်း ဂဃနဏ သိထားဟန်မတူဘူးလေ။

ဒါ့အပြင် ကျုပ်နဲ့တစ်ဌာနတည်းဖြစ်တဲ့ သင်္ချာဆရာဟောတာဆိုတဲ့လူလည်း ရှိသေးတယ်။ သူက လူပုံထွားထွား၊ မျက်နှာပေါက်ဆိုးဆိုး၊ ဆံပင်မွေး ထောင်ထောင်နဲ့ သစ်အယ်သီးကြီး ဆူးတပ်ထားသလိုပဲ။ သူ့ဂိုက်က အဲအိဇန်းဘုန်းကြီးကျောင်းက ကျောင်းထိုင်တွေလိုပဲ သုန်မှုန်နေတယ်။ ကျုပ်က သူ့ကို ခန့်စာပြလိုက်တယ် ဆိုရင်ပဲ ခန့်စာကို သေသေချာချာမဖတ်ဘဲ–

"ဆရာအသစ်ဆိုတာ မင်းလား၊ အိမ်လာလည်ပေါ့ကွာ၊ အဟား...ဟား...ဟား..." လို့ပြောတယ်။ သူကဘာကြောင့် တဟားဟားလုပ်ရတာလဲ။ သူတစ်ပါးက လေးလေးစားစားဆက်ဆံတာကို မခန့်လေးစားပြန်ပြောတတ်တဲ့ သူ့လိုလူမျိုးအိမ်ကို ဘယ်သူကသွားလည်မှာတဲ့လဲ။ အဲဒီအချိန်ကစပြီး သူ့ကို ကျုပ်က 'ဖြူကောင်'လို့ နာမည်ပေးလိုက်တယ်။

တရုတ်စာလုံးရေးသင်တဲ့ဆရာကတော့ ထုံးစံအတိုင်း သေသေသပ်သပ် ဝတ်စားထားတယ်။ ကျုပ်ကို တွေ့တယ်ဆိုရင်ပဲ "ဆရာက မနေ့က ကြွလာတယ်ထင်ပ၊ ခရီးလမ်းကပန်းလာရှာမယ်၊ သို့ပေမယ့် မောတာပန်းတာ အသာထား၊ တပည့်များကို ရောက်ရောက်ချင်း စာသင်ကြားတော့မယ်ပေါ့၊ တော်ပါပေတယ်" လို့ နှုတ်ဆက်ရင်းချီးကျူးနေတော့တယ်၊ သူက အတော့်ကို ခင်မင်ဖို့ ကောင်းတဲ့အဘိုးအိုတစ်ယောက်ပဲ။

ပန်းချီဆရာကလည်း တကယ့်အနုပညာသမားဂိုက်ပဲ။ ပိုးအင်္ကျီပါးပါးလွာလွာကလေး ကို အသာလေးဝတ်ပြီး ယပ်တောင်တစ်ချပ်နဲ့ ယပ်ခတ်ရင်း. . .

"ဘယ်မြို့ကပါလဲ၊ အယ်. . .တိုကျိုဟုတ်လား၊ ဝမ်းသာလိုက်တာ၊ ခုလိုခင်မင်

ရတာ၊ ကိုယ်လည်း တိုကျိုသားပဲ အဟဲဟဲဟဲ" လို့ ပြောတယ်။ ဒီဂိုက်မျိုးက တိုကျိုသားဆိုရင် ကျုပ်တောင် တိုကျိုမှာ မွေးခဲ့တာမှားပြီ။

ကျောင်းဆရာတွေအကြောင်းသာ အကုန်လိုက်ရေးပြနေရင် ဆုံးမှာမဟုတ်တော့ဘူး။ ဒီမှာ ရပ်တန်းကရပ်ကြပါစို့။ ဒီလိုဆရာတွေနဲ့ မိတ်ဆက်ပြီးတဲ့အခါမှာ ကျောင်းအုပ်ကြီးက "မောင်ရင်လည်း ပန်းလာရေ့မယ်၊ နားချင်နားပါ၊ သန်ဘက်ခါကျတော့ စတက်တာပေါ့။ ဘယ်အချိန်တွေ သင်ရမယ်ဆိုတာကိုတော့ သင်္ချာဌာနမှူးနဲ့ တိုင်ပင်ပေါ့" လို့ဆိုလာတယ်။ ကျုပ်က သင်္ချာဌာမှူး ဘယ်သူလဲလို့ မေးကြည့်တော့ "ဖြူကောင်" ဖြစ်နေတယ်။ စိတ်ညစ်ပါရဲ့ဗျာ။ သူလိုလူမျိုးအောက်မှာ အလုပ်လုပ်ရမှာ စိတ်ကုန်စရာပါပဲ။

ဖြူကောင်ကပြောတယ်။

"မင်းအခု ဘယ်မှာနေသလဲ။ ယာမရှိရောဟာ တည်းခိုရိပ်သာမှာလား။ မကြာခင် ငါလာလည်ပြီး ဆွေးနွေးပါ့မယ်"

သူက ပြောပြောဆိုဆိုနဲ့ပဲ မြေဖြူနဲ့ဒတ်စတာကိုယူကာ စာသင်ခန်းဖက်ဆီကို ထွက်သွားတယ်။ ဌာနမှူးဖြစ်ပါလျက်နဲ့ ကိုယ့်လက်အောက်က လူဆီလာပြီး ဆွေးနွေးမယ်လို့ဆိုတာ အံ့သြစရာပါပဲ။ ဒါပေမယ့် သူ့အိမ်ကို မခေါ်တာဘဲ ကျေးဇူးတင်ရဦးမယ်။

ကျောင်းကထွက်လာတော့ တည်းခိုရိပ်သာကို ပြန်ရုံပဲရှိတော့တာပေါ့။ တည်းခိုခန်းပြန်လည်း ဘာအလုပ်မှမရှိတာ အတူတူမြို့ထဲ လျှောက်ကြည့်မှပဲလေလို့ စိတ်ကူးပေါက်ပြီး ခြေဦးတည့်ရာကို လမ်းလျှောက်ထွက်လာခဲ့တယ်။ လမ်းမှာ ခရိုင်ဝန်ရုံးကြီးကို တွေ့ရတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်းတစ်ရာကျော်လောက်က ဆောက်ခဲ့တဲ့ အဆောက်အဦဟောင်းကြီးပဲ။ တစ်ခါ စစ်သားတွေနေတဲ့ ဘားတိုက်ကိုလည်း တွေ့ရတယ်။ ကျုပ်တို့ တိုကျိုက အာခုဆိုးစစ်တပ်လောက်မကြီးဘူး။ ဒါနဲ့ မြို့လယ်ဈေးကို ရောက်သွားတယ်။ တိုကျိုက တာဂုရာဇာက ဈေးတစ်ဝက်လောက်တောင် မရှိဘူး။ ဆိုင်တွေကလည်း သိပ်မရှိဘူး။ ဒီမြို့မှာ ထင်ထင်ရှားရှားဆိုလို့ ပဒေသရာဇ်ခေတ်က တည်ဆောက်ခဲ့တဲ့ ရဲတိုက်ကလေးတစ်ခုပဲ ရှိတယ်။ ဒါလည်းပဲ သိပ်ကြီးကျယ်လှတာမဟုတ်ပါဘူး။ ကောက်ပဲသီးနှံ ဘူရှယ် တစ်သန်း သာသာလောက်ထွက်တဲ့ နယ်ကလေးတစ်ခုပါပဲ။ ကျုပ်ဟာ လမ်းလျှောက်ရင်းကနေ 'ရဲတိုက်မြို့တော်' လို့ ကိုယ့်ကို ဂုဏ်ဖော်ကြွားဝါနေတဲ့ ဒီမြို့သားတွေကို သနားနေမိတယ်။ ဒီလိုနဲ့ပဲ ရာမရှိရောယာ တည်းခိုရိပ်သာရှေ့ကို ရောက်လာတော့တယ်။ အမှန်တော့ ဒီမြို့ကလေးဟာ ကျယ်မယောင်နဲ့ကျဉ်းတဲ့မြို့ကလေးပဲ။ ဒီတော့ ခဏကြည့်ရုံနဲ့ အားလုံးနှံ့သွားခဲ့ပြီလို့ ဆိုရလိမ့်မယ်။

စားစရာတစ်ခုခုတော့ ပြင်ထားမှပဲ ဆိုတဲ့အတွေးနဲ့ ကျုပ်ဟာ တည်းခိုခန်းထဲ ဝင်ခဲ့တယ်။ အိမ်ဝရောက်တယ်ဆိုရင်ပဲ ရှေ့ခန်းမှာ စောင့်နေတဲ့ ပိုင်ရှင်အဒေါ်ကြီးဟာ ပျာပျာသလဲထွက်လာပြီး ကျုပ်ရှေ့မှာ ဒူးထောက်ကာ အရိုအသေပြုကြိုဆိုတယ်။ ကျုပ်က ဖိနပ်ချွတ်ပြီး အခန်းထဲဝင်သွားတော့ ကနေ့အခန်းတစ်ခန်း လွတ်လို့ ပြောင်းနေလို့ ရပါပြီ ပြောပြန်တယ်။ ဒါနဲ့ ကျုပ်လည်း အိမ်ဖော်တစ်ယောက်ရဲ့ အကူအညီနဲ့ အခန်းပြောင်းလာခဲ့မိတယ်။


အခန်းက အပေါ်ထပ် ရှေ့ဘက်မှာဖြစ်တယ်။ ၁၈ပေ× ၁၅ပေ လောက်ကျယ် တယ်။ ကျက်သရေခန်း (တော်ကောနာမ)ကလည်း အကျယ်ကြီးပဲ။ အဲဒီမှာ ပန်းချီကား တွေ ချိတ်ပြီး ပန်းအလှလည်း ပြင်ထားတယ်။ ကျုပ်တစ်သက်မှာတော့ အခမ်းနားဆုံး အခန်းလို့ ဆိုရမယ်။ နောင်ဘယ်တော့မှ ဒီလို ကျကျနနနေရမယ် မသိဘူးလို့တွေးရင်း ကျုပ်ဟာ အပေါ်အင်္ကျီကိုချွတ်ကာ အခန်းအလယ်မှာ ခြေပစ်လက်ပစ် လှဲချလိုက် တယ်။ အားပါး တယ်ဇိမ်ရှိပါလားလို့လည်း တွေးမိလိုက်တယ်။

နေ့လယ်စာ စားပြီးပြီးချင်း ကျုပ်ကီယော်ဆီကို စာရေးဖို့ပြင်ရတော့တယ်။ ကျုပ်က စာအရေးအသား မကောင်းတဲ့အပြင် စာလုံးပေါင်းလည်း ခဏခဏမှားတတ် လို့ စာရေးရမှာသိပ်ကြောက်တယ်။ ဒါပေမယ့် ခုနေ ကီယော်တစ်ယောက်စိတ်ပူ နေရှာရော့မယ်။ လမ်းမှာများ သင်္ဘောနစ်ပြီး အနိစ္စရောက်နေသလားလို့ စိုးရိမ်နေ တော့မယ်လို့ တွေးပြီး ကျုပ်တတ်နိုင်သမျှ ကြိုးစားကာ အရှည်ကြီးရေးလိုက်မိတယ်။ ကျုပ်ရေးတဲ့စာက. . .

"ကီယော်"

ယမန်နေ့က ရောက်ရှိပါသည်။ အလွန်ပျင်းစရာကောင်းသော နေရာဖြစ်ပါသည်။ ယခုအခါ ၁၅ပေ× ၁၈ပေ ကျယ်သည့် အခန်းကြီးထဲ၌ အိပ်ရပါသည်။ တည်းခိုခန်းပိုင် ရှင်မိန်းမကြီးက သူ့နဖူးနှင့်ကြမ်းပြင်ထိသည်အထိ အလေးပြုနေသည်ကို တွေ့ရပါ သည်။ မနေ့ညက အိပ်မပျော်ခဲ့ပါ။ ကီယော်က မုန့်ဖက်ထုပ်တွေ စားနေသည်ကို အိပ်မက်မက်ခဲ့ပါသည်။ နောက်နှစ်နွေရောက်လျှင် ဆက်ဆက်ပြန်လာပါမည်။ ဒီနေ့ တော့ ကျောင်းကိုသွားပြီး ဆရာအားလုံးအတွက် နာမည်ပြောင်များ မှည့်ပေးခဲ့ပါ သည်။ ကျောင်းအုပ်ကြီးကို 'တောခွေး'၊ ဒုကျောင်းအုပ်ကို 'ရုပ်အင်္ကျီအနီ'၊ အင်္ဂလိပ်စာ ဆရာကို 'ရွှေဖရုံသီး'၊ သင်္ချာဆရာကို 'ဖြူကောင်'၊ ပန်းချီဆရာကို 'ဆပ်ကပ်လူပြက်' စသည် စသည်ဖြင့် ဖြစ်ပါသည်။ နောင်အခါမှ အသေးစိတ်စာရေးပါဦးမည်။

ကျန်းမာရွှင်လန်းပါစေ။



ဘောကျန်
လို့ရေးလိုက်တယ်။ စာလည်းပြီးရော အတော်ကြီးကျေနပ်သွားတယ်။ အိပ်ချင်လာတာနဲ့ စောစောကလို အခန်းထဲမှာ ခြေပစ်လက်ပစ် အိပ်ချလိုက်မိတယ်။ ဒီတစ်ခါ အိပ်မောကျသွားလိုက်တာ ဘာအိပ်မက်ကိုမှ မမက်တော့ဘူး။

"ဒီအခန်းလား"

ဆိုတဲ့ အသံပြဲကြီးကိုကြားရလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ဖြူကောင်ဝင်လာတာကိုတွေ့ရတယ်။

"စောစောစီးစီးအားတော့နာပါရဲ့၊ ရော့. . . ဒါမင်းရဲ့အချိန်ဇယားပဲ" လို့ မျက်လုံးဖွင့်စ ကျုပ်ကို အချိန်စာရင်းထိုးပေးလိုက်တယ်။ အချိန်ဇယားကို ကြည့်လိုက်တော့ ကျုပ်အတွက် ဘာမှအခက်အခဲရှိလှတာမဟုတ်ပါဘူး။ ဒါကြောင့် ဆရာကြီးက သန်ဘက်ခါမှ အလုပ်ဝင်ဖို့ ပြောထားပါလျက်နဲ့ နက်ဖြန်စရမယ်လို့ ပြောလာတာကိုလည်း ကျုပ်ဘာမှ စောဒကတက်မနေတော့ဘူး။

အချိန်စာရင်းအကြောင်း၊စာသင်ကြားရေးအကြောင်းဆွေးနွေးပြီးတော့ ဖြူကောင်က အခန်းရဲ့ အခြေအနေတွေ အကဲခတ်ကြည့်လိုက်ပြီး. . .

"မင်း ဒီလို တည်းခိုခန်းမှာ အမြဲဘယ်နေနိုင်ပါ့မလဲ။ ကိုယ်အိမ်ကောင်းကောင်းရှာပေးမယ်။ ပြောင်းမလား၊ အဲဒီနေရာက တစ်ခြားလူဆိုရင် လက်ခံမှာ မဟုတ်ဘူး။ ကိုယ်ပြောပေးရင်တော့ရတယ်။ မြန်မြန်ပြောင်းကြစို့လား။ ဒီလိုလုပ်လေ ဒီနေ့ အိမ်သွားကြည့်မယ်။ မနက်ဖြန်ပြောင်း၊ သန်ဘက်ခါကျတော့ ကျောင်းတက်ပေါ့"လို့ တစ်ယောက်တည်းပြောပြီး အကြံပေးလာတယ်။

ဟုတ်တယ်။ ဒီလောက်ကျယ်တဲ့ အခန်းကြီးမှာ ဘယ်သူ ကြာကြာနေနိုင်ပါ့မလဲ။ လစာတွေ အကုန်လုံး အခန်းလခနဲ့ ပြောင်သွားလိမ့်မယ်။ ၅ယန်း လာဘ်ထိုးပြီးစမို့ နမြောစရာကောင်းပေမယ့် ပြောင်းစရာရှိတာ မြန်မြန်ပြောင်းမှ ကောင်းတော့မှာမို့ ဖြူကောင်ကိုပဲ အားကိုးရတော့တယ်။ ဒီတော့ ဖြူကောင်က "သွားစို့" လို့ ဆိုပြီး ချက်ချင်းထွက်လာခဲ့ကြတော့တယ်။

မြို့အပြင်ဘက် တောင်စောင်းတစ်ခုမှာဆိုတော့ အိမ်ကအတော့်ကို အေးအေးချမ်းချမ်း ရှိတဲ့နေရာပဲ။ အိမ်ရှင်က ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ပိုင်ရှင်ပဲ။ နာမည်က အီကာဂင်းလို့ခေါ်တယ်။ ကျုပ်အလယ်တန်းကျောင်းသားဘဝတုန်းက "Witch" (စုန်းမ)ဆိုတဲ့ စကားလုံးကို ဖတ်ရဖူးတယ်။ အိမ်ရှင်မိန်းမကြီးဟာ " Witch" နဲ့တထေရာတည်းပဲ။ သူ့ဘာသာ စုန်းမကလို့ ဘာဖြစ်ဖြစ်၊ ကိုယ့်မိန်းမမှ မဟုတ်ဘဲ။ ကိုယ်နဲ့ မဆိုင်ဘူး။ ဒါနဲ့ ကျုပ်လည်း ဒီအိမ်ကို နက်ဖြန်ပြောင်းလာဖို့ ဆုံးဖြတ်လိုက်မိတယ်။

အပြန်လမ်းမှာ တော်ရိကျောဆိုတဲ့ နေရာကိုရောက်တော့ ဖြူကောင်က ကျုပ်ကို သစ်သီးစုံ အအေးတစ်ခွက် ဝယ်တိုက်တယ်။ ကျောင်းမှာ စတွေ့စတုန်းက ဒီလူဟာ အတော် အပေါင်းရအသင်းရခက်မယ့်လူပဲလို့ ထင်ခဲ့မိပေမယ့် သေသေချာချာ ပေါင်းကြည့်တော့ သိပ်မဆိုးပါဘူး။ ကျုပ်လိုပဲ ဟောဟောဒိုင်းဒိုင်း၊ ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်တယ်ဆိုတာ သိလာတယ်။နောက်မှမေးကြည့်တော့ ဒီလူကကျောင်းသား တွေကြိုက်တဲ့ စာသင်တော်တဲ့ ဆရာတစ်ယောက်ဆိုတာကို သိလာရတယ်။

(၃)

နောက်ဆုံးတော့ ကျုပ်ကျောင်းစတက်ရပြီပေါ့။ ပထမဆုံး အတန်းထဲဝင်ပြီး စာသင်စင်မြင့်ပေါ်တက်ရတဲ့ အတွေ့အကြုံကတော့ တစ်မျိုးကြီးပဲဗျို့။ စာသင်နေရင်းက "ဩော် ငါဆရာဖြစ်နေပါပေါ့လား" လို့လည်း တွေးနေမိတယ်။ ကျောင်းသားတွေကလည်း တော်တော်ဆူညံကြတယ်။ တစ်ခါတစ်ခါ အသံကျယ်ကြီးတွေနဲ့ 'ဆရာ' လို့ လှမ်းလှမ်းခေါ်ကြသေးတယ်။ 'ဆရာ'ဆိုတဲ့ အသံကို ကျုပ်ယဉ်ပါးနေခဲ့တာပါပဲ။ မူလတန်းကနေ တက္ကသိုလ်ရူပဗေဒဌာနအထိ 'ဆရာ''ဆရာ' နဲ့ ခေါ်ခဲ့ရတဲ့ အကြိမ်ပေါင်း မနည်းတော့ဘူး။

ဆရာလို့ ခေါ်ရတာနဲ့ ဆရာလို့ အခေါ်ခံရတာဟာ အတော်ကြီးကွာခြားတယ်။ ဆရာလို့ အခေါ်ခံလိုက်ရတယ်ဆိုရင်ပဲ ဘာကြောင့်မှန်းမသိဘူး ကျောထဲစိမ့်တက်လာတယ်။ ကျုပ်သူရဲဘောကြောင်တဲ့လူမဟုတ်သလို သတ္တိလည်းမနည်းပါဘူး။ ဒါပေမယ့် ခု ကျုပ်သတ္တိတွေ ဘယ်ရောက်ကုန်ကြတယ် မသိပါဘူးဗျာ။ 'ဆရာ'လို့များ အသံကျယ်ကျယ် အခေါ်ခံလိုက်ရရင် ဝမ်းဟာနေတုန်း နေ့လယ်ခေါင်ခေါင် နန်းတော်ထဲက အမြောက်သံကြီးတွေကို ကြားလိုက်ရသလိုပဲ လန့်ဖျပ်သွားတယ်။

ဒီလိုနဲ့ပဲ ပထမအချိန်ပြီးသွားတယ်။ အခြေအနေကမဆိုးဘူး။ ကျောင်းသားတွေကလည်း ဘယ်လို ထူးခြားတဲ့ မေးခွန်းမျိုးကိုမှ မေးမလာဘူး။ ဆရာများအခန်းကို ရောက်တော့ ဖြူကောင်က 'ဘယ်လိုလဲ' လို့မေးတယ်။ ကျုပ်က 'မဆိုးပါဘူး' လို့ သာမန်သဘောနဲ့ ပြန်ဖြေတယ်။ သူစိတ်အေးသွားပုံရပါတယ်။

ဒုတိယမြောက်အချိန်မှာ ဆရာများအခန်းထဲကနေ မြေဖြူကိုကိုင်ပြီး ထွက်လာခဲ့မိတယ်။ ကျုပ်အဖို့တော့ ရန်သူနယ်မြေကို သိမ်းပိုက်ချဉ်းကပ်သွားရမယ့် စစ်သား နဲ့ ဘာမှမခြားဘူး။ စာသင်စင်မြင့်ကနေ အကဲခတ်ကြည့်လိုက်တော့ ဒီအတန်းက အရင်

အတန်းထက် ကလေးတွေကပိုကြီးတယ်။ ကျုပ်က တိုကျိုမြို့ကြီးက အခန်းကျဉ်းလေးထဲမှာ အောင်းပြီး ကြီးပြင်းလာရတဲ့လူဆိုတော့ ဒီလိုစင်မြင့်ပေါ် တက်ရတာ သိပ်မဟန်လှဘူး။ ဖြစ်နိုင်ရင် စင်မြင့်ပေါ်တက်ပြီး နပန်းလုံးပြချင်တယ်။ ကျောင်းသားငါးဆယ်ရဲ့ရှေ့မှာ ပါးစပ်ကိုလှုပ်ပြီး သူ့တို့ သဘောကျအောင် ပြောဆိုသင်ကြားပြသဖို့က သိပ်ပြီးအကျဉ်းအကျပ် နိုင်လှတယ်။ ဒါပေမယ့် သူတို့ အထင်သေးမသွားနိုင်အောင်တော့ ဟန်ကိုယ်ဖို့ဆိုတာကို တတ်နိုင်သလောက် အသံမြှင့်ပြီး ရှင်းပြရတာပေါ့။ ကျုပ်အသံက တိုကျိုလေသံပေါက်နေတယ်။ အစပိုင်းမှာ ကျောင်းသားတွေဟာ မျက်လုံးပေကလပ်၊ ပေကလပ်လုပ်ပြီး ငြိမ်ပြီးနားထောင်နေကြသေးတယ်။ နောက်တော့မှ အတန်းရှေ့အလယ်လောက်မှာ ထိုင်နေတဲ့ အထွားဆုံးကျောင်းသား တစ်ယောက်က ထပြီး 'ဆရာ'လို့ ခေါ်လိုက်တယ်။ ကျုပ်က မရှင်းလို့မေးတယ် အောက်မေ့ပြီး 'ဘာများလဲကွယ့်' လို့ မေးတော့. . .

"ဆရာစကားပြောတာ သိပ်မြန်တယ်၊ နားမလည်ဘူး၊ ဖြည်းဖြည်းပြောပါ" တဲ့။

"ဟုတ်လား၊ ဆရာလည်း မင်းတို့ပြောတဲ့စကားကို ပြောနေတာပဲ။ တိုကျိုက ဆိုတော့ ဆရာ့အသံထွက်ကို သိပ်နားမလည်ဘူး ထင်ပါရဲ့။ ကဲ. . .ကဲ. . .ဖြည်းဖြည်းပဲ ပြောပါ့မယ်။ ဒါမှ နားမလည်သေးရင်လည်း နားလည်တဲ့အထိ သည်းခံနားထောင်ကြပါကွာ"

ဒီလိုနဲ့ပဲ ဒုတိယအချိန် ကုန်သွားတယ်။ မျှော်လင့်တာထက် အခြေအနေကောင်းပါတယ်။ ဆရာခန်းထဲကို ပြန်ထွက်လာခါနီးကလေးမှာ ကျောင်းသားတစ်ယောက်က ပုစ္ဆာတစ်ခုကို လာမေးတယ်။ ကျုပ်မတွက်တတ်တဲ့ ဂျီဩမေထရီပုစ္ဆာဆိုတော့ နဖူးက ချွေးစေးတွေတောင်ထွက်လာရတယ်။ မတတ်သာတဲ့အဆုံး ကျုပ်က "ဆရာမတွက်တတ်ဘူးကွာ၊ နောက်တစ်ချိန်ကျမှ တွက်ကြည့်ကြတာပေါ့"လို့ပြောလိုက်တော့ အတန်းထဲကကျောင်းသားတွေက'ဝါးကနဲ' ဝိုင်းရယ်ကြတယ်။ သူတို့ထဲက 'ဟယ်'ဆရာလုပ်ပြီး မတွက်တက်ဘူးတဲ့' လို့ပြောသံကိုလည်း ကြားလိုက်ရတယ်။ အတော်ဆိုးတဲ့ကောင်လေးတွေပဲ။ ဆရာလည်း မတွက်တတ်တဲ့အခါ ရှိတာသဘာဝပဲမဟုတ်လား။ မတွက်တတ်လို့ မတွက်တက်ဘူးလို့ပြောတာ ရယ်စရာတဲ့လားဗျာ။ ပုစ္ဆာတိုင်းကို တွက်တက်အောင်တော်နေရင် လစာလေးယန်း ၄၀လောက်နဲ့ ဒီလို တောရွာဘက်ကို ဘယ်လာပါ့မလဲ။ ဒါနဲ့ကျုပ်လည်းဘာမှမပြောဘဲ အသာငြိမ်ပြီး ဆရာများအခန်းကို ပြန်ထွက်လာခဲ့တော့တယ်။

"ဒီတစ်ခါကို ဘယ်လိုလဲဟေ့၊ အဆင်ပြေရဲ့လား" လို့ ဖြူကောင်မေးတယ်။

'အွန်း'လို့သာ ပြန်ဖြေလိုက်မိပေမယ့် 'အွန်း'နဲ့ မကျေနပ်သေးလို့ "ဒီကျောင်းက

ကလေးတွေဟာ အတော်အမေးအမြန်းထူကြတယ်" လို့ ပြောချလိုက်တယ်။ ဖြူကောင်က ကျုပ်ကို အံ့အားသင့်ပြီး ကြည့်နေတော့တယ်။

တတိယအချိန် စတုတ္ထအချိန်နဲ့ နေ့လယ်ပိုင်း ပထမအချိန်တွေမှာလည်း ထူးမခြားနားဘူး။ ဆရာဘဝပထမနေ့မှာပဲ ကျုပ်ဟာ အမှားမှားအယွင်းယွင်းတွေ ကြားကပြီးသွားတော့တယ်။ ဆရာအလုပ်ဆိုတာ အမြင်လွယ်သလောက် လက်တွေ့ လုပ်ကြည့်တော့ မလွယ်မှန်း ကျုပ်ကောင်းကောင်းကြီး သဘောပေါက်လာမိတယ်။ စာသင်ချိန်တွေ ပြီးသွားပေမယ့် ပြန်လို့မရသေးဘူး။ ညနေသုံးနာရီထိုးတဲ့အထိ ပျင်းပျင်းရိရိ စောင့်နေရဦးမယ်။သုံးနာရီတီးတော့ ကိုယ်အတန်းပိုင်လုပ်ရတဲ့ အတန်းက တာဝန်ကျကျောင်းသားတွေက သန့်ရှင်းရေးလုပ်ပြီး ကျောင်းခေါ်ချိန်စာရင်း လာအပ်ကြ လိမ့်မယ်။ ဒါတွေကို ပြန်စစ်ဆေးရဦးမယ်။

လစာကလေးယန်း ၄၀လောက်နဲ့ ကျုပ်ဟာ ကိုယ့်ကိုယ်ကို အရောင်းစားခံရ သလိုပါပဲ။သတ်မှတ်ထားတဲ့ အချိန်အထိစားပွဲပေါ်မှာ ငြိမ်ထိုင်နေရမယ်ဆိုတဲ့ စည်းကမ်း ကလည်းရှိနေတယ်။ အားလုံးက ဒီစည်းကမ်းကို ငြိမ်ပြီး လိုက်နာနေလျက်သားနဲ့ အခုမှဆရာလုပ်ကာစ ကျုပ်ကအတွန့်တက်ပြီး စကားများနေလို့ မကိုက်ပါဘူးလေလို့ တွေးမိတာနဲ့ အသာပဲသည်းခံနေလိုက်ရတယ်။

ညနေဘက် အိမ်ပြန်ကြတော့ ဖြူကောင်ကိုမေးမိတယ်။ ဘယ်လို အကြောင်းမျိုးနဲ့ ပဲဖြစ်ဖြစ် သုံးနာရီထိုးတဲ့အထိ ကျောင်းမှာ အောင်းနေရမယ်ဆိုတာ စည်းကမ်းလား လို့ပေါ့။ ဒီတော့ သူက "ဟုတ်တာပေါ့ကွာ၊ အဟား. . .ဟား" လို့ရယ်ပြီးဖြေတယ်။ နောက်မှ ပြန်တည်သွားပြီး "မင်း ကျောင်းက မတော်မတည့်တာတွေကို နေရာတိုင်းမှာ လျှောက်မပြောနဲ့။ ပြောစရာရှိတာလောက်ပဲပြော၊ ကျောင်းမှာက မယုံရတဲ့လူတွေရှိတယ်" လို့ သတိပေးတယ်။ ဒီလိုနဲ့ လမ်းသုံးလေးချိုးလောက်ကွေ့ပြီး လူချင်းကွဲသွားကြ လို့အသေးစိတ် အခြေအနေကို မမေးလိုက်ရဘူး။

အိမ်ရောက်တော့ အိမ်ရှင်က လက်ဖက်ရည်သောက်ကြစို့လို့ ပြောပြီးအခန်းထဲ ဝင်လာတယ်။ တယ်ဟုတ်ပါလား၊ အမြည်းကောင်းကောင်းနဲ့ ဧည့်ခံမလို့နဲ့ တူတယ်လို့ အောက်မေ့မိပေမယ့် တကယ်တော့ သူက ကျုပ်အခန်းထဲက လက်ဖက်ခြောက်ကို အားမနာပါးမနာ ယူသောက်တာကိုး။ ဧကန္တ ကျုပ်မရှိတုန်းလည်း အခန်းထဲဝင်ဝင်ပြီး လက်ဖက်ရည်သောက်ကြဦးစို့လို့ တစ်ယောက်တည်း ကြိတ်သောက်နေသလား မပြောတတ်ဘူး။ သူကရှေးဟောင်းပစ္စည်းနဲ့ ပန်းချီကားတွေကို စုဆောင်းတာ ဝါသနာ ပါရင်းကနေ ခုလိုအရောင်းအဝယ်လုပ်ငန်းကို လုပ်ကိုင်တဲ့အကြောင်း ရှင်းပြတယ်။

မောင်ရင်လည်းပဲ ပုံပန်းကြည့်ရတာ အနုပညာမြတ်နိုးတဲ့စိတ် ရှိတဲ့ပုံပဲလို့ မြူဆွယ်လာပြန်တယ်။

လွန်ခဲ့တဲ့ သုံးနှစ်လောက်က လူတစ်ယောက်နဲ့ အဖော်အဖြစ် 'အင်ပိုင်ယာ' ဟိုတယ်မှာ သွားတည်းတုန်းက ဟိုတယ်ကလူတွေက ကျုပ်ကို သော့ပြင်သမားနဲ့မှားပြီး ဆက်ဆံခဲ့ဖူးတယ်။ ပုဆိုးခေါင်းပေါင်းပြီး ကမားကူးရားက ဆင်းတုတော်ကြီးကို သွားဖူးတုန်းကလည်း လန်ချားသမားတစ်ယောက်က လက်သမားဆရာလို့ အထင်ခံရဖူးတာမှန်ပေမယ့် ဘယ်တုန်းကမှ အနုပညာရှင်တစ်ယောက်လို့ အထင်မခံခဲ့ရဖူးပါဘူး။ အနုပညာသမားဆိုတာက ကဗျာစာအုပ်ကို လက်မှာပိုက်ချင်လည်းပိုက်ထားရမယ်။ ဒါမှမဟုတ်ရင် ခေါင်းပေါင်းကို ဟန်ကျပန်ကျ ပေါင်းရင်လည်းပေါင်းထားရမယ်ပေါ့။ ကျုပ်လို ပုံပန်းမျိုးကို အနုပညာသမားလို့ ပြောတာကတော့ ပုံမှန်မဟုတ်ဘူး။

ကျုပ်ကပင်စင်ယူပြီး အလုပ်အားတဲ့လူတွေလုပ်လေ့ရှိတဲ့ အဲဒီအလုပ်မျိုးကို ဝါသနာမပါဘူးလို့ ပြောတော့ သူက ဟဲဟဲဟဲလို့ ရယ်ပြီး အစပိုင်းမှာတော့ ဘယ်သူမှ ဝါသနာမပါကြပါဘူး။ ဒါပေမယ့် ဒီလမ်းကို လိုက်မိတယ်ဆိုရင်တော့ ပြန်ထွက်လို့ မရဘူးဗျလို့ ပြောရင်း လက်ဖက်ရည်ကြမ်းတစ်ခွက်ကို အားရပါးရ မော့လိုက်ပြန်ပါရော။ ညနေကမှ ဝယ်ခိုင်းထားတဲ့ လက်ဖက်ခြောက်ကိုလည်း ခါးတူးအောင် ခတ်ပြီး ဖိမ်နဲ့ သောက်နေတယ်။ လက်ဖက်ရည်ကတော့ တစ်ခွက်လောက်သောက်လိုက်ရုံနဲ့ အူထဲ အထိ ခါးဆင်းသွားမတတ်ပါပဲဗျာ။ နောက်တစ်ခါ အခါးပေါ့တဲ့ လက်ဖက်ခြောက် ဝယ်ပေးပါဗျာလို့ပြောတော့ သူကဟုတ်ပါပြီ၊ နားလည်ပါပြီ ဆိုပြီးတစ်ခွက်ထပ်သောက်ပြန်ရော။ သူတစ်ပါးပစ္စည်းနဲ့ အတော်ဖိမ်ကျနေပုံပါပဲ။ အိမ်ရှင်ထွက်သွားတဲ့နောက် ကျုပ်ဟာ နောက်တစ်နေ့သင်ရမယ့် သင်ခန်းစာတွေကိုပြင်ပြီး ချက်ချင်းအိပ်ပျော်သွားတော့တယ်။

နောက်ပိုင်းမှာ နေ့တိုင်းနေ့တိုင်း ကျောင်းကိုသွားပြီး စည်းကမ်းဥပဒေအတိုင်း သင်ကြားပို့ချ၊အိမ်ပြန်ရောက်တော့ အိမ်ရှင်နဲ့ လက်ဖက်ရည်သောက်လိုက်နဲ့ အချိန်ကုန်ခဲ့ရတယ်။ တစ်ပတ်လောက်ကြာတော့ ကျောင်းရဲ့အခြေအနေကို နားလည်လာတဲ့ အပြင်အိမ်ရှင်တွေရဲ့ အကြောင်းကိုလည်းကောင်းကောင်းကြီး သဘောပေါက်လာခဲ့တော့တယ်။ အခြားဆရာတွေကို မေးကြည့်တော့ ဆရာအလုပ်ခန့်စာရရချင်း တစ်လအတွင်းကတော့ ကျောင်းသားတွေ သူတို့အပေါ် ဘယ်လိုထင်ကြမှာပါလိမ့်လို့ စိုးရိမ်တက်တာဟာ သဘာဝပါတဲ့။ အမှန်တော့ ကျုပ်ဒီလို မခံစားခဲ့ရဘူးဗျာ။ အတန်းထဲမှာ အမှားမှားအယွင်းယွင်းဖြစ်တုန်းမှာတော့ စိတ်မသက်မသာဖြစ်ပြီး နာရီဝက်မကြာ

ခင်မှာပဲ ဒီစိတ်တွေကပျောက်လွင့်သွားကြတာချည်းပါပဲ။ ကျုပ်ဒီလို မှားယွင်းခဲ့ပုံကလေးတွေကို ဘယ်လိုထင်ကြမယ်၊ ကျောင်းအုပ်ဆရာကြီးနဲ့ တစ်ခြားဆရာတွေက ဘယ်လို ယူဆကြမယ်ဆိုတာကိုတော့ နည်းနည်းကလေးမှ မတွေးမိဘူး။ အရင်က ပြောခဲ့သလို ကျုပ်ဟာသတ္တိကောင်းလှတဲ့သူ တစ်ယောက်မဟုတ်ပေမယ့် ကျုပ်ကို ကျုပ်တော့ယုံတယ်။ ဒီကျောင်းမှာ အဆင်မပြေရင် တစ်ခြားထွက်သွားဖို့ ပြင်ထားတဲ့လူဆိုတော့ တောခွေးတို့၊ အကျီနီတို့ကို လုံးဝမှုတဲ့အကောင်မဟုတ်ဘူး။ ဒါ့အပြင် အတန်းထဲက သကောင့်သားကလေးတွေကိုလည်း ဘယ်တော့မှ မြှောက်ပင့်တာတို့၊ ချော့တာတို့ မလုပ်ဘူး။

ကျောင်းနဲ့ပတ်သက်ပြီး ဒီအခြေအနေဟာ အဆင်ပြေနေတယ်လို့ ပြောရပေမယ့် အိမ်ကတော့ သိပ်မဟန်ဘူး။ အိမ်ရှင်ကအခန်းထဲဝင်လာပြီး ကျုပ်လက်ဖက်ရည်တွေကို အလကားသောက်သွားရုံတင်ဆိုရင် ကျုပ်မမှုပါဘူးဗျာ။ သူက ပစ္စည်းမျိုးစုံကို ယူလာတတ်တယ်။ ပထမဆုံးယူလာတာက တံဆိပ်ခေါင်းတွေ ၁၀ခုလောက်ကိုပြပြီး အားလုံး ၃ယန်းနဲ့၁ပဲဆိုတော့ ဈေးချိုပါတယ်။ ဝယ်ပါတဲ့။ ကျုပ်က ပန်းချီတို့ရုပ်ပုံတို့ ဝါသနာမပါဘူး၊ မဝယ်ဘူးလို့ ငြင်းလိုက်တော့ ကဇန်ဆိုတဲ့ နာမည်ကျော် ပန်းချီဆရာကြီးရေးတဲ့ ကြိုးကြာရုပ် ပန်းရုပ်ပါတဲ့ ယင်းလိပ်ပန်းချီကားတွေ ပြလာပြန်တယ်။ ဒါတွေကို ဝယ်ပြီး အခန်းထဲက ကျက်သရေခန်းမှာ ချိတ်ထားမလားလို့ ဆိုလာတယ်။ ကျုပ်က သြော် ..သြော်လို့ စိတ်မပါ့တပါဖြေလိုက်တယ် သူက ကဇန်နှစ်ယောက်ရှိတဲ့အကြောင်း၊ တစ်ယောက်ကဘယ်လို ကဇန်ဖြစ်ပြီး ကျန်တစ်ယောက်ကမည်သူဖြစ်ကြောင်း၊ ဒီယင်းလိပ်ပန်းချီကားကတော့ ဘယ်ကဇန်ကဆွဲထားတာဖြစ်တဲ့အကြောင်းကို မပျင်းမရိ ရှင်းပြနေပြန်တယ်။ ပြီးတော့ ဘယ်လိုလဲ ဝယ်မယ်ဆိုရင် ၁၅ယန်းနဲ့ပဲ ရောင်းမယ်။ ဝယ်ထားပါလားလို့ မြှူဆွယ်တယ်။ ကျုပ်က ပိုက်ဆံမရှိဘူးလို့ပြောတော့ ပိုက်ဆံက ဘယ်အချိန်ပေးပေးဖြစ်ပါတယ်လို့ ဆိုပြန်တယ်။ အတော်ခေါင်းမာတဲ့လူပဲ။ နောက်ဆုံး ပိုက်ဆံရှိလည်း မဝယ်ဘူးဗျာလို့ပြောမှ လက်လျှော့သွားတော့တယ်။

နောက်တစ်ခါကျတော့ အုတ်ခဲလောက်ရှိတဲ့ မင်နှိပ်တုံးကြီး ယူလာပြန်တယ်။ ဒါကို တန်းကေးလို့ ခေါ်တယ်တဲ့။ သူ့ပါးစပ်က တန်းကေး တန်းကေးလို့ ပြောနေတော့ ကျုပ်က စိတ်မပါ့တပါနဲ့ တန်းကေးဆိုတာ ဘာလဲလို့မေးတဲ့အခါကျမှ သူ့ပို့ချက်အရှည်ကြီးကိုနားထောင်ရတော့တယ်။ တန်းကေးကျောက်ဆိုတာ အပေါ်လွှာ အလယ်လွှာ အောက်လွှာဆိုပြီး သုံးမျိုးရှိတဲ့အကြောင်း၊ အခုယူလာတာတွေက အဖိုးတန်အပေါ်လွှာ တွေသာများကြောင်း၊ ဒီအရာက အလယ်လွှာဖြစ်ကြောင်း ရှင်းပြပြန်တယ်။ များသော

အားဖြင့် တန်းကေးတွေမှာ မျက်လုံးပါတက်ပေမယ့် မျက်လုံးသုံးလုံးပါတဲ့ ဒီကျောက်တုံးမျိုးက အလွန်ရှားပါးတဲ့အကြောင်း၊ မယုံရင်လက်နဲ့စမ်းကြည့်စေလိုကြောင်း၊ ကျောက်ခဲပေါ်က သဘာဝအတိုင်း ဖြစ်လာတဲ့အကွက်ကို ပြပြီး ပြောပြတယ်။ ဘယ်လောက်လဲလို့ မေးကြည့်တော့ ဒီကျောက်တုံးတွေက တရုတ်ပြည်ကတောင် သယ်လာရတာဆိုတော့ ဆရာယူမယ်ဆိုရင် ဈေးလျှော့ပြီးရောင်းပါ့မယ်။ ယန်း ၃၀ပဲ ထားပါ့မယ်လို့ ဆိုတယ်။ ဒီလူဟာ တကယ့်လူအနွံပဲ။ ကျောင်းမှာ ပြဿနာမတွေ့ရပေမယ့် သူနဲ့ချည်းပဲဒုက္ခအမျိုးမျိုးနဲ့ ကြုံနေရတော့တယ်။

အဲဒီအချိန်မှာပဲ ကျောင်းမှာလည်း ပြဿနာအမျိုးမျိုးနဲ့ ရင်ဆိုင်လာရတော့တယ်။ တစ်ည အော်ကေမကျိုလို့ခေါ်တဲ့ရပ်ကွက်ကို လမ်းလျှောက်ထွက်တုန်း စာတိုက်နားမှာ ဆိုင်တစ်ဆိုင် တွေ့ရတယ်။ ဆိုင်းဘုတ်က တိုကျို ခေါက်ဆွဲပြုတ်လို့ရေးထားတယ်။ ကျုပ်က ခေါက်ဆွဲပြုတ်ဆိုရင် အရမ်းကြိုက်တယ်။ ခေါက်ဆွဲဆိုင်ရှေ့ ဖြတ်သွားတဲ့အခါ အနံ့ရတယ်ဆိုရင် ဝင်မစားဘဲမနေနိုင်ဘူး။ ဒီနေ့အထိ သင်္ချာနဲ့ ရှေးဟောင်းပစ္စည်းတွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ ကျုပ်ဟာ ခေါက်ဆွဲဆိုင်တွေ့တော့ အတော်ပျော်သွားတယ်။ အဝစားပစ်လိုက်မဟဲ့ဆိုတဲ့ စိတ်နဲ့ ဆိုင်ထဲကိုဝင်လာခဲ့မိတယ်။

အထဲဝင်ကြည့်လိုက်တော့ ဆိုင်းဘုတ်မှာ ရေးထားသလောက်မဟုတ်ဘူး။ တိုကျိုကိုမသိဘူးပေဘဲလား၊ ပိုက်ဆံမရှိလို့ဘဲလား မသိဘူး။ ဆိုင်က အတော်ညစ်ပတ်တယ်။ အခင်းတွေကလည်း အရောင်မဲ့နေတဲ့အပြင် သဲတရုပ်ရုပ်ဖြစ်နေတယ်။ အခန်းနံရံတွေမှာကလည်း မှိုင်းတွေညစ်ပေနေတယ်။ မျက်နှာကြက်ကလည်း နိမ့်တဲ့အပြင် အထဲဝင်လာတဲ့လူက ခေါင်းနဲ့မလွတ်ရင် မီးခိုးမှိုင်းတွေပေမှာ သေချာတယ်။ တစ်ဆိုင်လုံးမှာဆိုလို့ ဈေးနှုန်းရေးထားတဲ့ ဆိုင်းဘုတ်ကလေးတစ်ခုပဲ အသစ်တွေ့ရတယ်။ အမှန်တော့ အိမ်ဟောင်းတစ်အိမ်ကို ဝယ်ပြီး လွန်ခဲ့တဲ့ ၂ရက်၃ရက်လောက်ကမှ ဆိုင်ဖွင့်ခဲ့တဲ့ပုံပဲ။ ဈေးနှုန်းဆိုင်းဘုတ်ရဲ့ အပေါ်ဆုံးမှာ အကြော်နှင့်ခေါက်ဆွဲလို့ ရေးထားတယ်။ ဒါနဲ့. . .

'အကြော်နဲ့တစ်ပွဲပေးဟေ့' လို့ လှမ်းအော်ပြီးမှာလိုက်တယ်။ ဒီတော့ဆိုင်ရဲ့ ထောင့်တစ်ခုမှာ တရှူးရှူးခေါက်ဆွဲပြုတ် သောက်နေတဲ့ကျောင်းသားတစ်စုက ကျုပ်ကို ဝိုင်းကြည့်လိုက်ကြတယ်။ သူတို့ကစပြီး နှုတ်ဆက်တဲ့အတွက် ကျုပ်ကလည်းပြန်နှုတ်ဆက်လိုက်မိတယ်။ ခေါက်ဆွဲမစားရတာ ကြာတော့ အဲဒီညက လေးပန်းကန်တိတိ စားပစ်လိုက်တယ်။

နောက်တစ်နေ့ အမှုမဲ့အမှတ်မဲ့ အတန်းထဲဝင်သွားတော့ သင်ပုန်းကြီး အပြည့် စာလုံးကြီးတွေနဲ့ 'အကြော်နဲ့ခေါက်ဆွဲဆရာ'လို့ ရေးထားတာကို တွေ့ရတယ်။

ကျုပ်နဲ့လည်း မျက်နှာချင်းဆိုင်လိုက်ရော တစ်တန်းလုံး ဝါးခနဲဝိုင်းရယ်ကြပြန်တယ်။ ကျုပ်လည်းမွှန်သွားပြီး "အကြော်နဲ့စားတာ ဘာဖြစ်သလဲ" လို့ မေးလိုက်တယ်။ ဒီတော့ ကျောင်းသားတစ်ယောက်က . . .

"လေးပန်းကန်တောင်ဆိုတော့ လွန်တာပေါ့ဆရာ" လို့ပြောတယ်။ "ငါ့ဘာသာ လေးပန်းကန်စားစား၊ ငါးပန်းကန်စားစား ငါ့ပိုက်ဆံနဲ့ငါစားတာမင်းတို့အပူမပါဘူး' လို့ပြောပြီး စာဆက်သင်ခဲ့ရတော့တယ်။ ပြီးမှ ဆရာများအခန်းထဲပြန်ဝင်လာခဲ့တယ်။

ဆယ်မိနစ်လောက်ကြာလို့ နောက်အခန်းတစ်ခုကို ဝင်တဲ့အခါ သင်ပုန်းပေါ်မှာ ရေးထားကြပြန်တယ်။ "အကြော်နဲ့လေးပွဲ၊ လုံးဝမရယ်ရ"လို့ ရေးထားကြပြန်တယ်။ အစတုန်းက စိတ်မတိုပေမယ့် ခုတော့စိတ်တိုရပြီ။ နောက်တယ်ပြောင်ကယ် ဆိုတာ ကန့်သတ်ချက်အတိုင်းအတာကို လွန်လာရင်တော့ စော်ကားရာရောက်လာတယ်။ ခေါက်မုန့်ဖုတ်တဲ့အခါ မီးကိုလိုတာထက်များရင် တူးခါးသွားတတ်တာမျိုးလိုပေါ့။ ဘယ်သူမှ လက်မခံနိုင်တဲ့ကိစ္စမျိုး။ ဒီတောသားလေးတွေဟာ နောက်တာနဲ့စော်ကား တာကိုလည်း မခွဲတတ်ဘူး။ ကိုယ်ပြောတာဘယ်ရောက်တယ်ဆိုတာ မစဉ်းစား တတ်ဘူးထင်တယ်။ တစ်နာရီလောက်လျှောက်ကြည့်လိုက်တာနဲ့ စုံသွားလောက်တဲ့ မြို့ကျဉ်းကျဉ်းလေးမှာ နေကြရလို့လားမပြောတတ်။ အကြော်နဲ့ခေါက်ဆွဲ ပြဿနာကို ရုရှား–ဂျပန်စစ်ပွဲလောက် ပုံကြီးချဲ့နေကြတော့တယ်။ အတော်သနားစရာကောင်းတဲ့ အကောင်တွေ။ သာမန်အပြောင်အပျက် သဘောမျိုးဆိုရင် ကျုပ်ကချော်လဲရောထိုင်ပြီး ဝိုင်းရယ်လိုက်ချင်ပေမယ့် အခုဟာက ကျုပ်ကို တမင်သက်သက် ရန်ငြိုးနဲ့ ဝိုင်းစနေကြသ လိုပဲ။

ကျုပ်က သင်ပုန်းကြီးကို ပြောင်အောင်ဖျက်ပြီးတဲ့နောက် "မင်းတို့ ဒီလိုနောက်တာ ကောင်းသလား၊ ဒါဟာ သူရဲဘောကြောင်တဲ့ အလုပ်ပဲ။ သူရဲဘောကြောင်တယ်ဆိုတဲ့ အဓိပ္ပာယ်ကော နားလည်ကြရဲ့လား "လို့ မေးတော့ "သူရဲဘောကြောင်တယ်ဆိုတာ ကိုယ့်ကို အစခံရတာနဲ့ စိတ်တိုပြတာပါ" လို့ ပြန်ဖြေကြပြန်တယ်။ ခွေးကောင်လေးတွေ။ ကျုပ်ဟာ ဒီသတ္တဝါလေးတွေကိုသင်ပြဖို့ တိုကျိုကတောင် လာခဲ့ရတာပါကလားလို့ တွေးပြီး စိတ်ပျက်လာမိတယ်။ ဒီနောက် အားလုံးပါးစပ်ပိတ်ထားကြစမ်းလို့ ပြောပြီး စာကို ဆက်သင်ခဲ့ရတော့တယ်။

နောက်တစ်ချိန်ကျတော့ အတန်းထဲမှာ ရေးထားကြပြန်တယ်။

'အကြော်စားရင် ပါးစပ်ပိတ်ထားပါ' တဲ့။

ကျုပ်သည်းမခံနိုင်တော့ဘူး။ ဒါကြောင့် မင်းတို့ကို စာဆက်သင်ချင်စိတ်မရှိဘူးလို့ ပြောပြီး အတန်းထဲက ပြန်ထွက်လာခဲ့လိုက်တယ်။ ကျောင်းသားတွေက တို့နားချိန်

ရပြီဆိုပြီး ပျော်ရွှင်မြူးတူးကျန်နေရစ်ခဲ့ကြလေရဲ့။ ဒီလိုဆိုပြန်တော့ အိမ်ကရေးဟောင်း ပစ္စည်းပြဿနာကမှ နည်းနည်းသက်သာရာရဦးမယ်။

အကြော်ခေါက်ဆွဲပြုတ် ပြဿနာဟာလည်း အိမ်ပြန်ရောက်လို့ တစ်ညအိပ်တာနဲ့ သူ့အလိုလို မေ့သွားတော့တယ်။ ကျောင်းသွားကြည့်တော့ ကျောင်းသားတွေကလည်း ပုံမပျက်ဘဲ တက်ကြတာကိုတွေ့ရတယ်။ ဘာကြောင့်မှန်းရယ်မသိဘူး။ ဒီလိုနဲ့ သုံးရက်လောက် ဘာပြဿနာမှမတွေ့ဘဲ ကျောင်းတက်နေလိုက်တာ လေးရက် မြောက်ညမှ စုမိဒါရပ်ကွက်ကိုသွားပြီး ပေါက်စီဝယ်စားမိပြန်တယ်။ စုမိဒါဆိုတာ ရေပူစမ်းရှိတဲ့ မြို့ကလေးဖြစ်ပြီး ရထားနဲ့သွားရင်ဆယ်မိနစ်နဲ့ရောက်တယ်။ လမ်းလျှောက်သွားရင်တော့ နာရီဝက်ကြာမယ်။ အဲဒီမြို့ကလေးမှာက စားသောက် ဆိုင်တွေ၊ ရေချိုးခန်းတွေ၊ ဥယျာဉ်တွေ အများကြီး ရှိတဲ့အပြင် အပျော်ခန်းပါရတယ်။ ကျုပ်သွားစားတဲ့ဆိုင်က အပျော်ခရီးရဲ့ လမ်းဝမှာပဲ။ နာမည်ကြီးလွန်းလို့ ရေချိုးပြီး အပြန်မှာဝင်စားတာ။ ဒီတစ်ခါတော့ ကျောင်းသားတစ်ယောက်မှမရှိဘူး။ တော်ပါသေး ရဲ့လို့ စိတ်အေးခဲ့ရတယ်။ ဒါပေမယ့် နောက်တစ်နေ့ ကျောင်းသွားတော့ အတန်းထဲမှာ "ပေါက်စီနှစ်ပန်းကန် ခုနစ်ဆင့်" လို့ ရေးထားတာကို တွေ့လိုက်ရတယ်။ အမှန်လည်းပဲ ကျုပ်နှစ်ပန်းကန်စားပြီး ခုနစ်ဆင့် ပေးခဲ့ရတာပါပဲ။ အတော်စပ်စုကြတဲ့ ကောင်လေး တွေပဲ။ ဒုတိယအချိန်ကျတော့ ဘယ်လိုရေးထားသလဲဆိုတော့ 'အပျော်ခန်းဘေး ပေါက်စီမှာ အရသာရှိပေစွ၊ အရသာရှိပေစွ'လို့ ရေးထားကြပြန်တယ်။ အတော်ခွကျတဲ့ သကောင့်သားလေးတွေ။

ပေါက်စီပြဿနာ ပြီးပြန်တော့ လက်နီးစုတ် ပြဿနာကတက်လာပြန်တယ်။ ကျုပ်ဖြင့် ပြန်ပြောရမှာတောင် ရှက်မိပါရဲ့။ ကျုပ်ဟာ ဒီဒေသကို ရောက်ကတည်းက နေ့တိုင်း စုမိဒါရေပူစမ်းကိုသွားလေ့ရှိတယ်။ တခြားနေရာတွေက တိုကျိုကို မယှဉ်နိုင်ကြ ပေမယ့် ရေပူစမ်းကသာတယ်။ ဒါကြောင့် အညောင်းပြေအညာပြေ သဘောနဲ့ညနေစာ မစားမီနေ့တိုင်းသွားပြီး ရေချိုးလေ့ရှိတယ်။အဲဒီလို သွားတဲ့အခါတိုင်း အနောက်တိုင်းဖြစ် တဘက်တစ်ထည်ကို ယူသွားလေ့ရှိတယ်။ ဒီတဘက်က ရေသုတ်ပါများတာရယ်၊ ချည်မျှင်တွေကျွတ်ကုန်တာရယ်ကြောင့် လက်နီးစုတ်လို ဖြစ်သွားတော့တယ်။ ကျုပ်က ဒီတဘက်ကို အသွားအပြန်ရထားပေါ်မှာ အမြဲဆောင်သွားလေ့ရှိတယ်။ဒါကြောင့် ကျောင်းသားတွေက ကျုပ်ကို လက်နီးစုတ်နီ လက်နီးစုတ်နီလို့ ပြောင်ခေါ် ကြတယ်။ နယ်ကျဉ်းကျဉ်းကလေးဆိုတော့ တယ်ပြီးအတင်းအဖျင်းများတာပဲပေါ့လေ။

နောက်တစ်ခုရှိသေးတယ်။ ရေပူစမ်းမှာ သုံးထပ်တိုက်အသစ်တစ်လုံး ဆောက် ထားတယ်။ ဒီရေချိုးခန်းက အဆင့်မြင့်တယ်။ ရှစ်ဆင့်ပေးရင် ရေလဲအဝတ်ပေးတယ်။



လက်ဖက်ရည်လည်းတိုက်တယ်။ မိန်းကလေးတွေကလာညှော်ခံတာ။ ဒါကြောင့် ကျုပ်ဟာအမြဲဆိုသလို အဲဒီအထက်တန်းရေချိုးခန်းကို သွားလေ့ရှိတယ်။ ဒါကိုလည်း ကျောင်းသားတွေက လစာလေးယန်းလေးဆယ်နဲ့ အထက်တန်းရေချိုးခန်းသွားတာ လွန်လွန်းတယ်လို့ ဝေဖန်ကြတယ်။

ဒါတင်မကသေးဘူး၊ ရေချိုးခန်းက ဆယ့်ငါးပေ ဆယ့်ရှစ်ပေလောက်ကျယ်ပြီး ကျောက်ပြားတွေခင်းထားတယ်။ အမြဲဆိုသလို လူဆယ့်လေးငါးယောက်လောက် ပြည့်နေတတ်တယ်။ တစ်ခါတစ်ခါကျတော့လည်း လူရှင်းနေတတ်တယ်။ ရေက ရင်ခေါင်းလောက်ပဲနက်တာဆိုတော့ ကျန်းမာရေးအတွက် ရေကူးလို့ အတော်ကောင်းတယ်။ ကျုပ်ဟာ လူတစ်ယောက်မှ မရှိတဲ့အခါ ရေဆင်းကူးတတ်တယ်။

ဒါနဲ့ တစ်နေ့လူမရှိတုန်း ရေကူးမှပဲလေလို့ အခန်းထဲဝင်လာတော့ သင်ပုန်းတစ်ခု မှာ စာလုံးကြီးကြီးနဲ့ 'ရေချိုးကန်ထဲတွင်ရေမကူးရ' လို့ ရေးထားတာကို တွေ့လိုက်ရတယ်။ ရေချိုးကန်ထဲမှာ ရေကူးတဲ့လူတစ်ယောက်မှ မရှိလေတော့ ဒါဟာကျုပ်ကို တမင်သက်သက် ရည်ရွယ်ပြီးရေးထားတာပဲ။ ဒါနဲ့ ကျုပ်အဲဒီအချိန်ကစပြီး ရေမကူးဝံ့တော့ဘူး။ ဒါပေမယ့် ထူးဆန်းတာက ကျောင်းခန်းထဲဝင်လိုက်တာနဲ့ သင်ပုန်းကြီးမှာ 'ရေချိုးကန်ထဲတွင်ရေမကူးရ' ဆိုတဲ့ စာလုံးတွေတွေ့လိုက်ရပြန်တယ်။ ကျုပ် အံ့အားသင့်သွားမိတယ်။ ဘာကြောင့်များ တစ်ကျောင်းလုံးက ကျုပ်ကို ထောက်လှမ်းကြပါလိမ့်လို့ တွေးမိပြီးစိတ်ညစ်လာမိတယ်။ ကျောင်းသားတွေက ကျုပ်ကိုတိုက်ရိုက် မစော်ကားကြပေမယ့် ကျုပ်တော့ဒီလိုစုတ်ချာတဲ့ နေရာရောက်လာခဲ့ရတဲ့ အဖြစ်ကို တွေးပြီးဝမ်းနည်းလာမိတယ်။ အိမ်ရောက်ပြန်တော့လည်း ရှေးဟောင်းပစ္စည်းဆရာကြီးရဲ့ နှိပ်စက်မှုကို ဆက်ခံရပြန်တယ်။

(၄)

ကျောင်းမှာက ညစောင့်တာဝန်ဆိုတာရှိတယ်။ ဆရာတွေတစ်လှည့်စီ အလှည့်ကျစောင့်ရတယ်။ တောခွေးနဲ့ရုပ်အကျီနီတို့ပဲ ဒီတာဝန်ကလွတ်ကြတယ်။ သူတို့ကခြွင်းချက်ပဲ။ ဒီနှစ်ယောက်က ဘာဖြစ်လို့ သူများလုပ်တဲ့အလုပ်ကို ရှောင်နေရတာလဲလို့ မေးကြည့်တော့သူတို့က ပြန်တမ်းဝင်အရာရှိတွေတဲ့။ လစာတွေ အများကြီးယူပြီး စာသင်ချိန်ကျတော့နည်းနည်းကလေး။ ပြီးတော့ ညစောင့်တာဝန်ကိုပါမယူဘူးဆိုတော့ ဒါတရားပါ့မလား။ သူတို့သဘောကျ စည်းကမ်းဥပဒေတွေထုတ်ပြီး ဒါစည်းကမ်းအရဆိုတဲ့သဘောနဲ့ စတိုင်ကျကျနေကြတယ်။ ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်ဆိုတဲ့လူတွေပါလား။

ဒီကိစ္စနဲ့ပတ်သက်ပြီး မတရားမှန်းသိကြပေမယ့် ဖြူကောင်သဘောကတော့ တစ်ယောက်၊ နှစ်ယောက်လောက်က မတရားဘူးလို့ ထအော်နေလည်းပဲ ဘာမှ အရာမရောက်မရောက်နိုင်ဘူးလို့ဆိုတယ်။ သူက'Might is Right' ဆိုတဲ့ အင်္ဂလိပ်စကားပုံနဲ့ကို ရှင်းပြပေမယ့် ကောင်းကောင်းနားမလည်လို့ မေးကြည့်တော့"အားကြီးတဲ့လူရဲ့လက်ထဲမှာ အမှန်တရားတို့ အဆုံးအဖြတ်တို့ရှိတယ်" လို့ ရှင်းပြတယ်။ "အင်အားကြီးသူရဲ့လက်ထဲမှာ ဆုံးဖြတ်နိုင်ခွင့်ရှိတယ်"ဆိုတဲ့ သင်ခန်းစာလောက်ကတော့ သူပြောမှာမဟုတ်ပါဘူး။ အရင်ကတည်းကသိပြီးသားပဲ။ ဒီစကားပုံနဲ့ညစောင့်တာဝန်ကျတာနဲ့ကတစ်ခြားစီပဲ။ ဒီတောခွေးနဲ့အကျီနီကို အင်အားကြီးသူတွေလို့ ဘယ်သူတွေကများအသိအမှတ်ပြုထားကြပါလိမ့်။

ကျုပ်ရဲ့အမြင်ဟာသဘောတရားအနေနဲ့သာရှိနေပြီး နောက်ဆုံးကျတော့ ညစောင့်တာဝန်ကိုယူဖို့ ကျုပ်အလှည့်ရောက်လာတော့တယ်။ ကျုပ်ကလည်းလူတစ်မျိုး။ ငယ်ငယ်ကလေးထဲက ကိုယ့်အိပ်ရာမဟုတ်ရင် အိပ်မပျော်တတ်ဘူး။ ဒါကြောင့် ဘယ်

သူငယ်ချင်းအိမ်မှာမှ ညအိပ်သွားမတည်းဖူးသလောက်ပဲ။ သူငယ်ချင်းအိမ်မှာတောင် ဒီလောက်ဖြစ်နေရင် ကျောင်းမှာဆိုတော့ပိုဆိုးတော့တာပေါ့။ ဘယ်လောက်ဆိုးဆိုး လစာယန်းလေးဆယ်ယူထားမှတော့ သူ့ဆန်စားရဲရတော့မှာပေါ့။ ဘာမှမတတ်နိုင်ဘူး၊ သည်းခံပြီးသွားရုံပဲရှိတယ်။

ဆရာတွေ ကျောင်းသားတွေပြန်သွားကြပြီးတဲ့နောက် ဘာမှလုပ်စရာကိုင်စရာ မရှိဘဲနေရတာ အတော့်ကိုခြောက်တိခြောက်ကပ်နိုင်တယ်။ ညစောင့်ဆရာရဲ့ အလုပ်က စာသင်ခန်းမရဲ့ နောက်မှာရှိတဲ့ ဘော်ဒါဆောင်ရဲ့ အနောက်ဘက်ခန်းမှာပဲ။ ခဏလောက် ဝင်ကြည့်တော့ ညနေစောင်းအပူရှိန်ကြောင့် ဘယ်လိုမှနေလို့မရဘူး။ ကျေးလက်ဖြစ်ပေမယ့်လည်း နွေနှောင်းကာလမို့အတော့်ကိုပူတယ်။

ဘော်ဒါဆောင်က ထမင်းကိုယူစားကြည့်တော့်လည်း အတော့်ကိုချာတယ်။ ဒီအစာကြမ်းတွေကိုစားပြီး ဒီကျောင်းသားတွေကလည်း ကြမ်းတမ်းနေကြဟန်တူပါရဲ့။ ဒါနဲ့လေးနာရီခွဲလောက်မှာထမင်းကိုအပြီးစားပစ်တယ်။တကယ်ရဲစွမ်းရှိတဲ့သူရဲကောင်းကြီးပါပဲ။

ထမင်းစားပြီးပေမယ့် နေကမဝင်သေးဘူး၊ အိပ်ရာထဲလည်း တန်းဝင်လို့မဖြစ်သေးတော့ ရေပူစမ်းဘက်ကို သွားချင်တဲ့စိတ်ပေါ်လာတယ်။ ညစောင့်တာဝန်ကျတုန်း အပြင်ထွက်လို့ရမရ ကျုပ်မသိဘူး။ ဒါပေမယ့် ဒီနေရာမှာနေရတာ အလုပ်ကြမ်းနဲ့ထောင်ကျနေရသလို စိတ်ဒုက္ခခံစားနေရတော့ ဆက်ပြီးအောင့်အီးမနေချင်တော့ဘူး။ ကျုပ်ရောက်စတုန်းက တာဝန်ကျဆရာဘယ်သွားနေသလဲလို့မေးတော့ အစောင့်ကြီးက ကိစ္စကလေးတစ်ခုရှိလို့ အပြင်ထွက်သွားတယ်လို့ဖြေတာကို သိပ်ဘဝင်မကျခဲ့ဘူး။ အခုကိုယ့်အလှည့်ကျတော့ ဒီလိုထွက်တာမှန်တယ်လို့ မြင်လာတယ်။

ဒါနဲ့ အစောင့်ကိုအပြင်ထွက်လိုက်ဦးမယ်လို့ပြောတယ်။သူကကိစ္စအထွေအထူး ရှိလို့လားလို့ ပြန်မေးလို့ မရှိပါဘူး၊ ရေပူစမ်းခဏသွားမှာပါလို့ ပြောပြီး ချက်ချင်းထွက်လာမိတယ်။ လက်နှီးစုတ်အနီက အိမ်မှာမေ့ကျန်နေတာခွကျတယ်။ ဒီနေ့တော့ ရေချိုးခန်းကပဲငှားရမယ်။

ဒီလိုနဲ့ရေပူစမ်းမှာ ခဏတဖြုတ်စိမ်ပြီးနေဝင်သွားလို့ ကောမကျိဘူတာကို ရထားနဲ့ ပြန်ခဲ့တယ်။ ဘူတာနဲ့ကျောင်းက လေးပြလောက်ပဲဝေးတယ်။ သိပ်အရေးမကြီးတာနဲ့ စိတ်အေးလက်အေး လမ်းလျှောက်လာတုန်း ဗြုန်းဆို တောခွေးနဲ့တိုးမိတော့တာပါပဲ။ သူလဲ ကျုပ်စီးလာတဲ့ ရထားနဲ့ ရေပူစမ်းဘက်ကို သွားမယ့်ဟန်တူပါတယ်။ သူ့ကို မတွေ့အောင် ခပ်သုတ်သုတ်လှမ်းခဲ့ရာက မျက်နှာချင်းပက်ပင်းတိုးမိလို့ မလွှဲသာပဲ နှုတ်ဆက်လိုက်ရတယ်။ ဒီတော့ တောခွေးက “မောင်ရင် ဒီနေ့ ညစောင့်တာဝန်ကျတယ်

မဟုတ်လား" လို့ မသိသလိုနဲ့ စဉ်းစားပြီးမေးတယ်။

သူ့အနေနဲ့ တာဝန်ကျတာမဟုတ်လားလို့ မမေးသင့်ဘူး။လွန်ခဲ့တဲ့ နှစ်နာရီလောက်ကပဲ ကျုပ်ကို "ဒီနေ့တော့ ညစောင့်တာဝန်ကျပြီပေါ့၊ ကျေးဇူးပါပဲ" လို့ ပြောခဲ့သေးတာ။ ကျောင်းအုပ်ကြီးများအတော့်ကို လှည့်ပတ်ပြီးပြောတတ်ပါကလားလို့ အောက်မေ့လိုက်မိတယ်။

ကျုပ်လည်း စိတ်တိုတာနဲ့ "ဟုတ်ပါတယ်၊ ညစောင့်တာဝန်ပါ၊ ဒါကြောင့်လည်း အခုသွားအိပ်တော့မလို့ပါ" လို့ပြောပြီး သူ့အပြောကို မစောင့်ဘဲ ချက်ချင်းလစ်ထွက်ခဲ့မိတယ်။ ကောမကျိုရပ်ကွက်ရဲ့ လမ်းထောင့်ကို ရောက်တော့ ဖြူကောင်ကိုတွေ့ပြန်တယ်။ မြို့ကကျဉ်းကျဉ်းကလေးဆိုတော့ ဘယ်ကိုထွက်ထွက် မျက်နှာသိတစ်ယောက်က တွေ့နေရတာပါပဲ။

"ဟော့၊ မင်းညစောင့်တာဝန်ကျတယ်မဟုတ်လား" လို့မေးတယ်။

"ဟုတ်ပါတယ်၊ ညစောင့်တာဝန်ပါ" လို့ဖြေတော့. . .

"တာဝန်ကျရဲ့သားနဲ့ ကိုယ်ထင်သလိုလျှောက်သွားနေတာ မသင့်ဘူး" လို့ ပြောပြန်တယ်။

"မသင့်တာမှန်ပေမယ့် မထွက်ဘဲနေတာ ပိုပြီး မသင့်ဘူးထင်လို့ပါ"

"မင်းနဲ့တော့ ခက်ပါတယ်ကွာ၊ တော်ကြာ ကျောင်းအုပ်ကြီးတို့ ဒုကျောင်းအုပ်ကြီးတို့နဲ့တွေ့လို့ စိတ်ဆိုးနေဦးမယ်"

ဖြူကောင်ကတော့ မသင့်ဘူးဆိုတဲ့အကြောင်းကို ပြောတာပဲ။

"ခုလေးတင် ကျောင်းအုပ်ကြီးနဲ့တွေ့ခဲ့သေးတယ်။ သိပ်ပူအိုက်တော့ ခု လမ်းလေးဘာလေး မလျှောက်ရင် ကျောင်းမှာပျင်းနေမှာပေါ့လို့တောင် ချီးမွမ်းသွားသေးတယ်" လို့ လိမ့်ပြီး ဆက်လေမရှည်ချင်တော့တာနဲ့ ကျောင်းဘက်ကို ချက်ချင်းထွက်ခဲ့မိတယ်။

ဒါနဲ့ပဲ မိုးချုပ်သွားတော့တယ်။ ညစောင့်ကြီးကို အခန်းထဲခေါ်ပြီး နှစ်နာရီလောက် စကားပြောနေရာက ငြီးငွေ့လာတာနဲ့ အိပ်ရာထဲကိုဝင်ခဲ့တော့တယ်။ ကျုပ်ဟာ ညဝတ်အင်္ကျီကိုလဲပြီး ခြင်ထောင် ထေကင်ကာစောင်အနီကြီးကို ခြေနဲ့ကန်လိုက်တယ်။ ပြီးတော့ အိပ်ရာပေါ်ကို ဗုန်းကနဲပက်လက်လှန်ချလိုက်တယ်။

အိပ်တဲ့အခါအိပ်ရာပေါ်ကိုဗုန်းကနဲပစ်လှဲတာဟာကျုပ်ငယ်ငယ်လေးထဲက အကျင့်ပဲ။ ဒီအကျင့်က ကောင်းတော့မကောင်းဘူး။ ဒီအကျင့်ကြောင့် ကောဂါဝါမကျိုက အဆောင်မှာနေတုန်းက အောက်ထပ်က ဥပဒေကျောင်းသားတစ်ယောက်နဲ့ စကားများခဲ့ဖူးတယ်။

ဥပဒေကျောင်းသားဆိုတာ အပေါက်အစပ်များပြီး အူကြောင်ကြောင်တွေကများ

တယ်။ အခိပ္ပာယ်မရှိဘဲ ဟိုပြောဒီပြောပြောနေတာနဲ့ "အိပ်ရာဝင်လို့ အသံထွက်တယ်ဆိုရင် ဒါငါ့ကြောင့်မဟုတ်ဘူး။ အိမ်ကမခိုင်လို့ဖြစ်တာပဲ။ မကျေနပ်ရင် အိမ်ရှင်သွားပြော" လို့ ဆိုပြီး ကောလိုက်ခဲ့ဖူးတယ်။

အခုအဆောင်ကတော့ အပေါ်ထပ်မဟုတ်တဲ့အတွက် ဘယ်လိုပုံ ဗုန်းကနဲလှဲချချ ကိစ္စမရှိဘူး။ စိတ်အေးလက်အေး ခြေပစ်လက်ပစ် အိပ်လိုက်တော့မယ်လုပ်ကာမှ ခြေထောက်ဆီက ယားကျိယားကျိ ဖြစ်လာတယ်။ ဒါနဲ့ခြေထောက်ကိုယမ်းလိုက်တော့ ခုနကယားနေတဲ့ အရာတွေကကျုပ်ရဲ့ ညို့သကျည်းနဲ့ပေါင်ပေါ်အထိ လေးငါးနေရာ တက်လာပြန်တယ်။ ကျုပ်ပိုပြီးလန့်သွားမိတယ်။

ချက်ချင်းထပြီး စောင်ကိုလှပ်ကြည့်လိုက်တော့ စောင်အောက်မွေ့ရာထဲက နံ့ကောင်ငါးကောင်လောက် ခုန်ပြီးထွက်လာကြတယ်။အစကဘာမှန်းမသိလို့ လန့်သွားခဲ့ပေမယ့် နံ့ကောင်တွေမှန်းသိတော့ စိတ်တိုလာမိတယ်။

"အံမာ၊ ဒင်းတို့ကများ လူကိုရာရာစစ" ဆိုပြီး ခေါင်းအုံးနဲ့ရိုက်လိုက်တော့ အကောင်လေးတွေက သေးငယ်လွန်းတဲ့အတွက်မထိဘူး။

ကြံရာမရတဲ့အဆုံး တံမြက်စည်းလှည်းတဲ့အခါ မွေ့ရာကိုလိမ့်တင်သလို နှစ်ပတ်သုံးပတ်လိမ့်တင်လိုက်ပြီး အပေါ်ကနေ အရမ်းထုချေလိုက်တယ်။ ဒီတော့ နံ့ကောင်တွေကလည်း လန့်ဖျတ်ပြီး ခေါင်းအုံး၊ စောင်၊ မွေ့ရာတွေရဲ့ အကြိုအကြားကနေ ကျုပ်ရဲ့ပခုံး၊ ခေါင်း၊ နှာခေါင်းနဲ့တစ်ကိုယ်လုံးကို ခုန်ထွက်လာတော့တယ်။ ခေါင်းနဲ့ မျက်နှာပေါ်ကအကောင်တွေကို လက်နဲ့ဖမ်းပြီး ခေါင်းအုံးနဲ့ရိုက်ချလိုက်နိုင်ပေမယ့် ခြင်ထောင်ထဲမှာဆိုတော့ အကုန်လုံးကို မထိဘဲ ဗလုံးဗထွေး ဖြစ်နေရတော့တာပဲပေါ့။

နံ့ကောင်တွေကလဲအရိုက်ခံရသည့်တိုင် မသေဘဲခြင်ထောင်ထဲမှာ ဟိုပြေးကပ်လိုက်၊ ဒီပြေးကပ်လိုက်လုပ်နေကြတယ်။ ဒါနဲ့ပဲ နာရီဝက်လောက်နံ့ကောင်တွေကိုအမြစ်ဖြုတ်ရင်း တိုက်ပွဲဝင်ခဲ့ရတော့တယ်။ ပြီးမှ နံ့ကောင်အသေကောင်တွေကို တံမြက်စည်းနဲ့လှည်းကျင်းပစ်ရတာပေါ့။ အဲဒီအချိန်မှာ ညစောင့်ကြီးရောက်လာပြီး "ဘာဖြစ်တာလဲဆရာ" လို့မေးတယ်။ "ဘာဖြစ်တာတွေ၊ ညာဖြစ်တာတွေလာမေးမနေနဲ့။ ဒီတိုင်းပြည်မှာ ခြင်ထောင်ထဲ ထည့်ပြီးနံ့ကောင်မွေးတဲ့လူ ရှိသလား၊ အလကား လူမိုက်တွေ"လို့ကျုပ်က ကြိမ်းတော့သူက "ကျွန်တော် မသိရပါလားဆရာ"လို့ ဖြေရှင်းတယ်။ "ဘာမသိရမှာလဲ" လို့ ကျုပ်ကဒေါသနဲ့အော်ပြီး တံမြက်စည်းကို အပြင်ကော်ရစ်ဒါဘက်ကို လွှင့်ပစ်တော့ သူလည်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ကောက်ပြီး ပြန်သယ်လာတယ်။ ကျုပ်ဟာချက်ချင်းပဲ အဆောင်မှာနေတဲ့ ကျောင်းသားသုံးယောက်ကို ခေါ်ခိုင်းလိုက်တယ်။ သူတို့က ခြောက်ယောက်တောင်မှ လာကြတယ်။ သူတို့ဘာသာ ခြောက်ယောက်မကလို့

ဆယ်ယောက်ဖြစ်ဖြစ် ကျုပ်ဂရုမစိုက်ဘူး။ လက်ပိုက်ရင်းက အမှုကို စပြီးစစ်တော့တယ်။

"မင်းတို့ ဘာဖြစ်လို့ ငါ့အိပ်ရာထဲ နံ့ကောင်တွေ ထည့်တာလဲ"

"နံ့ကောင်ဆိုတာ ဘာလဲဆရာ"

ရှေ့ဆုံးက ကျောင်းသားက အူကြောင်ကြောင်လုပ်ပြီး မေးတယ်။ ကျုပ်ပိုပြီး ဒေါပွသွားပြန်တယ်။ ဒီကျောင်းမှာ ကျောင်းအုပ်ကြီးသာမကဘဲ ကျောင်းသားတွေကပါ ဝေ့လည်ကြောင်ပတ် ပြောတတ်ကြတာပဲ။

"နံ့ကောင်ဆိုတာ ဘာမှန်းမသိဘူး၊ ဟုတ်လား၊ အေးမင်းတို့ မမြင်ဖူးရင်ပြမယ်"

လို့ဆိုပြီးရှာတော့ စောစောက တံမြက်စည်းနဲ့ လှည်းထုတ်ပစ်လို့ ပြစရာ တစ်ကောင်မှ မရှိတော့ဘူး။ ဒါနဲ့ ညစောင့်ကြီး ထပ်ခေါ်ပြီး. . .

"ခုနက နံ့ကောင်တွေ သွားကောက်ခဲ့" လို့ ပြောလိုက်တော့ သူက. . .

"စောစောက လှည်းထုတ်ပစ်တဲ့နံ့ကောင်တွေကို ပြန်ကောက်မှာလား ဆရာ" လို့ ပြန်မေးတယ်။

"ဟုတ်တယ်၊ ဟုတ်တယ်" လို့ အော်တော့မှ ကျောင်းစောင့်ကြီးဟာ ချက်ချင်း ထွက်သွားပြီး ဇလားစာရွက်ထဲမှာ ဆယ်ကောင်လောက် ထုတ်ယူလာခဲ့တယ်။

"ညဆိုတော့ သိပ်မတွေ့ရတော့ဘူးဆရာ၊ ဒါပဲရတယ်၊ မိုးလင်းတဲ့အခါကျမှ ကျန်တာတွေလိုက်ရှာပေးပါ့မယ်" လို့ဆိုတယ်။ဒီအစောင့်တွေလည်း လူမိုက်ပဲ။ ကျုပ်က နံ့ကောင်တစ်ကောင်ကို ယူပြီး ကျောင်းသားတွေကို ပြရင်းက. . .

"ဒါ နံ့ကောင်ပဲ၊ မင်းတို့ ဒီလောက်ကြီးလာပြီး နံ့ကောင်ကို မသိဘူးဆိုတာဘာ သဘောလဲ"

ဒီတော့ ဘယ်ဘယ်အစွန်ဆုံးမှာ ရပ်နေတဲ့ မျက်နှာဝိုင်းဝိုင်းကျောင်းသားက. . .

" ဟယ် ဒါက နံ့ကောင်မှမဟုတ်ပဲ၊ နံ့မပဲ" လို့ ပြုံးစိစိလုပ်ပြီး ပြန်ပြောတယ်။

"ခွေးကောင်တွေ နံ့ကောင်နဲ့နံ့မဟာ အတူတူပဲကွ၊ မင်းတို့က ဘာအခုမှမသိချင် ယောင်ဆောင်နေကြတာလဲ"

"နံ့ကောင်ဖြစ်ဖြစ်၊ နံ့မပြစ်ဖြစ် မင်းတို့ဘာဖြစ်လို့ ငါ့အိပ်ရာထဲ ထည့်ထားကြတာလဲ၊ မင်းတို့ကို ဘယ်သူကထည့်ခိုင်းလို့လဲ"

"ဘယ်သူမှ မထည့်ရပါလား"

"ဘယ်သူမှမထည့်ဘဲ ဒီကောင်တွေ ဘာဖြစ်လို့ အိပ်ရာထဲ ရောက်နေရကာလဲ"

"နံ့မတွေက နွေးတဲ့နေရာကို သိပ်ကြိုက်တယ်၊ ချမ်းလွန်းလို့ ဝင်လာကြတာ များလားပဲ"

"အရူးငွေ၊ နံ့ကောင်က ချမ်းတာ၊ နွေးတာတွေ သိမှာတဲ့လားကွ၊ ပြီးတော့



အိပ်ရာထဲကိုမှ ကဗျာလွတ်ကပြီး ဝင်လာသတဲ့လား၊ ကဲပြောစမ်း၊ မင်းတို့ ဘာကြောင့် ငါ့ကိုအနှောင့်အယှက်လာပေးကြရတာလဲ၊ ပြောစမ်း"

"ဆရာက ပြောစမ်းလို့ ပြောတာလွယ်ပါတယ်၊ ဘာမှမလုပ်တဲ့ ကျွန်တော်တို့က ဘယ်လိုပြောရမှာလဲ"

အတော်ကတ်သီးကတ်သတ်နိုင်တဲ့ သတ္တဝါလေးတွေ။ ကိုယ့်အပြစ်ကို ကိုယ် ဝန်မခံရဲကြဘူး။ ဒါဆိုရင် အစကတည်းက မနှောင့်ယှက်ကြပါနဲ့တော့လား၊ ကျုပ်လည်း အလယ်တန်းကျောင်းသားဘဝတုန်းက နောက်ပြောင်ခဲ့ဖူးတာပါပဲ။ ဒါပေမယ့် ဘယ်သူနောက်တာလဲဟေ့လို့ မေးရင်တော့ တစ်ခါမှမလိမ်ခဲ့ဖူးဘူး။ လုပ်တယ်ဆိုရင် လုပ်တယ်ပဲ။ မလုပ်ရင်လဲ မလုပ်ဘူးဘဲ။ ကျုပ်ကတော့ ကိုယ့်အပြစ်ကိုယ် ဝန်ခံရဲတဲ့ သတ္တိရှိတယ်။လိမ်ညာပြီးတော့ အပြစ်လွတ်အောင် ရှောင်နေမယ့်အစား အစကတည်းက မလုပ်ဘဲ နေကြပါတော့လား။ မကောင်းမှုနဲ့အပြစ်ဆိုတာ ဒွန်တွဲနေတာပဲ။ အပြစ်ဆိုတာ မကောင်းမှု ဟင်းလျာမှာ ခပ်ရတဲ့ အမွှေးအကြိုင်ပဲ။ မကောင်းမှုတော့ လုပ်ချင်ရင်လုပ်၊ ဒါပေမယ့် အပြစ်မဖြစ်စေရဘူးဆိုတဲ့ တိုင်းပြည်ကောဘယ်မှာ ရှိလို့လဲ။ ဒီသကောင့်သားတွေ စာမေးပွဲအောင်ပြီး ကျောင်းထွက်လို့ လူကြီးဖြစ်လာကြရင် သူများဆီက ပိုက်ဆံချေးပြီး ပြန်ဆပ်ရမှာဝန်လေးတဲ့ လူစားတွေဖြစ်လာမှာ သေချာတယ်။ အလကားကျောင်းကိုလာပြီး လိမ်ညာနေကြတာ။ ဆိတ်ကွယ်ရာကနေ အနှောင့် အယှက်ပေးနေကြတာ။ သူတို့တွေ ကျောင်းထွက်သွားရင် ပညာတတ်ကြီးတွေ ဟန်ဆောင်ပြီး အခြောက်တိုက်ကြွားနေကြဦးမယ်။ ဒိုက်ဖက်တွေ။

ကျုပ်လည်း တန်ဖိုးမရှိတဲ့ငြင်းခုံမှုကို လုပ်ရမှာ ရင်ထဲအသည်းထဲက ရွံရှာ လာတာနဲ့. . .

"ကဲ ကဲ မင်းတို့ ဝန်မခံရဲရင် ဒီကိစ္စကို ဒီမှာတင်ရပ်ကြစို့။ ကျောင်းသားတွေ ဖြစ်လာပြီး အခုအထိ ကောင်းမှု မကောင်းမှု ဆိုတာကို ခွဲခြားမမြင်နိုင်ကြသေးတာ စိတ်မကောင်းစရာပဲ" လို့ စကားနည်းရန်စဲ လျှော့လိုက်မိတယ်။ ကျုပ်စကားတွေဟာ အကျင့်သိက္ခာနဲ့ စိတ်ဓာတ်အရ ရိုင်းချင်ရိုင်းသွားလိမ့်မယ်၊ ဒါပေမယ့် ကျုပ်ဟာ သင်းတို့ထက်အများကြီးသာတယ်ဆိုတာတော့ ကောင်းကောင်းကြီး ယုံကြည် ထားတယ်။

ဒါနဲ့ ခြောက်ယောက်သား အခန်းထဲက တစ်လှမ်းချင်းထွက်သွားကြတယ်။ သူတို့ပုံစံက တကယ့်လူကြီးလူကောင်းဂိုက်ဖမ်းထားကြတယ်။ ဆရာဖြစ်တဲ့ ကျုပ်က တောင် ရိုင်းစိုင်းတဲ့သဘောရောက်သွားတာ။ ဘာပဲဖြစ်ဖြစ် ကျုပ်ဂရုမစိုက်ပါဘူး။

အဲဒီနောက် အိပ်ရာထဲဝင်ပြီး လှဲလိုက်တော့ စောစောက ကျုပ်တို့ရန်ပွဲကို

အခွင့်ကောင်းယူပြီး ခြင်ထောင်ထဲကို အလစ်ဝင်အောင်းနေတဲ့ ခြင်တွေကတဝီဝီအော်ပြီး ကိုက်တော့တယ်။ ကျုပ်လည်းဖယောင်းတိုင်ထွန်းပြီး တစ်ကောင်ချင်း မီးရှို့သတ်ပေမယ့် ခြင်တွေက တော်တော်နဲ့ မကုန်နိုင်ဘူး။ ဒါနဲ့ ခြင်ထောင်ကြိုးကို ဖြုတ်ပြီး ခြင်ထောင်ကို အထပ်ထပ်ခေါက်ကာ ဒေါင်လိုက်ရော အလျားလိုက်ပါ ရိုက်ပုတ်နှိမ်နင်းရပြန်တယ်။

တတိယအကြိမ် အိပ်ရာထဲကို ဝင်လာတော့ အခြေအနေက သိပ်မဆိုးတော့ဘူး။ ဒါပေမယ့် တော်တော်နဲ့ကို အိပ်မပျော်ဘူး။ နာရီကို ကြည့်လိုက်ပြန်တော့ ဆယ်နာရီ ခွဲနေပြီ။ သေသေချာချာ စဉ်းစားကြည့်လိုက်တဲ့အခါ ကျုပ်ဟာ အန္တရာယ်တွေ ပြွမ်းတီး နေတဲ့ဒေသကိုရောက်မှန်း သဘောပေါက်လာရတော့တယ်။ အလယ်တန်းပြဆရာ အလုပ်ဟာ ဘယ်မှာပဲသွားလုပ်လုပ် ဒီလိုသတ္တဝါလေးတွေနဲ့ ရင်ဆိုင်ရတာမျိုးဆို ရင်တော့အတော့်ကို သနားစရာကောင်းတဲ့အလုပ်ပဲ။ ဆရာတွေ ဘာကြောင့်များ ဒီလို အလုပ်မျိုးက ထွက်မပြေးကြတာပါလိမ့်။ ဒီအလုပ်မျိုးဟာ သည်းခံအောင့်အီး တတ်ဖို့ သိပ်အရေးကြီးတယ်။ ကျုပ်လိုကောင်မျိုးနဲ့ ဆရာအလုပ်နဲ့က ပြဒါးတစ်လမ်း၊ သံတစ် လမ်းထင်ပါရဲ့ဗျာ။

ဒါတွေကို တွေးကြည့်လိုက်မိတော့ ကျုပ်ကီယော်ကို ပြန်ပြီးသတိရမိတယ်။ ပညာမတတ်တာရယ်၊ ငွေဂုဏ်ကြေးဂုဏ် ဆွေမျိုးဂုဏ်မရှိတာကလွဲရင် ကီယော်ဟာ အတော့်ကိုလေးစားအပ်တဲ့ အမျိုးသမီးကြီးပဲ။ ကြီးလာတဲ့အထိ ကျုပ်အပေါ် ကြင်ကြင် နာနာ ဆက်ဆံပြုစုခဲ့ပေမယ့် ကျေးဇူးတင်ရမှန်းမသိခဲ့ဘူး၊ တစ်ယောက်တည်း အဝေး ရောက်နေတဲ့အခါကျမှ သူ့ကျေးဇူးတွေကို သိလာရတော့တယ်။ ကီယော်က အဲကျိုဂေါ မုန့်ဖက်ထုပ် စားချင်တယ်လို့ပြောဖူးတယ်။ အမှန်တော့ ကျုပ်အဲကျိုဂေါကို ရောက် အောင်သွားပြီး ဝယ်ကျွေးသင့်တယ်။ ကီယော်ဟာ ကျုပ်အတွက် ဒီလောက်တောင် လေးစားတန်ဖိုးထားအပ်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်တယ်။

ကီယော်က ကျုပ်ကို 'လောဘမကြီးဘဲ စိတ်ထားရိုးဖြောင့်တဲ့ ကလေး'လို့ ချီးမွမ်း ခဲ့တာမှန်ပေမယ့် အချီးအမွမ်းခံရသူ ကျုပ်ထက် ချီးမွမ်းတဲ့ကာယကံရှင်ကိုယ်၌က ပိုပြီး မွန်မြတ်တယ်။ ကျုပ်သူ့ကိုသိပ်ပြီး တွေ့ချင်လာမိတော့တယ်။

အဲဒီလို ကီယော်အကြောင်းတွေးနေတုန်း ကျုပ်ခေါင်းပေါ်က လူသုံးလေး ဆယ်ယောက်ဟာ သူတို့ခြေထောက်တွေနဲ့ စည်းဝါးရိုက်ပြီး အပေါ်ထပ် ကြမ်းပြင်ကို တဒုန်းဒုန်း အသံမြည်အောင် ဆောင့်နင်းသံတွေကို ကြားလာရတယ်။ အပေါ်ထပ် တစ်ခုလုံး ကျွံကျမတတ်ပဲ။ ခြေဆောင့်နင်းသံတွေဟာ တဖြည်းဖြည်း ကျယ်လောင် လာခဲ့ပြန်တယ်။

ကျုပ်လည်း ဘာဖြစ်တာပါလိမ့်ဆိုပြီး အပေါ်ထပ်ကို တက်လာခဲ့မိတယ်။ ကေန္တ

စောစောက ကျုပ်ကိုမခန့်လေးစား ပြောသွားတဲ့ကျောင်းသားတွေ သောင်းကျန်းကြတာပဲလို့လည်း တွေးမိတယ်။ သင်းတို့တစ်တွေရဲ့ လုပ်ရပ်ဟာ မကောင်းဘူးဆိုတာကို ဝန်မခံမချင်းတော့ အပြစ်ကိုခွင့်မလွှတ်နိုင်ဘူး။ သင်းတို့တစ်တွေ ကိုယ့်အပြစ်ကိုယ်သိမှသိကြရဲ့လား မပြောတတ်ဘူး။ တကယ်ဆိုရင်အိပ်ရင်းကနေ နောင်တတွေရပြီး နက်ဖြန်ကျရင် ဆရာ့ကို တောင်းပန်ရမှာပဲလို့ တွေးနေသင့်တယ်။ မတောင်းပန်ရသေးခင်တော့ ရင်ထဲမှာ တထိတ်ထိတ်နဲ့ကိုယ့်ပြစ်မှုကို ကိုယ်လန့်နေသင့်တာပဲပေါ့။

ဒါဖြင့်ရင် အခုအသံကဘာသဘောလဲ။ ဘော်ဒါဆောင်ကို ဆောက်ထားတာဝက်တိရစ္ဆာန်တွေကို မွေးဖို့မှမဟုတ်ဘဲ။ သူတို့ အရူးထချင်တိုင်း ထခွင့်တော့မပေးနိုင်ဘူး။ ဒါနဲ့ ကျုပ်လည်း ညဝတ်အင်္ကျီကို မချွတ်ဘဲ အပေါ်ထပ်ဆီကို တက်လာခဲ့မိတယ်။ အဲဒီအချိန်မှ စောစောက ခေါင်းပေါ်ကနေ ဆောင့်နင်းနေတဲ့ ခြေသံတွေကောလူသံတွေပါ လုံးဝဥဿုံ တိတ်ဆိတ်သွားကြတော့တယ်။ ထူးတော့ထူးတယ်။ မီးအိမ်တွေကိုငြိမ်းထားကြတဲ့အတွက် ဘာကိုမှမမြင်ရတော့ဘူး။ ကျုပ်လည်း လူရိပ်လူခြည်တွေ့လိုတွေငြား အသာငြိမ်ပြီးစောင့်ကြည့်နေမိတယ်။

အရှေ့နဲ့အနောက်တန်းနေတဲ့ စင်္ကြန်တစ်လျှောက်မှာတော့ ကြွက်တစ်ကောင်ကြောင်တစ်မြီးမှ ပုန်းအောင်းစရာနေရာမရှိဘူး။ တစ်ဖက်လရောင်ကလည်း ထင်းထင်းကြီးထိုးကျနေတယ်။ အတော်ထူးဆန်းတယ်။ အိပ်မက်ယောင်တာများလား။

ကျုပ်ကလည်းကျုပ်ပဲ။ ငယ်ငယ်လေးထဲက အိပ်မက်မက်တယ်ဆိုရင်ယောင်ယမ်းပြီးထထအော်တတ်လွန်းလို့ သူများတွေအဟားခံခဲ့ရပေါင်းများပြီ။ အသက်ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်လောက်တုန်းက စိန်တုံးကြီးတစ်တုံး ကောက်ရတယ်လို့အိပ်မက်မက်ဖူးတယ်။ ရုတ်တရက် အိပ်မက်က လန့်နိုးပြီး ဘေးမှာအိပ်နေတဲ့ အစ်ကို့ကို အတင်းလှုပ်နိုးကာ "ငါ့စိန်တုံးကြီးပြန်ပေး" လို့အလောတကြီး အော်ပြောဖူးတယ်။ အဲဒါတုန်းက သုံးရက်ဆက်တိုက် တစ်အိမ်သားလုံးရဲ့ အဟားခံခဲ့ရတယ်။ ဒါဆိုရင်အခုဟာလည်း အိပ်မက်ယောင်တာ ဖြစ်မှာသေချာတယ်။

ဒါပေမယ့် အိပ်မက်ယောင်တာ ဟုတ်မဟုတ် စဉ်းစားနေတုန်းမှာပဲ လရောင်ထိုးနေတဲ့စင်္ကြန်ရဲ့ တစ်ဖက်ထောင့်ကနေပြီး တစ် နှစ် သုံးဆိုတဲ့ အချက်ပေးသံနဲ့ အတူတူလူလေးယောက်ရဲ့ စောစောကလို ကြမ်းပြင်ကို ခြေနဲ့ဆောင့်နင်းတဲ့ အသံတွေကပေါ်လာပြန်တယ်။ ဟာ ၊ ဒါဆိုရင် အိပ်မက်မက်နေတာ မဟုတ်ဘူး။ တကယ်ဖြစ်နေတာ။

'တိတ်ကြစမ်း၊ ဒါ ညသန်းခေါင်အချိန်ကွ'

လို့ ကျုပ်ကအနိုင်မခံအရှုံးမပေးတဲ့ သဘောနဲ့ အသံကိုဟိန်းပြီး အမိန့်ပေးကာ

စကြာန်တစ်ဖက်ကို လျှောက်လာခဲ့မိတော့တယ်။

ကျုပ်လျှောက်လာတဲ့နေရာက အတော်မှောင်တယ်။ တစ်ဖက်စွန်းက လရောင်ကို အမှီပြုပြီး စမ်းတဝါးဝါး လျှောက်လာခဲ့ရတာ။ ဒီလိုနဲ့ လေးငါးခြောက်ပေလောက် လျှောက်လို့ အလယ်လည်းရောက်ရော၊ ကျုပ်ရဲ့ ညို့သကျည်းကို သစ်သားတန်းလို မာတဲ့အရာ တစ်ခုနဲ့ တိုက်မိပြီး ရှေ့ကို ဝမ်းလျားထိုး လဲကျသွားပြန်တယ်။ မျက်နှာနဲ့ ကြမ်းပြင်ကို တအားရိုက်မိသွားတာပေါ့။ နာလွန်းလို့ ကျိန်ဆဲရေရွတ်ရင်း ထကြည့် တော့ထလို့မရတော့ဘူး။ စိတ်ကစောနေပေမယ့် ခြေထောက်က မလိုက်နိုင်တော့ဘူး။ ဒါနဲ့ ခြေထောက်တစ်ဖက်ကို အားပြုပြီး ခြေတပေါင်ကျိုးလျှောက်တော့ ခြေသံတွေ ထွက်လာလို့လား မပြောတတ်ဘူး။ စောစောကအသံတွေ ငြိမ်သွားပြန်တယ်။

လူဆိုတာ သူ့ရဲ့ဘောကြောင်တယ်ပဲထား၊အခုလောက်ထိတော့ဖြစ်ဖို့မကောင်းဘူး။ အလကား ဝက်ကောင် ခွေးကောင်တွေ။ ကဲ–ဘာပဲဖြစ်ဖြစ် ဒင်းတို့ကို ခေါ်ပြီး တောင်းပန်ခိုင်းရမယ်လို့ စိတ်ထဲမှာ ဒုန်းဒုန်းချ ဆုံးဖြတ်လိုက်ပြီး အခန်းတစ်ခန်းကို ဖွင့်ကြည့်ဖို့ ကြိုးစားပေမယ့် ဖွင့်လို့မရဘူး။ မင်းတုတ်ချထားသလား။ ဒါမှမဟုတ် စားပွဲတစ်ခုနဲ့ ခံထားသလား မပြောတတ်ဘူး။ လုံးဝကို မပွင့်ဘူး။ ဒါနဲ့ တစ်ဖက်မှာရှိတဲ့ မြောက်ဖက်ခန်းကို ဖွင့်ဖို့ ကြိုးစားကြည့်ပြန်တယ်။ ထုံးစံအတိုင်းမရဘူး။ အနောက် ဘက်ပိုင်းက တံခါးတွေကို ဒေါသနဲ့ ဖွင့်ဖို့ ကြိုးစားနေတုန်းမှာပဲ အရှေ့ဘက်က ဆူညံသံ တွေကပေါ်လာပြန်တယ်။

ခွေးမသားလေးတွေ၊ အရှေ့နဲ့အနောက် အချိန်းအချက်ပေးပြီး ငါ့ကို သက်သက် မယ့် စော်ကားနေကြတာပါကလားလို့လည်း တွေးမိလိုက်တယ်။ ဒါပေမယ့် ဘာလုပ်လို့ လုပ်ရမှန်းမသိဘူး။အမှန်တော့ ကျုပ်ဟာ သတ္တိသာရှိပြီး ဉာဏ်မရှိတဲ့လူလိုဖြစ်နေတယ်။ ဒီလိုအခက်အခဲမျိုးနဲ့ ကြုံလာတဲ့အခါ ကျုပ်ဟာ ပျာယီးပျာယာ အတော်နိုင်တယ်။

ဘာလုပ်ရမှန်းမသိပေမယ့် ဒီကောင်တွေကို အရှုံးပေးလို့ကတော့မဖြစ်ဘူး။ ဒီအတိုင်းသာ လက်မြှောက်လိုက်ရရင် ကျုပ်မျက်နှာကျုပ်ဓားနဲ့ လှီးပစ်ဖို့ကောင်းတော့ တယ်။ တိုကျိုသားတွေ သတ္တိမရှိပါဘူးကွာလို့လဲ အပြောမခံနိုင်ဘူး။ ဒီသူငယ်နှပ်စား တွေ အစမခံနိုင်တာနဲ့ငိုပြီးအိပ်ရာထဲဝင်ရမယ်ဆိုရင် ကျုပ်တစ်သက်မှာ နာမည် အပျက်ကြီးရတော့မှာပေါ့။

တကယ်တော့ ကျုပ်မျိုးရိုးဟာ ရှိုးဂွန်းစစ်ဘုရင်ကြီးတွေ အပါးမှာ ခစားရတဲ့ မိနာမိုတို သူ့ရဲကောင်း ဆာမူရိုင်းတွေပဲ။ မိနာမိုတိုဆွေမျိုးစုဟာ ဧကရာဇ်ဘုရင်ဆေးဝါ ကဆင်းသက်လာခဲ့ကြတာ ဖြစ်တဲ့အပြင် တာဒါမိစုနာကေဆိုတဲ့ ကျုပ်ရဲ့ ဘိုးဘေး တစ်ယောက်ဟာ တကယ့်ကို သူရသတ္တိနဲ့ ပြည့်စုံပါပေတယ်လို့ ကျော်ကြားခဲ့ဖူးတယ်။

ဒါကြောင့် ကျုပ်ဟာဒီတောသူ တောင်သားတွေထက် မိုးရိုးအရ အများကြီးသာတာပဲ။ ညဏ်မပါးတာကလေး တစ်ခုလောက်ပဲ ပြောစရာရှိတယ်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတာလောက်ဘဲခက်နေတယ်။ ခက်တာနဲ့ အရှုံးပေးလိုက်ရမလား။ ဒါကလည်း ရိုးလွန်းလို့ ဖြစ်ရတာ။ ဒီကမ္ဘာလောကကြီးမှာ ရိုးသားတဲ့ လူတွေက အောင်ပွဲမခံရရင် တစ်ခြားဘယ်သူတွေကလာပြီး အောင်ပွဲခံကြမှာလဲ။ စဉ်းစားကြည့်ကြစမ်းပါဗျာ။

ဒီနေ့ည မနိုင်ရင် နက်ဖြန်နိုင်မှာပဲ။ နက်ဖြန်မနိုင်ရင်လည်း သန်ဘက်ခါကျတော့ နိုင်မှာပဲ။ သန်ဘက်ခါမှ မနိုင်ရင်လည်း နိုင်တဲ့အထိ အိမ်ကထမင်းထုပ်ကို ယူလာပြီး စောင့်နေမယ်။ ကျုပ်ဟာ ဒီလိုစိတ်ပိုင်းဖြတ်ပြီး စကြံ့နံရဲ့အလယ်မှာ နံနက်မိုးလင်း လာတဲ့အထိသမ်းဝေရင်း ထိုင်စောင့်နေမိတော့တယ်။ ခြင်တွေက တစ်ဝီဝီနဲ့ လာကိုက် ပေမယ့် ကျုပ်ဂရုမစိုက်နိုင်တော့ဘူး။

စောစောပိုင်းက တိုက်မိထားတဲ့ ညို့သကျည်းကို စမ်းကြည့်တော့ နည်းနည်း စိုထိုင်းထိုင်း ဖြစ်နေတာကိုတွေ့ရတယ်။ သွေးတွေထွက်ကုန်ပြီ ထင်တယ်။ ထွက်ချင် သလောက်ထွက်ကြစမ်းပါစေ။ ဒီလိုနဲ့ ကျုပ်ဟာ အိပ်ရေးပျက်ပါများလို့လား မပြော တတ်ဘူး။ မှေးခနဲ အိပ်ပျော်သွားတော့တယ်။

ဆူဆူညံညံ အသံကြားလို့အိပ်ပျော်ရာက မျက်လုံးဖွင့်ကြည့်လိုက်တော့ လှုပ်လှုပ် ရှားရှား ဖြစ်နေတာကိုတွေ့တယ်။ ညာဘက်ခန်းက တံခါးတစ်ဝက်လောက် ပွင့်နေပြီး ကျောင်းသားနှစ်ယောက် ကျုပ်အနားမှာလာရပ်နေတာကို တွေ့လိုက်ရတယ်။ ကျုပ်လည်းသတိကြီးစွာနဲ့ သူတို့ထဲကတစ်ယောက်ရဲ့ ခြေထောက်ကို အမိဖမ်းပြီး ဆွဲချလိုက်တော့ ရှေ့ကို ဝမ်းလျားထိုး လဲကျသွားတော့တယ်။ နောက်တစ်ယောက်က အံ့အားသင့်ပြီး ကြည့်နေတုန်းမှာ ကျုပ်ကအလွတ်မပေးဘဲ သူ့ပခုံးကို ဆွဲယမ်းလိုက် တယ်။ ဒီကောင်က မျက်လုံးကလေး ပေကလပ် ပေကလပ် လုပ်ပြီး ကြည့်နေတယ်။ 'ကဲ. . . ငါ့အခန်းထဲကို လိုက်ခဲ့ကြ' လို့ ပြောလိုက်တော့ သူတို့နှစ်ယောက်ဟာ မခုတ် တတ်တဲ့ ကြောင်ကလေးနှစ်ကောင်လို ငြိမ်ပြီးလိုက်လာခဲ့ကြတော့တယ်။ ညဟာ နံနက်ကို ကူးခဲ့ပြီ။

ကျုပ်အခန်းထဲရောက်တော့ စောစောက ပြဿနာကို မေးကြည့်ပေမယ့် ဝက်ဟာ တိရစ္ဆာန်ပဲ။ ဘာမှမေးလို့မရဘူး။ သူတို့မသိရပါဘူးလို့ဘဲ ပေပြီးငြင်းနေတယ်။ ဝန်မခံကြဘူး။

အဲဒီအချိန်မှာ တစ်ယောက်စနှစ်ယောက်စ ကျောင်းသားတွေ ဆင်းလာကြရာက ကျုပ်အခန်းတစ်ခုလုံး ပြည့်သွားတယ်။ သင်းတို့မျက်နှာကို ကြည့်လိုက်တော့ အားလုံး မျက်ခွံတွေလေးပြီး အိပ်ငိုက်နေကြတဲ့ပုံစံပဲ။ အတော်အကြံပက်စက်တဲ့ ကောင်လေးတွေ။

တစ်ညလုံး အိပ်ပျက်ခံပြီး သူတစ်ပါးကို နှောင့်ယှက်တာ ယောကျ်ားတွေတဲ့လား။ ဒါနဲ့ ကျုပ်က မင်းတို့ မျက်နှာတွေ အခုသွားသစ်ကြလို့ပြောတော့လည်း တစ်ယောက်မှ ထွက်မသွားကြဘူး။ ကျုပ်ဟာ ကျောင်းသားငါးဆယ်ကို တစ်နာရီလောက် မေးမြန်း စစ်ကြောနေတုန်း ဗြုန်းဆို တောခွေးရောက်လာတယ်။ နောက်မှမေးကြည့်တော့ ကျောင်းစောင့်ကြီးက ကျောင်းမှာတော့ သောင်းကျန်းကုန်ပြီ ဆရာကြီးရေလို့ သွားခေါ်ခဲ့ တာဆိုပဲ။ ကျောင်းစောင့်များ ဘာမဟုတ်တဲ့ အရေးကိစ္စကလေးနဲ့ ကျောင်းအုပ်ကြီးကို သွားခေါ်ရတာကိုပဲ အတော်ကြီး ဂုဏ်ရှိတယ်မှတ်နေသလား မပြောတတ်ပါဘူးဗျာ။

ဆရာကြီးဟာ ကျုပ်ပြောပြချက်တွေကိုကော ကျောင်းသားတွေရဲ့ စောဒကတွေကို ပါနားထောင်တယ်။ ပြီးတော့ ဒီအမှုအတွက် အပြစ်မပေးရသေးခင် ကျောင်းတက်မြဲ တိုင်းတက်ကြဖို့ ခုချက်ချင်း မျက်နှာသစ်၊ နံနက်စာစားမှ ကျောင်းမိမှာမို့ ထွက်သွားကြဖို့ ပြောလွှတ်လိုက်တယ်။ အတော့်ကိုလျော့တိလျော့ရဲနိုင်တဲ့ ဆုံးဖြတ်ချက်ပဲ။ ကျုပ်သာ ကျောင်းအုပ်ဆိုရင် ဒီလိုကောင်လေးတွေကို ချက်ချင်းကျောင်းကထုတ်ပစ်တယ်။

ဒီလို လျော့ရဲကြလို့ ကျောင်းသားတွေက ဆရာတွေကို အရူးလုပ်ကြတာပဲ ဖြစ်မယ်။ ပြီးတော့ "မောင်ရင်လည်း အတော်ကြီးစိုးရိမ်ပြီး နွမ်းဟိုက်နေရှာမယ်၊ ဒီနေ့ခွင့် ယူချင်ယူပါ" တဲ့ ဒီတော့ ကျုပ်က 'ဟင့်အင်း၊ ကျွန်တော် နည်းနည်းမှ မစိုးရိမ်ပါဘူး။ ဒီလို အဖြစ်မျိုးညတိုင်းကြုံရင်တောင် လုံးဝစိုးရိမ်မှာမဟုတ်ပါဘူး။ ကျောင်းလည်း တက်ပါမယ်။ တစ်ညလောက် အိပ်ရေးပျက်တာနဲ့ ခွင့်ယူရမယ်ဆိုရင် ကျွန်တော် ထုတ်ထားတဲ့ လစာတွေ ကျောင်းကိုပြန်လျော်ပေးပါမယ်' လို့ ပြန်ပြောလိုက်တယ်။ ဆရာကြီးဟာ ဘာကိုတွေးမိလို့လည်း မပြောတတ်ဘူး။ ကျုပ်ကို တွေတွေကြီး ငေးကြည့်နေပြီးမှ "မောင်ရင့် မျက်နှာက ညှိုးနွမ်းနေတာပဲ မဟုတ်လား"လို့ သတိပေး တယ်။ ဟုတ်ပါတယ်။ကျုပ်မျက်နှာဟာ ညှိုးနွမ်းရုံမကဘူး၊ ကိုင်ရိုက်ထားသလို အောင့်ပြီးနာကျင်နေတယ်ဆိုတာ မှန်ပါတယ်။ ပြီးတော့ တစ်ညလုံး ခြင်ကိုက်ခံထားရ တာကိုး။ ကျုပ်ကမျက်နှာကို ရှုံ့မဲ့ပြီး "မျက်နှာ ညှိုးနွမ်းနေတာမှန်ပေမယ့် ပါးစပ်က စကားပြောနိုင်ပါသေးတယ်။ ဒါကြောင့် ကျောင်းမတတ်နိုင်အောင် မဖြစ်သေးပါဘူး"လို့ ပြန်ပြောလိုက်မိတယ်။

ကျောင်းအုပ်ကြီးက "တယ်လည်း ကျန်းမာရေးကောင်းလှသကိုးကွယ့်" လို့ ရယ်ရယ်မောမောနဲ့ ချီးမွမ်းသလို ပြောတယ်။ အမှန်တော့ ဒါဟာ ချီးမွမ်းတာ မဟုတ်ဘူး။ ခနဲ့တာ။

(၅)

"ငါးမျှားသွားကြစို့လား" ရုပ်အက်ိုနီက ကျုပ်ကိုမေးတယ်။ အက်ိုနီဟာ ရွံစရာကောင်းလောက်အောင် ချွဲတိချွဲပတ် ပြောတတ်တယ်။ သူ့အသံက ယောက်ျားမဟုတ် မိန်းမမဟုတ်။ ယောက်ျားတစ်ယောက်ဖြစ်ပြီး ယောက်ျားသံနဲ့ပြောဖို့တော့ကောင်းတယ်။ ပြီးတော့ သူက တက္ကသိုလ်ပညာတတ် တစ်ယောက်မဟုတ်လား။ရူပဗေဒကျောင်းသား၊ ကျုပ်ကတောင် ခပ်မှန်မှန် ပြောနိုင်ပါသေးလျက်နဲ့ စာပေပညာကို လိုက်စားခဲ့တဲ့သူ့အတွက် ပိုပြီး ဌာန်ကရိုဏ်းကျကျပြောသင့်တာပေါ့။

"သွားရရင် ကောင်းမလားပဲ" လို့ ကျုပ်စိတ်မပါ့တပါ ဖြေတော့ သူက "မောင်ရင်ငါးတစ်ခါမှ မမျှားဖူးဘူးလား" လို့ ရိုင်းရိုင်းပျပျကြီး မေးလာမိတယ်။

"များများစားစား မဟုတ်ပေမယ့် ကလေးဘဝတုန်းက တောအုမဲ့ရေကန်ကြီးမှာ ငါးရံ့နှစ်ကောင်မျှားဖူးတယ်။ တစ်ခါကလည်း ကရုရဆာကာ အရပ်မှာရှိတဲ့ ဇင်းကောကုဂျိ ဘုရားကျောင်းက ဘိရှမွန်းစေတီနားက ရေကန်ကြီးမှာ ရှစ်လက်မလောက်ရှိတဲ့ ငါးကြင်းကြီးကို မိမယ်လုပ်ပြီးမှ ဗွမ်းကနဲလွတ်ကျသွားဖူးတယ်။ အခုထိ အဲဒီအကြောင်းကိုတွေးမိလေတိုင်း ကျွန်တော် နမြောလို့မဆုံးဘူး"

အက်ိုနီဟာ မေးကလေးကို ဝှေ့ယမ်းပြီး "အဟောဟောဟော" လို့ ရယ်တယ်။ ဘာရယ်စရာများ တွေ့လို့ပါလိမ့်ဗျာ။

"အင်း မောင်ရင် ငါးမျှားတဲ့ အရသာကို မသိသေးပါဘူးလေ၊ စိတ်ပါမယ်ဆိုရင် သင်ပြပေးချင်ပါရဲ့" သူက အတော်ကြီး သဘောကျသွားပုံရတယ်။ ကျုပ်အဖို့တော့ ဘာပဲဖြစ်ဖြစ် သူ့ဆီက သင်ချင်စိတ်မရှိဘူး။

ငါးမျှားတာတို့၊ အမဲလိုက်တာတို့ ဆိုတာတွေဟာ အကြင်နာတရားကင်းမဲ့သူတွေရဲ့ အလုပ်မဟုတ်လား။ အကြင်နာတရားရှိသူတွေကတော့ သူတစ်ပါး အသက်

သတ်ပြီးဘယ်တော့မှ မပျော်မွေ့နိုင်ကြပါဘူး။ ငါးကလေးတွေ၊ ငှက်ကလေးတွေဟာလည်း သေရမှာကြောက်ကြမှာပေါ့။ အသက်ရှင်ပြီး ပျော်ပျော်ရွှင်ရွှင်နေချင်ကြမှာပဲပေါ့။ ဝမ်းရေးအတွက် တံငါ၊ မုဆိုးလုပ်ရသူတွေကို မဆိုလိုပေမယ့် ဖိမ်နဲ့စားနိုင်သောက်နိုင်ပါလျက်နဲ့ သက်သက်မဲ့ သူတစ်ပါးအသက်ကို သတ်ဖြတ်ပျော်ပါးတတ်တဲ့ ဝါသနာကတော့ ရက်စက်ရာကျတယ်လို့ ကျုပ်မြင်တယ်၊ ဒါပေမယ့် တစ်ဖက်လူက စာပေသမား စကားခပ်ကြွယ်ကြွယ်မို့ ဘာမှပြန်မငြင်းချင်တာနဲ့ အသာပဲငြိမ်နေလိုက်မိတယ်။ ဒါကိုပဲသူက အရှုံးပေးပြီအထင်နဲ့ "ချက်ချင်း သင်တာပိုကောင်းတယ်၊ အားလပ်မယ်ဆိုရင် ဒီနေ့ ယိုရှိုဂါဝါနဲ့ နှစ်ယောက်သွားမလို့ဟာ မောင်ရင်ပါ လိုက်မယ်ဆိုတော့ ပိုပြီးပျော်စရာကောင်းတာပေါ့" လို့ ဇွတ်ပြောလာတော့တယ်။

ယိုရှိုဂါဝါဆိုတာ ကျုပ် ဆပ်ကပ်လူပြက်လို့ နာမည်ပေးထားတဲ့ ပန်းချီအနုပညာဆရာပဲ။ ဒီဆပ်ကပ်လူပြက်ဟာ ဘာအကြံနဲ့လည်း မပြောတတ်ဘူး၊ ရှပ်အကျီနီရဲ့အိမ်ကို မိုးလင်းကနေ မိုးချုပ်အထိ ဝင်ထွက်နေတတ်တယ်။ အကျီနီ ဘယ်ကိုသွားသွားသူ့ကနောက်ကနေ တစ်ကောက်ကောက်လိုက်နေတတ်တယ်။ သူတို့ဟာ ကျောင်းနေဘက် သူငယ်ချင်းတွေတော့ လုံးဝမဟုတ်ဘူး။ ဆရာနဲ့ တပည့်ပုံစံမျိုးပဲ။ အကျီနီ ဘယ်ကိုသွားသွား ဆပ်ကပ်လူပြက်က နောက်ကလိုက်တာဟာ မဆန်းတော့ပေမယ့် ကျုပ်လို ဘုကလန့်သမားတစ်ယောက်ကို အပါခေါ်နေတာ အတော်ဆန်းတယ်။ တန်တော့ သင်းတို့တတွေ ငါးမျှားဘယ်လောက် တော်ကြတယ်ဆိုတာကို အခြောက်တိုက်ကြွားပြချင်ကြလို့ပဲ ဖြစ်လိမ့်မယ်။

အမှန်တော့ ကျုပ်ဟာ ဒီလိုလုပ်ငန်းတွေကို သိပ်ပြီး စိတ်ဝင်စားလှတာ မဟုတ်ဘူး။ သူတို့ဘာသာ ငါးသလောက်ကြီးတွေ နှစ်ကောင်မကလို့ သုံးကောင်ပဲမိမိ ကျုပ်အထင်မကြီးဘူး။ ကျုပ်လည်းလူပဲ၊ ငါးမျှားတာလောက်ကတော့ ရေထဲကြိုးချလိုက်ရုံနဲ့ တစ်ကောင်ကောင်တော့ မိနိုင်တာပါပဲ။ ကျုပ်ကသာ မလိုက်ချင်ဘူးလို့ ငြင်းလိုက်ရင် အကျီနီဟာ သူ့အကျင့်ဆိုးအတိုင်း ကျုပ်ကို လူညံ့လို့ မြင်ပြီး အထင်သေးတော့မယ်။ ကျုပ်ဝါသနာမပါလို့ မလိုက်တာလို့တော့ မြင်မှာမဟုတ်ဘူး။ ဒီလိုတွေးမိတော့ "လိုက်မယ်ဗျာ"လို့ ကျုပ်ဖြေလိုက်မိတယ်။

အဲဒီနောက်မှာ ကျုပ်ဟာကျောင်းဆင်းလို့ အိမ်ကိုပြန်ကာ ပြင်ဆင်စရာရှိတာပြင်ဆင်ပြီးတော့ ကားဂိတ်ကနေ အကျီနီ၊ ဆပ်ကပ်လူပြက်တို့နဲ့အတူ ပင်လယ်ကမ်းခြေဘက်ကို ထွက်ခဲ့တယ်။ ကျုပ်တို့စီးတဲ့လှေက ရှည်မျောမျောကြီး။ တိုကျိုဘက်မှာ တစ်ခါမှဒီလို လှေမျိုးမတွေ့ဖူးဘူး။

စောစောကတည်းက ကျုပ်သတိထားကြည့်မိတယ်။ လှေထဲမှာငါးမျှားတံတစ်

ချောင်းမှမတွေ့မိဘူး။ ငါးမျှားတံမပါဘဲ ဘယ်လိုလုပ်မျှားမှာလဲလို့ ဆပ်ကပ်လူပြက်ကို မေးကြည့်တော့ သူကမေးကလေး တယမ်းယမ်းလုပ်ပြီး တကယ့်ငါးမျှားပါရဂူကြီး ဂိုက်မျိုးနဲ့ ပင်လယ်ငါးမျှားတာက ငါးမျှားတံမလိုဘူး၊ ကြိုးရှိရင်ပြီးတာပဲလို့ ဖြေတယ်။ ကျုပ်လည်း သူ့အမူအရာကို အမြင်ကတ်တာနဲ့ပဲ အစကတည်းက မမေးမိခဲ့ရင် အကောင်းသားလို့ အောက်မေ့လိုက်မိတယ်။

လှေသမားကြီးဟာ ဖြည်းဖြည်းမှန်မှန် လှော်ခတ်ခဲ့တာမှန်ပေမယ့် အတွေ့ အကြုံရင့်ပြီး သူမို့လားမပြောတတ်ဘူး၊ ခဏကြာလို့ လှည့်ကြည့်လိုက်တော့ ကမ်းခြေကိုမှုန်ဝါးဝါးပဲ မြင်ရတော့တယ်။ ကောဟာနဂျီ စေတီတော်ကြီးရဲ့ဘုံငါးဆင့်ဟာ တောအုပ်ရဲ့အလယ်မှာ အပ်ကလေးတစ်ချောင်း ထောင်ထားသလောက်ပဲ မြင်ရတော့တယ်။ တစ်ဖက်ကိုကြည့်လိုက်တော့ အာအောဂျီးမားကျွန်းဟာ ရေထဲမှာပေါလောပေါ်နေ သလိုတွေ့လာရတယ်။ ဒီကျွန်းပေါ်မှာ လူနေပုံမပေါ်ဘူး။ သေသေချာချာ ကြည့်လိုက်တဲ့အခါ ကျောက်တုံးကျောက်ဆောင်တွေနဲ့ ထင်းရှူးပင်တွေကိုပဲ တွေ့ရတယ်။

အကာ့ဂျီနီက ဒီမြင်ကွင်းကိုကြည့်ပြီး "အား သိပ်လှတဲ့ ရှုခင်းပါလား" လို့ ပြောလိုက်တယ်။ ဆပ်ကပ်လူပြက်ကလည်း "ဟုတ်တယ်၊ သိပ်လှတယ်" လို့ သံယောင်လိုက်ပြီး ထောက်ခံတယ်။ ရှုခင်းကလှသလားမလှဘူးလားတော့မသိဘူး။ ဒါပေမယ့် ကျုပ်ရဲ့ စိတ်ထဲမှာတော့ အတော်ကြီးကြည်နူးနေမိတယ်။ ဒီလို အပြောကျယ်လှတဲ့ ပင်လယ်ကြီး ထဲမှာဆားငွေ့ပါတဲ့လေ အတိုက်ခံရတာကျန်းမာရေးအတွက် ကောင်းတယ်လို့ ကြား ဖူးထားတယ် မဟုတ်လား။ ဒီကြားထဲ ဗိုက်ကဆာလာပြန်တယ်။

"ဟိုးကထင်းရှူးပင်ကြီးကို ကြည့်လိုက်စမ်းပါဦးကွာ၊ ပင်စည်ကြီးက ဖြောင့် စင်းပြီး အရွက်တွေကထီးဝိုင်းကြီးဖွင့်ထားသလိုဖြစ်နေတော့ အင်္ဂလိပ်ပန်းချီဆရာကြီး တန်းနားရဲ့ ပန်းချီကားနဲ့မတူပေဘူးလား"

အကာ့ဂျီနီက အဲဒီလိုပြောလိုက်တော့ ဆပ်ကပ်လူပြက်က "ဟုတ်ပဗျား၊ တကယ့် တန်းနားပန်းချီကားကြီးအတိုင်းပါပဲ။ ကောက်ကြောင်းတွေကလည်း တန်းနားကိုယ်တိုင် ရေးထားသလို တကယ့် ချွတ်စွတ်တူနေတာပါပဲ" လို့ မျက်နှာချိုသွေးပြီးဖြေတယ်။ ကျုပ်အဖို့တော့ တန်းနားဆိုတာဘာကောင်မှန်းမသိလေတော့ နားမထောင်ဘဲ နေလည်းကိစ္စမရှိပါဘူး။

ကျုပ်တို့လှေကလေးဟာ ကျွန်းကြီးကို လက်ျာရစ်ပတ်နေတယ်။ လှိုင်းကလုံးဝ မထဘူး။ပင်လယ်လို့တောင် အပြောရခက်လောက်အောင် ငြိမ်နေတယ်။ စိတ်ထဲမှာ ပျော်သလိုလို ဖြစ်လာလို့ ရုပ်အကာ့ဂျီနီကို ကျေးဇူးတင်မိတယ်။

ဖြစ်နိုင်ရင် ကျွန်းပေါ်တက်ကြည့်ချင်လာတော့ 'အဲဟိုကမ်းခြေဘက်ကို လှော်သွား

ပြီး မှားလို့မရဘူးလား' လို့ မေးကြည့်မိတယ်။

'မှားလို့ မရဘူးတော့ မဟုတ်ပါဘူး။ ငါးမှားတယ်ဆိုတာက ကမ်းနဲ့သိပ်ကပ်ပြီး မမှားရဘူးကွ' လို့ ရုပ်အင်္ကျီနီကငြင်းတယ်။

ကျုပ်ဘာမှ ဆက်မပြောတော့ဘူး။ ဒီတော့ ဆပ်ကပ်လူပြက်က "ဘယ့်နှယ့်လည်း ဆရာကြီး၊ ဒီကျွန်းကို တန်းနားကျွန်းလို့ခေါ်ကြစို့လား" လို့ ထောက်ခံပြီး ပြောပြန်တယ်။ သူပြောတဲ့ 'ငါတို့' ဆိုတဲ့ ဝေါဟာရထဲမှာ ကျုပ်ကို ထည့်ရင်တော့ ခွကျတာပဲ။ ကျုပ်အဖို့တော့ အာအောဂျီးမားဆိုတဲ့ နာမည်နဲ့ပဲ လုံလောက်နေပါပြီ။

"ခုနေများ အီတာလျံပန်းချီဆရာကြီး ဖွဲလာဖယ်လ်ရဲ့ မက်ဒိုနာမင်းသမီးကလေးကို ဒီကျွန်းပေါ်မှာ မတ်တတ်ရပ်ခိုင်းလိုက်ရရင် ဘယ်လောက်ကောင်းမလဲဆရာ" ဆပ်ကပ်လူပြက်က ပြောတော့ အင်္ကျီနီက "မက်ဒိုနာကို ထည့်မပြောပါနဲ့ကွာ ဟားဟားဟား" လို့ ပြောရင်း မိန်းမလျာလိုရယ်တယ်။


"ဘယ်လို အခုဘယ်သူမှမရှိဘဲ ဆရာ့ရယ်၊ ကိစ္စမရှိပါဘူး" လို့ ပြောရင်း ဆပ်ကပ်လူပြက်က ကျုပ်ကိုတစ်ချက် ခိုးကြည့်ပြီးတော့ တဟား...ဟား... ရယ်နေပြန်တယ်။ ကျုပ်အဖို့တော့ ဘာကြောင့်ရယ်မသိဘူး။ အတော်ကြီး စိတ်ပျက်နေမိတယ်။ သူတို့ဘာသာမက်ဒိုနာပဲဖြစ်ဖြစ်၊ ဘလက်ဒိုနာပဲ ဖြစ်ဖြစ် ကျုပ်မှမသိဘဲ။ အမှန်တော့ တစ်ဖက်သားနားမလည်တဲ့အကြောင်းကို ပြောပြီးတဟားဟားရယ်ကြတာကတော့ အတော်ရိုင်းစိုင်းတဲ့ အလုပ်ပဲ။ ဒီအကျင့်တွေနဲ့များ ယိုရိုဂါဝါဆိုတဲ့လူက သူ့ကိုယ်သူတိုကျိုမြို့သားတဲ့ဗျာ။ မဟုတ်မှလွဲရော မက်ဒိုနာဆိုတာ ဒီမြို့က နာမည်ကြီး ဂေရှာမယ်ပဲ ဖြစ်ရမယ်။ သူတို့ဖောက်သည် ဂေရှာမယ်ကို လူတစ်ယောက်မှမရှိတဲ့ ဒီကျွန်းပေါ်မှာ အရပ်ခိုင်းပြီး ဆီဆေးပန်းချီဆွဲရုံမကလို့ ပြပွဲမှာပါ သွားပြပြ ကျုပ်နဲ့ကတော့ လုံးဝမပတ်သက်ပါဘူး။

'ဒီနေရာကောင်းမယ်ထင်တယ်ဆရာ'

လှေသမားကပြောပြောဆိုဆို ကျောက်ဆူးကိုချပြီးလှေကိုရပ်လိုက်တယ်။ ရေဘယ်လောက်နက်သလဲလို့ အင်္ကျီနီကမေးတော့ ခြောက်လံလောက်တော့ ရှိမယ်ဆရာလို့ပြန်ဖြေတယ်။ ခြောက်လံလောက်ဆိုတော့ ကကတစ်ငါးတွေ မမိနိုင်ဘူးလို့ ပြောပြီးတော့အင်္ကျီနီက သူ့ကြိုးကိုရေထဲပစ်ချလိုက်တယ်။ ကျုပ်တို့ဒုကျောင်းအုပ်ကြီးက ဇရောမ ကကတစ်ငါးကြီးကို မှားတော့မယ့်တကယ့်သူရဲကောင်းကြီး တစ်ယောက်ရဲ့ ဂိုက်မျိုးဖမ်းနေတယ်။

"ဒီလိုရေငြိမ်ပုံမျိုးမှာ ဆရာ့ကျွမ်းကျင်မှုနဲ့ဆိုရင် မိနိုင်ပါတယ်ဆရာ"

ဆပ်ကပ်လူပြက်ဟာ အမြင်ကတ်လောက်အောင် မြှောက်ပင့်ပြောရင်း ရယ်နေတယ်။ သူတို့ကြိုးက အဖျားနားမှာခဲလုံးလိုလိုအလေးတစ်ခု တပ်ထားကလွဲလို့



ဘာမှမပါဘူး။ ဖော့လည်းမပါဘူး။ ဖော့မပါဘဲ ငါးမျှားတာဟာ သာမိုမီတာမပါဘဲ အဖျားတိုင်းတာနဲ့ ဘာခြားလို့လဲ။

"ဟော့၊ မောင်ရင်ကော ဘာလို့ မမျှားတာလဲ၊ ကြိုးမရှိလို့လား"

လို့ အကီျနီက ကျုပ်ကို လှမ်းမေးတယ်။

"ကြိုးတော့ပါပါတယ်၊ ဒါပေမယ့် ဖော့မပါလို့ မမျှားတတ်ဘူး"

"ဖော့နဲ့မျှားတယ်ဆိုတာ အပျော်တမ်း မကျွမ်းကျင်သူတွေမှ မျှားတာကွ၊ ဟောဒီလိုခဲလုံးကို ရေထဲပစ်ချပြီး မြေကြီးနဲ့ထိတဲ့အခါလှေရဲ့ ဘေးတန်းပေါ်ကနေ လက်ညှိုးကလေးနဲ့ ဆ ဆ မ ပြီး အသက်ရှုရင်းမှတ်ရတယ်။ ငါးလာဆွဲတဲ့အခါ သတိထားမိအောင်လို့ပေါ့ကွာ။ လွယ်ပါတယ်၊ ဟော၊ ငါ့ကြိုးမှာ မိနေပြီကွ"

အကီျနီကပြောရင်းဆိုရင်းသူ့ငါးမျှားကြိုးကို ဆွဲမလိုက်တယ်။ ငါးတော့ ပါမလာဘူး။ ငါးစာကုန်သွားတဲ့ ငါးမျှားချိတ်ကို အတိုင်းသားတွေ့နေရတယ်။ ကောင်းတယ်၊ သူမျှားကို ဆရာကြီးလုပ်ချင်ဦးလို့ ကျုပ်က စိတ်ကနေပြောလိုက်မိတယ်။

"အားပါးပါး မိလိုက်ရင်နည်းတဲ့ အကောင်ကြီးနေမှာမဟုတ်ဘူး၊ ဆရာ့လို ကျွမ်းကျင်တဲ့ငါးမျှားသမားရဲ့ လက်ထဲကလွတ်သွားတာနာတယ်၊ ဒါပေမယ့် ဖော့နဲ့ မျှားတာထက်တော့ သာပါတယ်လေ၊ ဖော့မပါဘဲ ငါးမမျှားတတ်တဲ့လူဟာ ဘရိတ် မပါဘဲ စက်ဘီးမစီးတတ်တဲ့လူလိုပေါ့"

ဆပ်ကပ်လူပြက်က အမြင်ကတ်လောက်အောင် မြှောက်ပင့်ပြောရင်း ရယ်နေတယ်။

သူ့စကားကို ကြားရတော့ ကျုပ်လက်သီးနဲ့ ဆွဲထိုးချင်တဲ့စိတ်ပေါက်သွားတယ်။ ကျုပ်လည်းပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်တဲ့လူပဲ၊ ဒီပင်လယ်ပြင်ကြီးဟာ သူ့ဆရာ အကီျနီတစ်ယောက်တည်း ၄ားထားတာမှ မဟုတ်တာ၊ ဒီလောက်ကျယ်ပြောတဲ့ ပင်လယ်ထဲကနေ တစ်ကောင်ကောင်တော့ မိနိုင်ပါသေးတယ်လို့ တွေးပြီး မခံချင်တဲ့ စိတ်နဲ့ ကြိုးကို ရေထဲပစ်ချရင်း မျှားနေမိတယ်။

ခဏကြာတော့ ကျုပ်ကိုင်ထားတဲ့ ကြိုးကို တစ်ခုခုက ဒုတ်ခနဲ၊ ဒုတ်ခနဲ လှမ်းဆွဲနေသလို ခံစားလာရတယ်။ ကျုပ်စဉ်းစားကြည့်မိတယ်၊ တန်တော့ ဒါဟာ ငါးကလွဲလို့ ဘာမှမဖြစ်နိုင်ဘူး။ သက်ရှိသတ္တဝါမို့သာ တဒုတ်ဒုတ် ဆွဲနေတာဖြစ်မယ်။

"မိပြီကွ" လို့ ကျုပ်က အားရပါးရအော်ရင်း ကြိုးကို ဆွဲတင်နေမိတယ်။

"ဟော ၊ အသက်ငယ်တဲ့ လူတွေများ တယ်ပြီးကံကောင်းပါလား"လို့ယိုရှီဂါဝါက လှမ်းပြီးမှတ်ချက်ချလိုက်တယ်။ ကျုပ်ဟာ သူ့ရဲ့ ခပ်ငေါ့ငေါ့စကားကို နားထောင်ရင်း ကြိုးကိုလုံ့လထုတ်ပြီး ဆွဲလိုက်တော့ ရေထဲမှာ လေးပေငါးပေလောက်ပဲ ကျန်တော့ တယ်။ လှေနံဘေးကနေ ငုံ့ကြည့်လိုက်တော့ ရွှေရောင်အစင်းကြီးတွေနဲ့ ငါးကြီး

တစ်ကောင်ကြိုးရဲ့အဖျားမှာ ချိတ်မိနေပြီး ဘယ်ညာယိမ်းထိုးရုန်းကန်နေတာကို တွေ့ရတယ်။ ကျုပ်လည်း ကြိုးကိုအားနဲ့ ဆွဲတင်လိုက်တော့ ငါးကရေထဲကနေ 'ဗွမ်းကနဲ' ပါလာတဲ့အတွက် ကျုပ် မျက်နှာတစ်ခုလုံး ပင်လယ်ရေတွေ စဉ်ကုန်တယ်။ ကျုပ်ဟာ မိလာတဲ့ငါးကို ချိတ်ကနေဖြုတ်ကြည့်ပေမယ့် တော်တော်နဲ့ဖြုတ်လို့ မရအောင်ဖြစ်နေတယ်။ ငါးကလက်ထဲကနေ လျှောလျှောထွက်သွားတယ်။ အတော့်ကို ခွကျတဲ့အလုပ်ပဲ။ ငါးကြီးပြီးလက်ကသေးနေတော့ မတတ်သာတဲ့အဆုံး ငါးကို လှေဝမ်းနဲ့ ရိုက်ပြီးဖြုတ်လိုက်ရတယ်။ မကြာခင်မှာဘဲ ငါးသေသွားတယ်။

အင်္ဂလိပ်နဲ့လူပြက်က ကျုပ်လုပ်နေကိုင်နေတာကို အံ့သြငေးမောပြီးကြည့်နေကြတယ်။ ကျုပ်ဟာပင်လယ်ရေထဲကို လက်နဲ့ တဗွမ်းဗွမ်းနှိုက်ဆေးပြီးတော့ လက်ကို ပြန်နမ်းကြည့်မိတယ်။ အညှီနံ့ကစွဲနေတုန်းပဲ။ တော်ပြီ၊ ကျုပ်ဆက်ပြီး မျှားလည်း မမျှားချင်တော့ဘူး၊ ကိုင်လည်းမကိုင်ချင်ဘူး။ ငါးတွေကလည်း ကျုပ်ကိုင်တာကို ကြိုက်မှာမဟုတ်ဘူးလို့ တွေးပြီး ကြိုးကိုပြန်ရုပ်လိုက်တယ်။

"ပထမဆုံးမိတဲ့ ငါးဆိုတော့ ပျော်နေမှာပေါ့၊ ဂုဏ်ယူပါတယ်ကွာ၊ ဒါပေမယ့်မင်းမိတဲ့ငါးကဂေါ်ကီမျိုးပဲ" လို့ ဆပ်ကပ်လူပြက်က ကျုပ်ကို ထုံးစံအတိုင်း ငေါ်သလိုလိုပြောပြန်တယ်။

"ဟုတ်ပါ့ကွာ၊ ဂေါ်ကီငါးဆိုတော့ ရုရှားစာရေးဆရာကြီး ဂေါ်ကီနဲ့ နာမည်ချင်းတူနေတယ် ဟား. ..ဟား"

အင်္ဂလိပ်ကလည်း သူတပည့်နဲ့ သံယောင်လိုက်ပြီး ကျုပ်ကို လှောင်ပြန်တယ်။

"ဟုတ်တယ်၊ သူ့ငါးက တကယ့်ဂေါ်ကီနဲ့ တူတယ်"

ဆပ်ကပ်လူပြက်က သူ့ဆရာစကားကို ပြန်ပြီး ထောက်ခံပြန်တယ်။ သူ့ဘာသာ ရုရှားစာရေးဆရာ ဂေါ်ကီဖြစ်ဖြစ်၊ ဂျပန်ဓာတ်ပုံဆရာ မာရုကီဖြစ်ဖြစ်၊ ဆန်ထွက်တဲ့ စပါးပင်ဖြစ်ဖြစ်၊ သူတို့ ပြောစရာလား။ တစ်ခုခု ပြောစရာရှိရင် နိုင်ငံခြားနာမည်တွေ သုံးသုံးပြီး ခိုင်းနှိုင်းတတ်တာဟာ အင်္ဂလိပ်တို့တစ်တွေရဲ့ အကျင့်ဆိုးပဲ။ လူဆိုတာ ကိုယ့်ဝါသနာနဲ့ကိုယ်ရှိကြတာပါပဲ။ ကျုပ်လို သင်္ချာသမားတစ်ယောက်က ဂေါ်ကီဆိုတာကို စာရေးဆရာလား၊ လန်ချားဆွဲတာလား။ ဘယ်ခွဲခြားပြီး သိပါ့မလဲ။ အမှန်တော့ ဘန်ဂျမင်ဖရင်ကလင်ရဲ့ အတ္တုပတ္တိတို့ ' Imperial Literature 'ဆိုတဲ့ နိုင်ငံခြားမဂ္ဂဇင်း ထူထူကြီးကိုယူလာပြီး ကျောင်းမှာဟန်ကြီးတစ်ခွဲသားနဲ့ ဖတ်နေတတ်တယ်။ ဖြူကောင်ကို မေးကြည့်တော့ အင်္ဂလိပ်ဟာ နိုင်ငံခြားနာမည်တွေကို အဲဒီမဂ္ဂဇင်းကနေ ထုတ်ပြီး ပြောနေတာလို့ သိရတယ်။ ဒါဆိုရင် Imperial Literature ဆိုတဲ့ မဂ္ဂဇင်းမှာလည်း အပြစ်မကင်းဘူး။

နောက်ပိုင်းမှာ အကျိုးနီကော ဆပ်ကပ်လူပြက်ပါ ကြိုးစားပြီး မှားကြပေမယ့် တစ်နာရီလောက်ကြာမှ ငါးဆယ့်လေးငါးကောင်မိတယ်။ သူတို့ဖမ်းမိတဲ့ ငါးအားလုံး ဟာလည်း ဂေါ်ကီတွေချည်းပဲ။ သူတို့ဘယ်လောက်ပဲ မှားမှားကကတစ်တို့ တန်ဖိုး ရှိတဲ့ငါးသလောက်တို့ တစ်ကောင်မှမိမလာကြဘူး။ အကျိုးနီက "အင်း ဒီနေ့ ရှရှားပြည်ရဲ့ စာဆိုတော်နေ့လား မပြောတတ်ပါဘူး။ ဂေါ်ကီချည်းပဲမိနေတယ်" လို့ အရှက် ပြေပြောတယ်။ သူ့တပည့်လူပြက်ကလည်း "ဆရာတောင် ဂေါ်ကီချည်းမိနေရင် ကျွန်တော်ကတော့ဝေးပါသေးတယ်" လို့ ပြောပြန်တယ်။

လှေသမားကြီးကို ကျုပ်မေးကြည့်တော့ ဂေါ်ကီဆိုတဲ့ ငါးမျိုး ဟာ အရိုးများပြီး အသားကအရသာမရှိလို့ မြေဩဇာလုပ်ဖို့ပဲကောင်းတယ်လို့ ပြောပြတယ်။ ဒါဆို အကျိုးနီနဲ့လူပြက်တို့ဟာ ဒီနေ့တစ်နေ့လုံး မြေဩဇာတွေ မှားနေကြတာပေါ့။ သနား စရာပဲ။

ကျုပ်ကတော့ တစ်ကောင်ရပြီးကတည်းက ရပ်တန်းကရပ်ပြီး လှေဝမ်းထဲမှာ ပက်လက်လှန်ရင်း အပြောကျယ်လှတဲ့ ကောင်းကင်ကြီးကို ငေးမောကြည့်နေမိတယ်။

အဲဒီအချိန်မှာ နှစ်ယောက်သားတစ်ခုခုကို တိုးတိုး တိုးတိုး ပြောလာကြပြန်တယ်။ ကျုပ်ကောင်းကောင်းမကြားရဘူး။ ကြားလည်း မကြားချင်ပါဘူးလေ။ ကျုပ်မှာသာ ပိုက်ဆံပေါရင် ဒီလိုလှပတဲ့ နေရာမျိုးမှာ ကီယော်ကို ခေါ်ပြီး လျှောက်လည်ချင်ငါရဲ့။ ရှုခင်းက ဘယ်လောက်လှလှ။ ဆပ်ကပ်လူပြက်တို့လို လူမျိုးတွေနဲ့ အတူသွားနေရတာ ကျက်သရေကို မရှိဘူး။

ကီယော်က အသားအရေရွှတ်တွပြီး ခါးကိုင်းနေတဲ့ အဘွားအိုကြီးတစ်ယောက် ဖြစ်တာမှန်ပေမယ့် ဘယ်နေရာကို ခေါ်သွားသွားရှက်စရာမရှိဘူး။ ဆပ်ကပ်လူပြက်တို့လို လူမျိုးကျတော့ မြင်းလှည်းပဲစီးစီး၊ သင်္ဘောပဲစီးစီး၊ ရယောအွန်းဂကု စေတီပေါ်ပဲ တက်တက် ဘယ်နေရာသွားသွား ကျက်သရေအင်မတန်ယုတ်တယ်။ ကျုပ်ကသာ ဒုကျောင်းအုပ်ဖြစ်ပြီး အကျိုးနီကကျုပ်ဖြစ်ရင် ဒီလူဟာကျုပ်ကို စော်ကားခဲ့တဲ့ စကား တွေကိုသုံးပြီး သူ့ဆရာအကျိုးနီကို လှောင်ပြောင်ကဲ့ရဲ့မယ့် လူစားမျိုးပဲ။ တိုကျိုသား တွေဟာအတော်လည်တယ်လို့ ပြောကြတယ်။ အခုတော့ ကျုပ်နားလည်ပြီ။ ယိုရှိဂါဝါ တို့လိုလူစားမျိုးတွေက ကျေးလက်ကိုသွားပြီး သူတို့ကိုယ်သူတို့ တိုကျိုသားတွေပါ လို့ဖြီးဖြန်းနေမှတော့ ကျေးလက်ကလူတွေက တိုကျိုသားအားလုံး သူတို့လို လူညာ တွေချည်းဖြစ်မှာပဲလို့ ထင်ကြတာမဆန်းဘူးပေါ့။

ကျုပ်ဒီလိုတွေးနေတုန်း နှစ်ယောက်သားဆီက တခိခိရယ်သံကို ကြားလာရပြန် တယ်။ သူတို့ရယ်ရယ်မောမောပြောနေသံတွေကြားကနေ တစ်ခွန်းစနှစ်ခွန်းစ ကျုပ်နားမ

လည်နိုင်တဲ့ စကားတွေကိုလည်း ကြားလာရပြန်တယ်။

"ဘာ၊ မဟုတ်နိုင်ပါဘူးကွာ"

"တကယ်ပါဆရာရဲ့၊ ဆရာမကြားလိုက်ဘူးလား၊ ရှက်စရာကြီးပဲဗျာ"

"ငါ့ မကြားရပါလားကွ"

"နံ့ကောင်တွေ ထည့်ထားတာတဲ့၊ တကယ့်ကိုပဲ"

ကျုပ်ဟာ တခြားစကားတွေကို သတိမမူမိပေမယ့် ဆပ်ကပ်လူပြက်ဆီက နံ့ကောင်ဆိုတဲ့ စကားကိုလည်း ကြားရော ချက်ချင်းဂရုစိုက်ပြီးနားစွင့်လိုက်မိတယ်။ အမှန်တော့ အဲဒီစကားကို ကျုပ်ကြားလောက်အောင် တမင်အားထုတ်ပြီး ပြောလိုက်တာနဲ့ တူတယ်။ ကျန်တာတွေကိုတော့ ဗလုံးဗထွေးပဲ ကြားရတော့တယ်။ကျုပ်ဟာတုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်ပြီး နားထောင်နေမိတယ်။

"တကယ်တော့ ထုံးစံအတိုင်း ဟောတာ လက်ချက်ပဲလား"

"ဒါပဲဖြစ်မှာပေါ့"

"အကြော်ဆရာ ဟား. ..ဟား. ..ဟား"

"ဒါ ဝင်ရှုပ်တာပဲ"

"ပေါက်စီလည်းပါတယ် ဆရာရေ့"

ကျုပ်ဟာ သူတို့စကားတွေကို တစ်ပိုင်းတစ်စသာ ကြားရပေမယ့် နံ့ကောင်တို့၊ အကြော်တို့၊ ပေါက်စီတို့ ဆိုတဲ့ စကားလုံးတွေအရ ဧကန္တ ကျုပ်အကြောင်း ပြောနေကြတာပဲဖြစ်မယ်လို့ ကောက်ချက်ချလိုက်မိတယ်။ သင်းတို့တစ်တွေ ပြောမယ့်ပြောရင်လည်း ကျယ်ကျယ်ပြောကြပါတော့လား။ ကျုပ်ကိုခေါ်ပြီး ဖြောင်ပြောကြပါတော့လား။ လျှို့ဝှက်ရမယ့် စကားဆိုရင်လည်း ကျုပ်မကြားရအောင် တိုးတိုးပဲပြောကြပေါ့။ အတော်စိတ်ပျက်စရာ ကောင်းတဲ့လူတွေ။ နံ့ကောင်ဖြစ်ဖြစ်၊ ပုရစ်ဖြစ်ဖြစ် ကျုပ်နဲ့ဘာဆိုင်လို့လဲ။ ဒီကိစ္စကို ကျောင်းအုပ်ကြီးက သူတာဝန်ယူဖြေရှင်းပေးပါ့မယ်လို့ ပြောထားမှတော့ ကျုပ်လည်း အေးအေးဆေးဆေးပဲ သဘောထားလိုက်တာပေါ့။

လူပြက်သာသာလောက်ရှိတဲ့ ယိုရှိဂါဝါက မခံမရပ်နိုင်ဖြစ်ပြီး ဝေဖန်ပြနေတာကို ကျုပ်မလိုလားပါဘူး။ သူ့ပန်းချီခန်းထောင့်မှာ ထိုင်ပြီးပါးစပ်ထဲမှာ စုတ်တံငုံထားရင် ပြီးတာပဲ။ ကျုပ်ပြဿနာကို ဘယ်သူမှဝင်စွတ်တာ မကြိုက်ဘူး။ ကျုပ်ကိုယ်တိုင် ဖြေရှင်းမယ်လို့ ဆုံးဖြတ်ထားပြီးကာမှ 'ဟောတာရဲ့ လက်ချက်ပဲလား' 'ဒါဝင်ရှုပ်တာပဲဟာ' စတဲ့စကားလုံးတွေက ကျုပ်ကိုတွေဝေလာစေတော့တယ်။ သူတို့စကားကအဓိပ္ပာယ်နှစ်ခွထွက်နေတာ။ ဟောတာက ကျုပ်ကိစ္စထဲမှာဝင်ပြီး သက်သက်မယ့် ရှုပ်ထွေးအောင်လုပ်တာလား။ သို့တည်းမဟုတ် ကျောင်းသားတွေကြားမှာ ဝင်ရှုပ်ပြီး ကျုပ်ကို

နှိမ်ဖို့ ကြိုးစားတာလား။

ကျုပ်ဟာ အပြောကျယ်လှတဲ့ ကောင်းကင်ပြာကြီးကို မော့ကြည့်နေရာက နေဟာ တဖြည်းဖြည်းဖျော့တော့လာတော့တယ်။လေပြည်လေညှင်းကလေးကလည်း တဖြူးဖြူး တိုက်စပြုလာတယ်။ အမွှေးတိုင်က မီးခိုးမျှင်ကလေးတွေလို သွယ်တန်းနေတဲ့တိမ်ပါး ပါးကလေးဟာ ချက်ချင်းပဲနက်ရှိုင်းတဲ့ ကောင်းကင်ကြီးထဲမှာ ဖြန့်ကျဲပျောက်ကွယ် သွားတော့တယ်။

"ကဲ၊ ပြန်ကြစို့လား"

အင်္ကျီနီက သတိဝင်လာသလို ပြောလိုက်တော့ ဆပ်ကပ်လူပြက်က "ဟုတ်တယ်၊ ပြန်ဖို့အချိန်တန်ပြီ၊ ဒီည ဆရာ မက်ဒိုနာမင်းသမီးလေးနဲ့ တွေ့ရဦးမယ်မဟုတ်လား" လို့ ပြောတယ်။

"မဟုတ်မဟတ်တွေ လျှောက်မပြောစမ်းပါနဲ့ကွာ၊ တော်ကြာ ဘေးလူတွေ ကြား လို့ အထင်လွဲနေပါဦးမယ်"

အင်္ကျီနီက ဟန့်တားလိုက်တော့ ယိုရှိဂါဝါဟာ ကျုပ်ဘက်ကို တစ်ချက်စောင်းငဲ့ ကြည့်လိုက်ပြီး "သူကြားလည်း အရေးစိုက်စရာမှတ်လို့ ဆရာရယ်" လို့ပြောတယ်။ ဒီတော့ ကျုပ်က အရောင်ထွက်နေတဲ့မျက်လုံးအစုံနဲ့ သူ့မျက်နှာကိုစိုက်ကြည့်လိုက် မိတယ်။ သူကတော့ နေရောင်ထိုးလို့မမြင်ရတဲ့ ပုံမျိုးနဲ့ မသိကျိုးကျွန်ပြုနေတယ်။ ပြီးမှ ခေါင်းကလေးပွတ်ပြီး သူများအကြောင်းမကြားတကြား ပြောနေပြန်တယ်။ အတော့်ကို ဆင်ခြင်တုံတရားကင်းမဲ့တဲ့ သတ္တဝါပါပဲ။

ဒီလိုနဲ့ လှေကလေးဟာ ငြိမ်သက်နေတဲ့ ပင်လယ်ပြင်ကို ဖြတ်ပြီး ကမ်းခြေဘက်ကို ချည်းကပ်လာခဲ့တော့တယ်။ "မောင်ရင်က ငါးမျှားတာ သိပ်ဝါသနာပါပုံမတူဘူး"လို့ အင်္ကျီနီက မေးလိုက်တဲ့အတွက်. . .

"ဟုတ်ပါတယ်၊ ငါးမျှားရတာထက် ပက်လက်လှန်ပြီး ကောင်းကင်ကို မော့ကြည့် နေရတာက ပိုပြီးကောင်းပါတယ်'လို့ ကျုပ်က ဖြေလိုက်တယ်။ ပြီးတော့ သောက်လက်စ စီးကရက်တိုကို ရေပြင်ထဲကို ပစ်ချလိုက်တယ်။မီးစွဲနေတဲ့ စီးကရက်ဟာ ရှဲကနေမြည် သွားပြီး ခဏတဖြုတ်ရေပေါ်မှာ ပေါလောမျောနေရာက လှိုင်းအောက်ကို မြုပ်သွား တော့တယ်။

"မောင်ရင်ရောက်လာပြီးမှ ကလေးတွေအတော်ကြီး ပျော်ရွှင်အားတက် နေကြတယ်ကွယ့်၊ ကြိုးစားပြီး သင်ပြပေးပါကွယ်"

ဒီတစ်ခါတော့ ငါးမျှားတဲ့ကိစ္စနဲ့ လုံးဝမသတ်ဆိုင်တဲ့ စကားကိုစလာပြန်တယ်။

"ပြောသလောက်လည်း ပျော်နေကြတာ မဟုတ်ပါဘူးဗျာ"

"မဟုတ်တာ၊ကျုပ်မြှောက်ပြောနေတာမဟုတ်ပါဘူး၊တကယ့်ကိုပျော်နေကြတာပါ၊ မဟုတ်ဘူးလား ဆရာယိုရှိဂါဝါ"

"ပျော်တာမဟုတ်ဘူး ဆရာကြီး၊ အူမြူးနေကြတာ" လို့ လူပြက်က ပြောပြီး တဟိဟိနဲ့ ရယ်နေပြန်တယ်။ အင်း...ဒီလူပြောလိုက်မှဖြင့် ကျုပ်နားထဲမှာ ဘယ်တော့မှ ပြေပြေပြစ်ပြစ် မကြားရပါကလား။

"ဒါပေမယ့် မောင်ရင်သတိထားနော်၊ တော်ကြာဒုက္ခလှလှကြီးတွေ့နေဦးမယ်" လို့ အကျီနီက ပြောတဲ့အတွက်. . .

"တွေ့စမ်းပါစေ၊ ကျွန်တော်က ဒုက္ခဆို ရင်ဆိုင်ဖို့ အသင့်ပြင်ထားပါတယ်"လို့ ပြန်ပြောချလိုက်မိတယ်။ အမှန်ပြောရရင် ကျုပ်ဟာ အလုပ်ပြုတ်ချင် ပြုတ်သွားပါစေ၊ ဘော်ဒါဆောင်က အကောင်တွေလာပြီး တောင်းပန်ရအောင် လုပ်ရမယ်လို့ဆုံးဖြတ်ထားတာမဟုတ်လား။

"မောင်ရင် ဒီလိုပြောနေရင်တော့ ဘာမှဆက်လုပ်လို့ ရမှာမဟုတ်တော့ဘူး၊ အခုကျုပ် ပြောနေတာတွေဟာ ဒုတိယကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ မောင်ရင့်ကို ကောင်းစေချင်လို့ ပြောနေတယ်ဆိုတာ နည်းလည်ထားစမ်းပါ"

"ဆရာကြီးက မောင်ရင့်ကို တကယ်ခင်လို့ ပြောနေတာပါကွာ၊ ကျုပ်ဟာ ကျောင်းမှာသိပ်အရေးပါလှတာမဟုတ်ပေမယ့် တတ်နိုင်သလောက် အကူအညီပေးဖို့ ဆုံးဖြတ်ထားတယ်။ မောင်ရင့်ကိုလည်း ဒီကျောင်းမှာကြာကြာမြဲစေချင်တယ်။ ဒါမှ ကျုပ်တို့ တိုကျိုသားအချင်းချင်း တစ်ယောက်ကိုတစ်ယောက် ဖေးမပြီးလုပ်ငန်းတွေ အောင်မြင်နိုင်မှာပေါ့"

ဆပ်ကပ်လူပြက်က ဒီတစ်ခါတော့ တကယ့်လူသားတွေရဲ့ အကြင်နာစိတ်တွေ ယိုဖိတ်နေတဲ့ ပုံစံမျိုးနဲ့ပြောလာတယ်၊ ကျုပ်သာ ဒီဆပ်ကပ်လူပြက်ကို အားကိုးပြီး အသက်ရှင်ရမယ်ဆိုရင်တော့ ကိုယ့်လည်ပင်းကိုယ်ညှစ်ပြီး သေပစ်လိုက်ချင်တယ်။

"ကလေးတွေက မောင်ရင့်ကို ဝမ်းမြောက်ဝမ်းသာ ကြိုနေကြတာပါပဲ။ ခက်တာက မောင်ရင်က အမှုကိစ္စ တော်တော်များများထဲမှာ ပါပါသွားတာခက်တယ်။ မောင်ရင်လည်းအတော်စိတ်ညစ်နေမယ်ဆိုတာ ကျုပ်သိပါတယ်။သည်းခံလိုက်ပါ။ ကျုပ်မောင်ရင့်ဘက်ကရှိပါတယ်"လို့ အကျီနီက ပြောတယ်။

"နေပါဦး၊ ဆရာကြီးပြောတဲ့ အမှုကိစ္စတော်တော်များဆိုတာက ဘာတွေလဲ"

"ဒါက ပြောင်ဖွင့်ပြောဖို့ ခက်နေတယ်။ ကျုပ်ကပြောတာထက် မောင်ရင့်ဘာသာ သဘောပေါက်လာမှာပါလေ။ မဟုတ်ဘူးလား ယိုရှိဂါဝါ"

"ဟုတ်ပါတယ်၊ ပြဿနာတွေက အတော့်ကိုရှုပ်တော့ နေ့ချင်းညချင်း နားလည်

လာဖို့မလွယ်ဘူးကွယ့်။ ဒါပေမယ့် တဖြည်းဖြည်းတော့ သိလာပါလိမ့်မယ်။ ကျွန်တော်တို့မပြောလည်း သူ့အလိုအလျောက် သိလာပါလိမ့်မယ်။

လူပြက်ကလည်း အင်္ကျီနီနဲ့ တစ်လေတည်း ထွက်တယ်။

"ကောင်းပါပြီ၊ ဒီလောက်တောင် ရှုပ်ရှက်ခက်တဲ့ ပြဿနာတွေဆိုရင်တော့ ကျွန်တော် ဆက်မမေးတော့ပါဘူး၊ ဘာဖြစ်လို့ ကျွန်တော့်ကို သတိပေးတယ်ဆိုတာကိုပဲ သိချင်တယ်"

ဒီတော့ အင်္ကျီနီက . . . .

"ကောင်းပါပြီလေ၊ ပြောစရာရှိမှတော့ ဆက်မပြောဘဲ ပါးစပ်ပိတ်ထားလို့ ဘယ်ကောင်းပါ့မလဲ။ ကဲ . . . ကဲ၊ ကျုပ်ပြောတဲ့အတိုင်း သတိပဲထားပေတော့။ အားတော့နာပါရဲ့၊ အမှန်အတိုင်းပြောရရင် မောင်ရင်က အခုမှ ကျောင်းကဆင်းစပဲ ရှိသေးတယ်။ ဆရာအတွေ့အကြုံ ဘာမှမရှိသေးဘူး။ ကျောင်းဆိုတာက ပြဿနာ အတော်ရှုပ်တဲ့နေရာမျိုးပါလား။ မောင်ရင်တို့ တက္ကသိုလ်လို နေရာတကာမှာ ပွင့်ပွင့်လင်းလင်း ပြောလို့ရတာ မဟုတ်ဘူးကွယ့်"

"ပွင့်ပွင့်လင်းလင်းမဆက်ဆံရရင် ဘယ်လိုနေရမလဲ"

"ကြည့်ပါလား၊ ပြောလေကဲလေဆိုသလို မောင်ရင်က ဟောဟောဒိုင်းဒိုင်းကြီးပဲ၊ ဒါကိုက မောင်ရင့်မှာအတွေ့အကြုံနုသေးတယ်ဆိုတာကို ဖော်ပြနေတယ်"

"ဟုတ်ပါတယ်၊ ကျုပ်ကမငြင်းပါဘူး၊ အမှုထမ်းစာအုပ်ထဲမှာလည်း အသက် ၂၃ နှစ်၊ ၄လပဲ ရှိသေးတယ်လို့ ဖော်ပြထားသားပဲ"

"ဒါကို ကျုပ်ပြောချင်တာပဲ၊ အဲဒီပျော့ကွက်ကို နင်းပြီးမောင်ရင့်အပေါ် အမြတ်ထုတ်မယ့်လူရှိတယ်ဆိုတာကို ပြောချင်တယ်"

"ဘယ်သူကဘယ်လို အမြတ်ထုတ်ထုတ် ကျွန်တော် အရေးမစိုက်ပါဘူး"

"ကြောက်စရာမလိုပါဘူး။မောင်ရင်ပြောသလို အရေးစိုက်စရာလည်း မဟုတ်ပါဘူး။ ကိုယ့်ကိုသက်သက် ကြောသွားတာလောက်ပဲရှိမယ်။ မောင်ရင့်အရင်က လူတွေလည်း ဒီလိုပဲခံခဲ့ရဖူးလို့ နလိုသတိပေးနေရတာ"

လူပြက်တစ်ယောက် ငြိမ်ချက်သား ကောင်းလှချည်လားလို့ သူ့ကို တစ်ချက်ငဲ့ကြည့်တော့ ဘသားချောက လေ့သမားနဲ့ ငါးမျှားတဲ့အကြောင်းကို စကားလက်ဆုံကျနေတယ်။ ကျုပ်တို့စကားဝိုင်းထဲ သူ မပါတာကိုကခပ်ကောင်းကောင်းပဲ။

"ဒါနဲ့ ကျွန်တော့်အရင် ဘယ်သူက ဘယ်သူရဲ့ အကြောကို ခံလိုက်ရတာလဲ"

"ဘယ်သူဘယ်ဝါလို့ ပြောလိုက်ရင် သူတစ်ပါးကိစ္စ ဝင်စွတ်ရာကျလိမ့်မယ်။ ပြီးတော့ သက်သေသက်ကာယ မခိုင်လုံသေးဘဲပြောမိရင်လည်း မကောင်းဘူး။

ဘာပဲဖြစ်ဖြစ် သတိသာထားနေပါလေ။ ကျုပ်တို့အနေနဲ့က မောင်ရင့်ကို မဖြစ်သင့်တာတွေ ဖြစ်မလာစေချင်လို့ပါ"

"သတိထား သတိထားနဲ့ ကျွန်တော်လည်း ဒီထက်ပိုပြီး သတိမထားနိုင်တော့ဘူး။ ကိုယ်ကောင်းရင် ခေါင်းဘယ်တော့မှမရှေ့ပါဘူး"

ဒီတော့ အကိုနိက . . .

"ဟား. . .ဟား . .. ဟား . . ." လို့ ရယ်ပြန်တယ်။ ကျုပ်ပြောတဲ့အထဲမှာ ရယ်စရာလည်း တစ်လုံးမှမပါပါဘူး။ ဒီနေ့အထိ ပြောတဲ့စကားထဲမှာ ကျုပ်လိမ်ပြောတာ တစ်ခုမှ မရှိဘူး။

သေသေချာချာ စဉ်းစားကြည့်လိုက်တော့ လောကကြီးမှာ လူတွေဟာ မကောင်းမှုကို အားပေးကြတာများတာပဲ။ မကောင်းမှုမလုပ်ရရင် လောကကြီးမတိုးတက်ဘူးလို့များ ထင်နေကြသလားမပြောတတ်ပါဘူးဗျာ။ ပွင့်ပွင့်လင်းလင်းပြောမယ်၊ မှန်တဲ့အတိုင်းဆက်ဆံမယ်ဆိုရင် အတွေ့အကြုံနည်းပါးသေးတယ်ကွာ၊ ကလေးပဲရှိပါသေးတယ်ကွာလို့အထင်သေးတတ်ကြတယ်။ ဒီလိုဆိုရင် ဆရာတွေဟာ စာရိတ္တပညာရေးသင်တဲ့အခါမှာ မူလတန်းနဲ့ အလယ်တန်းကျောင်းသားကလေးတွေကို မလိမ်ရဘူး၊ မှန်တဲ့အတိုင်းပြောရမယ်လို့ မသင်ဘဲနေကြရတာကမှ ပိုပြီးကောင်းဦးမယ်။ ဒီလိုသင်မယ့်အစား ညာဝါးတဲ့နည်း၊ လူလူချင်းတင်စီးတဲ့နည်း၊ လူတွေအပေါ်မှာ မယုံသင်္ကာဖြစ်တဲ့နည်းတွေကို သင်တာကမှ သူတို့အတွက် အကျိုးရှိပေတော့မှာပေါ့။

အကိုနိက " ဟား. . .ဟား .. .ဟား" လို့ ရယ်တာဟာ ကျုပ်ရဲ့ ရိုးသားဖြူစင်မှုအပေါ်လှောင်ပြောင်တာပဲ။ ရိုးသားဖြူစင်မှု သစ္စာရှိမှုကိုမှ လှောင်ပြောင်ရယ်မောတတ်ကြတဲ့ လောကကြီးဆိုတော့ ကျုပ်လည်းဘာမှ မတတ်နိုင်တော့ဘူးပေါ့။

ကီယော်က ဒီလိုကိစ္စမျိုးမှာ ဘယ်တော့မှ လှောင်ပြောင်ရယ်မောလေ့မရှိဘူး။ ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းတာပဲရှိတယ်။ ဒီလိုဘက်ကြည့်ပြန်တော့ ကီယော်ဆိုတဲ့အိမ်စေမကြီးဟာ ဒုတိယကျောင်းအုပ်ကြီး အကိုနိထက် အများကြီးအဆင့်အတန်းမြင့်သွားပြီ။

"မကောင်းမှု မလုပ်ဘဲနေတာကောင်းပါတယ်။ ဒါပေမယ့် သူများ မကောင်းတာလုပ်တာကို သတိမထားရင်တော့ ဒုက္ခလှလှကြီးတွေ့နိုင်တယ်။ လောကကြီးမှာက လူတွေဟာ ဟောဟောဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်တယ်။ ကိုယ့်ကိုနေဖို့အိမ်တွေ ဘာတွေ ရှာပေးတတ်တယ်လို့ အပြင်ပန်းအားဖြင့် မြင်ရပေမယ့် အဲဒီလူမျိုးကို သတိမထားလို့ မဖြစ်ဘူးလို့ သတိပေးနေရတာပါကွာ။ အင်း၊ ပြောရင်းဆိုရင်း ချမ်းတောင်လာပြီ။ ဆောင်းဦးကာလရောက်လာပြီကိုး။ ကမ်းခြေကို လှမ်းကြည့်

လိုက်စမ်း၊ မြှုတွေသမ်းပြီး တကယ့်ကိုလှပတဲ့ ရှခင်းပါပဲကွာ။ "ဟော့. . . ယိုရှိဂါဝါ၊ ကမ်းခြေကို ကြည့်လိုက်စမ်းပါဦးကွ၊ ဘယ်လောက်လှသလဲလို့"

သူက ပြောပြောဆိုဆို ဆပ်ကပ်လှူပြက်ကို လှမ်းအော်ပြောလိုက်တယ်။

ယိုရှိဂါဝါကတော့ ထုံးစံအတိုင်း မြှောက်ပင့်ဖားနေလေရဲ့။ မိနားတိုးရာ ဟိုတယ် အဆောက်အဦကြီးရဲ့ ဒုတိယထပ်ကမီးတွေလင်းလာပြီး ရထားဥဩသံတွေကို 'တူ'လို့ ကြားရတဲ့အချိန်မှာ ကျုပ်တို့လှေကလေးဟာ သဲသောင်ခုံတစ်ခုကို ဆိုက်ကပ် လိုက်တယ်။ ဟိုတယ်ကမိန်းကလေးတစ်ယောက်က 'မင်္ဂလာပါဆရာကြီး' လို့ အင်္ကျီနီကို လှမ်းပြီးနှုတ်ဆက်လိုက်တယ်။ ကျုပ်ဟာ လှေနံဘေးတန်းပေါ်က ပြန်ပြီး 'ဝေး'လို့ အော်ပြီး ကမ်းပါးပေါ်ရောက်အောင် အားယူပြီးခုန်ချလိုက်တော့တယ်။

(၆)

ဆပ်ကပ်လူပြက်က အတော်အမြင်ကတ်ဖို့ ကောင်းတယ်။ ဒီလိုလူမျိုးဟာ ကိုယ့်လည်ပင်းကိုယ် ခဲကြီးကြီးဆွဲပြီး ပင်လယ်အောက် ကြမ်းပြင်အထိ ခုန်ချသတ်သေသွားမယ်ဆိုရင် ကျုပ်တို့ဂျပန်ပြည်အတွက် အတော်ကောင်းမယ်။ ကျုပ် အကျီနိရဲ့ အသံကိုလည်း မကြိုက်ဘူး။ သူ့ကိုယ်သူတော့ ငါဟာ သူများနှစ်လိုဖွယ်ကောင်းအောင် စကားပြောတတ်တယ်လို့ ထင်နေမလားမပြောတတ်ဘူး။ အမှန်တော့ ဒါကတမင်ဟန်လုပ်ပြီးပြောနေတာ။ သူ့ဘာသာ ဘယ်လောက်ပဲထင်ထင် ကျုပ်ကတော့ တစ်စက်ကလေးကမှ အထင်မကြီးဘူး။ သူ့ကို အထင်ကြီးမယ့်လူဆိုလို့ ဂေရှာမယ် မက်ဒိုနာပဲရှိမယ်။

ဒါပေမယ့် သူကဒုတိယကျောင်းအုပ်ကြီးဆိုတော့ ဆပ်ကပ်လူပြက်ထက် ကြီးကျယ်တဲ့စကားတွေ ပြောတာပေါ့လေ။ အိမ်ပြန်ရောက်လို့ စောစောပိုင်းက သူပြောခဲ့တဲ့ အကြောင်းတွေကို သေသေချာချာ စဉ်းစားလိုက်တော့ အရေးကြီးတဲ့ကိစ္စဆိုတာ နားလည်ရတော့တယ်။ ဖြောင့်ဖြောင့်မပြောဘဲ ဝေ့လည်ကြောင်ပတ် ပြောခဲ့တာ ဖြစ်ပေမယ့် သူ့သဘောက ဖြူကောင်ဟာ မကောင်းတဲ့လူ ဖြစ်တဲ့အတွက် သတိထားပေါင်းဖို့ အဓိပ္ပာယ်ထွက်နေတယ်။ အမှန်တော့ ပွင့်ပွင့်လင်းလင်းပြောဖို့ကောင်းတာပေါ့။ ဒါက ယောကျာ်းမပီသတဲ့သဘောပဲ။ သူပြောတဲ့အတိုင်းဆိုရင် ဖြူကောင်က ဒီလောက်ဆိုးဝါးတဲ့ ဆရာတစ်ယောက်ဆိုရင် ချက်ချင်းကျောင်းက ဖြုတ်ပစ်သင့်တယ်။ ကွယ်ရာမှာသာ ပြောဝံ့ပြီး အများရှေ့မှာ ဖြောင်မပြောဝံ့တာဟာ သူရဲဘောကြောင်တဲ့ လူတွေရဲ့အလုပ်ပဲ။ သူရဲဘောကြောင်တဲ့လူတွေဟာ တစ်ခါတစ်လေ သနားကြင်နာတဲ့စိတ်ရှိတတ်ကြတယ်။ အကျီနိဟာလည်း မိန်းမတစ်ယောက်လောက်တော့ ကြင်နာတဲ့စိတ်ရှိတန်ကောင်းရဲ့။ အမှန်တော့ သူ့အသံကတစ်ခြား ကြင်နာတတ်တဲ့စိတ်က တစ်ခြားပဲ။ သူ့အသံကို

မုန်းတာနဲ့ သူ့ရဲ့ ကြင်နာတတ်တဲ့ စိတ်ကို လျစ်လျူရှုတာကတော့ မကောင်းပါဘူး။

လောကကြီးက အတော်အံ့ဩဖို့ကောင်းတယ်။ တစ်စက်မှ ကြည့်မရအောင် အမြင်ကတ်နေတဲ့လူက တစ်ခါတစ်လေ ကိုယ့်အပေါ်အကြင်နာထားတတ်ပြီး ကိုယ်က အားကိုးတကြီး ခင်မင်တဲ့သူတွေက ရက်စက်တာလည်းရှိတယ်။ အတော်ရယ်ဖို့ ကောင်းတယ်။ ဒီလိုဖြစ်ရတာဟာလည်း တိုကျိုနဲ့အလှမ်းဝေးတဲ့ ကျေးလက်ဒေသမို့ ထင်ပါရဲ့။ အပေါက်အစပ်အတော်များကြတယ်။ သူတို့ပါးစပ်ဖျားက ထမင်းအိုးကြီး ဖွတ်ဖြစ်အောင်၊ ကျောက်ခဲကို တို့ဟူးဖြစ်အောင်၊ မီးခဲကို ရေခဲဖြစ်အောင် ပြောတတ်ကြပါ ကလား။

ဒါပေမယ့် ဖြူကောင်ဟာ ကျောင်းသားတွေကို မြှောက်ပေးရအောင် မနာလိုစိတ် ကြီးမားတဲ့လူ ဖြစ်ဟန်မတူပါဘူး။ သူက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဆိုသလို ကျောင်းသားတိုင်းက သဘောကျတဲ့ဆရာဆိုတော့ လုပ်မယ်ဆိုရင်လည်း လုပ်လောက် တယ်။ ဒါပေမယ့် ဒီလို ဝေ့လည်ကြောင်ပတ်လုပ်မယ့်အစား ရန်ဖြစ်ချင်တယ်ဆိုရင် ကျုပ်နဲ့ ဗြောင်ဖြစ်ဖို့ ကောင်းတာပေါ့။ ကျုပ်ကိုရင်ဆိုင်ပြီး ‘ငါမင်းကို ဒီအချက်တွေ မကြိုက်ဘူး၊ ဒါကြောင့် ဒီကျောင်းကထွက်သွားပါလို့’ ပြောလိုက်ရုံပဲ ရှိတာပေါ့။ တွေ့ဆုံဆွေးနွေးဖြေရှင်းတတ်မယ်ဆိုရင် ဘယ်ကိစ္စဖြစ်ဖြစ် အောင်မြင်နိုင်တာပဲ မဟုတ်လား။ ဒီအရပ်ဒေသတစ်ခုတည်းသာ ထမင်းစားဖို့စပါးပင်ပေါက်တာ မဟုတ်ပါဘူး။ ဘယ်အရပ်သွားသွားငတ်ပြီးတော့ မသေနိုင်သေးပါဘူး။ အင်း... ဖြူကောင်ကို အစက သဘောကောင်းလိမ့်မယ်လို့ အထင်ကြီးခဲ့တာ သူလည်းပဲဒီပုတ်ထဲကပဲ ဒီပဲဆိုသလို ဖြစ်နေပါရောလား။

ကျုပ် ဒီကျောင်းကို စရောက်တဲ့နေ့က သစ်သီးစုံဖျော်ရည်တိုက်ခဲ့တာ ဖြူကောင် ပဲ။ ဒီလောက်အကောက်ကြံတတ်တဲ့ လူစားမျိုးဆီက ဖျော်ရည်သောက်မိတာ ကျုပ်အတွက် အပင်းဆို့တာနဲ့အတူတူပဲ။ ကျုပ်အဲဒီတုန်းက တစ်ခွက်ပဲသောက်ခဲ့တာမို့ တစ်ဆင့် ခွဲပဲကျတယ်။ ဒါပေမယ့် တစ်ဆင့်ခွဲဖြစ်ဖြစ် နှစ်ဆင့်ပဲဖြစ်ဖြစ် သူ့လို လူလိမ်လူကောက် ကိုတော့ ကျေးဇူးမတင်နိုင်ဘူး။ သူ့ကို ကျေးဇူးတင်ရမယ့်အစား ကိုယ့်ကိုယ်ကိုသတ်သေ တာမှတော်ဦးမယ်။ နံနက်ဘက် ကျောင်းရောက်ရင် သူ့ပိုက်ဆံကို ပြန်ပေးဖြစ်အောင် ပေးရမယ်။

ကျုပ် ကီယော်ဆီက ပိုက်ဆံသုံးယန်း ချေးထားခဲ့ဖူးတယ်။ အဲဒီပိုက်ဆံကို ပြန်မ ဆပ်နိုင်တာ ကနေ့အထိ ငါးနှစ်လောက်ကြာသွားပြီ။ မဆပ်နိုင်လို့မဟုတ်ပါဘူး။ ကမင် မဆပ်ဘဲထားတာ။ ကီယော်ကလည်း သူ့ပိုက်ဆံကို ချက်ချင်း ပြန်ဆပ်ရမယ်။ ဒါမှ မဟုတ် ဘယ်အချိန်ပြန်ဆပ်ရမယ်ဆိုပြီး ပေးခဲ့တာမဟုတ်ဘူး။ အခုကျုပ်က ပြန်ဆပ်

ရင်လည်း သူ့ကို သူစိမ်းဆန်ဆန် ဆက်ဆံတယ်ဆိုပြီး စိတ်ဆင်းရဲသွားဦးမယ်။ ကျုပ်က ပြန်ဆပ်ဖို့ ကြံစည်နိုင်ခဲ့တယ်လေ။ကျုပ်ဟာ သူ့ရဲ့ဖြူစင်လှပတဲ့နှလုံးသားကိုစွန်းထင်းသွားစေချင်မှာပဲပေါ့။ လုံးဝမပြန်မဆပ်လည်းဘဲ ကီယော်အတွက် ဘာမှမဖြစ်ဘူး။ သူက ကျုပ်ရဲ့ ဆွေမျိုးသားချင်းလို ဖြစ်နေခဲ့ပြီလေ။

ကီယော်နဲ့ဖြူကောင်ကို နှိုင်းလို့တော့မရပါဘူး။ ဖြူကောင်က သူစိမ်းပဲ။ သူစိမ်းတစ်ယောက်ဆီက တစ်ခုခုကို အလကားစားသောက်မိတာဟာ နောက်ပိုင်းမှာ သူ့ကို စိတ်ထဲကကျေးဇူးတင်ပြီး ကျိုးနွံနေဖို့သာ ရှိတယ်။ တန်ရာတန်ကြေးပေးလိုက်တာထက် မပေးဘဲနေတာက နောက်ပိုင်းမှာ အတိုးတက်လာနိုင်တယ်။ ကျုပ်ဟာ လူကုံထံတစ်ယောက် မဟုတ်ပေမယ့် လွတ်လွတ်လပ်လပ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေတဲ့ လူသားတစ်ယောက်ပဲ။ လွတ်လပ်တဲ့ လူသားတစ်ယောက်အနေနဲ့ အခြားလူတစ်ယောက်ရဲ့ ရှေ့မှာ ဦးညွတ်ရကာဟာ ပိုက်ဆံတစ်သန်းမက တန်နေပြီလို့ ကျုပ်ယူဆတယ်။ အခု ပိုက်ဆံကလေး တစ်ဆင့်ခွဲပေးလိုက်ရတာဟာ နောက်ပိုင်းမှာ တစ်သန်းလောက်တန်သွားလိမ့်လို့ ကျုပ်ယူဆမိတယ်။ ဖြူကောင်ဟာ ကျေးဇူးတင်စရာလိုလိုနဲ့ အမြင်ကတ်စရာကောင်းတဲ့လူပဲ။ ပြီးတော့ ခိုးကြောင်ခိုးဝှက် ကြံစည်တတ်တဲ့သူ့အကျင့်ဟာ အတော်စက်ဆုပ်ဖို့ကောင်းတယ်။ နက်ဖြန် ကျောင်းရောက်လို့ သူ့ပိုက်ဆံတစ်ဆင့်ခွဲ ပြန်ဆပ်လိုက်ရင် သူနဲ့ကျုပ်ကြားမှာ ချေးတာတို့ ငှားတာတို့ ဘာမှ မရှိတော့ဘူးပေါ့။ အဲဒီအခါကျမှ သူနဲ့ ကျုပ်ကြိုက်သလောက် ရန်ဖြစ်နိုင်ပြီပေါ့။ ဒီလိုနဲ့ကျုပ်ဟာ ဟိုတွေးဒီတွေးတွေးရင်းကနေ တရှူးရှူး အိပ်ပျော်သွားတော့တယ်။

နောက်တစ်နေ့ကျတော့ ပိုက်ဆံပြန်ဆပ်ချင်ဇောကြောင့်လား မပြောတတ်ဘူး။ ခါတိုင်းထက်အစောကြီး အိမ်ကထွက်လာပြီး ကျောင်းကနေဖြူကောင်ကို စောင့်နေမိတယ်။ ဒါပေမယ့် သူကတော်တော်နဲ့ ပေါ်မလာဘူး။ ပထမရွှေဖရုံသီး ရောက်လာတယ်။ နောက် တရုတ်အက္ခရာဆရာ၊ ပြီးတော့ ဆပ်ကပ်လူပြက်၊ နောက်ဆုံး အကျီနီ ရောက်လာသည့်တိုင် ဖြူကောင်ရဲ့စားပွဲပေါ်မှာ မြေဖြူတစ်ချောင်း တုံးလုံးလဲနေတာကလွဲလို့ ဘာမှမတွေ့ရဘူး။ ကျုပ်ဟာအိမ်က ထွက်လာကတည်းက ဆရာများအခန်းရောက်တဲ့အခါ ဖြူကောင်ကပြန်ပေးဖို့ဆိုပြီး ပိုက်ဆံတစ်ဆင့်ခွဲကို လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်လာခဲ့တယ်။ အိမ်ကနေ ရေချိုးခန်းထွက်တဲ့အခါ လက်ထဲမှာ ပိုက်ဆံဆုပ်လာတဲ့အတိုင်းပဲ။ ဒါပေမယ့် ကျုပ်က ချွေးထွက်သန်တော့ လက်ထဲက ပိုက်ဆံတွေဟာ ချွေးတွေနဲ့ စိုကုန်တယ်။ ပိုက်ဆံအစိုကြီးတွေပေးရင် ဖြူကောင်က ဟိုပြောဒီပြော ပြောနေမှာစိုးလို့ စားပွဲပေါ်မှာ ဖြန့်ပြီး လေနဲ့ တဖူးဖူးမှုတ်နေခဲ့မိတယ်။

အဲဒီအချိန်မှာ အကျီနီရောက်လာပြီး "မနေ့က အတော်ကြီးပင်ပန်းသွားမှာပေါ့လို့

ပြောတယ်။ ကျုပ်က "ပင်တော့ မပင်ပန်းပါဘူး၊ ဆရာကြီးကျေးဇူးကြောင့် ဗိုက်တော်တော်ဟာသွားတာပဲ" လို့ဖြေလိုက်တယ်။ ဒီအခါအကျိနီဟာ ကျုပ်စားပွဲပေါ် လက်နှစ်ဖက်ထောက်ပြီး သူ့မျက်နှာ ဝိုင်းဝိုင်းပြားပြားကြီးကို ကျုပ်နှာခေါင်းရှေ့နားအထိ တိုးလာလို့ ဘာလုပ်မှာပါလိမ့်လို့ အံ့သြနေတုန်း သူက "မနေ့က အိမ်အပြန် လှေပေါ်မှာ ပြောတဲ့စကားတွေကို လျှို့ဝှက်ထားပါကွာ၊ ဘယ်သူ့ကိုမှ မပြောပါနဲ့"လို့ဆိုတယ်။

ဒီလူဟာ မိန်းမလျှာသံနဲ့ ပြောနေမှတော့ အစိုးရိမ်ကြီးတတ်မှန် ကျုပ်ခန့်မှန်းမိပါတယ်။ ကျုပ်ဘာမှမပြောရသေးပါဘူး။ ဒါပေမယ့် အခုဖွင့်ပြောဖို့ အကြံနဲ့ လက်ထဲမှာပိုက်ဆံ တစ်ဆင့်ခွဲကိုဆုပ်ပြီး ဟန်ပြင်ထားကာမှ အကျိနီက ဟန့်တားနေပြန်တော့ အတော်ခွကျတာပေါ့။အကျိနီကလည်းအကျိနီပဲ၊ ဖြူကောင်ရဲ့နာမည်ကို ထုတ်မပြောတာ မှန်ပေမယ့် ကျုပ်အနေနဲ့ သူဘယ်သူကို ဆိုလိုမှန်း သိနေသားပဲ။ ဒါကိုပဲ သူကထုတ်ပြောမှာ ကြောက်နေရပြန်တယ်ဆိုတော့ ကိုယ့်စကားကိုကိုယ် တာဝန်မယူနိုင်မှန်း ထင်ရှားနေတာပေါ့။ ကျုပ်နဲ့ဖြူကောင်နဲ့ တစ်ယောက်နဲ့တစ်ယောက် မတည့်ဘူးဆိုရင် ဘယ်သူတရားသလဲလို့ သူဆန်းစစ်ပြီးတရားတဲ့ဘက် သူက ဖြောင်ဝင်ကူသင့်တာပေါ့။ ဒါမှလည်း သူအခုလုပ်နေတဲ့ ကျောင်းအုပ်နဲ့ ထိုက်တန်ပြီး သူ့ဝတ်နေကျ အကျိနီနဲ့လည်း လိုက်ဖက်တော့မှာပေါ့။

ဒါနဲ့ ကျုပ်က အဲဒီ ဒုကျောင်းအုပ်ကြီးကို . . .

"အခုတော့ မပြောရသေးဘူး၊ ဒါပေမယ့် ဖွင့်ပြောလိုက်ဖို့ စိတ်ကူးနေတယ်" လို့ ပြောတော့ သူ့မျက်နှာအကြီးအကျယ် ပျက်သွားပြီး "မောင်ရင် ဒီလို အရမ်းလျှောက်ပြောရင် ကျုပ်ဒုက္ခရောက်မှာပေါ့။ ပြီးတော့ 'ဟောတာ' ရယ်လို့ နာမည်လည်း ထုတ်မပြောခဲ့ဘူးမဟုတ်လား။ ဒါကို မောင်ရင်က သွားပြီးရန်တွေ့မယ်ဆိုရင် ကျုပ်အဖို့ အကြီးအကျယ် ခွကျလိမ့်မယ်။ မောင်ရင့်အနေနဲ့ ကျောင်းမှာ ဆူဆူပူပူ ဖြစ်တာကို မကြိုက်ဘူး မဟုတ်လား" လို့ ထူးထူးဆန်းဆန်း မေးလာပြန်တယ်။ ကျုပ်ကလည်း "ဒါကတော့ ရှင်းနေပါတယ်၊ ဒီကျောင်းကလစာယူပြီး ဒီကျောင်းကို ဆူပူအောင် လုပ်ဖို့တော့ မသင့်ဘူး" လို့ ပြန်ဖြေမိတယ်။ ဒီတော့ သူက "ဒီလိုဆိုရင် မောင်ရင့်ကို မနေ့က ကျုပ်ပြောခဲ့တာတွေကို ဝမ်းထဲမှာသာထားပြီး ဘယ်သူ့ကိုမှ မပြောဘူးလို့ ကတိပေးမယ်နော်" လို့ ထပ်ပြီး တောင်းပန်ပြန်တယ်။ "ကောင်းပါပြီ၊ မပြောလိုက်ရလို့ စိတ်ထဲက မကျေနပ်ပေမယ့် ခင်ဗျားအတွက် အနှောင့်အယှက် ဖြစ်မယ်ဆိုရင်မပြောပါဘူး" လို့ ကတိပေးလိုက်မိတယ်။

"သေချာတယ်နော်" လို့ တစ်ခါထပ်ပြီးမှာနေပြန်တယ်။ တော်တော့်ကို မိန်းမဆန်တဲ့လူပဲ၊ ဝိဇ္ဇာသမားတွေဟာ အားလုံးသူ့လိုလူတွေချည်းပဲလား မပြောတတ်

ဘူးဗျာ။ သူကပဲ ရှေ့နောက်မညီမညွတ်တဲ့ စကားတွေပြောပြီး တစ်ဖက်ကို နှုတ်ပိတ်တယ်။ မပြောပါဘူးလို့ ကတိပေးထားတဲ့တိုင် သံသယဝင်တုန်း ရှိနေသေးပြန်တယ်။ ကျုပ်က တစ်ယောက်တည်းသမားပဲ။ ရိုးရိုးရှင်းရှင်းပဲ ကြိုက်တယ်။ ကျုပ်မပြောပါဘူးဆိုတဲ့ကိစ္စကို ဘယ်တော့မှ ဟတတ်တဲ့လူမျိုးမဟုတ်ပါဘူး။

အဲဒီအချိန်မှာ ကျုပ်စားပွဲတစ်ဖက်တစ်ချက်က ဆရာတွေပါ ရောက်လာတဲ့အတွက် သူ့စားပွဲဆီကို ခပ်သုတ်သုတ် ပြန်လှည့်ထွက်သွားတော့တယ်၊ ဒီအကျီအနီဟာ လမ်းလျှောက်တာကအစ ဟန်လုပ်ပြီးလျှောက်တယ်။ အခန်းထဲမှာ လမ်းလျှောက်တဲ့အခါခြေသံမထွက်အောင် ဖနောင့်ကို ဖိပြီးလျှောက်တယ်။ အသံမထွက်အောင် လမ်းလျှောက်တာကလည်းပဲ ဂုဏ်တစ်မျိုးပါလားလို့ အဲဒီအချိန်ကစပြီး ကျုပ်မှတ်ထားလိုက်မိတယ်။ အမှန်တော့ သူခိုးတွေကို အဟုခိုးနေတာ မဟုတ်ဘဲ။ ပုံမှန်အတိုင်း လျှောက်သင့်တာပေါ့။

ဒီလိုနဲ့ ပထမကျောင်းခေါင်းလောင်းသံ မြည်လာတော့တယ်။ အခုထက်ထိ ဖြူကောင်က ပေါ်မလာသေးဘူးလေ။ မတတ်သာတဲ့အဆုံး ပိုက်ဆံတစ်ဆင့်ခွဲကို စားပွဲပေါ်မှာထားပြီး အတန်းဘက်ဆီကို ထွက်လာခဲ့ရတော့တာပေါ့။

စာသင်ကောင်းကောင်းနဲ့သင်နေလိုက်မိတာ ပထမအချိန်က နောက်ကျပြီးမှ ဆရာများအခန်းထဲကို ရောက်လာခဲ့ရတော့တယ်။ အခန်းထဲမှာတခြားဆရာတွေ ရောက်နေကြပြီး စကားစမြည်ပြောနေကြတယ်။ ဖြူကောင်လည်း တစ်ချိန်ချိန်က ရောက်နေခဲ့တယ်။ ဒီနေ့ ကျောင်းပျက်ပြီလို့ထင်နေခဲ့တာ လက်စသတ်တော့ ကျောင်းနောက်ကျတာကိုး။ သူက ကျုပ်ကို စတွေ့တွေ့ချင်း . . .

"ဒီနေ့ မောင်ရင့်ကြောင့် ကျုပ် ကျောင်းနောက်ကျခဲ့ရပြီ၊ လျော်ကြေးငွေပေးပေတော့" လို့ဆိုလာတယ်။ ကျုပ်လည်း စားပွဲပေါ်က ပိုက်ဆံတစ်ဆင့်ခွဲကို လှမ်းပေးလိုက်ရင်း . . .

"ကဲ ဒီငွေပဲယူပါ၊ ကျုပ်ရောက်စနေ့က ခင်ဗျားသစ်သီးစုံဖျော်ရည် တိုက်ထားခဲ့တာလေ" လို့ပြောလိုက်တယ်၊ ဖြူကောင်က ရှေ့တိုးလာပြီး . . .

"မောင်ရင် ဘာပြောတာလဲ" လို့ ရယ်ရယ်မောမော ပြောနေပေမယ့် ကျုပ်က မျက်နှာကို တည်ပစ်ထားလိုက်တဲ့အတွက် "နောက်စရာမဟုတ် နောက်မနေပါနဲ့ကွာ" လို့ ပြောပြီး ပိုက်ဆံတွေကို ကျုပ်စားပွဲပေါ် ပြန်ပစ်ပေးလိုက်တယ်။

"ဒါနောက်နေတာမဟုတ်ဘူး၊ တကယ်ပြောနေတာဗျ၊ ကျုပ်ကို ခင်ဗျားဖျော်ရည်တိုက်ရအောင် ဘာအကြောင်းမှမရှိဘူး၊ ဒါကြောင့် ပြန်ဆပ်တာ၊ မယူဘဲ မနေပါနဲ့"

"ဒီငွေလေး တစ်ဆင့်ခွဲအတွက် ဒီလောက်ဖြစ်နေရင် ကျုပ်ယူပါ့မယ်၊ ဒါနဲ့

ဘာဖြစ်လို့ အခုမှ အမှတ်ရသလို ဗြုန်းစားကြီး ပြန်ပေးရတာလဲ"

"အခု ပေးပေး၊ ဘယ်တော့ ပေးပေး၊ ပေးတာဟာ ပေးတာပဲပေါ့။ ကျုပ်သူတစ်ပါး အကြွေးတင်နေတာကို လုံးဝမကြိုက်လို့ ပြန်ပေးတာပဲ"

ဖြူကောင်ဟာ ကျုပ်မျက်နှာကို စေ့စေ့ကြည့်ပြီး 'ဟွန်း' လို့ ညည်းလိုက်ပြန်တယ်။

အင်္ဂျီနီက မပြောပါနဲ့လို့ တောင်းပန်ထားလို့သာပေါ့ဗျာ။ နို့မဟုတ်ရင် ကျုပ်အဲဒီနေရာမှာတင် သူ့ရဲ့ကောက်ကျစ်မှုတွေကို ထုတ်ပြောပြီး အကြီးအကျယ်ရန်တွေ့လိုက်မိမှာသေချာတယ်။ ဘယ်နှယ့် လူတစ်ဖက်သားက အရေးတကြီးထားပြီး ပြန်ပေးတဲ့ကိစ္စကို သူကပဲဟွန်းရတယ်ရှိသေး။

"ကျုပ်ဖျော်ရည်ဖိုးလည်းယူမယ်၊ ပြီးတော့ ကျုပ်ပြောပေးတဲ့ အိမ်ကလည်း မောင်ရင်ပြောင်းပေးပါ"

"ပိုက်ဆံတစ်ဆင့်ခွဲ ယူရင်ပြီးတာပဲ၊ အိမ်ပြောင်းမပြောင်းဆိုတာက ကျုပ်ကိစ္စကျုပ်သဘောပါ"

"မရဘူး မနေ့က မောင်ရင့်အိမ်ရှင် ကျုပ်ဆီလာပြီး မောင်ရင့်ကို ပြောင်းခိုင်းပေးဖို့ လာတောင်းပန်နေတယ်။သူ့ကိုအကျိုးအကြောင်းမေးကြည့်တော့ ကျုပ်လည်းမောင်ရင့်ကို ပြောင်းပေးဖို့သဘောတူလာခဲ့တယ်။ ဒီနေ့မနက် ပိုပြီး သေချာအောင်ဆိုပြီး အဲဒီ အိမ့်ရှင်ကိုသွားမေးနေရလို့ ခုလို ကျောင်းနောက်ကျခဲ့ရတာပဲ"

"အိမ်ရှင်က ခင်ဗျားကို ဘာတွေပြောတယ်ဆိုတာ ကျုပ်ဘယ်သိပါ့မလဲ၊ကိုယ့်ဘာသာထင်ရာ လျှောက်ပြောနေမှတော့ ကျုပ်ဘာလုပ်လို့ရမှာလဲ။ အမှန်ဆို ဟိုက ဘာပြောလိုက်တယ်ဆိုတာကိုတော့ ဖွင့်ပြောပြရမှာပေါ့၊ အိမ်ရှင်ဘက်က မှန်တယ်ဆိုရင်လည်း ဘယ်လိုကြောင့် မှန်တယ်ဆိုတာပြောပြရမှာပေါ့"

"ကဲ၊ ဒါဆို ကျုပ်ပြောပြမယ်၊ သူတို့အဆိုအရ မောင်ရင်ဟာ သိပ်ရိုင်းလို့ အတူနေလို့မဖြစ်ဘူးတဲ့၊ မောင်ရင်က အိမ်ရှင်အဒေါ်ကြီးကို အိမ်စေသဘောနဲ့ ဖိနပ်သုတ်ခိုင်းတယ်ဆို"

"ကျုပ် ဘယ်တုန်းက သုတ်ခိုင်းလို့လဲ"

"ဒါတော့ ကျုပ်လည်းမသိဘူး။ သူတို့က မောင်ရင်နဲ့နေရတာ စိတ်ဆင်းရဲလှပြီတဲ့။ ပြီးတော့သူတို့ရောင်းထားတဲ့ ယင်းလိပ်ပန်းချီကားဖိုး ဆယ့်ငါးယန်းကိုလည်း တစ်ခါတည်းချေသွားပါတဲ့"

"အတော်အူကြောင်ကြောင်နိုင်တဲ့ လင်မယားပဲ။ သူတို့ကို ဘယ်သူက ဒီပန်းချီကားကို လာချိတ်ခိုင်းလို့လဲ"

"ကျုပ်ဘယ်သိမလဲ၊ အခု သူတို့က မောင်ရင့်ကို ထွက်ပေးစေချင်ပြီ၊ အခုထွက်

ပေတော့"

"ထွက်ပါ့မယ်ဗျာ။ သူတို့ကဆက်နေပါဦးလို့တောင်းပန်ရင်တောင်ကျုပ်မနေဘူး။ ဒါနဲ့ခင်ဗျားက ကျုပ်ကို ဒီလိုအိမ်မျိုးမှာ ဘာလို့ပို့ထားရတာလဲ။ အတော်ဆိုးတဲ့လူ"

"ကျုပ်ကဆိုးသလား၊ ဒါမှမဟုတ် မောင်ရင်က မနေတတ်၊ မထိုင်တတ်လို့ ခုလို ဖြစ်ရတာလားဆိုတာ ကျုပ်ဘယ်သိပါ့မလဲ"


ကျုပ်ကော ဖြူကောင်ပါ စိတ်တိုတတ်တဲ့လူတွေဆိုတော့ တစ်ယောက်ကို တစ်ယောက် အရှုံးမပေးဘဲအကြီးအကျယ်အော်ကြတာပေါ့။ အခန်းထဲက ဆရာတွေ ကလည်း ဘာများဖြစ်ကြပါလိမ့်ဆိုတဲ့အတွေးနဲ့ ကျုပ်နဲ့ဖြူကောင်ကို ငေးကြည့် နေကြတယ်။ ကျုပ်နည်းနည်းကလေးမှ မရှက်ပါဘူး။ အခန်းထဲမှာရပ်ပြီး သူတို့ မျက်နှာကို တစ်ယောက်ချင်း ပြန်ကြည့်လိုက်မိတယ်။

ကျန်ဆရာအားလုံးက ထိတ်လန့်နေကြပေမယ့် ဆပ်ကပ်လူပြက်ကတော့ ပြုံးပြုံး ကြီးလုပ်နေတယ်။ ကျုပ်လည်း "ခင်ဗျားကောရန်ဖြစ်တဲ့အထဲမှာပါချင်လို့လား" ဆိုတဲ့ သဘောမျိုးနဲ့သူ့ကို စိုက်ကြည့်လိုက်မှ သူက မျက်နှာပိုးသတ်သွားတော့တယ်။ အဲဒီ အချိန်မှာ ဒုတိယခေါင်းလောင်း ပြန်မြည်လာတဲ့အတွက် ကျုပ်နဲ့ဖြူကောင်ဟာ ရန်ပွဲကို ခေတ္တရပ်နားထားလိုက်ကြပြန်တယ်။

ညနေကျတော့ တစ်နေ့ညက ကျုပ်ကို စော်ကားခဲ့တဲ့ ဘော်ဒါကျောင်းသားတွေနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ဖို့ ဆရာများအစည်းအဝေးကိုကျင်းပတယ်။ အစည်းအဝေး ဆိုတာ ကျုပ်အတွက်ပထမဆုံးမို့ ဘယ်လိုပုံမျိုးရှိတယ်ဆိုတာ မခန့်မှန်းတတ်ဘူး။ ဆရာတွေကကိုယ့်အယူအဆအသီးသီးကို ပြောပြီး ဆရာကြီးက ဆုံးဖြတ်ချက်ပေး မှာပဲလို့ အောက်မေ့ထားခဲ့မိတာပေါ့။ အဆုံးအဖြတ်ပေးတယ် ဆိုတာမျိုးကလည်း အဖြူအမည်းကွဲကွဲပြားပြား သတ်မှတ်ပြီးပေးသင့်သူက ပေးရတာမျိုးလို့ ကျုပ်က အောက်မေ့ထားခဲ့တာပေါ့။ ဒါပေမယ့်ဒီအမှုက ဘယ်သူဆိုးတယ်ဆိုတာ အရှင်းကြီး သိနေတော့ အစည်းအဝေးလုပ်နေလည်းပဲ အချိန်ဖြုန်းရာပဲကျနေတော့မှာပေါ့။ ဘယ်သူကမှ စောဒကတက်ပြီး ကန့်ကွက်စရာမှမရှိဘဲ။ ဒီလောက်ရှင်းတဲ့အမှုမျိုးဆိုတာ ကျောင်းအုပ်က ချက်ချင်းဆုံးဖြတ်ချက်ချပြီး အပြစ်ပေးလို့ရနိုင်တယ်။ ဒါကိုဘာမှ မဆုံးဖြတ်နိုင်ခဲ့ဘူး။ သူ့ကိုယ်သူကျောင်းအုပ်လို့သာ အမည်တပ်နေတာ၊ တကယ်တော့ အင်မတန်ပျော့ညံ့တဲ့လူပဲ။

အစည်းအဝေးခန်းက ကျောင်းအုပ်ကြီးရဲ့ အခန်းနဲ့ကပ်နေပြီး ခါတိုင်းဆိုရင် ထမင်းစားခန်းလုပ်တဲ့အခန်းပဲ။ သားရေဖုံး ကုလားထိုင်အလုံးနှစ်ဆယ်လောက်က ရှည်မျောမျော စားပွဲတစ်ခုကိုဝိုင်းထားတယ်။ကန်ဒါရပ်ဘက်က အနေသက်တိုင်းပျော်ပွဲ





စားရုံမှာပြင်ထားတဲ့ ပုံစံမျိုးဖြစ်နေတယ်။ စားပွဲရဲ့ထိပ်မှာ ကျောင်းအုပ်ကြီးက ထိုင်နေပြီး သူ့ဘေးမှာ အင်္ဂျီနီထိုင်တယ်။ ကျန်တဲ့ဆရာတွေကတော့ သူတို့ သဘောကျထိုင်ချင်ရာ ထိုင်နေကြပေမယ့် အားကစားဆရာကတော့ အမြဲတမ်းချောင်တစ်ခုမှာ ကုပ်နေတတ်တယ်။ ကျုပ်ဟာ အခြေအနေကို ကောင်းကောင်းနားမလည်သေးတဲ့အတွက် သဘာဝသမိုင်းဆရာနဲ့ တရုတ်စာလုံးရေးသင်ဆရာတို့ရဲ့ ကြားကိုဝင်သွားမိတယ်။

တစ်ဖက်ကို ကြည့်လိုက်တော့ ဖြူကောင်နဲ့ ဆပ်ကပ်လူပြက်တို့က ဘေးချင်းယှဉ်ထိုင်နေကြတယ်။သေသေချာချာကြည့်ရင် ဆပ်ကပ်လူပြက်ရဲ့ မျက်နှာဟာ ဖြူကောင်ထက်ပိုပြီး ကျက်သရေယုတ်တယ်။ ကျုပ်နဲ့ ရန်ဖြစ်ထားတာက တစ်ခြားပဲ။ ဖြူကောင်ရဲ့ မျက်နှာဟာဥပမိရုပ်ကောင်းပြီး ဆွဲဆောင်မှုရှိနေသလိုပဲ။ အဖေအနိစ္စရောက်တုန်းက ကောဘိ█တအရပ်က ယောဂင်းဂျိဘုရားကျောင်းမှာ ချိတ်ဆွဲထားတဲ့ နတ်ရုတ်ကြီးကို အမှတ်ရလာတယ်။ ဒီအရပ်ဟာ ဗုဒ္ဓမြတ်စွာဘုရားရဲ့ သာသနာတော်ကိုစောင့်တဲ့ ဒီဒတင်နတ်မင်းလို့ ဘုန်းတော်ကြီးက မိန့်ကြားခဲ့ဖူးတယ်။အဲဒီ နတ်မင်းရဲ့ မျက်နှာနဲ့ဖြူကောင်ရဲ့ မျက်နှာဟာ ချွပ်စွပ်တူနေတယ်။ ဒီနေ့တော့ ကျုပ်လည်း ဒေါပွပွနဲ့ သူ့ကို တစ်ချက်ငဲ့စောင်းကြည့်မိတယ်။ ကြည့်တဲ့အခါတိုင်း သူနဲ့ မျက်လုံးချင်းဆုံမိတော့တယ်။ အဲဒီအခါမျိုးမှာ ကျုပ်ဟာအနိုင်မခံ အရှုံးမပေးဘဲ ခပ်တည်တည်နဲ့ပြန်ပြီး စိုက်ကြည့်မိပြန်တယ်။

ကျုပ်မျက်လုံးက ပုံမကျပေမယ့်ပြူးနေတော့ တော်တော့ လူဟာ ကျုပ်ကို ယှဉ်ပြီး မကြည့်ရဲဘူး။ လူကလေးက မျက်လုံးကောင်းတယ်၊ ကြီးလာရင် သေချာပေါက် အရာရှိကြီး ဖြစ်လိမ့်မယ်'လို့ ကီယော်က မကြာခဏ ချီးမွမ်းခဲ့ဖူးတယ်။

"အင်း၊ စဖို့အချိန်တန်ပြီ ထင်တယ်" လို့ ကျောင်းအုပ်ကြီးက မိန့်ကြားလိုက်တဲ့အခါ အခမ်းအနားမှူး ကာဝါမူရက တစ်ယောက်နှစ်ယောက်စသည်ဖြင့် လူတွေကို လိုက်ပြီးရေတွက်နေတယ်။ တစ်ယောက်လိုတယ်၊ တစ်ယောက်မလာဘူးထင်တယ် စသည်ဖြင့် တစ်တွတ်တွတ် ပြောနေပုံထောက်တော့ အဲဒီလူဟာ ရွှေဖရုံသီးပဲ ဖြစ်မယ်လို့ ကျုပ်တွက်လိုက်တယ်။

ကျုပ်နဲ့ ရွှေဖရုံသီးတို့ကလည်း ဘဝက ရေစက်ကြောင့်လား၊ မပြောတတ်ဘူး။ သူ့မျက်နှာကိုစတွေ့ကတည်းက မေ့လို့ကိုမရတော့ဘူး။ ဆရာများအခန်းထဲကို ရောက်တယ်ဆိုရင်ပဲ ကျုပ်ဟာရွှေဖရုံသီးကို ရှာနေမိတယ်။ လမ်းထွက်လျှောက်နေတဲ့အခါမျိုးမှာလည်း သူ့ကိုပဲ မြင်ယောင်နေမိတတ်တယ်။ တစ်ခါတလေ ရေပူစမ်းဘက်ကို ရေသွားချိုးတဲ့အခါ ရေချိုးခန်းထဲမှာ မျက်နှာကလေး ညှိုးပြီးရေချိုးနေတာကို တွေ့ရတတ်တယ်။ ကျုပ်က နှုတ်ဆက်တဲ့ အခါမျိုးမှာ 'ဟယ် . . .' ဆိုပြီး ထိတ်ထိတ်လန့်လန့်နဲ့ ခေါင်းကို

ဦးညွတ်နှုတ်ဆက်တယ်။ အတော်သနားစရာကောင်းတယ်။ ဒီကျောင်းမှာတော့ ရွှေဖရုံသီးလောက် သိမ်မွေ့ပြီး သဘောကောင်းတဲ့ ဆရာတစ်ယောက်မှ မရှိဘူး။ ရယ်တာပြုံးတာနည်းတယ်။ သူက ဘယ်တော့မှ ဟော့ဟောရမ်းရမ်း ပြောတဲ့လူ မဟုတ်ဘူး။ စာအုပ်ထဲမှာ လူတော်လူကောင်းဆိုတဲ့ စကားလုံးကို ဖတ်ရတုန်းက ကျုပ်ဟာ ဒီစကားလုံးကို စာအုပ်ထဲမှာသာ ရှိတာပါလို့ ထင်ခဲ့ဖူးတယ်။ ရွှေဖရုံသီးကို တွေ့တော့ ဒီစကားရဲ့ တကယ့်သရုပ်ကို မြင်လာရတော့တယ်။

ကျုပ် ဒီလောက်လေးစားပြီး အထင်ကြီးနေမှတော့ အစည်းအဝေးခန်းမှာ သူရှိမရှိ ဆိုတာကို ချက်ချင်းသတိထားမိတော့တာပဲပေါ့။ အမှန်တော့ ကျုပ်ဟာ ဒီအစည်း အဝေးမှာ သူ့ဘေးကထိုင်မယ်လို့ စဉ်းစားထားတဲ့အတွက် အခုလောက် သတိထား မိတာလည်း ဖြစ်နိုင်တယ်။

"ကဲ . . . ကဲ နောက်တော့ စုံလိမ့်မပေါ့စကြပါစို့" လို့ ပြောပြီး ကျောင်းအုပ်ကြီး ဟာသူ့ရှေ့က အညိုရောင်ပိုးဖျင်လိပ်ကိုဖြေပြီး လျှောက်လွှာစာရွက်တွေကို ဖတ်တော့ တယ်။ အကျိုးနီကတော့ သူ့ဆေးတံရဲ့ပယင်းအရိုးကလေးကို ပိုးလက်ကိုင်ပဝါနဲ့ ပွတ်သပ်နေတယ်။ ဒါကဒီလူ့အကျင့်ပဲ။ သူ့ပုံပန်းနဲ့ သူ့အကျင့်ကတော့ ဟပ်နေတယ်။ တစ်ခြားဆရာတွေကတော့ သူတို့ဘေးနားကလူတွေနဲ့ ပွစိပွစိ စကားပြောနေကြတယ်။ ဘာမှ လုပ်စရာမရှိတဲ့ ဆရာတွေကျတော့ ခဲတံဘောဖျက်နဲ့ စာပေါ်ကို ဟိုခြစ်ဒီခြစ် ဖြစ်နေတယ်။ ဆပ်ကပ်လူပြက်က ဖြူကောင်နားကပ်ကပ်ပြီး စကားတတွတ်တွတ် ပြောပေမယ့် ဖြူကောင်ကတစ်နည်းနည်းမှ ဂရုစိုက်တဲ့ဟန်မပြဘူး။ 'အွန်း' 'အင်း' စတာ လောက်သာစိတ်မပါ့တပါလိုက်ပြောနေပြီး တစ်ခါတစ်ခါကျုပ်ဘက်ကို ထိတ်လန့်တဲ့ အကြည့်မျိုးနဲ့ကြည့်တတ်တယ်။ ကျုပ်လည်းအရှုံးမပေးဘဲ သူ့ကို ပြန်စိုက်ကြည့် လိုက်တယ်။

အဲဒီအချိန်မှာ အားလုံးကမျှော်လင့်နေတဲ့ ရွှေဖရုံသီးရောက်လာတယ်။ မျက်နှာ ကလေးအောက်ကိုချပြီး "ကိစ္စကလေးတစ်ခုကြောင့် နောက်ကျသွားတာ တောင်းပန်ပါ တယ်" လို့ တောခွေးကိုရိုရိုသေသေခွင့်ပန်နေတယ်။ ဒီလိုနဲ့အစည်းအဝေးစတော့တယ်။ ပထမဆုံးတောခွေးက အခမ်းအနားမှူး ကာဝါမူရကို အစည်းအဝေးအစီအစဉ် စာရွက် တွေဝေခိုင်းတယ်။ သေသေချာချာ ကြည့်လိုက်တော့ ပထမအစီအစဉ်က အပြစ်ပေးခြင်း၊ ဒုတိယက ကျောင်းစည်းကမ်းရှင်းပြခြင်းနဲ့ အခြားအစီအစဉ်နှင့်သုံးခုဆက်နေတယ်။ ပထမဆုံးတောခွေးက သူ့ကိုယ်သူ ပညာရေးပါရဂူကြီးပြန်ဝင်စားတဲ့ လေသံမျိုးနဲ့ မိန့်ခွန်း ခြွေတော့တယ်။

"ဆရာများခင်ဗျား၊ အမှန်တော့ ဟောဒီကျောင်းတော်ကြီးရဲ့ ဆရာများ ကျောင်းသား

များအကြားမှာ ပြဿနာအမှုကိစ္စတစ်ခုခု ဖြစ်ပွားတယ်ဆိုတာဟာ သေချာချာတွေးကြည့်လိုက်ရင် ကျောင်းအုပ်တာဝန်ယူနေရတဲ့ ကျွန်တော်ရဲ့ပျော့ကွက်ဟာကွက်လို့ မြင်လာရပါတယ်။ အခုကြည့်လေ၊ ကျောင်းသားတွေကို အပြစ်ပေးရတော့မယ်။ ဘယ်လောက်ဝမ်းနည်းဖို့ကောင်းသလဲ။ ဒီလိုခေါင်းရှုပ်စရာပါပဲ။ ဒီလိုခေါင်းရှုပ်စရာတွေဖြစ်ပေါ်လာစေတဲ့အတွက် ကျွန်တော်ဆရာများကို တောင်းပန်ပါတယ်။ အခုအခြေအနေရောက်မှတော့ ထိုက်သင့်တဲ့အပြစ်မျိုးကို ပေးနိုင်ဖို့အတွက် ဆရာများက မိမိတို့ရဲ့အယူအဆကို မကွယ်မဝှက် ပွင့်ပွင့်လင်းလင်းအကြံပေးကြဖို့ မေတ္တာရပ်ခံပါတယ်"

ကျုပ်တို့ ဂျပန်ဒဏ္ဍာရီပုံပြင်တွေထဲမှာ မြေခွေးဟာ သူ့ကိုယ်သူ ပညာရှိဟန်ဆောင်တတ်တယ်လို့ ပါတယ်။ ခုလည်း ဒီကျောင်းအုပ်ရဲ့ အမူအရာနဲ့ ပုံပြင်ထဲက မြေခွေးနဲ့ တစ်ထေရာတည်းဖြစ်နေပါကလားလို့ စိတ်ဝင်စားမိတယ်။ ဒီလိုသာ ကျောင်းအုပ်လုပ်တဲ့လူကအမှုပေါ်တိုင်းသူ့အပြစ်ပါပဲ။ သူ့ချွတ်ယွင်းချက်ပါလို့ပြောနေမယ်ဆိုရင် အစကတည်းက ကျောင်းသားတွေကို အပြစ်မပေးဘဲကိုယ့်အပြစ်ကိုကိုယ်တာဝန်ယူတဲ့ အနေနဲ့ အလုပ်ကိုတစ်ခါတည်းထွက်သွားတာက ပိုကောင်းမှာပေါ့။ ဒါဆိုရင် ခုလိုခေါင်းရှုပ်စရာကောင်းတဲ့ အစည်းအဝေးမျိုးလည်း ခေါ်စရာမလိုတော့ဘူး။

ဒါကဘယ်လိုပဲကြည့်ကြည့် ရှင်းနေတဲ့ကိစ္စပဲ။ ကျုပ်ကတာဝန်အရ လေးလေးစားစား ညစောင့်တာဝန်ကို ထမ်းဆောင်ခဲ့တယ်။ ကျောင်းသားတွေက ရမ်းကားသောင်းကျန်းကြတယ်။ ဒီတော့ တကယ်ဆိုးတဲ့လူဟာ ကျောင်းအုပ်လည်းမဟုတ်ဘူး။ ကျုပ်လည်းမဟုတ်ဘူး။ ကျောင်းသားတွေပဲ။ တကယ်လို့ ဖြူကောင်က ကျောင်းသားတွေကို မြှောက်ပင့်ပေးခဲ့တယ်ဆိုရင် သူ့ကိုပါကျောင်းသားတွေနဲ့အတူ အပြစ်ပေးရမှာပေါ့။ တစ်ခြားလူတွေ အပြစ်မလုပ်လိုက်နဲ့။ ဒါ ငါ့အပြစ်လို့ လျှောက်ပြီးအော်ပြောတတ်တဲ့ လူမျိုးကို ဘယ်တိုင်းပြည်မှာတွေ့ဖူးလို့လဲ။ ဒါဟာ ပုံပြင်ထဲက မြေခွေးလိုဟန်ဆောင်တာကလွဲလို့ ဘာမှမဖြစ်နိုင်ဘူး။

တောခွေးဟာ အဲဒီလို အဓိပ္ပာယ်မရှိတဲ့ မိန့်ခွန်းကို မိန့်ကြားပြီးတဲ့နောက်မှာ စားပွဲမှာထိုင်နေတဲ့ ဆရာတွေကို ဂုဏ်ယူဝံ့ကြွားစွာ တစ်ချက်စိုက်ကြည့်လိုက်တယ်။ ဘယ်သူမှမလှုပ်ကြဘူး။ သဘာဝသမိုင်းဆရာက ကျောင်းခေါင်မိုးပေါ်မှာ နားနေတဲ့ ကျီးကန်းကိုလှမ်းကြည့်နေတယ်။ တရုတ်အက္ခရာရေး သင်တဲ့ဆရာက သူ့လက်ထဲက အစီအစဉ်စာရွက်ကို ခေါက်လိုက်ဖြန့်လိုက်လုပ်နေတယ်။ ဖြူကောင်က ကျုပ်ကို စိုက်ကြည့်နေပြန်တယ်။ အစည်းအဝေးဆိုတာမျိုးဟာ ဒီလိုအဓိပ္ပာယ်မရှိတဲ့အရာမျိုးဆိုရင် လာမတတ်ဘဲ အိမ်မှာဇိမ်နဲ့ အိပ်နေတာကမှ ပိုကောင်းဦးမယ်။

ကျုပ်စိတ်ထဲမှာ ရှုစိရှုစိဖြစ်လာတာနဲ့ထပြောလိုက်မယ် လုပ်တဲ့အခါ အကျိုနီ

ထလိုက်တာကို မြင်ရတဲ့အတွက် အသာပြန်ထိုင်လိုက်ရတယ်။ ကြည့်လိုက်တော့ သူက ဆေးတံကိုအိတ်ထဲထည့်ပြီး အစွန်းအပြောက်တွေပါတဲ့ ပိုးလက်ကိုင်ပဝါနဲ့ မျက်နှာကို သုတ်ရင်းတစ်ခုခု ပြောနေတာကိုတွေ့ရတယ်။ ဒီလက်ကိုင်ပဝါဟာ ဂေရှာမယ် မက်ဒိုနာ ဆီကလိုမ့်ယူခဲ့တာက လွဲလို့ဘာမှမဖြစ်နိုင်ဘူး။ အမှန်တော့ယောကျ်ားဆိုတာ ပိုး လက်ကိုင်ပဝါမသုံးဘူး။ ချည်လက်ကိုင်ပဝါပဲသုံးတယ်။

"ကျွန်တော်လည်း ဒီကလေးတွေရဲ့ရမ်းကားမှုကို ကြားလိုက်ရတော့ ဒုကျောင်း အုပ်တစ်ယောက်လုပ်နေပြီး ငါဟာသူတို့တစ်တွေကိုစာရိတ္တကောင်းလာအောင် မလေ့ကျင့် နိုင်ခဲ့ပါလားဆိုတဲ့ အသိနဲ့ရှက်မိခဲ့ပါတယ်။အမှန်တော့ ဒီလိုအမှုမျိုး ဆိုတာဟာ ဟာကွက် တွေ ချွတ်ယွင်းချက်တွေကြောင့် ပေါ်ပေါက်ခဲ့ရတာပါပဲ။ အပေါ်ယံအနေနဲ့ကြည့်ရင်တော့ ဒါဟာ ကျောင်းသားတွေကြောင့်ဖြစ်ရတာဆိုပြီး သူတို့ကိုအပြစ်ဖို့မှာပါပဲ။ခရေစေ့တွင်းကျ စဉ်းစားကြည့်မယ်ဆိုရင်တော့ ဒါဟာဟောဒီ ကျောင်းတော်ကြီးမှာလည်းအပြစ်ရှိနေ ပါတယ်။ ဒါကြောင့် အပေါ်ယံကိုကြည့်ပြီး ကြီးလေးတဲ့ အပြစ်ဒဏ်မျိုးကို ချတယ်ဆိုတာ ဟာ အနာဂတ်အတွက် အလားအလာမကောင်းတဲ့ ကိစ္စမျိုးဖြစ်နေပါတယ်။

"လူငယ်ဆိုတာက တက်ကြွတယ်၊ စွမ်းအားတွေ ပိုလျှံနေတယ်ဆိုတော့ အမှန်အမှားကို မခွဲခြားတော့ဘဲအခုလို နောက်ပြောင်မိကြတာပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် အပြစ်ပေးခွင့်အာဏာဆိုတာက ကျောင်းအုပ်ကြီးရဲ့လက်ထဲမှာသာ ရှိနေတာ ဆိုတော့ ကျွန်တော် ဝင်မစွက်ဖက်လိုပါဘူး။ သက်သက်ညှာညှာစဉ်းစားပြီး သဘောထားကြီးကြီး ဆုံးဖြတ်ဖို့သာမေတ္တာရပ်ခံအပ်ပါတယ်"

အမယ်၊ တယ်ဟုတ်ပါလား။ တောခွေးက တောခွေး၊ အကျိုနီကလည်း အကျိုနီ ပါပဲလား။ ကျောင်းသားတွေ ရမ်းကားတာဟာ သူတို့အပြစ်မဟုတ်ဘူး။ ဆရာတွေရဲ့ အပြစ်လို့ ပြောနေပါရော့လား။ အရူးကလူကောင်းကို ရိုက်တာဟာ အရူးဆိုးလို့ မဟုတ် ဘူး၊ လူကောင်းရဲ့ အပြစ်ကြောင့်လို့ ပြောနေပါပကောလား။ အတော့်ကိုကျေးဇူးတင် ထိုက်တဲ့ ပညာရှိကြီးရဲ့အကြံညဏ်ပါပဲ။ ကလေးတွေက ဒီလောက်တောင်စွမ်းအား တွေ ပိုလျှံနေကြတယ်ဆိုရင် ဘောလုံးကွင်းထဲသွားပြီး နပန်းလုံးခိုင်းပါတော့လား။ ခြင်ထောင်ထဲကို နံ့ကောင်ထည့်တာဟာ စိတ်ထဲကပါလို့ မဟုတ်ဘူးဆိုရင် ခြင်ထောင်ထဲ ဝင်ပြီးလည်ပင်းညှစ်သတ်ကြရင်လည်း စိတ်ထဲကပါလို့ မဟုတ်ဘူးလို့သင်းက ယူဆ တော့မှာလား။

ကျုပ်က ဒီလိုထပြောလိုက်ချင်ပေမယ့် အခုလို လူတွေက စိုက်နားထောင်နေတုန်း ထပြောရမှာအတော်ကြောက်တယ်။ ကျုပ်အကျင့်က စိတ်ဆိုးရင် စကားထစ်လေ့ရှိ တယ်။ တောခွေးနဲ့အကျိုနီဟာ ကျုပ်နဲ့ယှဉ်ရင် လူဖျင်းလူညံ့တွေဖြစ်ပေမယ့် စကား

အလွန်တတ်ကြတဲ့အတွက် ကျုပ်ကဒီလိုသာ ထစ်ထစ်ငေါ့ငေါ့နဲ့ထပြောရင် သူတို့က နိုင်မှာသေချာတယ်။ ဒါနဲ့ ကျုပ်ဘယ်လိုကနေစပြောရမယ်ဆိုတာကို စိတ်ထဲမှာ စီစဉ်နေတုန်း ဆပ်ကပ်လူပြက်က ဆတ်ခနဲမတ်တပ်ထရပ်လိုက်တယ်။

"ခုလို နံ့ကောင်ကိစ္စနဲ့ ဆူပူအော်ဟစ်တဲ့ကိစ္စတွေ ဖြစ်ပေါ်လာခဲ့ရတာ ဒီကျောင်းတော်ကြီးကို ကောင်းမွန်တိုးတတ်စေလိုတဲ့ဆန္ဒရှိကြတဲ့ ဆရာအားလုံးအတွက် ဆုံးရှုံးမှုတစ်ရပ်လို့ ကျွန်တော်တော့မြင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့တွေဟာ အခုချိန်ကစပြီး သတိဝီရိယကြီးစွာထားကြဖို့၊ စည်းကမ်းကိုတိတိကျကျ လိုက်နာကြဖို့ လိုအပ်လာပြီလို့ ယူဆပါတယ်။ ခုနကကျောင်းအုပ်ကြီးနဲ့ ဒုကျောင်းအုပ်ကြီးတို့ မိန့်ကြားခဲ့တာတွေဟာ အတော့်ကိုလျော်ကန်သင့်မြတ်လှတဲ့အတွက် ကျွန်တော့်အနေနဲ့ လုံးဝဥဿုံထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အမှုကိုဆုံးဖြတ်တဲ့အခါမှာသာ သဘောထားကြီးကြီးထားပြီးတော့ ကိုင်တွယ်ဆုံးဖြတ်ပေးဖို့ အနူးအညွတ် မေတ္တာရပ်ခံအပ်ပါတယ်"

ဆပ်ကပ်လူပြက်ရဲ့ စကားကဘာမှ အဓိပ္ပာယ်မရှိတဲ့ အခွံသက်သက်ပဲ။ သူသုံးနှုန်းသွားတဲ့ စကားလုံးတွေက ပြောသာသွားပေမယ့် ဘာကိုဆိုလိုမှန်းမသိဘူး။ ကျွန်တော့်အနေနဲ့ လုံးဝဥဿုံထောက်ခံပါကြောင်း ဆိုတာလောက်ပဲ ရေရေလည်လည် နားလည်လိုက်တယ်။ သူဘာကိုဆိုလိုမှန်း မသိတဲ့တိုင်အောင် ကျုပ်တော်တော် ဒေါပွလာတဲ့အတွက် စိတ်ထဲမှာမအောင့်နိုင်တော့ဘဲ ထပြီးပြောမိတော့တယ်။

"ကျုပ်ခင်ဗျားပြောတာ အားလုံးကို ကန့်ကွက်တယ်"

ကျုပ် အဲဒီထက်ဘာမှ ဆက်ပြောတတ်ဘူး။

"ပြီးတော့ အဓိပ္ပာယ်မရှိတဲ့ အပိုစကားတွေကိုလည်း ဆက်မပြောပါနဲ့" လို့ကျုပ်က ဆက်ပြောချလိုက်တော့ တစ်ခန်းလုံးဝါးခနဲ ရယ်ချလိုက်ကြတယ်။

"ဒီကိစ္စမှာ ကျောင်းသားတွေကဆိုးတာ သေချာနေတာပဲ။ သူတို့ကို တောင်းပန်ခိုင်းရမယ်။ ဒါမှမဟုတ်ရင် ကျောင်းထုတ်ပစ်ရမယ်။ သူတို့ကအခုမှ ရောက်လာတဲ့ ဆရာအသစ်ဆိုပြီး လူပါးဝကြတယ်"

ကျုပ်လည်းဒေါပွပွနဲ့ ပြောမိပြောရာကို ဆက်ပြောနေမိတော့တယ်။ အဲဒီအခါ ကျုပ်ရဲ့ ညာဘက်မှထိုင်နေတဲ့ သဘာဝသမိုင်းဘာသာရပ်ဆရာက "ကျောင်းသားတွေ ဆိုးတာမှန်ပါတယ်၊ ဒါပေမယ့်သိပ်ပြီးကြီးလေးတဲ့ အပြစ်မျိုးပေးလိုက်လို့ သူတို့ပြန်ပြီး လက်စားချေတဲ့ သဘောနဲ့သောင်းကျန်းနေရင် အကုန်ခက်ကုန်မယ်။ ဒုကျောင်းအုပ်ကြီး ပြောသလို သဘောထားကြီးကြီးထားကြဖို့ တိုက်တွန်းပါတယ်" လို့ လျော့ရိလျော့ရဲ အကြံမျိုးကိုပေးလာပြန်တယ်။ အဲဒီအခါမှာ ဘယ်ဘက်မှာထိုင်နေတဲ့ တရုတ်

စာရေးဆရာကလည်း ဒီအကြံကိုသဘောတူကြောင်း ထပြောလာပြန်တယ်။ သမိုင်းဆရာကလည်း ဒုကျောင်းအုပ်ကြီးပြောတာကို သဘောတူတဲ့အကြောင်း ထောက်ခံတယ်။ တကယ်တော့ သူတို့အားလုံးဟာ အင်္ကျီနီရဲ့အုပ်စုဝင်တွေပဲ။ အခြေအနေကတော့သူတို့အုပ်စုက ကျောင်းကိုခြယ်လှယ်နေကြတာပဲ။ ဒီတော့ကျောင်းသားတွေကပဲ တောင်းပန်မလား။ ကျုပ်ပဲ အလုပ်ကထွက်မလား၊ ဒီနှစ်ခုထဲက တစ်ခုကိုရွေးရုံပဲကျန်တော့တယ်။ အင်္ကျီနီရဲ့ဘက်တော်သားတွေကနိုင်သွားရင်တော့ ကျုပ်အဖို့ အိမ်ပြန်ပြီး အိပ်ရာလိပ်ရုံပဲရှိတော့တယ်။ အမှန်တော့ ဒီလူယုတ်မာတွေနဲ့ ပြိုင်ပြီး ငြင်းလို့နိုင်မှာမဟုတ်ဘူး။ နိုင်ခဲ့ရင်တောင် သူတို့နဲ့ဆက်ပြီး ဆက်ဆံချင်တဲ့ စိတ်ကမရှိတော့ဘူး။ ကျုပ်မရှိလည်းဒီကျောင်းအတွက် ဘာမှဖြစ်သွားမှာမဟုတ်ပါဘူး။ ကျုပ်တစ်ခုခုဆက်ပြောရင်လည်း သူတို့က ဝိုင်းလှောင်ပြီး ကျုပ်ကိုအပုပ်ချကြမှာ သေချာနေတယ်။

အဲဒီအချိန်မှာ တောက်လျှောက်ငြိမ်ပြီး နားထောင်နေတဲ့ ဖြူကောင်က ဖြုန်းကနဲထရပ်လိုက်တယ်။ အင်း၊ ဒီလူလည်းအင်္ကျီနီကို ထောက်ခံဦးမလို့နဲ့တူတယ်။ ခုနကတင်သူနဲ့ရန်ဖြစ်ထားတော့ သူ့အလှည့်ရောက်ပြီပေါ့။ ပြောစမ်းပါစေလို့ အသာနားထောင်နေမိတယ်။

အဲဒီအခါမှာ ဖြူကောင်က မှန်ကွဲကို ခေါက်တဲ့ အသံကွဲမျိုးနဲ့-

"ကျွန်တော့်အနေနဲ့ ဒုကျောင်းအုပ်ကြီး ပြောတာကို တစ်ခြားဆရာတွေ ပြောတာကိုပါလုံးဝဆန့်ကျင်ပါတယ်။ ဒီအမှုဟာ ဘယ်ဘက်ကပဲကြည့်ကြည့် ဘော်ဒါကျောင်းသားငါးဆယ်က ဆရာအသစ်ကိုမလိုမုန်းထားပြီး အရူးလုပ်ကြတာကလွဲလို့ တစ်ခြားဘာမှမဖြစ်နိုင်ဘူး။ ဒါကို ဒုကျောင်းအုပ်ကြီးက ဆရာတွေရဲ့အပြစ်လိုလို ထမင်းရေပူလျှာလွှဲ လုပ်ပြောနေတာဟာ လုံးဝမသင့်ပါဘူး။ ဒီဆရာအသစ်ဟာ ရောက်လာတာဘာမှမကြာသေးပါဘူး။ ကျောင်းသားတွေနဲ့ ထိတွေ့တာဆိုလို့လည်း ရက်နှစ်ဆယ်လောက်တောင်မပြည့်သေးဘူး။ ဒီလောက်တိုတောင်းလှတဲ့ အချိန်အတွင်းမှာ ကျောင်းသားတွေဟာ ဒီဆရာအသစ်ရဲ့ ပညာအရည်အချင်းနဲ့ ကိုယ်ရည်ကိုယ်သွေးကို ဘယ်လိုမှ မှန်မှန်ကန်ကန်အကဲဖြတ်နိုင်ကြမှာ မဟုတ်သေးဘူး။ ထားပါတော့၊ ကျောင်းသားတွေက ရှုံ့ရှာမုန်းတီးတယ်ပဲဆိုပါတော့၊ သူတို့လုပ်ချင်တိုင်း ခွင့်ပြုရမတဲ့လား။ ရောက်လာတဲ့ ဆရာအသစ်ကို စော်ကားနှောင့်ယှက်တဲ့ အပြစ်အပေါ်မှာ ခွင့်လွှတ်ရမယ်၊ သက်ညှာရမယ်ဆိုတာဟာ ကျောင်းရဲ့ဩဇာအာဏာနဲ့ နာမည်ကိုဖျက်ဆီးတာပဲလို့ ကျွန်တော်မြင်ပါတယ်။

"ပညာရေးရဲ့ အနှစ်သာရဆိုတာဟာ ကျောင်းသားတွေကို စာသင်ပေးရုံနဲ့မပြီးပါဘူး။ သဘောထားမြင့်မြတ်ခြင်း၊ သစ္စာတရားကို ချစ်မြတ်နိုးခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း

စတဲ့ကောင်းမွန်တဲ့ အရည်အသွေးတွေ ရှင်သန်ကြီးထွားအောင် မြေတောင်မြှောက်ပေးဖို့လည်းလိုပါတယ်။

တစ်ချိန်ထဲမှာပဲ ရိုင်းစိုင်းမှု၊ မိုက်မဲမှု၊ စည်းကမ်းမဲ့မှု စတဲ့ အကျင့်ဆိုးတွေကို သုတ်သင်ရှင်းလင်းဖို့လည်း လိုအပ်တယ်လို့ ထင်ပါတယ်။ ကျောင်းသားတွေက ပြန်ပြီး လက်စားချေမှာစိုးလို့၊ ဆူပူမှာစိုးလို့ဆိုပြီး လက်ပိုက်ကြည့်နေကြရင်တော့ သူတို့ရဲ့ အကျင့်ဆိုးတွေကို ဘယ်လိုမှ ဖျောက်ဖျက်လို့ ရမှာမဟုတ်တော့ပါဘူး။

ကျောင်းသားတွေမှာ ပေါ်ပေါက်နေတဲ့ မကောင်းတဲ့ အကျင့်တွေကို ဖျောက်ဖျက်ပစ်ဖို့အတွက် ကျွန်တော်တို့ဟာ ဒီနေရာမှာလာပြီး ကျောင်းဆရာဆိုတဲ့တာဝန်ကို ထမ်းရွက်နေကြတာပါ။ သူတို့လုပ်ချင်တိုင်းလုပ်နေတာကို လက်ပိုက်ကြည့်နေရမယ်ဆိုရင်တော့ ကျောင်းအုပ်ဆရာဘဝကို မခံယူကြတာကမှပိုပြီး လျော်ကန်သင့်မြတ်လိမ့်မယ်လို့ ကျွန်တော်တို့ယူဆပါတယ်။

အခု ကျွန်တော် တင်ပြခဲ့တဲ့အကြောင်းတွေကြောင့်နံပါတ်(၁)ဘော်ဒါကျောင်းသားအားလုံးကို ကြီးလေးတဲ့ အပြစ်ပေးဖို့၊ နံပါတ်(၂) သက်ဆိုင်ရာဆရာကို အများ ရှေ့မှာဝန်ချတောင်းပန်ခိုင်း ကျွန်တော့်အနေနဲ့ လေးလေးနက်နက် အကြံပြုအပ်ပါတယ်ခင်ဗျား"

ဖြူကောင်ဟာ သူ့စကားဆုံးတယ်ဆိုရင် ချက်ချင်းထိုင်ချလိုက်တယ်။ အခန်းထဲမှာရှိတဲ့လူတွေအားလုံး ဘာတစ်ခွန်းမှ မပြောကြတော့ဘူး။အကျိုနီက သူ့ဆေးတံကြီးကိုပြန်ထုတ်နေပြန်တယ်။ ဘာကြောင့်ရယ်မသိဘူး။ ကျုပ်အတော်ကြီး ဝမ်းမြောက်သွားမိတယ်။ ကျုပ်ပြောမယ်လို့ ကြံစည်ထားခဲ့တဲ့အကြောင်းအရာတွေ အားလုံးကို ဖြူကောင်ကပြောခဲ့တာပဲ။ ကျုပ်ကလည်း စိတ်အပြောင်းအလဲမြန်တယ်။ သူနဲ့ကျုပ်ရန်ဖြစ်ခဲ့တာတွေ အားလုံးကိုမေ့ပစ်ပြီး သူ့ကိုကျေးဇူးတင်တဲ့ အကြည့်မျိုးနဲ့ လှမ်းကြည့်လိုက်မိတယ်။ သူကတော့ ဘာသိဘာသာပဲ မသိကျိုးကျွန်ပြုနေတယ်။

ခဏကြာတော့ ဖြူကောင် ထလာပြန်တယ်။

"စောစောက ကျွန်တော်ဆက်ပြီး တင်ပြစရာတစ်ခု ကျန်ခဲ့ပါတယ်။ အဲဒီညက အစောင့်တာဝန်ကျတဲ့ ဆရာဟာ ကျောင်းအပြင်ထွက်ပြီး ရေပူစမ်းဘက်ကို သွားခဲ့ပါတယ်။ ဒါဟာလည်း ခွင့်မလွှတ်သင့်တဲ့ကိစ္စပါ။ သူ့အနေနဲ့ ညစောင့်လုပ်ရတာကို မနှစ်မြို့ဘူးပဲထား၊ တာဝန်ဟာ တာဝန်ပါဘဲ။ ကျောင်းမှာ ဘယ်ဆရာမှ မရှိကြတော့တဲ့အခါမှာ ကျောင်းကို စောင့်ရှောက်ဖို့တာဝန်ရှိပါတယ်။ သူ့သဘောကျ ရေပူစမ်းကို ထွက်သွားတာကိုလည်းပဲ ဘယ်သူကမှ မဟန့်တားခဲ့ကြပါဘူး။ ဒါကြောင့်မို့ ကျောင်းသားတွေကို အပြစ်ပေးတာနဲ့အတူ တာဝန်ပျက်ကွက်ခဲ့တဲ့ အဲဒီဆရာကိုလည်း

ကျောင်းအုပ်ကြီးအနေနဲ့ ထိုက်သင့်သလို သတိပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား"

အတော်ဆန်းတဲ့လူပဲ။ ကျုပ်ကို ချီးကျူးနေပြီလို့ အောက်မေ့ကာစရှိသေးတယ်၊ ခုချက်ချင်း ကျုပ်အပြစ်တွေကိုထောက်ပြနေပြန်တယ်။ အစတုန်းက ကျုပ်အနေနဲ့ အရင် ညစောင့်တာဝန်ကျဆရာ အပြင်ထွက်လည်တာကိုကြည့်ပြီး ဒါထုံးစံဖြစ်နေတာနေမှာ လို့တွက်ဆခဲ့တာပေါ့။ အခုလို အပြစ်တင်ခံရတော့မှပဲ ကျုပ်လုပ်ခဲ့တဲ့အမှုဟာ အပြစ်မကင်းပါလားလို့ မြင်လာမိတယ်။ ဒါကြောင့် ဒီလိုဝေဖန် တိုက်ခိုက်ခြင်းခံရ တာဟာလည်း တကယ်တော့ သဘာဝကျပါတယ်။ ဒါနဲ့ ကျုပ်ကလည်း ထပြီး . . .

"ကျွန်တော် တာဝန်ချိန်အတွင်း ရေပူစမ်းထွက်ခဲ့မိတာ မှန်ပါတယ်။ ဒါဟာ လုံးဝ မကောင်းတဲ့အလုပ်ပါ။ ဒီအတွက် ကျွန်တော်တောင်းပန်ပါတယ်" လို့ ပြောကာ ထိုင်ချလိုက်တော့ တစ်ခန်းလုံး 'ဝါး'ခနဲ ဝိုင်းရယ်ကြပြန်တယ်။ ဘာကြောင့်များ ဒီလူတွေ ကျုပ်ပြောလိုက်တိုင်း ဝိုင်းဟားနေကြပါလိမ့်။ အတော်ဝွကျတဲ့လူတွေပဲ။ ကိုယ့်မှာ အပြစ်ရှိလို့ရှိပါတယ်လို့ ဝန်ခံတာကို ရယ်စရာလို့များ အောက်မေ့နေကြသလား မပြော တတ်ပါဘူးဗျာ။

နောက်ဆုံးမှာ ကျောင်းအုပ်ကြီးကထပြီး 'ကဲ . . . ကဲ အားလုံးအကြံပေးစရာ ကုန်ပြီထင်ပါတယ်။ အခု ဆုံးဖြတ်ချက်ချပါတော့မယ်' ဆိုလာပါတော့။ ကျောင်းအုပ်ကြီးရဲ့ ဆုံးဖြတ်ချက်ကတော့ ဘော်ဒါကျောင်းသားအားလုံးကို တစ်ပတ်အပြင်ထွက်ခွင့် ပိတ်ပြီး အပြစ်ပေးလိုက်ကြောင်း၊ ထို့နောက် ညစောင့်ဆရာအား အများရှေ့တွင် ဝန်ချ တောင်းပန်ရမည်ဖြစ်ကြောင်းပါရှိတယ်။ဒီ သကောင့်သားလေးတွေဟာ မတောင်းပန်ဘူး ဆိုရင် အလုပ်ကတစ်ခါထဲ ထွက်သွားဖို့ဆုံးဖြတ်ထားခဲ့တာ အခုသူတို့က တောင်းပန် ကြတော့မယ်ဆိုတော့ အလုပ်ထွက်လို့မဖြစ်တော့ဘူးပေါ့။ အဲဒါမှ ခွကျပြီလို့ အောက်မေ့ လိုက်မိတယ်။

ဒီလိုနဲ့ ကျောင်းအုပ်ကြီးဟာ အဲဒီ အစည်းအဝေးမှာပဲ တစ်ဆက်တည်း ဆက်ပြီး ပြောလာတော့တယ်။

'ကျောင်းဆရာဆိုတာ အနေအထိုင် အသွားအလာကအစ ကျောင်းသားတွေကို စံနမူနာပြရပါလိမ့်မယ်။ ဒါကြောင့် ဆရာသမားဂုဏ်သိက္ခာနဲ့ညီအောင် တွေ့ကရာ ဆိုင်တွေမှာ ဝင်ထွက်စားသောက်ခြင်းမပြုကြဖို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင် ပါတယ်။ ဥပမာအားဖြင့် ဂုဏ်ပြုပွဲတစ်ခုခု လုပ်ချင်လို့ပျော်ပွဲစားရုံသွားတာကို မဆို လိုပါဘူး။ ဒါပေမယ့် တစ်ယောက်ဘည်း ခေါက်ဆွဲဆိုင်ဝင်စားတာတို့၊ ပေါက်စီဆိုင် ဝင်စားတာတို့ကိုတော့ ရှောင်ကြဉ်သင့်ကြပါတယ်"

တစ်ခန်းလုံး 'ဝါး' ခနဲ ဝိုင်းရယ်လိုက်ကြပြန်တယ်။ ဆပ်ကပ်လူပြက်က "အကြော်စားတာလည်းပါသေးသဗျ"လို့ ဖြူကောင်ကို ပြုံးစိစိလုပ်ပြီး ပြောလိုက်ပေမယ့် ဖြူကောင်က လုံးဝဂရုမစိုက်ဘူး။ အတော်ဆိုးတဲ့လူ။

ကျုပ်ဟာ ဉာဏ်သိပ်မကောင်းတာမဟုတ်လေတော့ တောခွေးဘာပြောတယ်ဆိုတာကို တိတိကျကျတော့ နားမည်ဘူး။ သူ့စကားအရ အလယ်တန်းပြဆရာတွေဟာ ခေါက်ဆွဲဆိုင်၊ ပေါက်စီဆိုင်တွေကို မဝင်ရဘူးဆိုတဲ့ စည်းကမ်းမျိုး ထားခဲ့ရင်တော့ အစားကြီးတဲ့ ကျုပ်လိုကောင်နဲ့ဒီအလုပ်နဲ့ မကိုက်ပါဘူးလေလို့ အောက်မေ့လိုက်မိတယ်။ အဲဒီအချိန်မှာပဲ အကျီနီက ထပြီးပြောပြန်တယ်။

"ကျောင်းဆရာဆိုတာ အဆင့်အတန်းမြင့်မြင့် နေထိုင်ရမယ့် အလုပ်ပဲ။ ဒါကြောင့် ကိုယ်စိတ်ထင်တိုင်း တွေ့ကရာသွားလာ စားသောက်ခြင်း မပြုကြဖို့ သတိပေးပါရစေ။ အခုလို အင်မတန်ကျဉ်းမြောင်းတဲ့ဒေသမျိုးမှာ အမှုထမ်းနေကြရတယ်ဆိုတော့ အပန်းဖြေတဲ့အနေနဲ့ ဝါသနာပါရာ အလုပ်တစ်ခုခုကို လုပ်နေတာကတော့ သဘာဝကျပါတယ်။ ဥပမာအားဖြင့် အပျော်ငါးမျှားထွက်တာတို့၊ စာဖတ်တာတို့ ကဗျာစပ်တာတို့စတဲ့ အဆင့်တန်းမြင့်တဲ့ ဝါသနာမျိုးတွေကိုတော့ လုပ်နေကြရပါလိမ့်မယ်"

ဒီအကျီနီဟာအများက ဘာမှပြန်မပြောဘဲ ငြိမ်နားထောင်နေတာကို အဟုတ်မှန်ပြီးဟိတ်ထုတ်ပြောနေတာပဲ။ တကယ်တော့ ပင်လယ်ထဲသွားပြီး မြေသြဇာအဖြစ်သာသုံးလို့ရမယ့် ရှူးစာရေးဆရာနဲ့ နာမည်နဲ့ တူတဲ့ ဂေါ်ကီငါးတွေ မျှားတာတို့၊ လူမရှိတဲ့ကျွန်းပေါ်မှာ ဂေရှာမယ်ကို အရုပ်ခိုင်းပြီး ပန်းချီဆွဲတာတို့ 'ရေအိုင်ဟောင်းထဲဖားခုန်ချတော့ ပလုံခနဲမြည်' ဆိုတဲ့ ဟိုက္ကူကဗျာစပ်တာတို့ကို စိတ်ဓာတ်ရေးအရာအရ အဆင့်အတန်းမြင့်တဲ့ ဝါသနာလို့ သတ်မှတ်ရင် ကျုပ်ခေါက်ဆွဲနဲ့ပေါက်စီစားတာလည်း ဝါသနာတစ်ခုပဲပေါ့ဗျာ။ အလကားအဓိပ္ပာယ်မရှိတဲ့ စကားတွေ လျှောက်ပြောနေမယ့် အစားအကျီနီဟာ အိမ်မှာပြန်ပြီး အဝတ်လျှော်နေသင့်တယ်။ ကျုပ်လည်း သည်းမခံနိုင်လွန်းတာနဲ့ –

"ဂေရှာမယ် မက်ဒိုနာကိုသွားတွေ့တာလည်း စိတ်ဓာတ်ရေးရာအရ မြင့်မြတ်တဲ့ ဝါသနာတစ်ခုလိုပဲလား ခင်ဗျာ" လို့ ထမေးလိုက်မိတော့တယ်။ အခုတစ်ခါတော့ ဘယ်သူမှ မရယ်ဝံ့ကြတော့ဘူး။ အကျီနီလည်း အတော်ကြီးအခံရခက်သွားတဲ့ပုံမျိုးနဲ့ မျက်နှာကို အောက်ငုံ့သွားတော့တယ်။ အားလုံးငြိမ်သွားကြတော့တယ်။ စိတ်မကောင်းစရာတစ်ခုပဲ ကြုံလိုက်ရတယ်။ အဲဒါက ရွှေဖရုံသီး တစ်ယောက် မျက်နှာမည်းသထက်မည်းသွားတော့တာကို တွေ့လိုက်ရလို့ပဲ။

(၇)

ကျုပ် အဲဒီနေ့ ညတွင်းချင်းပဲ ပြောင်းလာခဲ့မိတော့တယ်။ အိမ်ကို ပြန်ပြီး အထုတ်အပိုးတွေ ပြင်ဆင်နေတုန်း အိမ်ရှင်အဒေါ်ကြီးက အနားလာပြီး "ဘာများ အဆင်မပြေလို့လဲ၊ မကျေနပ်တာရှိရင် ပြောပါကွယ်၊ အဒေါ်တို့ ပြင်ပါ့မယ်" လို့ ဆိုတယ်။

အတော့်ကို ကြောက်စရာကောင်းတဲ့ဟာတွေပဲ။ လောကကြီးကလည်း ဘာကြောင့်များ ဒီလိုပလီပလာလူတွေနဲ့ ပြည့်နေရတာပါလိမ့်ဗျာ။ ခုဆီထမင်း ခုစာ ကလေးကြော် ဆိုတာလိုထွက်သွားစေချင်တော့လည်းသူတို့၊ ခု နေစေချင်ပြန်တော့ လည်းသူတို့ပဲ။ အတော့်ကို ရူးကြောင်ကြောင်နိုင်ကြတယ်။ ဒီလိုလူမျိုးတွေနဲ့ စကားများ ရန်ဖြစ်နေရတာ တိုကျိုသား ဂုဏ်သိက္ခာကျနေမယ်။ ဒါကြောင့် လန်ချားကိုငှားပြီး အဲဒီအိမ်က ချက်ချင်းထွက်လာခဲ့တော့တယ်။

ထွက်လို့သာ ထွက်ခဲ့ရတယ် ဘယ်ကိုသွားရမှန်းမသိဘူး။ လန်ချားသမားက ဘယ်ကိုလဲဆရာလို့ မေးတော့ ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်သာသာသွားပါ။ ရောက်တဲ့နေရာ ကျတော့ပြောမယ်လို့ဆိုပြီး ရောက်ရာပေါက်ရာကို ထွက်လာခဲ့မိတယ်။ ဒါလောက် တောင် စိတ်ရှုပ်စရာကောင်းနေမှ ရာမရှိရောရ တည်းခိုခန်းကို သွားနေမှပဲလို့ စိတ်ကူး လိုက်ပေမယ့် လက်ထဲမှာက ပိုက်ဆံသိပ်မရှိတော့ဘူး၊ ဒီထက်ပိုပြီး ခေါင်းရှုပ်လာဖို့ပဲ ရှိတယ်။ ဒီလိုနဲ့ တစ်နေရာရာမှာတော့ အိမ်ငှားရန်ရှိသည်။ အခန်းငှားရန်ရှိသည်ဆိုတဲ့ ဆိုင်းဘုတ်ကလေးများ တွေ့လိုတွေ့ငြားဆိုတဲ့စိတ်ကူးနဲ့ ဟိုကြည့်ဒီကြည့် ကြည့်ရင်း လာခဲ့လိုက်တာ ကဂျီရာမကျိရပ်ကွက်ကို လွန်လာခဲ့တော့တယ်။

အခု ကျုပ်ရောက်နေတဲ့နေရာက ဆာမူရိုင်းအနွယ်တွေနေနေတဲ့ ရပ်ကွက်ဆိုတော့ အငှားအိမ်ဘယ်ရှိပါ့မလဲ။ ဒီထက် စည်ကားတဲ့ နေရာကို သွားမှပဲလို့ စိတ်ကူးနေတုန်း

ရတ်တရက် အကြံတစ်ခုရလာတယ်။ ကျုပ်အင်မတန် ချစ်ခင်လေးစားတဲ့ ရွှေဖရုံသီးဟာ ဒီရပ်ကွက်မှာနေတာပဲ။ သူက ဆွေကြီးမျိုးကြီးက ဆင်းသက်လာပြီး ဒီလိုနေရာမျိုးမှာ အိမ်ကြီးရခိုင်နဲ့နေလာခဲ့တာဆိုတော့ ရပ်ကွက်အကြောင်း ကောင်းကောင်းသိမှာ သေချာတယ်။ သူ့ကိုအကူအညီတောင်းကြည့်ရင် အိမ်ကောင်းကောင်းတော့ ရနိုင်ပါတယ်။ ကံကောင်းချင်တော့ ကျုပ်သူ့အိမ်ကို တစ်ခါဝင်လည်ဖူးနေတော့ အိမ်ကို တကူးတက ရှာမနေရတော့ဘူး။ ဒီအိမ်ဖြစ်လောက်ရဲ့လို့တွေးပြီး အိမ်ရှင်တို့ အိမ်ရှင်တို့လို့ နှစ်ခါဆက်ခေါ်လိုက်တော့ အိမ်ထဲက စက္ကူမီးအိမ်ခပ်နွမ်းနွမ်းကို ကိုင်ပြီး အသက်ငါးဆယ်လောက်ရှိတဲ့ အဒေါ်ကြီးတစ်ယောက်ထွက်လာတယ်။

ကျုပ်ကလူတစ်မျိုး။ မိန်းမပျိုကလေးတွေကို မှန်းတာမဟုတ်ပေမယ့် ခုလိုသက်ကြီးရွယ်အိုအဒေါ်ကြီးတွေကိုတွေ့ရင် အလိုလိုနေရင်း ခင်မင်တဲ့စိတ်တွေပေါက်လာတတ်တယ်။ မဟုတ်မှလွဲရော ကီယော်ကို ခင်မင်တွယ်တာတဲ့စိတ်ကြောင့် ဒီလိုအသိတရားမျိုး ပေါက်ဖွားလာတာပဲဖြစ်ရမယ်။ ဒီအဒေါ်ကြီးဟာလည်း ဣန္ဒြေရရ ဝတ်ထားစားထားပြီးတော့ ရွှေဖရုံသီးနဲ့မျက်နှာချင်းဆင်နေတဲ့အတွက် ရွှေဖရုံသီးရဲ့ အမေပဲဖြစ်ရမယ်လို့ တွေးမိလိုက်တယ်။

အဒေါ်ကြီးက "အိမ်ပေါ်ကြွပါလားဆရာ" လို့ပြောတော့ "သူနဲ့တွေ့ရုံလေးပါ" လို့ ကျုပ်က ပြန်ဖြေတဲ့အတွက် ရွှေဖရုံသီးကို ဆင်ဝင်အထိခေါ်ပေးတယ်။ ကျုပ်က ဖြစ်ကြောင်းရယ် ကုန်စင်ကိုပြောပြပြီးနောက် နေစရာ အိမ်ကောင်းကောင်းရှိရင် ရှာပေးဖို့ပူဆာတယ်။ ရွှေဖရုံသီးဟာ ရတ်တရက် အကြံအိုက်သလို စဉ်းစားနေပြီးမှာ ဟောဒီရပ်ကွက်ရဲ့ ကျောဘက်မှာတော့ အဘိုးအို အဘွားအို လင်မယားရှိတယ်။ သူတို့မှာ အခန်းတစ်ခန်းပိုနေတဲ့အတွက် သင့်မယ့်ပုဂ္ဂိုလ်ရှိရင် အကြောင်းကြားပေးပါလို့တော့ ပြောထားဖူးတယ်။ အခုအထိလူငှားရမရဆိုတာ မသိရသေးတော့ အတူတူသွားမေးကြည့်စို့လားလို့ဆိုပြီး ကြင်ကြင်နာနာ အကြံပေးရှာတယ်။

ဒီလိုနဲ့ အဲဒီညကစပြီး ကျုပ်ဟာ ဟာဂိနို မိသားစုရဲ့ အိမ်ငှားဘဝကို ရောက်လာခဲ့ရတော့တယ်။ ထူးဆန်းတာက ကျုပ်အီကာဂင်းက ထွက်တဲ့ညမှာပဲ ကျုပ်ရဲ့အခန်းကို ဆပ်ကပ်လူပြက်က ဣန္ဒြေမပျက် ပြောင်းလာခဲ့တယ်ဆိုတဲ့ ကိစ္စပဲ။ ကျုပ်အတော်ကြီးအံ့သြသွားမိတယ်။ လောကကြီးက ဒီလိုတန်ဖိုးမဲ့တဲ့ လူတွေနဲ့ပြည့်နေပြီး တစ်ယောက်ကိုတစ်ယောက် လိမ်ကောက်ကျစ်နေကြတာပဲ ထင်ပါရဲ့ဗျာ။ အတော်မုန်းဖို့ကောင်းတဲ့လောကကြီးပါပဲ။

လောကကြီးက ဒီလိုလောကကြီးဆိုတော့ ကျုပ်လည်းပဲ အနိုင်မခံ အရှုံးမပေးဘဲမီးခါးရေသောက်ပြီးနေသွားရမယ့် ကိန်းဆိုက်နေတယ်။ ခါးပိုက်နှိုက်သာသာလူတွေနဲ့

ပြိုင်ပြီး ကောက်ကျစ်နိုင်မှသာ ဒီလောကကြီးမှာ ထမင်းဝရတော့မယ်ဆိုရင်တော့ ကျုပ်ဟာ မျိုးရိုးစဉ်ဆက်ရဲ့ ဂုဏ်သိက္ခာကို စောင့်ထိန်းတဲ့အနေနဲ့ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ပြီး သေကြောင်းကြံဖို့ပဲ ရှိတယ်။

သေသေချာချာ စဉ်းစားလိုက်တယ်ဆိုရင် တက္ကသိုလ်ကိုသွားတာ ရူပဗေဒဌာနမှာ ဘွဲ့ယူခဲ့တာ၊ ဘာမှအသုံးမကျတဲ့ သင်္ချာဆရာဖြစ်လာရတာထက် ကျုပ်ငွေအသပြာ ယန်း ၆၀၀ကို အရင်းပြုပြီး နွားနို့ဆိုင်ကလေး ဖွင့်ခဲ့တာကမှ ပိုကောင်းဦးမယ်လို့ တွေးမိ လာတော့တယ်။ဒီလိုသာဆိုရင် ကီယော်လည်း ကျုပ်အနားက မခွာရတဲ့အပြင် ကျုပ် လည်းအခုလို အဝေးကနေမစိုးရိမ်ရတော့ဘူးပေါ့။ အတူတူနေခဲ့တုန်းက သိပ်ပြီးမသိ သာပေမယ့် အခုလိုခွဲပြီး အဝေးမှာနေရတော့ ကီယော်ဟာ အင်မတန်အဖိုးတန်ပြီး ကောင်းမြတ်တဲ့ လူသားတစ်ယောက်ဆိုတာ နားလည်လာရတော့တယ်။ ဒီလိုစိတ်ထား မွန်မြတ်တဲ့ မိန်းမသားမျိုးကို ဂျပန်ပြည်တစ်ပြည်လုံးမှာ လိုက်ရှာရင်တောင် တွေ့ရမှာ မဟုတ်ဘူး။ ကျုပ်ထွက်လာတုန်းက အဘွားကြီးဟာ အအေးမိပြီး ကျန်ခဲ့လေတော့ ခုနေများ ဘယ်လိုနေရရှာပါလိမ့်။ ကျုပ်ထည့်လိုက်တဲ့ စာကိုရရင်တော့ ဝမ်းသာသွားမှာ သေချာတယ်။ သူစာရရင်တော့ စာပြန်သင့်တာပေါ့လို့ တွေးရင်းသာ နှစ်ရက်သုံးရက် ကုန်လွန်လာခဲ့တော့တယ်။

ဒီလိုသတိရလာတဲ့အတွက် အိမ်ရှင်အဘွားကြီးကို "ကျွန်တော့်အတွက် စာလေး ဘာလေးမလာဘူးလား" လို့ မေးမေးနေမိတယ်။ ကျုပ်မေးလိုက်တိုင်း "မလာရပါ ဘူးကွယ်" လို့ ပြောပြီး အဘွားကြီးမျက်နှာ တစ်မျိုးပြောင်းသွားတာကိုတွေ့ရတယ်။ အခုကျုပ်နေတဲ့ အဘိုးအဘွား လင်မယားက အရင်ကအိမ်ရှင်တွေနဲ့စာရင် အများကြီး ကွာခြားတယ်။ ဆာမူရိုင်းအနွယ်က ဆင်းသက်လာကြပြီး အတော်ကြီး သိမ်သိမ်မွေ့မွေ့ ရှိကြတယ်။ တစ်ခုပဲရှိတယ်။ ညရောက်ပြီဆိုရင် အဘိုးကြီးက အသံသြသြကြီးနဲ့ ရှေးသီချင်းကြီးတွေကို အော်အော်ဆိုတာကတော့ နားငြီးဖို့ကောင်းတယ်။ ဒါပေမယ့် အီကာဂင်း အိမ်ရှင်လို လက်ဖက်ရည်သောက်ကြစို့ဆိုပြီး အတင်းဝင်လာနှောင့်ယှက်တာ ထက်တော့ အများကြီးသာတယ်။

အဘွားကြီးက တစ်ခါ တစ်ခါ ကျုပ်အခန်းထဲ ဝင်လာပြီး အလွှာပသလွှာပ စကားပြောလေ့ရှိတယ်။ "ဘာဖြစ်လို့ ဆရာကတော်ကို တစ်ပါတည်းခေါ်မလာရတာလဲ" လို့လည်းမေးတတ်တယ်။ ဒီအခါမှ ကျုပ်က –

"အဘွားက ကျွန်တော့်ကို မိန်းမရှိဘာယ် ထင်နေလို့လား၊ အခုမှ အသက်နှစ်ဆယ့် လေးနှစ်ပဲ ရှိပါသေးတယ်" လို့ ပြန်ပြောမိတယ်။ ဒီတော့ အဘွားကြီးက–

"အသက် ၂၄ နှစ်ဆိုတော့ အိမ်ထောင်ကျလောက်ပြီပေါ့ " လို့ စပြီး ဘယ်သူ

ဘယ်ဝါကအသက် ၂၀ပဲရှိသေးတယ်။ အိမ်ထောင်ကျပြီး ဘယ်သူကဖြင့် ၂၂နှစ်နဲ့ ကလေးနှစ်ယောက်ရနေပြီ စသဖြင့် ဥပမာ ဥပမေယျတွေ များလွန်းနေတော့ ကျုပ်ဖြင့် မငြင်းသာအောင် ဖြစ်နေရတော့တယ်။ ဒီလိုဆိုရင် အသက် ၂၄နှစ်တောင် ရှိနေပြီဖြစ်တဲ့ ကျုပ်အတွက် အောင်သွယ်လုပ်မပေးနိုင်ဘူးလို့ တောရွာမှာ ပြောတဲ့အတိုင်း အကူအညီ တောင်းလိုက်တော့ အဘွားက 'တကယ်လား' လို့ မေးရှာတယ်။

"တကယ်လား၊ မဟုတ်လား၊ မေးမနေနဲ့တော့ အဘွားရေ၊ မိန်းမလိုချင့်တာမှ တစ်ပိုင်းကိုသေလို့၊ မရလို့ထိုင်နေရတာ"

"ဟုတ်မှာပါပဲလေ၊ ငယ်ရွယ်တဲ့သူတွေဆိုတော့"

အဘွားရုတ်တရက် ပြောထွက်လိုက်တဲ့ အဲဒီစကားကို ကျုပ်ဘယ်လို လက်တုံ့ပြန်ပြီး ပြောမယ်မသိဘူး။

"ဒါပေမယ့် ဆရာ့ကိုကြည့်ရတာ မိန်းမရှိပုံပဲ"

"ဟယ် . . . တယ်ပြီးခန့်မှန်းတတ်ပါလား၊ အဘွားဘယ်လိုကြည့်ပြီး ပြောတာလဲ"

"ဘယ်လိုကြည့်ရမှာလဲ ဆရာရဲ့၊ နေ့တိုင်းနေ့တိုင်း တိုက်ရုံက စာမလာဘူးလား၊ စာမလာဘူးလားနဲ့ မေးနေတဲ့ဥစ္စာ"

"တကယ်ပါပဲဗျာ၊ ခန့်မှန်းတဲ့နေရာမှာတော့ အဘွားက တကယ်တော်ပါပေတယ်"

"မမှန်ဘူးလားဆရာ"

"မှန်ချင်လည်း မှန်မှာပေါ့"

"ဒါပေမယ့် ခုခေတ်မိန်းကလေးတွေဟာ အရင်ကနဲ့မတူဘူး၊ အတော့်ကို သတိထားနိုင်မှ တန်ကာကျမယ်"

"ဘယ်လို ဘယ်လို၊ ကျွန်တော့်မိန်းမက တိုက်ရုံမှာ အသစ်တွေ့နေပြီဆိုတဲ့ သဘောလား"

"ဆရာ့မိန်းမကတော့ ဒီလိုဟုတ်လိမ့်မယ် မထင်ပါဘူး၊ ဒါပေမယ့်"

"တော်ပါသေးရဲ့ ခုမှ စိတ်အေးရတော့တယ်။ ဒီလိုဆိုရင် ဘယ်လိုအချက်တွေကို သတိထားရမှာလဲ အဘွားရဲ့"

"ဒီအရပ်မှာလဲ သတိထားရမယ့် မိန်းမတွေ အများသားပဲ ဆရာရဲ့၊ ဟိုတောရာမရဲ့သမီးကို ဆရာသိသလား"

"ဟင့်အင်း ၊ မသိရပါလား"

"မသိသေးလို့နေမှာပါ၊ ဒီ မိန်းကလေးဟာ ဒီရွာမှာ အလှဆုံးပဲ၊ လှလွန်းလို့ ဆရာတို့ကျောင်းက ဆရာတွေတောင် 'မက်ဒိုနာ' 'မက်ဒိုနာ' နဲ့ ခေါ်နေကြတာ ဆရာ

မကြားဖူးဘူးလား"

"သြော် မက်ဒိုနာဆိုတာ ဂေရှာမယ် တစ်ယောက်ရဲ့နာမည်လို့ အောက်မေ့နေတာ"

"မဟုတ်ရပါဘူး၊ နိုင်ငံခြားသားတွေက လှတဲ့မိန်းကလေးဆိုရင် မက်ဒိုနာ လို့ ခေါ်ကြတာပဲ မဟုတ်ဘူးလား"

"ဟုတ်မှာပေါ့လေ၊ ကျွန်တော်ဖြင့် အဲဒီနာမည်ကြားရတာက အတော့်ကို ထိတ်သွားမိတယ်"

"ဒီနာမည်ကို ပန်းချီဆရာက ပေးခဲ့တာဆိုပဲ"

"ဆက်ကပ်လူပြက်လား"

"မဟုတ်ပါဘူး ဆရာ၊ ယိုရှီဂါဝါက ပေးခဲ့တာပါ"

"အဲဒီမက်ဒိုနာဆိုတဲ့ မိန်းမဟာ မယုံရဘူးလား"

"ဟုတ်ပြီ၊ ဟုတ်ပြီ ၊ ဒီလိုနာမည်ပြောင် အပေးခံရတဲ့ မိန်းမမျိုးဟာ ဘယ်တော့မှ မယုံရဘူး၊ သူလည်း ဒီအမျိုးအစားထဲကပဲ ဖြစ်မယ်"

" ဒါ မှန်တယ်၊ ကာဘူကီပြဇာတ်ထဲက စုန်းမကြီး အောမစုတို့ ဒါးကီအောရာစု တို့လို မိန်းမမျိုးပဲ"

"မက်ဒိုနာလည်း အဲဒီမိန်းမယုတ်နဲ့ နှိုင်းရမလို ဖြစ်နေပြီနော် အဘွား"

"ဒါပေါ့ ဆရာ၊ ဆရာကို ဒီအိမ်ပို့ပေးတဲ့ ဆရာလေး ကောဂါနဲ့ အဲဒီမိန်းမကနဂိုက စေ့စပ်ကြောင်းလမ်းပြီးသား ဆရာရဲ့"

"ဟယ် . . . အံ့သြစရာပဲနော်၊ ရွှေဖရုံသီးကဒီလောက် အချစ်ကံကောင်း လိမ့်မယ်လို့ ကျွန်တော် ဘယ်တုန်းကမှ မထင်ခဲ့မိဘူး၊ အင်း . . . လူတွေကို အပြင်ပန်းကြည့်ပြီး ဘာမှဆုံးဖြတ်လို့ မရပါလား၊ နောက်ကို သတိထားရမယ်"

"ဒါပေမယ့် မနှစ်က ဆရာကောဂါရဲ့ ဖခင်ကြီး ဆုံးသွားရှာတယ်၊ ဖခင်ဆုံးတုန်းက ငွေကြေးအမြောက်အများနဲ့ ဘဏ်မှာ အစုရှယ်ယာတွေကျန်ခဲ့တယ်။ ဒါပေမယ့် ကောဂါက ရိုးလွန်း အလွန်းတယ်၊ မကြာလိုက်ပါဘူး။ အဲဒီငွေတွေအားလုံး သူများ အလိမ်ခံလိုက်ရလို့ ပြန်ပြီး မွဲသွားရှာတယ်။ ဒါကို အကြောင်းပြပြီး မိန်းကလေးဘက် ကလည်းလက်ထပ်မယ့် ကိစ္စကိုဆိုင်းထားခဲ့တယ်၊ အဲဒီအချိန်မှာ ဒုတိယ ကျောင်းအုပ် ကြီးက မက်ဒိုနာကို လက်ထပ်ချင်ပါတယ်လို့ဆိုပြီး ကြားဝင်လာခဲ့ပြန်တယ်"

"အလို ဟိုအကျီနီလား၊ ဒီလူကလည်း မခေပါလား အဘွားရဲ့၊ ဆက်စမ်းပါဦး"

"ဒုတိယကျောင်းအုပ်ကြီးက အောင်သွယ်နဲ့ အပြောခိုင်းလိုက်တာ၊ ဒါပေမယ့် တစ်ဖက်ကလည်း ကောဂါတို့မိသားစုရဲ့ ကျေးဇူးကရှိနေတော့ စဉ်းစားပါရစေဦးလို့ပဲ အဖြေပေးလိုက်သတဲ့။ ဒါနဲ့ အဲဒီဆရာကြီးဟာ မက်ဒိုနာတို့အိမ်ကို ချောင်းပေါက်အောင်

ဝင်ထွက်ပြီး လက်ဆောင်တွေ ဘာတွေနဲ့ သူ့ဘက်ပါအောင် ဖြားယောင်းတော့တာပါပဲ။ အမှန်တော့ ဒုကျောင်းအုပ်ကြီးကော မက်ဒိုနာပါ မှားကြတယ်။ ဘယ်သူကမှ အဲဒီမိန်းမ ကို အကောင်းမပြောကြတော့ဘူး။ ကောဂါနဲ့ စေ့စပ်ထားလျက်သားနဲ့ တစ်ခြားတစ် ယောက်ကလာပြီး ချစ်ရေးဆိုတော့လည်း လက်ခံတာပဲ၊ အတော်မျက်နှာများတယ်၊ မာယာများတယ်၊ တစ်ဖက်လူကို အရူးလုပ်သွားတယ်။ ဒီလိုမိန်းမမျိုးကို ဘယ်ဘုရား တွေနတ်တွေကမှ သဘောကျမှာ မဟုတ်ဘူးဆရာလေးရဲ့"

"ဟုတ်တယ်အဘွား၊ သိပ်မှန်တယ်၊ ဒီလို မိန်းမယုတ်မျိုးကို နတ်တွေ၊ သိကြား တွေကလည်း အခုလည်း မချီးကျူးဘူး၊ နက်ဖြန်လည်း မချီးကျူးဘူး၊ နောက်နောင် ဘယ်တော့မှလည်း ချီးကျူးကြမှာမဟုတ်ဘူး"

"ဒါနဲ့ ကောဂါရဲ့သူငယ်ချင်း ဆရာဟောတာက သူ့ကိုသိပ်သနားသွားတဲ့ အတွက် ဒုကျောင်းအုပ်ကြီးရဲ့ အိမ်ကိုသွားပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးကန့်ကွက် တော့တာပေါ့။ ဒီတော့ ကျောင်းအုပ်ကြီးအင်္ဂျီနီက သူဟာ သူတစ်ပါးနဲ့ စေ့စပ်ထားတဲ့ မိန်းမတစ်ယောက်ကို ခိုးယူမယ့်လူမဟုတ်တဲ့ကြောင်း၊ စေ့စပ်ပွဲပျက်သွားမှသာ လက်ထပ်ဖို့ ရည်ရွယ်ထားကြောင်း၊ အခုအနေကတော့ ရိုးရိုးသားသားမိတ်ဆွေ သဘောမျိုးနဲ့ ခင်နေတာဖြစ်တဲ့အကြောင်း၊ ရှင်းပြတာပေါ့။ တောရာမမိသားစုနဲ့ ခင်ခင်မင်မင်နေတဲ့အတွက် ဆရာကောဂါကို ဘယ်လိုမှမထိခိုက်ပါဘူးလို့လည်း ပြော လွှတ်လိုက်တယ်။ ဆရာဟောတာလည်း ဘာမှပြန်မပြောနိုင်ဘဲ အိမ်ကို ပြန်ခဲ့ရရှာ တယ်။ အဲဒီအချိန်ကစပြီး အင်္ဂျီနီနဲ့ဆရာဟောတာတို့လည်း သိပ်ပဏာမစားကြ တော့ဘူးလို့သိရတယ်"

"အဘွားကအတော်သတင်းစုံသားပဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် ခရေစေ့ တွင်းကျ သိနေရတာလဲ၊ ကျွန်တော်ဖြင့် ချီးကျူးလို့မဆုံးဘူး"

"ဒီရွာက ကျဉ်းကျဉ်းကလေးပါဆရာရဲ့၊ တစ်ခုခုမဖြစ်လိုက်နဲ့ အဲဒီသတင်းက ချက်ချင်းပြန့်သွားတော့တာပဲ"

ကျုပ်အနေနဲ့ကတော့ အဘွားကနှိုက်နှိုက်ချွတ်ချွတ် သိလွန်းတယ်လို့ထင်တယ်။ ဒီလိုဆိုရင် ကျုပ်ရဲ့ အကြော်ကိစ္စတို့၊ ပေါက်စီပြဿနာတို့ကိုလည်း သိနေရမှာပဲ။ အင်း ဒီအရပ်ကတယ်လည်း ကြောက်စရာကောင်းပါလား။ ဒါပေမယ့် အဘွားရဲ့ ကျေးဇူး ကြောင့်မက်ဒိုနာရဲ့ အခ်ပွာယ်ကိုလည်း နားလည်လာခဲ့ပြီ။ ဟောတာနဲ့ အင်္ဂျီနီတို့ မသင့်မမြတ် ဖြစ်နေကြတယ်ဆိုတဲ့သတင်းလည်း ကြားခဲ့ရပြီ။ တစ်ခုပဲခက်နေတာရှိ တယ်။ ဖြူကောင်နဲ့အင်္ဂျီနီ ဘယ်သူက ဆိုးသလဲဆိုတဲ့ ပြဿနာပဲ။ ကျုပ်လို ခပ်တုံးတုံး လူက အဖြူအမည်း ကွဲကွဲပြားပြားမပြောမချင်း နားမလည်နိုင်လေတော့ ဘယ်သူက

ရန်သူ ဘယ်သူက မိတ်ဆွေဆိုတာ ခွဲလို့မရနိုင်ပေဘူးပေါ့။

"ဖြူကောင်နဲ့ အကျိနီ ဘယ်သူက ကောင်းသလဲ အဘွား"

"ဖြူကောင်ဆိုတာ ဘယ်သူလဲဆရာ"

"ဟောတာကို ပြောတာပါ"

"သြော် . . .ဒီလိုလား၊ ဟောတာက ဗလကောင်းတယ်၊ အကျိနီက ပညာပိုတတ်ပြီး ပိုပြီးအရာရောက်တယ်။ ပိုပြီးသိမ်မွေ့တယ်။ ဒါပေမယ့် ကျောင်းသားအများစုကတော့ ဟောတာကို ပိုပြီးသဘောကျကြတယ်လို့ ကြားရတယ်"

"ဟုတ်ပါပြီ၊ အဘွားက သူတို့နှစ်ယောက်ထဲက ဘယ်သူက ပိုကောင်းတယ်ထင်သလဲ"

"သြော် . . . ဒါလား၊ လစာများများရတဲ့လူက ပိုကောင်းတယ်လို့ ဆိုရမှာပေါ့ဆရာ"

ခက်ပြီ။ ဒီလိုမေးနေလို့လည်း အကြောင်းထူးမှာတော့ မဟုတ်ဘူး၊ ဆက်မမေးဘဲ ရပ်ထားလိုက်တာ ကောင်းမယ်။

ဒီလိုနဲ့ နှစ်ရက်သုံးရက်လောက်ကြာတော့ ကျောင်းကအပြန်မှာ အဘွားက ပြုံးစိပြုံးစိလုပ်ပြီး "စောင့်လိုက်ရတာဆရာရယ်၊ ဆရာ့အတွက် စာတစ်စောင် ရောက်လာတယ်၊ ရော့ . . . ရော့ . . . အေးအေးဆေးဆေးဖတ်ပေတော့" လို့ စာတစ်စောင်လာပေးရင်း ပြောလာတယ်။ ယူကြည့်လိုက်တော့ ကီယော်ဆီက စာဖြစ်နေတယ်။ တစ်ဆင့်လွှဲတဲ့လိပ်စာအညွှန်းတွေက နှစ်ခု သုံးခု ဖြစ်နေလို့ သေသေချာချာကြည့်လိုက်တော့ဒီစာက ပထမဆုံး ယာမရှိရောရာကိုရောက်တယ်။ အဲဒီကနေအီကာဂင်းကိုရောက်သွားပြီးမှ ဟာဂီနိုအိမ်ကို ရောက်လာတာပဲ။ ယာမရှိရောရာမှာက တစ်ပတ်လောက်အောင်းနေခဲ့တယ်။ သြော် . . . တည်းခိုခန်းဆိုတာ လူသာမကဘူး။ စာလည်းတည်းခိုလို့ရပေသားပဲ။ စာအိတ်ကိုဖောက်ကြည့်လိုက်တော့ စာကအတော့်ကိုရှည်တာကို တွေ့ရတယ်။

ဘော့ကျန် . . .

စာရပြီးတဲ့နောက် ချက်ချင်းပြန်ရေးမှပဲလို့ စိတ်ကူးမိခဲ့ပေမယ့် အအေးမိဖျားနေလို့ တစ်ပတ်လောက် အိပ်ယာပေါ်လဲနေခဲ့ရတဲ့အတွက် အခုလို စာနောက်ကျခဲ့ရတယ်။ ပြီးတော့အခုခေတ်မိန်းကလေးတွေလို စာကိုလည်းဖြစ်ဖြစ်မြောက်မြောက် မရေးတတ်လေတော့ မလှမပ မမှန်မကန်တဲ့ လက်ရေးနဲ့ ကြိုးစားပြီး ရေးတာတောင်အတော်ကြီးပင်ပန်းလှတယ်။

ပထမတော့ တူတော်မောင် အော်အိကို ရေးခိုင်းရင်ကောင်းမလားလို့ စိတ်ကူး

မိပေမယ့် ကိုယ်တိုင်ရေးတဲ့စာမဟုတ်ရင် ဘော့ကျန်အတွက် ရိုင်းရာများကျနေမလားလို့ တွေးမိပြီး ပထမအကြမ်းကို ရေးတယ်။ နောက်မှ အချောပြန်ကူးပြီး ပို့လိုက်တာပဲ။ စာချောကူးတာက နှစ်ရက်လောက်သာကြာပေမယ့် အကြမ်းကို ရေးရတာက လေးရက်လောက်ကြာသွားတယ်။ ဘော့ကျန်အနေနဲ့ အဖတ်ရခက်နေမလား မပြောတတ်ဘူး။ ဒါပေမယ့် ကြိုးစားပမ်းစားရေးခဲ့ရတဲ့စာမို့ ဆုံးအောင်တော့ဖတ်ပါ။

စာက အဲဒီလိုအစချီပြီး လေးပေလောက်ရှည်တယ်။ လက်ရေးမလှတဲ့အပြင် စာအားလုံးကို ဟီရာဂါနာနဲ့ ရေးထားတဲ့အတွက် ဘယ်နေရာစလို့ ဘယ်နေရာမှာ ဆုံးတယ်။ ဘယ်နေရာမှာ ပုဒ်မချတယ်ဆိုတာကို အဝေခွဲရခက်တယ်။ ကျုပ်ကလည်း စိတ်ရှည်တဲ့လူမျိုးမဟုတ်လေတော့ အခုလိုအဖတ်ရခက်တဲ့ စာအရှည်ကြီးမျိုးကို တစ်ခါ ဖတ်ရင် ပိုက်ဆံငါးယန်းပေးပါ့မယ်ဆိုရင်တောင် ဖတ်မယ့်ကောင်မဟုတ်ဘူး။ ဒါပေမယ့် ဒီစာကိုကျတော့ ဖတ်နေမိတော့တယ်။ ဖတ်သာဖတ်ရတယ်။ ဘာကို ဆိုလိုမှန်းမသိတဲ့ စာပိုဒ်တွေက များနေတော့ကိုယ့်ဘာသာ ခေါင်းထဲကပြင်ပြီး ဖတ်ရတာလည်းရှိတယ်။

စာကိုဖတ်ရင်းက မှောင်လာတဲ့အတွက် ဝရန်တာမှာထွက်ထိုင်ပြီး လေးလေးစားစား ဖတ်နေမိပြန်တယ်။ ဆောင်းဦးပေါက်မြောက်ပြန်လေကလေးက ငှက်ပျောရွက်တွေကို တွန်းတိုက်သွားပြန်တယ်။ ပြီးမှ ကျုပ့်လက်ထဲက ဖတ်လက်စ စာကလေးကို ဖတ်လတ် ဖတ်လတ်နဲ့ တိုက်နေလိုက်တာ အလံကလေး လွှင့်ထားတဲ့အတိုင်း ဥယျာဉ်ဖက်ဆီကို မျောပါနေတော့တယ်။ လက်ထဲကသာ လွှတ်လိုက်ရင် ဥယျာဉ်တစ်ဖက် ခြံစည်းရိုးအထိ လွှင့်ပါသွားလေမလား မပြောတတ်ဘူး။ ဒါပေမယ့် ကျုပ်အဲဒီလို လွှင့်နိုင်လောက်အောင် မအားဘူးလေ။

"လူလေးဘော့ကျန်က ပွင့်လင်းပြီး ဟောဟောဒိုင်းဒိုင်းသမား ဖြစ်ပေမယ့် စိတ်ကြီး တတ်တဲ့အတွက် စိုးရိမ်မိတယ်။တခြားလူတွေကို ကိုယ့်သဘောနဲ့ နာမည်ပြောင် တွေပေးတာဟာလည်း မကောင်းဘူး။ သူတို့က လူလေးကိုမုန်းကြလိမ့်မယ်။ တကယ် လို့ ဒီနာမည်ပြောင်တွေကို သုံးချင်တယ်ဆိုရင်တောင် အဒေါ်ဆီကို ရေးတဲ့စာထဲမှာပဲ သုံးပြီးရေးလိုက်ပါ။ တောသားတွေက စရိုက်ကြမ်းလှတဲ့အတွက် မတော်မတည့်တာ တွေနဲ့ကြုံပြီး ဒုက္ခရောက်နေမှာကို အဒေါ်စိုးရိမ်မိတယ်။ ပြီးတော့ ရာသီဥတုကလည်း တိုကျိုနဲ့ မတူတဲ့အတွက် ညအိပ်တဲ့အခါစောင်ခြုံပြီးအိပ်ပါ။ အအေးမိမဖျားအောင် ဂရုစိုက်ပါ"

ဘော့ကျန်ရေးလိုက်တဲ့စာက သိပ်တိုလွန်းတော့ ဘာကိုဆိုလိုမှန်း သိပ်နားမ လည်ဘူး။ နောက်တစ်ခါရေးရင်အဒေါ်စာရဲ့ တစ်ဝက်လောက်တော့ရေးပါ။ တည်းခို ခန်းမှာပိုက်ဆံ၅ယန်းလာဘ်ထိုးခဲ့ရတယ်ဆို။ နောက်ပိုင်းမှာ ငွေကြေးအတွက် အခက်အခဲ

ဖြစ်မနေဘူးလား။ ဝေးလံလှတဲ့ တောလက်ကျေးရွာမှာ ရောက်နေတဲ့ လူလေးအတွက် အားကိုးရမယ့် အရာဟာ ငွေကြေးတစ်ခုပဲ ရှိတယ်ဆိုတာကို မှတ်ထားပါ။ မပြုန်းပါနဲ့။ လိုတဲ့အခါမျိုးမှာ မရှိဘဲဖြစ်နေဦးမယ်။ ခုလည်း နည်းနည်းကြပ်နေမယ်လို့ထင်တယ်။ စာတိုက်ကနေ ငွေပို့လွှာနဲ့၁၀ယန်း ပို့လိုက်မယ်။ တစ်ခါတုန်းက လူလေးဆီက ယန်း၅၀ ရထားတယ်မဟုတ်လား။ အဲဒီပိုက်ဆံကို လူလေး တိုကျိုပြန်ရောက်လို့ အိမ်ဝယ်တဲ့ အခါမှာသုံးဖို့ဆိုပြီး အဒေါ်စာတိုက်မှာ စုထားခဲ့တာ အခုတော့ ၁၀ယန်းကို နုတ်ပြီး ပို့လိုက်မယ်ဆိုရင် ယန်း ၄၀ပဲ ကျန်တော့မှာပေါ့။

အင်း. . . မိန်းမသားများ တယ်ပြီးတော့ စေ့စပ်သေချာကြပါလားလို့ ကျုပ် အောက်မေ့လိုက်တယ်။ ကျုပ်က အဲဒီလို ကီယော်ဆီက စာကလေးကို ဖတ်ရင်း ဟိုတွေး ဒီတွေး တွေးနေတုန်း ဘေးနားက စက္ကူလျှော့တံခါးကိုင်ပြီး အဘွားကထမင်းဗန်းကို သယ်လာတယ်။

"စာက ဘယ်လောက်များ ရှည်လို့လဲ ဆရာလေးရဲ့၊ ဖတ်နေလိုက်တာ အကြာ ကြီးပဲ"

"အဲ . . . အဲ . . . သိပ်အရေးကြီးတဲ့စာမို့ လေထဲမှာဖြန့်ပြီး၊ အဟဲ . . . လေထဲမှာ ဖြန့်ပြီးဖတ်နေရတာပါ"

ကိုယ့်ဘာသာတောင်မှ ဘာကိုဆိုလိုမှန်း နားမလည်နိုင်အောင် ဗလုံးဗထွေး ပြန်ဖြေလိုက်တယ်။ ထမင်းပွဲရှေ့မှာ ထိုင်ရတယ်။ ထမင်းပွဲကို ကြည့်လိုက်တော့ ဒီနေ့လဲ ကန်စွန်းဥ ရေလုံပြုတ်ဟင်းပဲ ဖြစ်နေတယ်။ ဒီအိမ်က အီကာဂင်းအိမ်ထက် ဖော်ရွေတာ၊ ကြင်နာတာ၊ သိမ်မွေ့နူးညံ့တာမှန်ပေမယ့် ဟင်းကျတော့ မကောင်းလှဘူး။ ကျုပ် အာလူး၊ ကန်စွန်းဥတို့ ကြိုက်တဲ့အကြောင်း ပြောပြခဲ့ဖူးတာမှန်ပေမယ့် အခုလို နေ့စဉ် ရက်ဆက်စားနေရဖန်များတော့ ကြာရင်သေလိမ့်မယ်။ ရွှေဖရုံသီးကို ပြောင်ခဲ့မိတဲ့ ကျုပ် ခုတော့ ဝင်္ဂလည်ပြီ။ မကြာခင် သူများတကာက ကန်စွန်းဥဖောလို့ ခေါ်ကြတော့မယ်။

အခုအချိန်မှာ ကီယော်သာရှိခဲ့ရင် ကျုပ်ကြိုက်တဲ့ ဆာချိမိငါးစိမ်းတို့၊ ငါးကင် ငံပြာရည်ဆမ်းတို့ ကျွေးမှာသေချာတယ်။ အခုတော့ ဆင်းရဲမွဲတေတဲ့ ဆာမူရိုင်း အိမ်မှာမို့ ဘာမှ မတတ်နိုင်ဘူးပေါ့။ သေသေချာချာ စဉ်းစားကြည့်လိုက်မယ်ဆိုရင် ကျုပ်ဟာ ကီယော်မရှိဘဲ မနေတတ်အောင် ဖြစ်နေရပြီ။ ဒီအရပ်မှာ ကြာဦးမယ်ဆိုရင် ကီယော်ကို တိုကျိုက ပြန်ခေါ်ရုံပဲ ရှိတော့မယ်။

ကျုပ်ကြိုက်တဲ့ အကြော်လည်းမစားရ၊ ပေါက်စီလည်း မစားရ၊ ဆင်းဆင်းရဲရဲ အိမ်မှာပဲ ခုလို အစားမျိုးကို စားပြီး အသားရောင် ဖျော့တော့လာတော့မှ ဆရာအလုပ်ကို လုပ်ရမယ်ဆိုရင် တကယ့်ကို စိတ်ပျက်စရာပဲ။ တောထဲမှာ ယောဂီတွေစားတဲ့အစာ

တောင် ကျုပ်ထက်သာလိမ့်ဦးမယ်ထင်တယ်။ ဒါနဲ့ကျုပ်ဟာ စားပွဲပေါ်က ကန်စွန်းဥဟင်းကို ပြောင်အောင်တုတ်လိုက်ပြီးတဲ့နောက်မှာ စားပွဲအံဝှက်ထဲက ကြက်ဥနှစ်လုံးကို ထုတ်လိုက်ကာ ပန်းကန်စွန်းနဲ့ဖောက်ပြီး သောက်လိုက်ရတယ်။ ဒီကြက်ဥလေးကသာ မကယ်ရင် တစ်ပတ်ကို စာသင်ချိန် ၂၁ချိန် ဘယ်လိုလုပ်ပြီး သင်နိုင်ပါ့မလဲ။

ဒီနေ့တော့ ကီယော်ဆီကလာတဲ့ စာကိုဖတ်နေရတာနဲ့ ရေပူစမ်းကို သွားဖို့ နောက်ကျခဲ့ရတယ်။ နေ့တိုင်းသွားနေကျ အလုပ်ဆိုတော့ တစ်နေ့လောက် ပျက်သွားရင် နေရထိုင်ရတာ မအီမလည်ကြီး ဖြစ်နေတတ်တယ်။ ဒါနဲ့ တဘက်အနီလေးကို ဆွဲပြီး ရထားဘူတာရုံကို ထွက်လာခဲ့မိတယ်။ ဘူတာရောက်တော့ ရထားက လွန်ခဲ့တဲ့ ၂မိနစ် ၃မိနစ်လောက်က ထွက်သွားပြီဖြစ်တဲ့အတွက် နောက်ရထားကို စောင့်နေရတယ်။ ရထားဘူတာရုံက ခုံတန်းရှည်လေးမှာ ထိုင်ရင်း ရှကီရှီးမားဆေးပေါ့လိပ်ကို ဖွာနေတုန်း ရွှေဖရုံသီး ရောက်လာတယ်။

ကျုပ်ဟာ စောစောပိုင်းက အဘွားပြောတဲ့စကားကို သတိရလာတဲ့အခါ ရွှေဖရုံသီးကိုသနားလာမိတော့တယ်။ သူ့ကိုကြည့်ရင် အမြဲဆွေးမြည့်နေတဲ့ ပုံမျိုးပေါက်နေပြီး ကောင်းကင်နဲ့မြေကြီးကြားမှာ တွားသွားနေရတဲ့ တိရစ္ဆာန်တစ်ကောင်လို ညှိုးငယ်နေတတ်တယ်။ ဖြစ်နိုင်ရင် ကျုပ်လေ ရွှေဖရုံသီးကို အခုရတဲ့ လစာထက်နှစ်ဆတိုးပေးပြီး နက်ဖြန်ကျရင် သူချစ်တဲ့မက်ဒိုနာလေးနဲ့ထိမ်းမြားပေးလိုက်ချင်တယ်။ ပြီးတော့ တိုကျိုဘက်ကို တစ်လလောက် ပျားရည်ဆမ်းခရီး ထွက်ခွင့်ပေးလိုက်ချင်တယ်။ သူ့ကို ကျုပ်ကစပြီး . . .

"ရေပူစမ်းပဲလား၊ လာလေ၊ ဒီမှာထိုင်နေပါလား" လို့ နေရာပေးလိုက်တယ်ဆိုရင်ပဲ သူကအားနာတဲ့ မျက်နှာကလေးနဲ့ "ရပါတယ်၊ ဒုက္ခရှာမနေပါနဲ့" ဆိုပြီး ရပ်မြဲရပ်နေရှာတယ်။

"မဟုတ်တာဗျာ၊ အကြာကြီး စောင့်နေရဦးမှာ မဟုတ်လား၊ လာပါ၊ ဒီမှာထိုင်ပါ၊ မတ်တပ်ရပ်နေရင် ညောင်းလိမ့်မယ်" လို့ဆက်ပြီး တိုက်တွန်းမိပြန်တယ်။ အမှန်တော့ သူ့ကို သနားတဲ့စိတ်ကြောင့် ကျုပ်အနားမှာလာထိုင်စေချင်တာပါပဲ။

"ဒါဆိုရင်လည်း ထိုင်လိုက်ပါဦးမယ်၊ အနှောင့်အယှက်ပေးသလိုတော့ဖြစ်နေပြီ"

နောက်ဆုံးတော့ ကျုပ်စကားကိုနားထောင်ပြီး ဘေးနားမှာလာထိုင်တော့တယ်။

လောကကြီးထဲမှာက ဆပ်ကပ်လူပြက်တို့လို မျက်နှာပြောင်ပြီး အရှက်မရှိ နေရာတကာပါတတ်တဲ့ လူတွေရှိသလို သူမပါရင်ကျုပ်တို့ဂျပန်ပြည်ကြီး ဒုက္ခရောက်တော့မယ့်အတိုင်း သွေးနားထင်ရောက်နေတဲ့ ပြူကောင်တို့လိုလူမျိုးလည်းရှိတယ်။ ပြီးတော့ ပေါင်ဒါမိတ်ကပ် အဖွေးသားလိမ်းပြီး ဘာမှအသုံးမကျတဲ့ လူပေါ်ကြော့

အင်္ဂျီနီတို့လို၊ ကိုယ့်ကိုယ်ကို ပညာရေးပါရဂူ ပြန်ဝင်စားတဲ့ ဂိုက်မျိုးဖမ်းနေတတ်တဲ့ တောခွေးတို့လို အင်္ဂျီပွကြီးတွေ ဝတ်ထားတဲ့ လူမျိုးတွေလည်း အများကြီးရှိတာပဲ။ လူတိုင်းဟာ ကိုယ့်ကိုယ်ကိုတော့ အတော်ဟုတ်လှပြီဆိုပြီး အထင်ကြီးနေတတ်ကြတာပါပဲ။ ကျုပ်တော့ ဆရာရွှေဖရုံသီးလောက် ကိုယ့်ကိုယ်ကို နှိမ့်ချတဲ့လူမျိုးကို တစ်ခါမှ မတွေ့ခဲ့ဖူးဘူး။ သူက လောကကြီးမှာ အသက်မရှိတဲ့အရုပ်တစ်ရုပ်လိုပဲ အမြဲတမ်း ငြိမ်ငြိမ်ကလေးနေတတ်တယ်။ ဖြူစင်တယ်။ ဒီလိုလူမျိုးကို အင်္ဂျီနီနဲ့ယှဉ်ပြီး စဉ်းစားတယ်ဆိုတာကိုက မက်ဒိုနာဆိုတဲ့ မိန်းကလေးဟာ အရှက်မရှိတဲ့ ပျံလွှားမတစ်ယောက်ဖြစ်နေပြီ။ ရွှေဖရုံသီးလို လူမျိုးကို လင်လုပ်ရတာက အင်္ဂျီနီလို လူမျိုး ၁၂ယောက်မက အဖိုးတန်လိမ့်မယ်။

"ဆရာ နေများမကောင်းလို့လား၊ ကြည့်ရတာ မှိုင်တိုင်တိုင်ဖြစ်နေတယ်"

"သြော် . . . သြော် . . . ကောင်းပါတယ်လေ။ မကျန်းမမာဖြစ်လာရင် လူဆိုတာမျိုးက ဘာမှမကောင်းတော့ဘူးနော်"

"ဆရာကျတော့ ကျန်းမာရေး ကောင်းတဲ့ပုံမျိုးပဲ"

"ဟုတ်ကဲ့၊ ကျွန်တော်က ပိန်ပေမယ့် ဘာရောဂါမှမရှိပါဘူး၊ ရောဂါဆို သိပ်မုန်းတယ်"

ရွှေဖရုံသီးဟာ ကျွန်တော့်စကားကို နားထောင်ပြီး ပြုံးပြုံးကြီးလုပ်နေတယ်။

အဲဒီအချိန်မှာ အဝင်တံခါးပေါက်နားဆီက မိန်းမပျိုတစ်ဦးရဲ့ ရယ်မောသံကို ကြားရလို့ လှမ်းကြည့်လိုက်တော့ အတော်ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်ကို တွေ့လိုက်ရတယ်။ အသားကဖြူဖြူ၊ အရပ်အမောင်းကောင်းကောင်း၊ ဆံပင်ကို ခပ်မြင့်မြင့်ထုံးထားပြီး အတော့်ကိုလှပနေတယ်။ သူနဲ့ယှဉ်ပြီး အသက် ၅၀ ဝန်းကျင်လောက်ရှိတဲ့အဒေါ်ကြီးတစ်ယောက်က လက်မှတ်ရောင်းတဲ့ အပေါက်နားမှာရပ်နေတယ်။ ကျုပ်အနေနဲ့ မိန်းမတွေရဲ့အလှအပကို သိပ်ပြီး ဖွဲ့နွဲ့ပြောမပြတတ်လေတော့ သိပ်လှတဲ့ မိန်းမလို့ပြောရင် လုံလောက်ပါပြီ။ သူကလေးကိုကြည့်ရတာ ပုလဲဖြူဖြူဖွေးဖွေးကလေးကို ရေမွှေးဆွတ်ပြီး လက်ဝါးပေါ်တင်ကြည့်ရတဲ့ အရသာမျိုးခံစားရတယ်။ အသက်ကြီးလာတဲ့ မိန်းမကတော့ အရပ်နည်းနည်းပုတယ်။ ဒါပေမယ့် မျက်နှာချင်းသိပ်ဆင်နေတော့ သားအမိဖြစ်ရမယ်။

ကျုပ်ဟာ အဲဒီမိန်းကလေးရဲ့အလှမှာ ငေးမောနေမိလိုက်တာ အနားမှာရွှေဖရုံသီးရှိနေတာကို မေ့သွားတယ်။ ဒီအချိန်မှာ ရွှေဖရုံသီးဟာ ကျုပ်ဘေးက ရုတ်ရက်ထပြီး အဲဒီမိန်းကလေးဆီကို လျှောက်သွားတာ တွေ့လိုက်ရတဲ့အတွက် ကျုပ်အတော်ကြီးအံ့သြသွားမိတယ်။ ဒါဆိုရင် ဒီမိန်းကလေးဟာ မက်ဒိုနာပဲဖြစ်ရမယ်။ သူတို့



သုံးယောက်သားဟာ လက်မှတ်ပေါက်နားမှာ ထွေရာလေးပါး ပြောနေပုံပေါက်ပေမယ့် နည်းနည်းလှမ်းနေတော့ သဲသဲကွဲကွဲ မကြားရဘူး။

ဘူတာရုံက နာရီကိုမေးကြည့်လိုက်တော့ ရထားဆိုက်ဖို့ ၅မိနစ် လိုသေးတယ်။ မြန်မြန်လာရင်ပိုကောင်းမယ်။ ကျုပ်မှာ စကားပြောဖော်တစ်ယောက်မှ မရှိတော့ အတော်ကြီးပျင်းနေမိတယ်။ ဒီလိုတွေးနေတုန်း ဘူတာရုံထဲကို လူတစ်ယောက် ဒရောသောပါး ပြေးဝင်လာတာကိုတွေ့ရပြန်တယ်။ သေသေချာချာ ကြည့်လိုက်တော့ အင်္ကျီနီ ဖြစ်နေတယ်။ သူက ပိုးအင်္ကျီပါးပါးကိုဝတ်ပြီး ခါးမှာ ပိုးပဝါအရောင် ခပ်တောက်တောက် စည်းထားတယ်။ ခါတိုင်းလိုပဲ ရွှေလက်ပတ်နာရီ ပတ်ထားတယ်။ ဒါပေမယ့် အဲဒီ ရွှေလက်ပတ်နာရီက ရွှေအစစ်မဟုတ်ဘူး။ ရွှေရည်စိမ်အတုကြီးပဲ။ အင်္ကျီနီကတော့ ဘယ်သူမှမသိဘူး အထင်နဲ့ ရှိုးထုတ်ပြနေတာဖြစ်ပေမယ့် ကျုပ်က မြင်တာနဲ့ ကွက်ခနဲ သိတယ်။

အင်္ကျီနီဟာ ဘူတာထဲရောက်တော့ တစ်ယောက်ယောက်ကို ကျီးကန်းတောင်မှောက်ရှာသလို လုပ်နေပြီးမှလက်မှတ်ပေါက်ရှေ့မှာ စကားပြောနေတဲ့ သုံးယောက်ကို မြင်တော့ ယဉ်ယဉ်ကျေးကျေးဦးညွှတ်ပြလိုက်ပြီး ကျုပ်ရှိတဲ့ဘက်ကို ကြောင်လျှောက်သလို ခြေသံမကြားရအောင် လျှောက်လှမ်းလာခဲ့တယ်။

"ဩော်၊ ဩော် မောင်ရင်လည်း ရေပူစမ်းသွားမလို့လား၊ ကျုပ်ဖြင့် နောက်ကျပြီလို့ အောက်မေ့မိတာ ၂မိနစ်၊ ၃မိနစ် ပဲလိုတော့တယ်၊ ဘူတာကနာရီကမှန်ရဲ့လား၊ ဩော်၊ ၂မိနစ် လောက်လွဲနေတာကိုး"

သူက ရွှေလက်ပက်နာရီကြီးကိုဟန်နဲ့ ထုတ်ကြည့်ပြီးတဲ့နောက် ကျုပ်ရဲ့ဘေးမှာ လာထိုင်တယ်။ စောစောက မိန်းမပျိုကလေးကို တစ်ချက်မှ လှမ်းမကြည့်ဘဲ သူ့တုတ်ကောက်ကြီးပေါ်ကို မေးတင်ကာ တစ်ဖက်ကိုငေးကြည့်နေတယ်။ အဒေါ်ကြီး ကတော့ အင်္ကျီနီဘက်ကို လှည့်ကြည့်လှည့်ကြည့် လုပ်နေပြီး ပြုံးစိစိလုပ်နေတယ်။ မိန်းမပျိုကလေးကတော့ မျက်နှာလွဲထားတယ်။ ဒါဆိုရင် သူကလေးဟာ မက်ဒီနာ ဆိုတာသေချာပြီ။

မကြာခင်မှာပဲ 'တူ'ဆိုတဲ့ ဥသြသံပေးပြီး ရထားကြီးဆိုက်လာတယ်။ ဘူတာရုံမှာ စုပြီးစောင့်ဆိုင်းနေကြတဲ့ ခရီးသည်တွေဟာ ရထားတွဲဘက်ဆီကို အကွဲကွဲအပြားပြား တက်သွားကြတယ်။ သူအထက်တန်းတွဲကို တက်စီးသွားလို့လည်း အထင်ကြီးစရာ မရှိပါဘူး။ စုမိဒါဘူတာအထိ အထက်တန်း ၅ဆင့်၊ ရိုးရိုးတန်း ၃ဆင့်ပဲ ကျတာဆိုတော့ ပိုက်ဆံကလေး ၂ဆင့်လောက်ပိုပေးလိုက်ရုံနဲ့ အထက်တန်းတွဲကို စီးနိုင်တာပဲ။ ကျုပ်လည်း အမြဲပထမတန်း လက်မှတ်ဝယ်စီးနေကျဖြစ်ပေမယ့် ဒီကျေးလက်က

လူတွေအဖို့တော့ ပိုက်ဆံကလေး ၂ဆင့်လောက်ဟာ သူတို့အတွက်အများကြီး တွက်စရာဖြစ်နေတယ်။ဒါကြောင့်များသောအားဖြင့်တော့ ရိုးရိုးတန်းကပဲ သွားကြတာ များတယ်။

အင်္ဂျီနီရဲ့နောက်ကနေပြီး မက်ဒိုနာနဲ့သူ့အမေက အထက်တန်းတွဲပေါ်ကို တက်လိုက်သွားတယ်။ အမြဲတမ်းကိုယ့်ကိုယ်ကို နှိမ့်ချနေတတ်တဲ့ ရွှေဖရုံသီးကတော့ ရိုးရိုးတန်းတွဲဘေးမှာ ကျုပ်ကိုအားနာတဲ့သဘောနဲ့တက်ရမလိုလို၊ ဆင်းရမလိုလိုနဲ့ ချီတုံချတုံဖြစ်နေပြီးမှ တွဲပေါ်ကိုခုန်တက်လိုက်တယ်။ အဲဒီအချိန်မှာ ကျုပ်ဟာ ရွှေဖရုံသီး ကိုသိပ်သနားသွားတဲ့အတွက် သူ့နောက်ကပဲ ရိုးရိုးတန်းတန်းတွဲပေါ်ကို တက်လိုက် သွားမိတော့တယ်။ အထက်တန်းလက်မှတ်ကိုင်ပြီး ရိုးရိုးတန်းတွဲမှာလာစီးလို့တော့ ဘယ်သူကမှ လာပြောမှာမဟုတ်ပါဘူး။

ရေပူစမ်းရောက်တော့ ကျုပ်ချိုးနေကျ ၃ထပ်တိုက်ပေါ်က ရေချိုးခန်းထဲကို အင်္ဂျီ ချွတ်ပြီး ဝင်သွားတယ်ဆိုရင်ပဲ ရွှေဖရုံသီးကို ထပ်ပြီးတွေ့ပြန်တယ်။ ကျုပ်က အစည်း အဝေးတို့လို အရေးပါတဲ့နေရာမျိုးမှာသာ အာစေးမိပြီးစကားမပြောတတ်ပေမယ့် သာမန်ကတော့ ကရားရေလွှတ်ပြောနိုင်တဲ့လူစားမျိုး၊ ရေချိုးခန်းထဲမှာ ရွှေဖရုံသီးကို အာလာပသလ္လာပစကားတွေ ဖောင်ဖွဲ့ပြီးပြောနေမိတယ်။ သူ့ကို ကြည့်ရတာသိပ်ပြီး သနားဖို့ကောင်းတယ်။ တစ်ဖက်သား စိတ်ဒုက္ခရောက်နေတဲ့အခါမျိုးမှာ အားပေး စကားပြောရမှာ တိုကျိုမြို့သားတိုင်းရဲ့ တာဝန်ပဲလို့ ကျုပ်ကယူဆထားတာကိုး။

ခက်တာက ရွှေဖရုံသီးက ကျုပ်ပြောတဲ့စကားတွေကို သိပ်ပြီး စိတ်ဝင်စားပုံမရဘူး။ ကျုပ်ပြောတဲ့စကားကို 'အင်း' လိုက်နေပေမယ့် သူ့ 'အင်း'က သိပ်ပြီးအသက်မပါလှတဲ့ အတွက် ကျုပ်ကပဲ အားနာလာပြီး စကားကိုရပ်လိုက်ရတယ်။ ကျုပ်ချိုးတဲ့ ရေချိုးခန်း မှာတော့ အင်္ဂျီနီကိုမတွေ့ရဘူး။ ဒီအရပ်မှာက ရေချိုးခန်းတွေမှိုလိုပေါက်နေတော့ ရထားတစ်စီးတည်းစီးလာပေမယ့် ရေချိုးခန်းက တူချင်မှတူမှာပေါ့။

ရေချိုးခန်းကထွက်လာတော့ လပြည့်နေ့မို့ ဖိုးရွှေလမင်းကြီးက ထိန်ထိန်သာနေပြီ။ မြို့လယ်လမ်းမကြီးရဲ့ တစ်ဖက်တစ်ချက်မှာ တန်းစီပေါက်နေကြတဲ့ မိုးမခပင်ကြီးတွေရဲ့ အရိပ်ဝိုင်းဝိုင်းကြီးတွေက ပေတရာလမ်းမပေါ်မှာ လဲလျောင်းနေကြတယ်။ဒါနဲ့ကျုပ် လည်းအညောင်းပြေအညာပြေ လမ်းလျှောက်ချင်စိတ်ပေါက်လာမိတော့တယ်။ မြောက် ဘက်တောင်ကုန်းကလေး တစ်ခုကိုကျော်လာတဲ့အခါ မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်ဘက် ကိုရောက်လာတယ်။ ဘယ်ဘက်မှာက ဂိတ်ဝကြီးတစ်ခုရှိပြီး ဂိတ်တည့်တည့်အထဲမှာ ဘုရားကျောင်းကြီး တစ်ဆောင်ကို လှမ်းမြင်နေရတယ်။ လမ်းရဲ့ဝဲယာ တစ်ဖက်တစ် ချက်မှာတော့ မိန်းမရွှင်တန်းလျားတွေရှိတယ်။ ဘုရားကျောင်းရဲ့ဘေးပတ်ဝန်းကျင်မှာ

ဒီလို အပျော်အပါးနေရာမျိုးတွေရှိတာ ကျုပ်တစ်ခါမှမကြားဖူးဘူး။ အတွေ့အကြုံရအောင်ဝင်ကြည့်လိုက်ချင်ပေမယ့် တော်ကြာတောခွေးတို့ လူသိုက်ကအစည်းအဝေးမှာ တွယ်နေမှဖြင့် ခက်ရချည့်ရဲ့ဆိုပြီး လမ်းပဲဆက်လျှောက်ခဲ့ရတယ်။

အတော်ကလေးလျှောက်မိတော့ တစ်ဝက်တစ်ပျက်လိုက်ကာမည်းမည်းကလေးတွေချထားတဲ့ တစ်ထပ်အိမ် ဆိုင်တန်းကလေးကိုတွေ့ရတယ်။ ကျုပ်တစ်ခါက မှားပြီး ပေါက်စီ ဝယ်စားခဲ့မိတာ ဒီနေရာပဲ။ မီးပုံဝိုင်းဝိုင်းကလေးတွေမှာကော့တော့ ရှိဂုကော အုန်းနို့ခေါက်ဆွဲ၊ အိုဖွန်းနိ ကြာဇံပြုတ် စသည် စသည်ဖြင့် ကြော်ငြာဆိုင်းဘုတ်ကလေးတွေရေးထားလေရဲ့။ မီးပုံးကအလင်းရောင်တွေဟာ အခုလိုညချမ်းမျိုးမှာ မိုးမခပင်တွေပေါ်ထိုးကျနေကြတယ်။ ကျုပ်ဖြင့် ဝင်ပြီးစားလိုက်ချင်တာ သွားရည်တများများပဲ။ ဒါပေမယ့် ကိုယ့်စိတ်ကိုယ်ချုပ်တည်းပြီး ဆက်လျှောက်လာခဲ့ရတယ်။

ကိုယ်စားချင်တဲ့ပေါက်စီကိုတောင် မစားရဲတဲ့ဘဝက အတော့်ကိုဒုက္ခကြီးလှတယ်။ ဒါပေမယ့် ကိုယ့်ဆန္ဒတစ်ခုကြောင့် တစ်ခြားလူ တစ်ဦးဦးကိုထိခိုက်မယ်ဆိုရင်တော့ ပိုပြီးစိတ်အနှောင့်အယှက် ဖြစ်ရတော့ပေမပေါ့။ ရွှေဖရုံသီးအကြောင်းကို စဉ်းစားမိလေတိုင်း ပေါက်စီမပြောနဲ့ထမင်းတောင် နှစ်ရက်သုံးရက်လောက် မစားဘဲနေနိုင်လောက်အောင် စိတ်မကောင်းဖြစ်ရတော့တယ်။

လောကကြီးမှာ လူတွေလောက် အပေါင်းရခက်တဲ့သတ္တဝါမရှိဘူး။ ဥပမာပြောရရင် မက်ဒိုနာဆိုတဲ့ မိန်းမကိုကြည့်။ သူ့ကိုတွေ့လိုက်ရင် ဘယ်လိုနည်းနဲ့မှ ရက်စက်လိမ့်မယ်လို့ ခန့်မှန်းမရပေမယ့် တကယ်တော့ ဒီမိန်းမက လှသလောက် ရက်စက်လွန်းတယ်။ ဆရာကောဂါလိုလူမျိုးကျတော့ ရွှေဖရုံသီးကို ရေထဲမှာထည့်ပြုတ်ထားသလို ဘယ်လိုမှ ကြည့်ရတာ အချိုးမပြေပေမယ့် စိတ်သဘောထားအင်မတန်ယဉ်ကျေးသိမ်မွေ့တယ်။ ပွင့်ပွင့်လင်းလင်း နိုင်လုပါတယ်လို့ ထင်ရတဲ့ဖြူကောင်လိုလူမျိုးကတောင် တစ်ဖက်ကကျောင်းသားတွေကို မြှောက်ထိုးပင့်ကော် လုပ်သေးတာပဲ။ တစ်ခါ သူတကယ် မြှောက်ပေးခဲ့တာပဲလို့ ထင်နေတုန်းမှာပဲ သူကကျောင်းအုပ်ကြီးကို ကျောင်းသားတွေကို အပြစ်ပေးဖို့ တောင်းဆိုလာပြန်တယ်။ အကိုနီဆိုတဲ့လူကလည်း တစ်ချိန်တုန်းက ကျုပ်ကိုခင်မင်လွန်းလို့ သတိပေးရဦးမယ်ဆိုပြီး ကျုပ်ဘက်က ရပ်သလိုလိုနဲ့ တကယ့်အရေးကျတော့ ကျုပ်ကိုတွယ်တဲ့ဘက်မှာပါတယ်။ ပြီးတော့ ကောဂါတို့ စေ့စပ်ပွဲပျက်တော့မလို ဖြစ်နေတဲ့အချိန်မှာ သူကတမင်ဝင်နှောက်ပြီး လက်ထပ်ချင်တယ်လုပ်ပြန်ရော။ အီကာဂင်းအိမ်က ကျုပ်နေတာထိုင်တာ ဘဝင်မကျပါဘူးဆိုပြီးနှင်ချတယ်။ကျုပ်ထွက်တဲ့နေ့မှာပဲ ဆပ်ကပ်လူပြက်ကို တင်ထားလိုက်ပြန်ရော။ ဒီတော့ ကျုပ်လူတွေကို ဘယ်လိုလုပ်ပြီး နားလည်ရတော့မလဲ။

ဒီအကြောင်းတွေကိုသာ ကီယော်ဆီကို စာရေးပြောလိုက်ရင် အကြီးအကျယ် အံ့သြမှာ အမှန်ပဲ။ တိုကျိုမြို့သူဖြစ်တဲ့ ကီယော်ကတော့ဆိုမှာပဲ။ ဟာကောနဲ့ အရပ်ရဲ့ အစွန်ဘက်ကျလေတော့ လူဆိုးကြမ်းပိုးတွေစုနေတဲ့ နေရာမျိုးမို့ ဒီလိုကြုံရတာလို့။

ကျုပ်ဆိုတဲ့ကောင်မျိုးကလည်း နက်ဖြန်အတွက် တွေးပူတက်တာမဟုတ်တော့ ဘာပြဿနာတွေ ဘယ်လိုပဲကြုံကြုံသိပ်ပြီး ဂရုစိုက်လှတာမဟုတ်ဘူး။ ဒါပေမယ့် အခုတော့ ကျုပ်ဝန်ခံရလိမ့်မယ်။ အခုတစ်လလောက်အတောအတွင်းမှာ လောက ကြီးကိုလန့်လာမိတယ်။ သိပ်ပြီးပြဿနာအကြီးအကျယ် မတွေ့ခဲ့ရပေမယ့် အခုကျုပ် ဒီမှာနေရတာကို လေးငါးနှစ်လောက်ကြာပြီလို့ အောက်မေ့နေမိတော့တယ်။ ဖြစ်နိုင်ရင် အခုချက်ချင်း အလုပ်ကထွက်ပြီး တိုကျိုကို ပြန်ချင်စိတ်ပေါက်လာပြီ။

ကျုပ်ဟာဒီလို တောင်တွေးမြောက်တွေး တွေးရင်းကနေ လျှောက်လာလိုက်တာ ကျောက်တံတားတစ်ခုကို ကျော်ဖြတ်ပြီးတဲ့နောက် နော်ဇရီမြစ်ကမ်းပါးကို ရောက်လာခဲ့ တော့တယ်။ မြစ်လို့သာပြောရတယ် ဖပေလောက်ကျယ်တဲ့ ချောင်းကလေးတစ်ခုပါပဲ။ ဒီ မြစ်အတိုင်း အောက်ဘက်ကို ၄ဖာလုံလောက် ဆင်းသွားတဲ့အခါ အာအောအိ ဆိုတဲ့ ရွာကိုရောက်တယ်။ ဒီရွာမှာ ကန်စွန်းနတ်ဘုရားရုပ်တုရှိတယ်။

အဲဒီကနေ ရေပူစမ်းရွာကို ပြန်လှည့်ကြည့်လိုက်တဲ့အခါမှာ လရောင်အောက်က မီးအိမ်နီနီကလေးတွေ တဖျပ်ဖျပ်လက်နေတာကို တွေ့ရတယ်။ ဂီတသံတွေလိုလိုလည်း ကြားရတယ်။ အပျော်မယ်တွေအိမ်က ထွက်လာတဲ့အသံပဲဖြစ်ရမယ်။ မြစ်ရေကတိမ် ပေမယ့် ရေစီးမြန်တယ်။ လရောင်ကအပေါ်ကနေ မိုးပြီးထိုးထားတဲ့အတွက် တဖျပ်ဖျပ် လက်ပြီး တောက်ပနေတယ်။ ဒီလိုနဲ့ မြစ်ကမ်းပါးမှာ လမ်းသလားလို့ နှစ်ဖာလုံလောက် လည်းရောက်ရော ရှေ့နားမှာလူအရိပ်တွေကို တွေ့လိုက်ရတော့တယ်။ လရောင်ကို အားကိုးပြီး သေသေချာချာ ကြည့်လိုက်တော့ အရိပ်ကနှစ်ခုဖြစ်နေတယ်။ ရေပူစမ်းက ပြန်လာတဲ့လူငယ်တွေများလားလို့ အောက်မေ့လိုက်မိတယ်။ဒါပေမယ့် လူငယ်တွေဆိုရင် သီချင်းလေး ဘာလေးလောက်တော့ ညည်းလာရတော့မှာပေါ့။ အတော့်ကို ငြိမ်ချက် သားကောင်းလှတယ်။

ဒီလိုနဲ့လှမ်းလာလိုက်တာ ကျုပ်ကပဲ လမ်းလျှောက်ပိုမြန်လို့လားမပြောတတ်ဘူး။ အဲဒီ အရိပ်နှစ်ခုကိုမီလာတယ်။ တစ်ယောက်ကမိန်းမနဲ့တူတယ်။ ကျုပ်ခြေသံကိုကြားရ လို့လားမပြောတတ်ဘူး ယောကျ်ားလုပ်တဲ့လူက ကျုပ်ကိုလှည့်ကြည့်လိုက်တယ်။ လရောင်က ကျုပ်ရဲ့ နောက်ဘက်ကထိုးနေတာဖြစ်တော့ လှည့်ကြည့်လိုက်တဲ့လူကို တွေ့လိုက်ရတယ်ဆိုရင်ပဲ ကျုပ်စိတ်ထဲမှာ ဘုရားရေလို့ ရေရွတ်လိုက်မိတယ်။

အဲဒီယောကျ်ားနဲ့ မိန်းမဟာဆက်ပြီးလျှောက်ပြန်တယ်။ ကျုပ်လည်း အကြံနဲ့

သူတို့ကိုမိအောင် ခပ်သွက်သွက်လျှောက်ပြီးလိုက်မိတဲ့အတွက် သူတို့စကားသံတွေ ကိုကောင်းကောင်းကြားလာရတယ်။ ရှေ့လူတွေကတော့ ကျုပ်ကို သတိမထားမိသေး လို့လားမပြောတတ်ဘူး။ နဂိုအတိုင်း ခပ်ဖြည်းဖြည်းပဲလျှောက်နေကြတယ်။ မြစ်ကမ်း နဖူးက ခြောက်ပေလောက်ကျယ်တော့ လူသုံးယောက်ကောင်းကောင်းကြီး ယှဉ်ပြီး လျှောက်လို့ရတယ်။ ကျုပ်ဟာ ယောကျ်ားလုပ်သူရဲ့ ပခုံးကိုရှပ်တိုက်ပြီး ၂ပေလောက် ကျော်သွားတဲ့အခါ နောက်ဘက်ကို ပြန်လည့်ကြည့်လိုက်မိတယ်။ လရောင်က ထင်းထင်းကြီးသာနေတော့ ကျုပ်မျက်နှာကို နဖူးကနေမေးဖျားအထိ ထင်းထင်းကြီး တွေ့နေရတာပေါ့။ ယောကျ်ား ဖြစ်သူဟာ 'ဟိုက်' လို့ခပ်အုပ်အုပ်ကလေး အော်လိုက်ပြီး ဘေးကမိန်းမကို တိုးတိုးပြောကာ ရေပူစမ်းဘက်ကို ချာကနဲ ပြန်လှည့်ထွက်သွား တော့တယ်။

အစပိုင်းတုန်းက အကျိုနိဆိုတဲ့လူဟာ အတော်သြဇာကြီးပြီး ကျုပ်ကိုအရူး လုပ်နိုင်ပြီလို့ သူ့ကိုယ်သူအထင်ကြီးခဲ့ပုံပဲ။ တကယ်တော့ ကျုပ်ကို အရူးလုပ်ရင်းကနေ ဒီနေရာမှာတော့ သူပါအရူးဖြစ်သွားခဲ့ပြီ။ လူပါးပုလင်းကွဲထိတာပဲပေါ့။

(၈)

အင်္ကျီနီအတင်းခေါ်လို့ ငါးမျှားလိုက်သွားပြီးပြန်လာကတည်းက ကျုပ် ဖြူကောင် အပေါ်ကိုသံသယဝင်လာခဲ့မိတယ်။ ဒီကြားထဲမှာ သူကကျုပ်ကို အိမ်ကချက်ချင်း ထွက်သွားဖို့တောင်းဆိုလာပြန်တော့ ကျုပ်သူ့ကို လူယုတ်မာတစ်ယောက် အဖြစ်ပိုပြီးမြင်မိတော့တာပေါ့။

ဒါပေမယ့် အစည်းအဝေးကျတော့ မမျှော်လင့်ဘဲ ကျုပ်ကို စော်ကားခဲ့တဲ့ ကျောင်းသားတွေကို ကြီးလေးတဲ့အပြစ်ပေးဖို့ သူပဲ ထပြီးတိုက်တွန်းပြန်တယ်။ အတော်ထူးဆန်းတဲ့လူပဲ။ ရွှေဖရုံသီးကိစ္စမှာ အင်္ကျီနီကို သူသွားပြီးကန့်ကွက်တယ်။ ကျုပ် လက်ခုတ်လက်ဝါးတီးပြီး ချီးကျူးသြဘာပေးချင်စိတ်ပေါက်သွားရပြန်တယ်။ ဒီအခြေအနေအားလုံးကို ခြုံပြီးစဉ်းစားကြည့်တော့ တကယ့်လူယုတ်မာဟာ ဖြူကောင် မဟုတ်ဘဲ အင်္ကျီနီဖြစ်နေတာကိုတွေ့ရတယ်။ အင်္ကျီနီဟာ သွယ်ဝိုက်တဲ့နည်းနဲ့ မဟုတ်ကိုအဟုတ်လုပ် ကုန်းချောခဲ့တာပဲ။ ကျုပ်အနေနဲ့ နဝေတိမ်တောင် ဖြစ်ခဲ့ရတယ်။ သူနဲ့ မက်ဒိုနာတို့ မြစ်ကမ်းပါးမှာ ယှဉ်ပြီးလမ်းလျှောက်နေတာကို တွေ့ရကတည်းက ကျုပ်ဟာ အင်္ကျီနီကို ယုတ်မာတဲ့ မြေခွေးအိုကြီးတစ်ကောင်လို့သာ သတ်မှတ်ယုံကြည်လာခဲ့တော့တယ်။သူဟာ ဇာတ်လမ်းထဲက ဗီလိန်ဟုတ်မဟုတ် မသေချာပေမယ့် မကောင်းတာတော့ သေချာတယ်။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး လုပ်တတ်တဲ့ လူစားမျိုး ဖြစ်နေတယ်။

လူဆိုတာဟာ ဝါးလုံးလိုတစ်ဖြောင့်တည်းမဟုတ်ရင် သိပ်ပြီးယုံစားလို့ မကောင်းဘူး။ အင်္ကျီနီလို လူမျိုးဟာ စကားကို ချိုချိုပြော၊ သူတစ်ပါးကို ကြင်နာသနားဟန်ပြပြီး ပယင်းရောင်ဆေးတံကြီးနဲ့ဂိုက်ထုတ်နေတတ်တယ်။ ဒီလိုလူမျိုးကို ပိုပြီးသတိထားရမယ်။ သူလိုလူမျိုးနဲ့ ရန်ဖြစ်နိုင်ဖို့မလွယ်ဘူး။ ရန်ဖြစ်တယ်ထား၊ အဲအောအင်

ဘုရားကျောင်းမှာ နပန်းလုံးရတာလောက်အောင် အရသာတွေ့မှာမဟုတ်ဘူး။

ဒီလိုတွေးမိပြန်တော့ ဆရာများနားနေခန်းထဲမှာ ပိုက်ဆံကလေးတစ်ဆင့်ခွဲ လောက်အတွက် အော်ကျယ်ဟစ်ကျယ် ရန်ဖြစ်ခဲ့ရတာမှ သဘာဝကျဦးမယ်။ အဲဒီနောက် အစည်းအဝေးမှာ ဖြူကောင်က ကျုပ်ကိုအမိပွာယ်ပါတဲ့ မျက်လုံးတွေနဲ့ ကြည့်ခဲ့တာကို သဘောမကျပေမယ့် အကျိုးနို လေပေါတာထက်တော့ အများကြီးသာနေသေးတယ်။ အစည်းအဝေးပြီးတဲ့အခါမှာ ဖြူကောင်နဲ့ပြန်ပြီးသင့်မြတ်အောင် ကျုပ်ကပဲစပြီး စကား တစ်ခွန်းနှစ်ခွန်း ပြောကြည့်သေးတယ်။ သူက ကျုပ်ကို သဘောလောက်တောင် ပြန်ပြော ဖော်မရတဲ့အတွက် ကျုပ်လည်း ဒေါပွပြီး ဆက်မခေါ်တော့ဘူး။

အဲဒီနောက်မှာ ဖြူကောင်ဟာ ကျုပ်ကို စကားလုံးဝမပြောတော့ဘူး။ တစ်ခါက သူမယူဘဲ ပြန်ပစ်ပေးခဲ့တဲ့ ပိုက်ဆံတစ်ဆင့်ခွဲဟာလည်း ခုထက်ထိ စားပွဲပေါ်မှာရှိတုန်းပဲ။ ဖုန်တွေတောင်တင်နေပြီ။ကျုပ်ကလည်း ဒီပိုက်ဆံကို လုံးဝ မလိုချင်တော့ဘူး။ ဖြူကောင် ကလည်း လက်ဖျားနဲ့တောင် မတို့ဘူး။ အမှန်တော့ ဒီပိုက်ဆံ တစ်ဆင့်ခွဲဟာ သူနဲ့ ကျုပ်ရဲ့ကြားမှာ မဟာတံတိုင်းလို ခြားထားတာပဲ။ ဒီပိုက်ဆံကြောင့် ကျုပ်က စကားစ ပြောချင်ပေမယ့် မပြောဝံ့ဘူး။ ဖြူကောင်ကလည်း ဒီအတိုင်းပဲ နှုတ်ဆိတ်နေခဲ့တယ်။ အမှန်တော့ ဒီပိုက်ဆံတွေက ကျုပ်တို့နှစ်ယောက်ရဲ့ ချစ်ကြည်ရေးကို ဖျက်ဆီးနေကြ တာပဲ။နောက်ဆုံးတော့ ကျုပ်ဟာ ကျောင်းကိုရောက်တိုင်း ဒီပိုက်ဆံတွေကို မြင်ရတဲ့အခါ စိတ်မချမ်းသာ ဖြစ်နေရတော့တယ်။

ကျုပ်နဲ့ဖြူကောင်အခုလို စကားပြောဘဲနေကြပေမယ့် အကျိုးနီနဲ့ကတော့ အရင် အတိုင်းပဲ ခေါ်ပြောဆက်ဆံနေကြတယ်။ နော်ဗံရီမြစ်ကမ်းပါးမှာ တွေ့ပြီးတဲ့နောက် တစ်နေ့ကျတော့ ကျောင်းကိုရောက်ရောက်ချင်း သူ ကျုပ်ဘေးမှာ လာထိုင်ပြီး 'အခု ပြောင်းနေတဲ့အိမ်က အဆင်ပြေရဲ့လား၊ နောက်တစ်ခါ ရုရှားစာရေးဆရာကြီး ဂေါ်ကီ တွေသွားမမျှားဘူးလား' စသည်ဖြင့် မေးမြန်းပြီး အာလာပသလ္လာပစကားတွေ ပြောနေ တော့တယ်။ ကျုပ်လည်း စိတ်ကသိကအောက် ဖြစ်လာတော့တယ်။ "မနေ့က ဆရာ့ကို နှစ်ခါတောင် တွေ့ခဲ့ရတယ်နော်" လို့ ပြောလိုက်မိတယ်။ သူက "ဩော် . .. ဩော် ဟုတ်သားပဲ၊ မနေ့က ဘူတာရုံမှာတွေ့ကြတာ မောင်ရင်နဲ့က အဲဒီနေရာမှာ တွေ့နေ ကျကိုး၊ မနေ့ကတော့ နည်းနည်းနောက်ကျသွားတယ်နော်" လို့ဆိုတယ်။ ဒါနဲ့ ကျုပ်က "ကျွန်တော် ဆရာ့ကို နော်ဗံရီ မြစ်ကမ်းပါးမှာ တစ်ခါထပ်တွေ့သေးတယ်လေ" လို့ ပြောင်ဖွင့်ပြောလိုက်တော့ . . .

"ဟင့်အင်း ကျုပ် အဲဒီနေရာကို မသွားပါဘူး၊ ရေချိုးပြီးတာနဲ့အိမ်ကို တန်းပြန် လာခဲ့တာပါ" လို့ဖြေတယ်။ အမှန်တော့ သူဒီလို ကွယ်ဝှက်နေစရာမလိုပါဘူး။ ပက်ပင်း

တွေ့ခဲ့တာပဲ။ တော်တော်လိမ်တဲ့လူ။ ဒီလို လူကတောင် ကျောင်းမှာ ဒုတိယကျောင်းအုပ်ကြီးဖြစ်ခဲ့သေးရင် ကျုပ်လိုကောင်မျိုးက တက္ကသိုလ်မှာ ပါမောက္ခချုပ်လောက်ဖြစ်သင့်တယ်။ အဲဒီအချိန်ကစပြီး ကျုပ်အကီြနိကိုမယုံတော့ဘူး။

ကိုယ်မယုံတဲ့လူနဲ့ စကားစမြည်ပြောနေရပြီး ကျုပ် ချီးမွမ်းထိုက်တဲ့ ဖြူကောင်နဲ့ကျတော့ လုံးဝစကားမပြောကြတော့ဘူး။ လောကကြီးက အတော်ဆန်းတာပဲ။

တစ်နေ့မှာ အကီြနိက "မောင်ရင့်ကို စကားပြောစရာရှိလို့ အိမ်ကိုလာခဲ့ပါလား" လို့ ခေါ်တဲ့အတွက် ထူးတော့ထူးတာပဲလို့ အောက်မေ့ပြီး ရေပူစမ်းကိုမသွားဘဲ သူ့အိမ်ဘက်ကို လေးနာရီလောက်ထွက်ခဲ့တယ်။သူက ရှေးကတည်းက အိမ်ကြီးကြီးတစ်ဆောင်ကိုငှားထားပြီး ဧည့်ခန်းကိုလည်း ခမ်းခမ်းနားနားပြင်ထားတယ်။ အိမ်ငှားခက ၅ယန်းနဲ့ဆင့်၅၀လောက် ကျတယ်လို့ဆိုတယ်။ တောရွာဆိုတော့ ဒီလောက်ပိုက်ဆံနဲ့ဒီလိုခမ်းခမ်းနားနား နေနိုင်မယ်ဆိုရင် ကျုပ်တောင် တစ်အိမ်လောက်ငှားပြီး တိုကျိုမှာကျန်ရစ်ခဲ့တဲ့ ကီယော်ကိုသွားခေါ်ကာ အတူနေချင်တဲ့စိတ်တွေ ပေါက်လာမိတယ်။

"အိမ်ရှင်တို့ . . .အိမ်ရှင်တို့" လို့ လှမ်းခေါ်လိုက်တော့ သူ့ညီထွက်လာတယ်။ ကျုပ်ကသူ့ကို အက္ခရာနဲ့သင်္ချာသင်ပေးရတယ်။ ဒီကောင်က လူညံ့ပဲ။ အရပ်ဒေသအမျိုးမျိုးကို ပြောင်းရွှေ့နေရလို့လား မပြောတတ်ဘူး။ ဒီအရပ်က ကလေးတွေထက်ပိုပြီး ဆိုးတယ်။

အကီြနိကိုတွေ့တော့ ဆေးချေးစော်နံ့တဲ့ ဆေးတံကြီးကိုဖွာရင်း . . .

"မောင်ရင်ရောက်ကတည်းက ကျောင်းဟာအရင်ကထက်ပိုပြီး အောင်ချက်ကောင်းလာလို့ ကျောင်းအုပ်ကြီးက တို့တော့ လူကောင်းရတာပဲဆိုပြီး အတော်ပျော်နေတယ်ကွယ့်၊ ကျောင်းကလည်း မောင်ရင့်ကို အတော်ကြီး အားကိုးနေလေတော့ သည်ထက်ပိုပြီး ကြိုးစားစေချင်တယ်"

"အလို ဟုတ်ရဲ့လား၊ ကြိုးစားပါလို့ ပြောတာမှန်ပေမယ့် ကျွန်တော် ဒီထက်ပိုပြီး မကြိုးစားနိုင်တော့ဘူး"

"ဒီအတိုင်း ကြိုးစားသွားလည်းဖြစ်ပါတယ်။ စောစောက ပြောခဲ့တာကလေးကိုပဲ မမေ့ဖို့ပါဘဲ"

"ကျွန်တော့်အတွက် အိမ်ရှာပေးတဲ့လူဟာ မကောင်းဘူးဆိုတဲ့ စကားလား"

"မောင်ရင် ဒီလောက်ဖြောင်ပြောဖို့ မကောင်းဘူး၊ ထားတော့လေ၊ မောင်ရင်က အရိပ်ပြရင် အကောင်ထင်နိုင်တဲ့ လူဆိုတော့ ချက်ချင်း သဘောပေါက်လွယ်တာပေါ့။ အခုအခြေအနေအတိုင်းသာ ကျောင်းက ချမှတ်ထားတဲ့ စည်းကမ်းတွေကို လေးလေးစားစားလိုက်နာပြီး ကြိုးစားသွားမယ်ဆိုရင် မကြာခင် မောင်ရင့်အတွက် ငွေရေးကြေးရေး

အကျိုးထူးလာနိုင်တယ်”

“အလို ကျွန်တော့်လစာကိုလား၊ ကျွန်တော့လစာအတွက် ကိစ္စမရှိပါဘူး။ ဒါပေမယ့် တိုးပေးမယ်ဆိုရင်တော့လည်း ကောင်းပါတယ်လေ”

“ဒီလိုကွယ့် ကံကောင်းချင်တော့ ကျုပ်တို့ကျောင်းက ဆရာတစ်ယောက်ပြောင်းသွားဖို့ရှိတယ်၊ ဆရာကြီးကို အကျိုးအကြောင်းပြောမပြရသေးပေမယ့် ပြောင်းသွားမယ့်လူရဲ့လစာထဲက တချို့တစ်ဝက်ယူပြီးတိုးပေးဖို့ ကျုပ် ကျောင်းအုပ်ကြီးနဲ့ ဆွေးနွေးရမလားလို့ စဉ်းစားနေတယ်”

“ကျေးဇူးပဲဗျာ၊ ဒါနဲ့ ဘယ်သူကပြောင်းသွားမှာလဲ”

“မကြာခင် အမိန့်ထုတ်ပြန်တော့မှာမို့ အခုပြောပြလည်း ကိစ္စမရှိပါဘူးလေ၊ ပြောင်းသွားမယ့်လူက ဆရာကောဂါကွယ့်”

“ကောဂါက ဒီရွာသား မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒီရွာသားပါ၊ ဒါပေမယ့် သူ့ဆန္ဒလည်း တစ်ဝက်ပါတယ်”

“ဘယ်ကို ပြောင်းရမှာလဲ”

“ဟီယူးဂါပြည်နယ်က နော်ဆအိုကာမြို့ကိုပေါ့၊ အဲဒီနေရာက ဝေးတာမှန်ပေမယ့် လစာတိုးပြီးရမှာမို့ ပြောင်းရမှာ”

“လာမယ့်သူကိုလည်း ရွေးပြီးလောက်ပြီ၊ လူသစ်လာတာနဲ့ မောင်ရင့်လစာတိုးမှာပဲ”

“ကျေးဇူးပါပဲ၊ ဒါပေမယ့် မဖြစ်နိုင်တာကိုတော့ အတင်းမလုပ်ပါနဲ့ဗျာ၊ ကျွန်တော့်အတွက် ကိစ္စမရှိပါဘူး”

“ရပါတယ်၊ ဒီကိစ္စကို ကျုပ် ကျောင်းအုပ်ကြီးကို တိုက်တွန်းရင် ဖြစ်ပါတယ်။ လစာတိုးပေးပြီးတဲ့အခါမှာ သူက မောင်ရင့်ကို တာဝန်ပိုပေးရင် မငြင်းနဲ့ အခုကတည်းက ပြင်ဆင်ထားပေတော့”

“အခုထက်ပိုပြီး အချိန်များများသင်ဖို့ ပြောတာလား”

“ဒီထက် အချိန်နည်းပြီး အလုပ်ပိုလုပ်ရမယ်ဆိုတော့ မဆန်းဘူးလား”

“ဆန်းတော့ ဆန်းတာပေါ့လေ။ ခုတော့ ဘယ်တိတိကျကျသိဦးမှာလဲ။ ဒီလိုကွာ၊ မောင်ရင် အခုထက် တာဝန်ကြီးတဲ့ရာထူးကို ရမှာပေါ့”

ကျုပ်အဖို့ ပိုပြီးခေါင်းရှုပ်စရာ ဖြစ်လာတော့တယ်။ ခုထက် ရာထူးကြီးတာဆိုရင် သချ်ာဌာနမှူး လုပ်ဖို့ပဲရှိတော့မယ်။ အခုဌာနမှူးက ဖြူကောင်ပဲ။ ဒီလူက တော်တော်နဲ့ ပင်စင်ယူမယ့် လူမျိုးမဟုတ်တဲ့အပြင် ကျောင်းသားတွေက သူ့ကို အတော်သဘောကျနေလေတော့ ဒီဖြူကောင်ကိုကျောင်းထုတ်ဖို့၊ ဒါမှမဟုတ် ပြောင်းပစ်ဖို့ဆိုတာက

လည်းသင့်တော်တဲ့ အလုပ်မဟုတ်ဘူး။ အကျိုနိရဲ့စကားက ဘယ်တော့မှ လိုရင်းကို မရောက်ဘူး။ ဒီလိုနဲ့ပဲ သူ့စကားဆုံးသွားတော့တယ်။ အဲဒီနောက် မကြာခင် ရွှေဖရုံသီးအတွက် ဂုဏ်ပြုပွဲကျင်းပမှာ ဖြစ်တဲ့အကြောင်း သူဟာ အတော်တည်ငြိမ်ပြီး ချစ်စရာကောင်းတဲ့လူဖြစ်ကြောင်း ပြောနေပြီး ကျုပ်ကို ဂုဏ်ပြုပွဲမှာ အရက်သိပ်မသောက်ဖို့လည်း မှာတယ်။ ပြောစရာစကားကုန်တော့ ဦးတည်ချက်ပြောင်းသွားပြီး "မောင်ရင် ဟိုက္ကူကဗျာစပ်တတ်သလား" လို့ မေးပြန်တယ်။ အတော်စကားများတဲ့လူပဲလို့ အောက်မေ့ပြီး "ကျွန်တော် ဘာကဗျာမှမစပ်ပါဘူး၊ ပြန်တော့မယ်ဗျာ" လို့ ပြောပြီး ထွက်လာခဲ့ရတယ်။

ဟိုက္ကူဆိုတဲ့ ကဗျာမျိုးက ဗရောတို့လိုအချိန်ပို အများကြီးရှိတဲ့ အပျော်တမ်းသမားတွေရဲ့ အလုပ်မဟုတ်လား။ သင်္ချာဆရာတစ်ယောက်က ဘယ်လိုလုပ်ပြီး 'ရေပုံးကြိုးမှာတွယ်တက်တဲ့ ကန်စွန်းနွယ်ကလေးရယ်" ဆိုတဲ့ စကားကို နားလည်မှာတဲ့လဲဗျာ။

ကျုပ်အိမ်ပြန်ရောက်တော့ လေးလေးနက်နက် တွေးတောနေမိတယ်။ လောကကြီးမှာ အတော်ထူးဆန်းတဲ့ လူတွေရှိတာပဲ။ အိမ်လည်းရှိတယ်။ ကျောင်းကလည်း မဝေးဘူး။ ဒါကို မကျေနပ်ဘူးလို့ဆိုပြီး အဝေးကိုပြောင်းသွားဖို့ ကြံစည်တယ်တဲ့။ ဆိုပါတော့ သူသွားမယ့်နေရာက တိုကျိုမြို့လို ကားလမ်းတွေ၊ ရထားလမ်းတွေနဲ့ စည်စည်ကားကားဆို တော်သေးရဲ့၊ သူသွားမယ့် ဟီယူးဂါပြည်နယ်က နော်ဆဲအိုကာက ဒီလိုမဟုတ်ဘူး၊ ရေလမ်းခရီး အဆင်ပြေတဲ့ ဒီလိုနေရာမျိုးမှာတောင် ကျုပ်အနေနဲ့ တစ်လအတွင်းမှာပဲ ပြန်ပြောင်းချင်တဲ့စိတ်ပေါက်နေပြီ။ နော်ဆဲအိုကာဆိုတာက တောင်တွေ၊ တောတွေထူထပ်တဲ့နေရာလို့ သိရတယ်။ အကျိုနိ ပြောပြချက်အရဆိုရင် သင်္ဘောနဲ့ ပထမသွားရတယ်။သင်္ဘောက ဆင်းတော့ မြင်းလှည်းတစ်နေကုန်စီးရဦးမယ်။ ဒါမှ မိယာဆာကီကိုရောက်မယ်။ အဲဒီကနေ လန်ချားတစ်နေကုန်စီးမှ ရောက်တယ်လို့ပြောတာ။နာမည်ကို ကြားကတည်းက ဘယ်လိုမှ ယဉ်ကျေးတဲ့နေရာမျိုးတော့ မဖြစ်နိုင်ဘူး။ လူတစ်ဝက်။ မျောက်တစ်ဝက်နေတဲ့ ပစ္စန္တရစ်အရပ်မျိုးပဲ ဖြစ်ရမယ်။ ရွှေဖရုံသီးက ရသေ့ရဟန်းလို တည်ငြိမ်တဲ့လူမျိုးဖြစ်ပေမယ့် မျောက်တွေနဲ့ ဘယ်လိုဆက်ဆံလို့ရမှာလဲ။

ကျုပ်ဒီလို စဉ်းစားနေတုန်း အဘွားက ညနေစာယူလာတယ်။

"ဒီနေ့လည်း ထုံးစံအတိုင်း ကန်စွန်းဥပဲလား" လို့ အဘွားကိုမေးတော့ "ဒီနေ့တော့ ကန်စွန်းဥ မဟုတ်ပါဘူး၊ ပဲပြားဟင်းပါ"တဲ့ ။ သိပ်တော့ မထူးလှဘူးလေ။

"အဘွားရေ၊ ဆရာကောဂါတစ်ယောက် ဟီယူးဂါပြည်နယ်ကို ပြောင်းတော့

မလို့တဲ့"

"ဟုတ်ပါတယ်ကွယ်၊ အတော့်ကို သနားစရာကောင်းတယ်"

"သူ့ သဘောနဲ့သူ ပြောင်းတာဆိုတော့ သနားနေလို့လည်း အကြောင်းမထူးဘူးပေါ့ အဘွားရယ်"

"သူ့သဘောနဲ့ ဆရာကြီးကို သွားပြောဆိုပဲ၊ မဟုတ်ဘူးလား အဘွားရဲ့"

"အိုး . . . ဒါဆိုရင် ဆရာလေးကြားတာက အများကြီး မှားနေပြီ"

"ခုလေးတင် အကျိုးနိ ပြောလိုက်လို့ သိရတာပဲ၊ ဒါဆိုရင် ဒီလူ ညာတာပဲ"

"ဟုတ်တယ်၊ ဒါ သက်သက်လိမ်တာပဲ၊ ဆရာလေးပဲ စဉ်းစားကြည့်လေ၊ ကောဂါက သူပြောင်းချင်ပါတယ်လို့ စပြောပါ့မလား၊ ပြီးတော့ သူမပြောင်းချင်ပါဘူးလို့လည်း ပြောမယ့်လူလား"

"ဟုတ်ပါပြီ၊ အဘွားပြောတာတွေ အားလုံးမှန်တယ်ပဲထား၊ ဒီကမ္ဘာကြီးမှာ ဘာတွေဘယ်လို ဖြစ်နေပြီဆိုတာကို ကျွန်တော် နားရှင်းသွားအောင်ပြောပြပါဦး အဘွားရယ်"

"ကောဂါရဲ့ အမေ အခုနံနက်ကပဲ လာပြီး အဲဒီအကြောင်းတွေပြောသွားတယ်"

"ဘာတွေ ပြောသွားတာလဲ အဘွားရဲ့"

"ကောဂါရဲ့ ဖခင်ကြီးဆုံးသွားပြီးတဲ့နောက်မှာ သူတို့မိသားစုဟာ အများထင်သလို မချောင်လည်ကြရှာဘူး၊ တစ်နေ့တော့ သူ့မိခင်ကြီးက ကျောင်းအုပ်ကြီးဆီကို သွားပြီး သူ့သားကျောင်းဆရာလုပ်တာ လေးနှစ်တောင်ကြာသွားခဲ့ပြီမို့ လစာလေး နည်းနည်းပါးပါးတိုးပေးဖို့ တောင်းပန်တယ်ဆိုပဲ"

"ဩော် . . .ဩော်"

"ကျောင်းအုပ်ကြီးကလည်း စဉ်းစားပါ့မယ်လို့ အမေကြီးကို ချွေးသိပ်လိုက်ပေမယ့် တစ်လပြီး တစ်လသာ ကြာသွားတယ်၊ တစ်ပြားမှတိုးမလာဘူးတဲ့။တစ်နေ့တော့ ကျောင်းအုပ်ကြီးက ကောဂါရဲ့မိခင်ကြီးကိုခေါ်ပြီး ကျောင်းမှာလည်း ငွေရေးကြေးရေးက မပြေလည်တဲ့အတွက် မတိုးပေးနိုင်တဲ့အကြောင်း၊ ဒါပေမယ့် နော်ဆဲအိုကာမှာတော့ အခု လစာထက် ၅ယန်းပိုတဲ့အလုပ်တစ်ခု လစ်လပ်နေတဲ့အကြောင်းပြောပြီး ကောဂါကို အဲဒီကျောင်းကို ပြောင်းခိုင်းဖို့အကြံပေးသတဲ့"

"ဒါဆိုရင် ကျောင်းအုပ်ကြီးက ပြေလည်အောင်ဆွေးနွေးတာမှ မဟုတ်ဘဲ၊ ဒါ သက်သက် တစ်ဖက်သတ် အမိန့်ထုတ်တာပဲပေါ့"

"ဒါပေါ့၊ ကောဂါအဖို့ တစ်ခြားအရပ်သွားပြီး လစာတိုးတာထက် အရင်အတိုင်း နေတာကမှ ပိုပြီးကောင်းဦးမယ်၊ သူ့မှာအိမ်လည်းရှိတယ်၊ အမေအိုကြီးကိုလည်း

လုပ်ကျွေးရဦးမယ်လို့ ဆရာကြီးကိုတောင်းပန်တော့ ဆရာအသစ်ခန့်ပြီးပြီမို့ သူလည်းမတတ်နိုင်တော့တဲ့ အကြောင်းပြောသတဲ့"

"ဟာ . . . တစ်ဖက်သားကို တော်တော်အရူးလုပ်ချင်တဲ့ လူတွေပဲ၊ ဒါဆိုရင် ကောဂါရဲ့ သဘောမပါဘဲ သူတို့ အတင်းပြောင်းကြတာပဲပေါ့။ အတော်ဆိုးတဲ့လူတွေ၊ ငွေကလေး ၅ယန်းလောက်တိုးတာနဲ့ တောထဲတောင်ထဲသွားပြီး မျောက်တွေနဲ့ ပေါင်းသင်းရမယ့် အလုပ်ကို လုပ်မယ့်လူရှူးရှိပါ့မလား"

"လူရူးမဟုတ်ပါဘူး ဆရာရဲ့"

"ထားပါတော့လေ၊ ဒါ အကျိုးနီတို့ အကြံပဲဖြစ်ရမယ် တော်တော်မကောင်းတဲ့ လူတွေ။ ဒါဟာ အငိုက်မှာအထိုးခံရတာနဲ့ အတူတူပဲ။ ဒါကိုပဲ ကျွန်တော့်ကို လစာတိုး ပေးဦးမယ်တဲ့ တော်တော်မတရားတဲ့လူတွေ၊ သင်းတို့ လုပ်ချင်တိုင်း လုပ်လို့ဘယ်ရမလဲ"

"ဆရာလေးက လစာတိုးတော့မယ် ဟုတ်လား ဆရာလေး"

"ဟုတ်တယ်၊ အခု မတိုးပေးပါနဲ့လို့ သွားငြင်းရမယ်"

"ဘာဖြစ်လို့ သွားငြင်းနေမှာလဲ ဆရာရဲ့"

"ဘာဖြစ်ဖြစ်ပေါ့၊ ဒီအကျိုးနီဟာ လူမိုက်ပဲ၊ သူရဲဘောကြောင်တဲ့လူပဲ အဘွားရဲ့"

"သူ့ဘာသာသူ ဘာပဲဖြစ်ဖြစ်ပေါ့ဆရာရယ်၊ ကိုယ့်ကိုလစာတိုးပေးမယ့် လူဆို တော့ ကောင်းကောင်းမွန်မွန် ဆက်ဆံရမှာပေါ့။ အသက်အရွယ် ငယ်တုန်းဆိုတော့ ဘာလေးဖြစ်လိုက်ဖြစ်လိုက် ထစ်ခနဲဆိုရင် ဒေါသထွက်တက်ကြတာချည်းပါပဲ။ အသက် ကလေးရလာတော့မှ ခေါင်းအေးအေးစဉ်းစားတတ်တာ မဟုတ်လား၊ အဲဒီအခါကျမှ ငါဒေါပွမိတာမှားလေခြင်းဆိုပြီး နောင်တရတတ်တာပဲ။အဘွားရဲ့စကားကိုနားထောင်ပြီး သူတို့ပေးတဲ့လစာကိုသာ ငြိမ်ယူလိုက်စမ်းပါ။ သူ့ကိုလည်း ကျေးဇူးတင်လိုက်စမ်းပါ။ လူ့အောက်ကျို့လို့ လူမပိပါဘူးကွယ့်"

"အဘွားက အသက်ကြီးပါပြီအဘွားရယ်၊ ကျွန်တော့်လစာကို ကျွန်တော့် ဘာသာ နိမ့်နိမ့်မြင့်မြင့် အသာနေစမ်းပါ"

အဘွားလည်း ဘာမှဆက်မပြောတော့ဘဲ အသာကလေး အပြင်ထွက်သွား ရှာတယ်။ အဘိုးကတော့ အသံပြဲကြီးနဲ့ ဓမ္မသီချင်းတွေကို ဟစ်နေလေရဲ့။ ဖတ်လိုက်ရင် နားလည်နိုင်တဲ့ စာပိုဒ်တစ်ခုကို အသံနေအသံထားတွေထည့်ပြီး ရွတ်ဆိုလိုက်တော့ ဘာဆိုလို့ဆိုမှန်း မသိတော့ဘူးပေါ့။ ဒါဟာသီချင်းရဲ့ အနုပညာပဲထင်ပါရဲ့။ ညတိုင်း ညတိုင်း ဘာတွေမှန်းလည်း မသိဘူးဆိုနေလိုက်တာ ဒီအဘိုးအိုကြီးမို့မမောတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီသီချင်းတွေအကြောင်းကို တွေးနေဖို့ ကျုပ်မှာ အချိန်မရှိပါဘူးလေ။

အမှန်တော့ ကျုပ်က လစာတိုးဖို့ စိတ်မကူးပါဘူး။ တိုးမယ်ဆိုရင်လည်း

အပိုအလျှံလေး သုံးရတာပေါ့ဆိုပြီး ငြိမ်နေခဲ့မိတယ်။ အခုလို တစ်ဖက်သားရဲ့ ဆန္ဒမပါဘဲ အတင်းနှင်ထုတ်ပြီးမှ သွားလေသူရဲ့ လစာထဲက ခွဲဝေယူရမယ့် အလုပ်မျိုးကတော့ လူမဆန်ဘူး။ ဘာကြောင့်များ အင်္ကျီနီတို့လူစုဟာ ကောဂါကို အဝေးကိုနှင်ထုတ်ပြီးမှ ကျုပ်ကို လစာတိုးပေးဖို့ ကြံကြတာပါလိမ့်။

ရှေးတုန်းက ဇူဂဝ့်ရမိကျိဇာနဲဆိုတဲ့ ကျော်ကြားတဲ့ နိုင်ငံရေးသမားကြီးတစ်ယောက်ဟာ နယ်နှင်ခံရဖူးတယ်ဆိုပေမယ့် တကာတနယ်ထက် မကျော်ခဲ့ဘူး။ ၁၇ ရာစုနှစ်လောက်က ကာဝအီမာတားရောဆိုတဲ့ လူကိုတောင် ဆာဂါရနယ်အထိပဲ နှင်တယ်။ အခုဟာက လွန်လွန်းတယ်။ အင်္ကျီနီဆီကိုသွားပြီး သူပေးတဲ့ အခွင့်အရေးကို မငြင်းရမချင်း ကျုပ် မကျေနပ်နိုင်ဘူးဗျာ။

ကျုပ်ဟာ အပေါ်အင်္ကျီကိုဝတ်ပြီး ချက်ချင်းထွက်လာခဲ့မိတယ်။ ဆင်ဝင်ကြီးရဲ့ အောက်မှာရပ်ပြီး "အိမ်ရှင်တို့ အိမ်ရှင်တို့" လို့ခေါ်တော့ ခါတိုင်းလို သူ့ညီ ထွက်လာပြီး "လာပြန်ပြီလား" ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ကြည့်လိုက်တယ်။ ကိစ္စရှိမှတော့ နှစ်ခါလာလာ သုံးခါလာလာ သူနဲ့ဘာဆိုင်လို့လဲ၊ လာရမှာပဲ။ ညကြီးမင်းကြီးမို့ မနှိုးရဘူးလို့ ဘယ်သူမှ မတားနိုင်ပါဘူး။ ခုလာတာက သူ့ကို ဖားဖို့မဟုတ်ဘူး။ သူ တိုးပေးမယ့်လစာကို ငြင်းဖို့လာတာပဲ။

"အိမ်ထဲမှာ ဧည့်သည်ရောက်နေတယ်" လို့ သူ့ညီက ပြောတယ်။

"ခဏလောက် ပြတင်းပေါက်မှာ တွေ့ရရင်တော်ပါပြီ" လို့ ပြောတော့မှ အထဲကို ပြန်ဝင်သွားတယ်။ လိုက်ကာကို ဖောက်ပြီး အထဲကအရိပ်တွေကို ဝိုးတိုးဝါးတား တွေ့နေရတယ်။ အထဲက "အောင်ပြီကွ" ဆိုတဲ့ အသံကိုလည်း ကြားရတယ်။ ကျွန်တော် ဒီဧည့်သည်ဟာ ဆပ်ကပ်လူပြက်ပဲ ဖြစ်ရမယ်လို့လည်း တွေးလိုက်မိတယ်။ အရိပ်ပုံစံကို ဖမ်းကြည့်တော့ အဝတ်အစားက သူ့ဝတ်တဲ့အဝတ်မျိုး ဖြစ်တဲ့အပြင် အသံဝါကြီးနဲ့ စကားပြောတတ်တာ သူတစ်ယောက်ပဲ ရှိတယ်။

ခဏအကြာမှာ အင်္ကျီနီဟာ မီးအိမ်ကိုဆွဲပြီး အပြင်ထွက်လာတယ်။

"သြော် . . .သြော်၊ မောင်ရင်ကိုးကွ၊ အထဲဝင်ခဲ့ပါလား၊ တစ်ခြားလူမဟုတ်ပါဘူး၊ ယိုရှီဂါဝါ ရောက်နေတာပါ" လို့ ပြောတယ်။

"ကိစ္စမရှိပါဘူး၊ ဒီမှာပြောလည်း ဖြစ်ပါတယ်။ ခဏလောက် ပြောချင်လို့ပါ" လို့ ပြောပြီး သူ့ကိုကြည့်လိုက်တော့ ဆပ်ကပ်လူပြက်နဲ့ သောက်ထားသလား မပြောတတ်ဘူး။ မျက်နှာက မူးတဲ့ရုပ်ပေါက်နေပြီ။

"စောစောက ကျွန်တော့် လစာတိုးဖို့ ကိစ္စပါ၊ အခု သေသေချာချာစဉ်းစားပြီးတော့ ငြင်းသင့်တယ်ထင်လို့ လာငြင်းတာပါ"

အကျိုနီဟာ အတွင်းကနေ ကျုပ်ရဲ့မျက်နှာကို ငေးကြောင်ကြည့်နေပြီးပါးစပ် အဟောင်းသား ဖြစ်သွားတော့တယ်။ လောကကြီးမှာ ကိုယ့်ကို လစာတိုးပေးတာကို ငြင်းတဲ့ လူဆိုတာရှိရဲ့လားဆိုတဲ့ ယုံမှား သံသယဝင်နေပုံရတယ်။ ငြင်းတယ်ပဲထားဦး။ အခုဟာက ခေါင်းညိတ်ခဲ့တာကမှ မကြာသေးဘူး။ ချက်ချင်း လာငြင်းတယ်ဆိုတော့ သူ့အတွက်ဆန်းနေတယ်။ ဒီလိုအတွေးတွေနဲ့ အကျိုနီဟာ ဘာမှမပြောနိုင်ဘဲ အကြောင်သား ငေးနေပုံရတယ်။

"အဲဒီတုန်းက ခင်ဗျားပြောတော့ ကောဂါဟာ သူ့ဆန္ဒအရ ပြောင်းတာဆို"

"ဟုတ်ပါတယ်၊ သူ့သဘောနဲ့ ပြောင်းတာ သေချာပါတယ်"

"မဟုတ်ဘူး၊ သူ ဒီကျောင်းမှာပဲ နေချင်တာပါ၊ အရင်လစာနဲ့ပဲ ကိုယ့်မွေးရပ်ဒေသမှာ နေချင်ရှာတာပါ"

"မောင်ရင့်ကို ဒီလိုပဲ ကောဂါကပြောလိုက်သလား"

"ကာယကံရှင်ဆီက ဘာမှမကြားခဲ့ပါဘူး"

"ဒါဖြင့် ဘယ်က ကြားခဲ့တာလဲ"

"ကျွန်တော်နေတဲ့ အိမ်ရှင်အဘွားကြီးက ကောဂါအမေဆီက ကြားခဲ့ရတာလို့ ပြောတယ်"

"အိမ်ရှင်အဘွားကြီးက ဒီလိုပဲပြောသလား"

"ဟုတ်ပါတယ်"

" ဒီသတင်းက မဖြစ်နိုင်ပါဘူး၊ မောင်ရင်ပြောပုံက အိမ်ရှင်အဘွားကြီး ပြောတာကိုပဲယုံတယ်။ ကိုယ့်ကျောင်းက ဒုကျောင်းအုပ်တစ်ယောက်ပြောတာကိုတော့ မယုံဘူးဆိုတဲ့ သဘောမျိုးရောက်မနေဘူးလား"

ကျုပ် ဘာပြန်ပြောရမှန်း မသိတော့ဘူး။ ဝိဇ္ဇာဘွဲ့ရတဲ့လူများ တယ်စကားပြောတတ်ကြပါလား။ ထမင်းအိုးကြီးဖွတ်ဖြစ်အောင် အငြင်းသန်တတ်ပါကလား။ ကျုပ်အဖေကကျုပ်ကို အတော်နမော်နမဲ့နိုင်ပြီး ဖြစ်ကတတ်ဆန်း လုပ်တတ်တဲ့အကောင်၊ ငထုံအလို့ ဝေဖန်ဖူးတယ်။ ခုလည်းကြည့်လေ၊သူပြောတော့ သူ့ဘက်က အမှန်ချည်းပဲ။ ကျုပ်ဟာ ဂီနောအိမ်ကအဘွားက ပြောလိုက်တာနဲ့ ကောဂါနဲ့သူ့အမေဆီကို အသေးစိတ်မစုံစမ်းတော့ဘဲ ချက်ချင်းထွက်လာခဲ့မိတယ်။ ခုတော့ ကျုပ်ဘာမှပြန်မပြောနိုင်တော့ဘူး။ အကျိုနီဟာ သူ့ရဲ့စကားပရိယာယ်နဲ့ အပိုင်တိုက်ခိုက်နေပြီ။

အပြင်ပန်းအားဖြင့် သူ့ကိုကျုပ်ကမလှန်နိုင်ဘူးလို့ထင်ရပေမယ့် ဒီလူဟာ ယုံစားရတဲ့ လူကောင်းမဟုတ်ဘူးလို့တော့ အထင်သေးထားပါတယ်။ ကျုပ်နေတဲ့အိမ်က အဘွားဟာ ကပ်စေးနဲ့တာကလွဲလို့ လိမ်ပြောတတ်တဲ့ မိန်းမသားမျိုးမဟုတ်ဘူး။

အကျိုးနီတို့လို ရှေ့တင်တစ်မျိုးကွယ်ရာတစ်မျိုး လိမ်မပြောတတ်ဘူး။ ကျုပ်လည်း မတတ်သာတဲ့အဆုံး ဒီလိုပြောလိုက်မိတယ်။

"ဆရာ ပြောတာ မှန်ချင်မှန်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်တော် လစာမတိုးချင်ဘူး"

"မောင်ရင့်ဟာက ပြောလေကဲလေပါလား၊ အတော့်ကို ဆန်းတယ်၊ အခု မောင်ရင် ဒီကို လာပြီးငြင်းတာ အကြောင်းတစ်ခုခုတော့ရှိရမယ်၊ ဒီအကြောင်းကို ကျေနပ်အောင် ရှင်းပြတော့လည်း ဆက်ငြင်းပြန်တယ်။ ကျုပ်ဖြင့် နားမလည်နိုင်အောင်ပါပဲ"

"ဆရာကြီး နားလည်လည်၊ မလည်လည် ကျွန်တော်ကတော့ ငြင်းရမှာပဲ"

"မောင်ရင် ဒီလောက်ဖြစ်နေမှတော့ ကျုပ်လည်း ဆက်ပြီးမတိုက်တွန်းတော့ပါဘူး။ ဒါပေမယ့် ခုလို ၂နာရီ ၃နာရီအတွင်းမှာ စိတ်ပြောင်းလွယ်တာမျိုးဟာ ရှေ့လျှောက် မောင်ရင့်အပေါ် ကျောင်းတော်က အထင်သေးစရာ ဖြစ်လာနိုင်တယ်ဆိုတာကိုလည်း သတိထားဦးနော်"

"ကျွန်တော် ဂရုမစိုက်ပါဘူး"

"ထားပါတော့လေ၊ မောင်ရင်မှတ်ထားဖို့က လူဆိုတာမှာ ယုံကြည်မှုလောက် တန်ဖိုးရှိတာ မရှိဘူးကွ၊ ဥပမာ မောင်ရင့်အိမ်ရှင်အဘိုးကြီးက မောင်ရင့်ကို ဘယ်လို သဘောထားမလဲ"

"အိမ်ရှင်အဘိုးကြီးမဟုတ်ပါဘူး၊ အိမ်ရှင်အဘွားကြီးပါ"

"ကဲ . . . ထားပါတော့လေ။ အဲဒီ အဘွားကြီးပြောတာ မှန်တယ်ပဲထား၊ အခု မောင်ရင်တိုးရမယ့် လစာက ကောဂါအိတ်ကပ်ထဲက တစ်ပြားမှ မပါပါဘူး၊ သူက နော်ဆဲအိုကာကို ပြောင်းရတော့မယ်၊ သူ့အစား လူသစ်က ရောက်လာတော့မယ်၊ နောက်ရောက်လာမယ့် လူကို ကျုပ်တို့က ကောဂါလောက် လစာများများမပေးဘူးလေ၊ ဒီတော့ ပိုလျှံတဲ့ပိုက်ဆံဟာ မောင်ရင့်အတွက်ပဲပေါ့၊ ဒီအတွက် မောင်ရင်က ဘယ်သူ့ အပေါ်မှ စိတ်မကောင်းဖြစ်စရာမရှိပါဘူးလေ၊ ကောဂါကလည်း သူ့ရဲ့တက်လမ်း အတွက်သွားတာပဲ၊ အသစ်ဝင်လာတာပဲ၊ ဒါကြောင့် မောင်ရင်လစာတိုးလာမှာကို ဘာဖြစ်လို့ ငြင်းနေရတာလဲ၊ အိမ်ကိုပြန်ပြီး သေသေချာချာ စဉ်းစားပါဦးကွာ"

ကျုပ်ဟာ သိပ်ပြီးဉာဏ်မကောင်းလှပေမယ့် တစ်ဖက်သား ခုလောက်ခိုင်ခိုင်လုံလုံ အကြောင်းပြနေရင် ယုံသွားတတ်တယ်။ အခုညတော့ ဘာကြောင့်ရယ်မသိဘူး။ ခါတိုင်း နဲ့မတူဘူး။ ကျုပ်ဒီကိုစရောက်ကတည်းက အကျိုးနီပြောတာကို တစ်ခုမှ လက်မခံ ချင်တော့ဘူး။ ကျုပ်ဟာ တစ်ခါတစ်ခါတော့လည်း သူက မိန်းမလိုမိန်းမရ နိုင်လှ ပေမယ့် ကြင်နာတဲ့စိတ်ရှိတတ်ပါကလားလို့ ထင်လာတတ်တယ်။ ဒါပေမယ့် ခုလို ယုတ်မာတဲ့အကြံအစည်တွေကို မြင်လာတဲ့အခါမျိုးမှာ ရေးကထက်ပိုပြီး မုန်းလာ

မိပြန်တယ်။ ဒါကြောင့် သူဘယ်လိုပဲပြောပြော ဒုကျောင်းအုပ်ကြီး တစ်ယောက်အနေနဲ့ ဘယ်လောက်ပဲ ဟိတ်ထုတ်ထုတ် သူ့ကို နည်းနည်းကလေးမှ အထင်မကြီးနိုင်ဘူး။

လူတစ်ယောက်ကို အငြင်းသန်ရုံနဲ့ လူကောင်းတစ်ယောက်လို့ မသတ်မှတ်နိုင်ဘူး။ တစ်ခါ အငြင်းမသန်ရုံနဲ့လည်း လူညံ့လို့ မပြောနိုင်ပြန်ဘူး။ ဒါကြောင့် အင်္ဂါနီရဲ့ စကားတွေက ရာနှုန်းပြည့်မှန်တယ်ပဲထား။ ဆွဲဆောင်မှုရှိတယ်ပဲထား။ ဒီအချက်တစ်ခုလေးနဲ့ သူ့ရဲ့အကျင့်စာရိတ္တကို အဆုံးအဖြတ်ပေးလို့မရပါဘူး။ လူတစ်ယောက်ရဲ့ ယုံကြည်မှုကို ငွေကြေး၊ အာဏာ၊ ယုတ္တိဗေဒ စတာတွေနဲ့ ရနိုင်စတမ်းဆိုရင် လောကကြီးမှာ ဝိသမကုန်သည်ကြီးတွေ၊ ပုလိပ်အရာရှိကြီးတွေ၊ တက္ကသိုလ်က ဆရာတွေအားလုံးဟာ ယုံကြည်ကိုးစားစရာ လူတွေချည်း ဖြစ်လာတော့ပေမပေါ့။ ကျုပ်လိုကောင်က ဘာမှမဖြစ်လောက်တဲ့ အလယ်တန်းဒုကျောင်းအုပ်ရဲ့ ပြောစကားနဲ့ ကျရှုံးမှာတဲ့လားဗျာ။ လူဆိုတာ ချစ်ခြင်းမုန်းခြင်းတွေရဲ့ကြားမှာ အသက်ရှင်သန်နေရတာပါကလား။ စကားငြင်းခုံပြီး အသက်ရှင်နေကြတာမှ မဟုတ်ဘဲ။

"ဆရာပြောတာ ကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော် ကိုယ်နှိုက်က လစာတိုးရမှာကို မုန်းနေတဲ့အတွက် ငြင်းပါရစေ။ အိမ်ပြန်စဉ်းစားလည်း ဒီအတိုင်းပဲ အဖြေထွက်မှာပါပဲ၊ ကဲ . . . သွားပါဦးမယ်"

ကျုပ်ဒီလို စကားဖြတ်ခဲ့ပြီးတဲ့နောက်မှာ ခြံဝကိုထွက်ခဲ့တယ်။ ကျုပ်ရဲ့ခေါင်းပေါ်မှာတော့ နဂါးငွေ့တန်းကငွေကြယ်ကလေးတွေဟာ ကောင်းကင်ပေါ်မှာတံတားခင်းနေကြပြီ။

(၉)

ရွှေဖရုံသီးကို ဂုဏ်ပြုနှုတ်ဆက်ပွဲလုပ်မယ့်နေ့ နံနက်မှာ ကျုပ်ကျောင်းကို ထွက်လာတော့ ဖြူကောင်က ရုတ်တရက် . . .

"ဒီမယ်မောင်ရင်၊ တစ်နေ့တုန်းက အီကာဂင်းအိမ်ရှင်ကကျုပ်ဆီကိုလာပြီး မောင်ရင်ဟာ ယုတ်ရင့်ကြမ်းတမ်းတဲ့အတွက် သည်းမခံနိုင်တော့လို့ အိမ်ရှာအပြောင်းခိုင်းပေးဖို့ လာပြီး တောင်းပန်တဲ့အတွက် ကိုယ်လည်းအဟုတ်ထင်ပြီး မောင်ရင့်ကို အိမ်ကပြောင်းပေးဖို့ပြောခဲ့ပေမယ့် နောက်ပိုင်းမှာ သေသေချာချာစုံစမ်းကြည့်တော့ အိမ်ရှင်က လူယုတ်မာပဲ၊ လက်ရေးနဲ့ဖျက်ပြီး ပန်းချီကားအတု၊ ရှေးပန်းချီဆရာကျော်တွေရဲ့ လက်မှတ်အတုတွေလုပ်ကာ မောင်ရင့်ကို ညာရောင်းတယ်လို့ သိခဲ့ရတယ်။ ဒီလိုနဲ့ မောင်ရင့်ကို ရှေးဟောင်းပစ္စည်းတွေ ညာရောင်းပြီး စီးပွားရှာဖို့ ကြိုးစားခဲ့ပေမယ့် မောင်ရင်က လက်မခံတဲ့အတွက် ကျုပ်ကိုမဟုတ်မဟတ် လုပ်ဇာတ်ခင်း ကုန်းချောခဲ့တယ်။ ကိုယ်က ဒီလူ့ အကြောင်းကို သိမထားလေတော့ မောင်ရင့်အပေါ်မှာ အတော်ကြီးရိုင်းပျမိခဲ့တယ်၊ ကိုယ့်ကိုခွင့်လွှတ်ပါ" လို့ စကားအရှည်ကြီးပြောပြီး တောင်းပန်လာတော့တယ်။

ကျုပ်က ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ဖြူကောင်ရဲ့စားပွဲပေါ်က ပိုက်ဆံတစ်ဆင့်ခွဲကို ကောက်ယူလိုက်ပြီး ပိုက်ဆံအိတ်ထဲကို ပြန်ထည့်လိုက်တယ်။ ဒီတော့ ဖြူကောင်က " မောင်ရင် အဲဒါကို ပြန်ယူတော့မလို့ပေါ့လေ " လို့ မယုံသလိုမေးလိုက်တယ်။

"အင်း . . . အစတုန်းကတော့ ခင်ဗျား စိတ်ဆိုးနေမှာစိုးတဲ့အတွက် တင်ထားတာ၊ အခု ပြန်စဉ်းစားလိုက်တော့ ခင်ဗျားစိတ်ဆိုးတာကို ခံရတာကမှ ကောင်းဦးမယ်လို့ တွေးမိပြီး ပြန်သိမ်းလိုက်တာပဲ"

ကျုပ်က အဲဒီလိုရှင်းပြတော့ ဖြူကောင်က အသံပြကြီးနဲ့ တဟားဟားရယ်မောပြီး . . .

"ဒါဖြင့် ဘာကြောင့် အစောကြီးကတည်းက မောင်ရင်က မသိမ်းရတာလဲ"လို့ မေးတယ်။

"အမှန်တော့ ယူမယ်. . .ယူမယ်နဲ့ ဘာကြောင့်ရယ်မသိဘူး၊ မယူဖြစ်ခဲ့ဘူးဗျ၊ ဒါပေမယ့် ခုတလော ကျောင်းကိုရောက်လို့ အဲဒီပိုက်ဆံကို တွေ့လိုက်တိုင်း စိတ်ဆင်းရဲလာတယ်" လို့ ကျုပ်ကပြောတော့ . . .

"မောင်ရင်ဟာ အနိုင်မခံအရှုံးမပေးတတ်တဲ့ အာဂသတ္တိခဲပဲ"လို့ ချီးကျူးတယ်။ နောက်ပိုင်းမှာ ကျုပ်တို့နှစ်ယောက်ဟာ အောက်ပါအတိုင်း စကားလက်ဆုံကျကြပြန်တယ်။

"မောင်ရင့်ဇာတိက ဘယ်ကလဲ"

"ကျွန်တော် တိုကျိုသားပါ"

"အွန်း . . . တိုကျိုသားများ တယ်ပြီးစွာပါလားနော်"

"ဒါနဲ့ ခင်ဗျားကကော ဘယ်ဇာတိလဲ"

"ကိုယ်က အားအိဇုသားပါ"

"အားအိဇုသားများ တယ်ပြီးခေါင်းမာပါလား၊ ဒီနေ့ဂုဏ်ပြုပွဲကို သွားမယ်မဟုတ်လား"

"သွားရမှာပေါ့၊ မောင်ရင်ကော"

"ကျွန်တော်လည်း သွားရမှာပေါ့၊ ကောဂါပြောင်းတဲ့နေ့ကျရင်လည်း သင်္ဘောဆိပ်အထိလိုက်ပို့မယ်လို့ စိတ်ကူးထားတယ်"

"အင်း ဒီဂုဏ်ပြုပွဲက စိတ်ဝင်စားစရာ အတော်ကောင်းမယ်ကွ၊ လာဖြစ်အောင်လာပါကွာ၊ ကိုယ်တော့ ဒီပွဲမှာ တအားသောက်ပစ်မယ်"

"တော်ရုံလောက်ပဲ သောက်ပေါ့ဗျာ၊ ကျွန်တော်တော့ အစားအသောက်စားပြီးတာနဲ့ ချက်ချင်းပြန်မယ်၊ အရက်များများသောက်တဲ့လူဟာ လူမိုက်ပဲ"

"မောင်ရင်က အတော်ရန်ဖြစ်ချင်တာကိုးကွ၊ တိုကျိုသားများ တယ်ပြီးပြက်တိပြက်ချော် ပြောပြီး ရန်စတတ်တာကိုး"

"ထားပါတော့ဗျာ၊ ဂုဏ်ပြုပွဲသွားရင်သာ ကျွန်တော့်ကို ဝင်ခေါ်ဖို့မမေ့ပါနဲ့"

ဖြူကောင်ဟာ သူ့ကတိအတိုင်း ကျုပ်အိမ်ကိုလာခေါ်တယ်။ ခုတလော ရွှေဖရုံသီးကို တွေ့တိုင်း စိတ်မကောင်းဖြစ်ရတယ်။ ခုလို ဂုဏ်ပြုနှုတ်ဆက်တဲ့နေ့မျိုးကို ရောက်လာတဲ့အခါမှာ သူပြောင်းမယ့်အစား ကျုပ်ပဲ ပြောင်းပေးလိုက်ချင်တဲ့ စိတ်မျိုးတောင်ပေါက်လာမိတယ်။ ဒါကြောင့် ဂုဏ်ပြုပွဲမှာ ကျုပ်ရင်ထဲမှာခံစားရသမျှကို တစ်လုံးမကျန် ဖွင့်ချလိုက်ချင်ပေမယ့် ကျုပ်က စကားမပြောတတ်တော့ ဝကျတယ်။

ဒါကြောင့် ကျုပ်အစား အားကျယ်တဲ့ ဖြူကောင်ကို အပြောခိုင်းပြီး အင်္ဂျီနီရဲ့ ယုတ်မာမှုကို အပုပ်ချမယ်လို့ စိတ်ကူးမိတဲ့အတွက် သူ့ကို ဝင်ခေါ်ခိုင်းရတာပဲ။

ပထမဆုံး ကျုပ်က မက်ဒိုနာနဲ့ဖြစ်ပျက်ခဲ့တဲ့အကြောင်းကို စမယ်လုပ်တော့ ဖြူကောင်က ကျုပ်ထက် ပိုပြီးသိနေတယ်။ ကျုပ်က နော်ဖံရီမြစ်ကမ်းက အကြောင်းကိုပြောပြီး ဒီအင်္ဂျီနီဟာ တဏှာရူးပဲလို့အပုပ်ချတော့ ဖြူကောင်က "မောင်ရင်ဟာ လူတွေ့ရင် တဏှာရူးပဲ . . .၊ အရူးပဲနဲ့ အတင်းစွပ်စွဲနေတော့တာပဲ။ တစ်နေ့ကလည်း မောင်ရင် ကျုပ်ကို ကျောင်းမှာအရူးလို့ တစ်ခါစွပ်စွဲသေးတယ်။ ကျုပ်ကအရူးဆိုရင် အင်္ဂျီနီဟာအရူးမဖြစ်နိုင်ဘူး၊ ကျုပ်နဲ့ အင်္ဂျီနီကလူချင်းမတူဘူး" လို့ ရှင်းပြတယ်။ "ဒီလိုဆို အင်္ဂျီနီဟာ လူပေါလို့ခေါ်ရမှာပေါ့" လို့ ပြောတော့ "ဟုတ်တယ်၊ ငပေါပဲ ဖြစ်ရမယ်လို့ ထောက်ခံတယ်။ ဖြူကောင်ဟာ လူကောင်ကြီးကသာ သန်မာပေမယ့် စကားအရာမှာတော့ ကျုပ်လောက် မလိမ္မာဘူး၊ အားအိဇုသားတွေဟာ အားလုံး ဒီလို လူစားချည်းပဲ ထင်ပါရဲ့ဗျာ။

"အဲဒီနောက် ကျုပ်ကို အင်္ဂျီနီက လစာတိုးပြီး တာဝန်ပိုပေးမယ့် အကြောင်း ပြောတော့ ဖြူကောင်ဟာ ဟွန်းကနဲ နှာခေါင်းရှုံ့ပြီး 'ဒါဆိုရင် သူတို့က ကျုပ်ကို အလုပ်ထုတ်ပစ်မယ်လို့ ကြံကြတာပေါ့"လို့ ပြောတယ်။

"အလုပ်ထုတ်ရအောင် ခင်ဗျားက အလုပ်ထွက်မယ်လို့ ကြံရွယ်ထားလို့လား"လို့ ပြန်မေးလိုက်တဲ့အခါ"ဘယ်သူက ထွက်မယ်လို့ပြောလို့လဲကွ၊ကိုယ့်အလုပ်က ထွက်ရရင် သင်းတို့ကိုထုတ်မှာပဲ"လို့ကြိမ်းပြန်တယ်။ "ဘယ်လိုလုပ်ပြီး သူတို့ကို ထုတ်မှာလဲ"လို့ မေးကြည့်တော့ "ဒါတော့ အခုမစဉ်းစားရသေးဘူး"လို့ပြန်ဖြေတယ်။ ဖြူကောင်ဟာ သတ္တိရှိပေမယ့် အသိဉာဏ်မရှိဘူးလို့ ပြောရမယ်။

ကျုပ်က သူတို့တိုးပေးမယ့်လစာကို ငြင်းပယ်တဲ့အကြောင်းကို ပြောပြတော့ ဖြူကောင်ဟာ အတော်ကြီး ပျော်ရွှင်သွားတယ်။

"ဒါမှ တိုကျိုသားကွ"လို့လည်း ကျုပ်ကို ချီးကျူးတယ်။"ရွှေဖရုံသီးဟာ ဒီနေရာက မပြောင်းချင်ဘူးဆိုရင် ဘာဖြစ်လို့မပြောင်းရအောင် မကြိုးစားတာလဲဗျာ' လို့မေးကြည့်တော့ "ရွှေဖရုံသီးဆီက ကြားရတာက သူသွားပြောတဲ့အချိန်မှာ ဒီကိစ္စကစီစဉ်ပြီးသား ဖြစ်နေပြီဆိုပဲ။ သူက ကျောင်းအုပ်ကြီးနဲ့နှစ်ကြိမ်၊ အင်္ဂျီနီနဲ့ တစ်ကြိမ်သွားပြီး ဆွေးနွေးခဲ့ပေမယ့် ဘာမှအကြောင်းမထူးတော့ဘူးတဲ့"လို့ရှင်းပြတယ်"ခက်တာက ကောဂါဟာသိပ်ပြီး သဘောကောင်းလွန်းတဲ့အတွက် ခုကျနေတာပေါ့ကွာ၊အမှန်တော့ ကျောင်းအုပ်ကြီးက နေရာပြောင်းပေးမယ်လို့ပြောပြောချင်း ချက်ချင်းငြင်းလိုက်ရင် ဖြစ်ရဲ့သားနဲ့ ဒီအတိုင်း ခေါင်းငုံ့ပြီး ပြန်လာတယ်။နောက်မှ သူ့အမေနဲ့ဒီကောင်တို့ ကြားဝင် တောင်းပန်ခိုင်းရင်

ဘယ်ရတော့မလဲ"

"ကျွန်တော့်အတွက်တော့ ဒါဟာ အကျီနီက မက်ဒိုနာကို လိုချင်တဲ့အတွက် ရွှေဖရုံသီးကို အဝေးကို မောင်းထုတ်ပစ်ဖို့ ကြံတဲ့အကြံယုတ်ပဲ"လို့ပြောတော့ သူက...

"ဒါပေါ့၊ သေချာတာပေါ့၊ ဒီကောင်ဟာ မျက်နှာလေးကသနားကမားနိုင် သလောက် မကောင်းတဲ့အလုပ်ကို အကုန်လုပ်တယ်။လူသိရင်တော့ ပထမဆုံးထွက်ပြေး ဖို့ကြံတဲ့အကောင်ပဲ၊ အတော့်ကို အကြံပက်စက်တဲ့ငနဲပဲ၊ ဒီလိုကောင်မျိုးကို လက်သီးစာ ကျွေးပြီး သင်ခန်းစာပေးဖို့ကောင်းတယ်" ပြောပြီး သူ့အကျီလက်ကို ပင့်တင်ကာ လက်မောင်းကြွက်သားတွေကို ထုတ်ပြတယ်။ ကျုပ်ကလဲ သူ့လေသံကို လိုက်ပြီး "အားပါး . . .ခင်ဗျားလက်မောင်းကြီးတွေက တယ်ပြီးတတ်ပါလား။ ဂျူဒိုတို့ ဂျူဂျစ်စု တို့ကောသင်ထားသလား" လို့ မေးကြည့်မိတယ်။

အဲဒီအခါကျမှာ သူကလက်မောင်းနှစ်ဘက်ကိုညှစ်ပြီး ကြွက်သားတွေ ထုတ်ပြ ရင်းက . . .

"မောင်ရင် ကိုယ့်လက်မောင်းတွေကို ကိုင်ကြည့်စမ်း" လို့ ပြောတဲ့အတွက် လက်နဲ့ဖိကြည့်တော့ ရေချိုးခန်းအုတ်ကနက မီးသင့်ကျောက်တုံးကြီးတွေလို မာကျစ် နေတာကိုတွေ့ရတယ်။ "ဒီလက်မောင်းကြီးနဲ့သာတစ်ချက်ထိုးလိုက်ရင် အကျီနီ လိုလူမျိုး လေးငါးခြောက်ယောက်ဟာ တစ်ပြိုင်နက်လဲဆင်းသွားမှာပဲ"

ကျုပ်က အဲဒီလိုမြှောက်ပြောလိုက်တော့ ဖြူကောင်ဟာ သူ့လက်နှစ်ဖက်ကို ဆန့်လိုက်ကွေးလိုက် လုပ်ပြတယ်။ အရေပြားအောက်က ဖောင်းအိပြီး ကြွတတ်လာတဲ့ ကြွက်သားဖုကြီးတွေဟာ တကယ့်ကို အားကျလောက်တယ်။ပြီးတော့ သူက သတင်းစာ စက္ကူကိုခေါက်ပြီး သူ့လက်မောင်းကိုပတ်ထားရင်း သူ့ကြွက်သား ညှစ်ထုတ်လိုက်တာနဲ့ ထက်ပိုင်းပြတ်သွားနိုင်တယ်လို့လည်း ကြွားပြတယ်။ "ဒါလောက်တော့ ကျုပ်လည်း လုပ်လို့ရပါတယ်ဗျာ" လို့ပြောတော့ သူက . . .

"မောင်ရင်က ရမယ်ထင်လို့လား၊ အခု စမ်းကြည့်ပါလား"

လို့ပြောတယ်။ တကယ်တမ်း မပြတ်ခဲ့ရင် အရှက်ရမှာစိုးတဲ့အတွက် ကျုပ်လည်း စမ်းမပြတော့ပါဘူး။

"ခင်ဗျားဘယ်လိုလဲ၊ ဒီညအရက်တွေ တအားသောက်ထားလို့ အကျီနီနဲ့ ဆပ်ကပ်လူပြက်တို့ကို မထိုးနိုင်ဘဲ နေဦးမယ်" လို့ ကျုပ်က ပြောင်သလို နောက်သလိုနဲ့ ပြေတော့ သူက . . .

"အင်း . . .ဟုတ်သားပဲ၊ ဒီညတော့ ရှိပါစေတော့လေ"လို့ ပြောလာတယ်။

"ဘာဖြစ်လို့လဲ" လို့ ကျုပ် မေးလိုက်တော့ . . .

“ကိုရွှေဖရုံသီးကို အားနာနေလို့ပေါ့၊ ဒီညက သူ့ကို ဂုဏ်ပြုတဲ့ညမဟုတ်လား၊ သွားခါနီးလာခါနီး စိတ်အနှောင့်အယှက်ဖြစ်သွားရင် မကောင်းဘူးလေ။ ဒီ အကောင် ယုတ်နှစ်ကောင်ကတော့ ထင်းခွေမကြုံရေခပ်ကြုံဦးမှာပေါ့ကွာ”လို့ရှင်းပြတယ်။ ဒီနေရာမှာတော့ ဖြူကောင်ဟာ ကျုပ်ထက် ဆင်ခြင်တုံတရားပိုရှိတယ်လို့ ဆိုရပါလိမ့်မယ်။

“ဟုတ်ပါပြီတဲ့ဗျာ၊ ဒီည စကားပြောခွင့်ရတဲ့အခါမှသာ ကောဂါကိုများများ ဂုဏ်ပြုချီးကျူးပေးပါ၊ ကျွန်တော်က တိုကျိုသားဆိုတော့ စကားကမြန်ပြီး ဝဲလွန်းနေတယ်၊ ပြောချင်တဲ့စကားကို ပြောချလိုက်မဟုဲလို့ ကြုံရွယ်လိုက်တိုင်း ပါးစပ်ကအာစေးမိပြီး လည်ချောင်းထဲမှာ အလုံးကြီးတစ်ခုဆို့လာတတ်တယ်ဗျ။ ဒါကြောင့် ကျုပ်အစားခင်ဗျားသာ အားရပါးရ ပြောပေတော့”

“ဟယ် . . . မောင်ရင့်ရောဂါကအဆန်းပဲ၊ လူရှေ့သူရှေ့မှာ စကားပြောလို့မရဘူးဆိုရင် စိတ်ထဲမှာရှိုးတိုးရှုတမဖြစ်ဘူးလား”

“အဲဒီလောက်လည်း မဖြစ်သေးပါဘူးဗျာ”

ဒီလိုနဲ့နှစ်ယောက်သား ထွေရာလေးပါးပြောနေကြရာက အချိန်ရောက်လာတဲ့အတွက်အခမ်းအနား ကျင်းပမယ့်နေရာကို ထွက်လာခဲ့ကြတော့တယ်။ အခမ်းအနားကျင်းပမယ့် ပျော်ပွဲစားရုံအမည်က “ကာရင်းကဲအိ”လို့ခေါ်ပြီး ရှေးကနယ်ပိုင်တစ်ဦးရဲ့စံအိမ်ကိုဝယ်ပြီး ဖွင့်တာဖြစ်လေတော့ အတော့်ကိုခမ်းနားနေတယ်။ တစ်နည်းပြောရင် တိုက်ပုံအင်္ကျီကို အတွင်းခံအဖြစ် ဝတ်ထားတာနဲ့ တူနေတော့တာပေါ့။

ကျုပ်တို့ရောက်သွားတော့ လူစုံသလောက်ဖြစ်နေပြီ။ ပေသုံးဆယ်ပတ်လည်လောက်ကျယ်ဝန်းတဲ့ အခန်းကြီးထဲမှာ နှစ်ယောက် သုံးယောက် တစ်စားပွဲစီ ဝိုင်းထိုင်နေကြပြီ။ ပြီးတော့ ကျက်သရေခန်းမကြီးကလည်း ဟိန်းလို့။ ရာမရှိရောရာဟိုတယ်မှာကျုပ်နေခဲ့ရတဲ့ အခန်းထဲက ကျက်သရေခန်းမကြီးကို ကြီးကျယ်လှပြီလို့ အောက်မေ့ထားခဲ့တာ ဒီအခန်းနဲ့ကျတော့ ဘယ်ယှဉ်လို့ရပါမလဲ။ စိတ်ထဲက ခန့်မှန်းကြည့်တာတောင် ဆယ့်နှစ်ပေလောက်ကျယ်လိမ့်မယ်။ အဲဒီအခန်းထဲမှာ အနီရောင်ဆေးတိုးအိုးကြီးရှိတယ်။ အိုးထဲကို ထင်းရှူးကိုင်းကြီးတစ်ကိုင်း စိုက်ထားပြန်တယ်။ အမှန်တော့ ပန်းစိုက်ထားတာထက်တော့ တစ်လကြာသည့်တိုင် မညှိုးနိုင်တဲ့အတွက်ငွေကုန်ကြေးကျသက်သာတယ်လို့ ဆိုရမှာပေါ့လေ။

ကျုပ်က သဘာဝသမိုင်းဆရာကို “အဲဒီဆေးတိုးအိုးကြီးတွေ ဘယ်ကလုပ်တာလဲ” လို့ မေးကြည့်တော့ သူက ‘ဒါ ဆေးတိုးအိုးမဟုတ်ဘူးကွယ့် ‘အီကရီအရပ်ကဖြစ်တဲ့အိုး’ လို့ ရှင်းပြတယ်။ကျုပ်က ဆက်ပြီး ‘အီကရီအရပ်က ဖြစ်တဲ့ဆေးတိုးအိုး မဟုတ်ဘူးလား’ လို့ မေးပြန်တော့သူက ‘အဟဲဟဲဟဲ’ လို့ဆိုပြီး ဆေးတိုးအရပ်ကလုပ်တဲ့ပစ္စည်းမှ

ဆေးတိုးအိုးလို့ ခေါ်ရတာပေါ့ကွ'လို့ ရှင်းပြတယ်။ ကျုပ်က တိုကျိုသားဆိုတော့ မြင်သမျှ အိုးကို ဆေးတိုးအိုးလို့ထင်ခဲ့မိတာကိုး။

ကျက်သရေခန်းရဲ့ နဖူးစီးမှာ ပိတ်ဆိုင်းဘုတ် အရှည်ကြီး ချိတ်ဆွဲထားပြီးတော့ စာလုံး ၂၀လုံးလောက် ရေးထားတာကို တွေ့ရတယ်။ လက်ရေးက သိပ်ဖျင်းနေတယ်။ ဒါနဲ့ တရုတ်လက်ရေးဆရာကို . . .

"ဒါလောက်ဖျင်းတဲ့လက်ရေးတွေကို ဘာဖြစ်လို့များ ဟန်ကြီးပန်ကြီး လုပ်ပြီး ချိတ်ထားရတာလဲဗျာ" လို့မေးကြည့်တော့ သူက . . .

'ဒါဟာ နာမည်ကျော်လက်ရေးဆရာ ကိုင်းအောစုရဲ့လက်ရာပဲလို့ 'ရှင်းပြတယ်။ သူ့ဘာသာ ကိုင်းအောစုမကလို့ ကိုင်းအောစုရဲ့ဘိုးအေကပဲရေးရေး၊ ကျုပ်မျက်စိထဲမှာတော့ အဲဒီလက်ရေးတွေက တစ်စက်ကလေးမှ ကြည့်လို့မကောင်းဘူး။

နောက်ဆုံးတော့ အတွင်းရေးမှူးကာဝါမူရက အဆင့်သင့်နေရာယူကြပါရန် ပန်ကြားနေပြီဖြစ်တဲ့အတွက် ကျုပ်ကတိုင်တစ်တိုင်ကို ကျောမှီပြီးထိုင်လိုက်တယ်။ ကိုင်းအောစုရဲ့ လက်ရေးဆိုင်းဘုတ်ကြီးရဲ့ ရှေ့မှာတော့ တောခွေးက အပေါ်ဝတ်အင်္ကျီနဲ့ ဟာကမကီမိုနိုကို ဝတ်ပြီးထိုင်နေတယ်။ ညာဘက်မှာက ဒီနေ့ဂုဏ်ပြုခံရမယ့် ပုဂ္ဂိုလ် ရွှေဖရုံသီးက ဂျပန်ရိုးရာဝတ်စုံကိုဝတ်ပြီး ထိုင်ရတယ်။ ကျုပ်က အနောက်တိုင်းဝတ်စုံကို ဝတ်ထားလေတော့ ဒူးထောက်ပြီးထိုင်ရတာ သိပ်ဟန်မကျတာနဲ့ တင်ပလ္လင်ခွေပြီး ပြင်ထိုင်လိုက်တယ်။ ကျုပ်ဘေးနားမှာက ကာယဆရာက ဘောင်းဘီအနက်ကြီးကို ဝတ်ပြီး ကျုံ့ကျုံ့ကလေးထိုင်နေတဲ့အတွက် အတော်ကသိကအောက်နိုင်ပုံရတယ်။ ကာယဆရာ တစ်ယောက်လုပ်နေပြီး ကိုယ့်ကိုယ်ကိုသက်သာအောင် မနေတတ်ဘူး။

ဒါနဲ့ ကျုပ်ရဲ့ရှေ့ကို စားသောက်ဖွယ်ရာတွေ ရောက်လာတော့တယ်။ ပြီးတော့ ဆာကေပုလင်းတွေလည်း ချလာတယ်။ ဒီအခမ်းအနားကို စီစဉ်ပေးတဲ့ဆရာက အခမ်းအနားဖွင့်လှစ်ပေးတဲ့အကြောင်း ကြော်ငြာပြီးတဲ့နောက်မှာ တောခွေးနဲ့အင်္ကျီနီ တို့က တစ်လှည့်စီထပြီး မိန့်ခွန်းခြွေတော့တယ်။ ထုံးစံအတိုင်း ဂုဏ်ပြုစကားပြောကြတာ ဖြစ်ပေမယ့် နှစ်ယောက်စလုံးရဲ့ စကားတွေဟာ စည်းဝါးရိုက်ထားကြတဲ့အတိုင်းပဲ တစ်ထေရာတည်း ဖြစ်နေကြတယ်။ ရွှေဖရုံသီးဟာ အလွန်တော်တဲ့ ဆရာဖြစ်ကြောင်း သဘောထား အလွန်ပြည့်ဝကြောင်း၊ခုလို ပြောင်းရွှေ့သွားတာဟာ ကျောင်းကြီးအတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း၊ သို့သော်လည်း ကာယကံရှင်ရဲ့ ဆန္ဒအရ ပြောင်းရွှေ့သွားတာဖြစ်လေတော့ မိမိတို့ဘာမှမတတ်နိုင်ကြောင်း၊ရွှေဖရုံသီး ပြောင်းသွားတဲ့အတွက် ကျောင်းတော်အနေနဲ့သာမက မိမိတို့အနေနဲ့ပါ စိတ်မကောင်းဖြစ်ရကြောင်း စတဲ့ အဓိပ္ပာယ်မျိုးတွေပြောသွားကြတယ်။

ဒီလူတွေဟာ မဟုတ်မဟတ် မုသားစကားတွေကို ပြောပြီး အခုလို ဂုဏ်ပြုပွဲမျိုး ကျင်းပရတာကို နည်းနည်းကလေးမှ မရှက်ကြဘူးလားမပြောတတ်ဘူး။ သူတို့ အထဲမှာအကျိုးနီက အကဲဆုံးပဲ။ရွှေဖရုံသီးလို သူငယ်ချင်းတစ်ယောက်ကို ဆုံးရှုံးရ တာဟာ သူ့အတွက်အကြီးအကျယ် ကံဆိုးမိုးမှောင်ကျတာဖြစ်တဲ့အကြောင်းပြောတယ်။ သူက စကားအရာမှာ လိမ္မာလေတော့ ရုတ်တရက် နားထောင်လိုက်ရင် တကယ်လိုလို ထင်ရတယ်။ သင်းဟာ မက်ဒိုနာကိုလည်း ဒီလိုပဲ လိမ်ညာလှည့်ဖြား ခဲ့တာပဲဖြစ်မယ်။ အကျိုးနီစကားပြောနေတုန်း တစ်ဖက်မှာ ထိုင်နေတဲ့ ဖြူကောင်က ကျုပ်ကိုကြည့်ပြီး မျက်စပစ်ပြတယ်။ ကျုပ်ကလည်း နားလည်ပါတယ်ဆိုတဲ့ သဘောနဲ့ လက်ညိုးနဲ့ မျက်လုံးကို ပွတ်ပြလိုက်တယ်။

အကျိုးနီကလည်း စကားပြောပြီးလို့ ထိုင်လိုက်ရော၊ ဖြူကောင်က ဖြုန်းခနဲထရပ် လိုက်တယ်။ ကျုပ်လည်း ဝမ်းသာလွန်းတဲ့အတွက် အလိုလိုနေရင်း လက်ခုတ်လက်ဝါး တီးပြီး ဩဘာပေးလိုက်မိတာပေါ့။ဒါကို တောခွေးတို့လူစုက မကျေနပ်တဲ့ သဘောနဲ့ စိုက်ကြည့်လိုက်ကြတဲ့အတွက် နည်းနည်းတော့ ခွကျသွားတယ်။ ဖြူကောင်ဘာတွေ များ ပြောမှာပါလိမ့်လို့တွေးနေတုန်း သူက –

“ခုနက ကျောင်းအုပ်ကြီးနဲ့ ဒုတိယကျောင်းအုပ်ကြီးတို့က ဆရာကောဂါ ပြောင်းရွှေ့သွားရလို့ အကြီးအကျယ် စိတ်မကောင်းကြကြောင်း ပြောသွားကြပေမယ့် ကျွန်တော့် သဘောကတော့ သူတို့နဲ့ဆန့်ကျင်နေပါတယ်။ ဖြစ်နိုင်ရင် ဆရာကောဂါ တစ်ယောက် ဒီကနေ အမြန်ဆုံးပြောင်းသွားစေလိုတဲ့ဆန္ဒရှိပါတယ်။ သူအခုပြောင်းသွား ရမယ့် နော်ဆဲအိုကာအရပ်ဟာ မြို့ကြီးပြကြီးတွေနဲ့ အလှမ်းကွာတာအမှန်ပါ။ ဒီအရပ်ဟာ ကျုပ်တို့ရဲ့ ကောင်းမြတ်တဲ့ ဓလေ့ထုံးစံတွေ ကျန်ရှိနေသေးပြီး လူတွေကလည်း ရိုးသားကြတယ်လို့ မွန်မြတ်တဲ့ စိတ်နှလုံးရှိကြပြီး ဖော်ရွေကြတယ်လို့ ကြားသိရပါတယ်။ စိတ်ထဲကမပါဘဲ အခြောက်တိုက် မြှောက်ပင့်တဲ့လူတို့၊ မျက်နှာပေးက ကြင်နာသနားတဲ့ဟန်ပြပြီး လူတစ်ယောက်ကို ချောက်ချတတ်တဲ့ လူပေါ်ကြော့တို့တစ်ယောက်မှ ရှိမှာမဟုတ်ပါဘူး။ ဆရာကောဂါလို စိတ်ထား ကောင်းတဲ့ လူအတွက် အဲဒီဒေသက နွေးထွေးစွာကြိုဆိုနေမှာ သေချာလှပါတယ်။ ဒါကြောင့်လည်း အခုလို ပြောင်းရွှေ့သွားရတာကို ကျွန်တော့်အနေနဲ့ ဝမ်းမြောက် ဝမ်းသာ ကြိုဆိုအပ်ပါတယ်”

“နိဂုံးချုပ်အနေနဲ့ ကျွန်တော်မှာကြားချင်တာကတော့ ဆရာကောဂါဟာ အဲဒီအရပ် ဒေသရောက်တဲ့အခါ မိမိလိုစိတ်ထားနှလုံးမွန်မြတ်တဲ့ မိန်းမကောင်းမိန်းမမြတ်တစ်ဦးကို အမြန်ဆုံးရွေးချယ်လက်ထပ်ပြီး သာယာချမ်းမြေ့တဲ့အိမ်ထောင်သစ်တစ်ခု တည်ဆောက်

သွားစေချင်ပါတယ်။ ဒါမှလည်း သစ္စာမဲ့တဲ့ မိန်းမပျက်တွေဟာ အရှက်ရပြီး မြန်မြန်ကြီး သေသွားပါလိမ့်မယ်၊ ဟဲ . . .ဟဲ . . .ဟဲ လို့ ရယ်သလို၊ ရွှန်းသလိုလို အသံကျယ်ကြီးနဲ့ ပြောပြီးပြန်ထိုင်လိုက်တယ်။

ကျုပ်လည်း သဘောကျလွန်းလို့ ထပ်ပြီးလက်ခုပ်တီးမယ်ပြင်လိုက်တော့ အများက ကျုပ်မျက်နှာကို ဝိုင်းကြည့်နေကြတဲ့အတွက် အသာကလေး ငြိမ်နေလိုက်ရတယ်။ ဖြူကောင်ရဲ့ အလှည့်လည်းပြီးရော အခုတစ်ခါ ရွှေဖရုံသီးအလှည့်ရောက်လာတော့တယ်။

ဆရာရွှေဖရုံသီးဟာ ထိုင်ရာကနေရှေ့ကို ရိုရို့ကလေးထသွားပြီး ယဉ်ယဉ်ကျေးကျေးပဲ ပြောရှာတယ်။

'မင်္ဂလာညချမ်းပါခင်ဗျာ၊ ကိုယ့်ဆန္ဒကိုယ့်သဘောအရ ကျူးရှူးဒေသကို ပြောင်းရွှေ့သွားတဲ့ ကျွန်တော့်အတွက် ဆရာအများစုက ခုလိုကြီးကျယ်ခမ်းနားတဲ့ ဂုဏ်ပြုပွဲကို ကျင်းပပေးတာကို တွေ့ရတော့ ကျေးဇူးတင်လို့ မဆုံးအောင်ဖြစ်ရပါတယ်။ ဒါ့အပြင် စောစောပိုင်းက ကျောင်းအုပ်ဆရာကြီးအပါအဝင် ဒုကျောင်းအုပ်ကြီးနဲ့ ညီအစ်ကိုတော်များရဲ့ ဂုဏ်ပြုစကားကိုကြားရတဲ့အတွက်လည်း အထူးပဲကျေးဇူး ဥပကာသယတင်မိပါတယ်။ မတတ်သာလို့ ပြောင်းရွှေ့သွားရပေမယ့် ဆရာ၊ ဆရာမများက ကျွန်တော့်အပေါ် ယခင်ကအတိုင်းပဲ ခင်မြဲခင်ကြဖို့ အနူးအညွတ်မေတ္တာရပ်ခံလိုပါတယ်"

ကောဂါဟာ အဲဒီလိုပြောပြီးတဲ့နောက် ပြန်ထိုင်လိုက်တယ်။ ဒီရွှေဖရုံသီးဟာ သဘောကောင်းလွန်းတာ လွန်တောင်နေပြီ။ကိုယ့်အပေါ်အရှုံးလုပ်ထားတဲ့ ကျောင်းအုပ်နဲ့ ဒုကျောင်းအုပ်ကိုတောင် ရိုရိုသေသေကျေးဇူးတင်စကားပြောနေပြန်သေးတယ်။ သူ့စကားတွေ မျက်နှာထားတွေ၊ အမူအရာတွေက တကယ့်ကို စိတ်ထဲနှလုံးထဲကပါလို့ ဖြူဖြူစင်စင်ပြောပြနေတာ ထင်ရှားတယ်။ကျုပ်သာ တောခွေးနဲ့အကျီနီဆိုရင် ရှက်လို့လည်း သေလောက်ပြီ။ ဒါပေမယ့် သင်းတို့ကတော့ မျက်နှာပြောင်တိုက်ပြီး အမြင့်သားနားထောင်နေလေရဲ့။

ရွှေဖရုံသီးရဲ့ စကားလည်းဆုံးရော ဟိုနေရာ၊ ဒီနေရာက တရှူးရှူးနဲ့ ဟင်းချိုမှုတ်ပြီးသောက်နေကြတဲ့ အသံတွေကို ကြားလိုက်ရတယ်။ ကျုပ်လည်း ရှေ့မှာရှိတဲ့ ပဲဟင်းချိုတစ်ဇွန်းကို သောက်ကြည့်လိုက်မိတော့ အရသာက အတော်ဆိုးတာကိုး။ ဟင်းချိုထဲက ငါးအပေါစားတွေ ထည့်ခပ်ထားကြပုံပဲ။ အရောင်ကလည်း မည်းပုပ်နေတယ်။ ဆာရှိမိ ငါးအစိမ်းပန်းကန်ကလည်းပါပေမယ့် တုံးထားတစ်ထားတာက ဈေးထဲကငါးစိမ်းသည်မ ဓားနဲ့ထစ်ထားသလိုပဲ။ တစ်စက်မှ စားချင်စရာမရှိဘူး။

ဒါပေမယ့် ကျုပ်ဘေးနားက လူတစ်စုကတော့မြိန်ရေရှက်ရေ စားနေကြလေရဲ့။ သင်းတို့တစ်တွေဟာ တိုကျိုမြို့က စားကောင်းသောက်ဖွယ်တွေကို စားဖူးကြလေဟန် မတူရှာဘူး။

မကြာခင်မှာပဲ ဆာကေအရက်ခွက်ကို လွတ်လွတ်လပ်လပ် သောက်ခွင့်ရလာကြတဲ့အတွက် တစ်ခန်းလုံး ခွက်သံ ပုလင်းသံတွေ ဆူညံလာတော့တယ်။ ဆပ်ကပ်လူပြက်က ကျောင်းအုပ်ကြီးရဲ့ရှေ့ကို ပျာယီးပျာယာထွက်ပြီး အရက်ငှဲ့ပေးနေတယ်။ အတော်ရွံစရာကောင်းတဲ့လူပဲ။ ရွှေဖရုံသီးကတော့ အစဉ်လိုက်အတိုင်း လိုက်ပြီး အရက်ငှဲ့ပေးကာ နှုတ်ဆက်ရှာနေတယ်။ အတော်သနားစရာကောင်းတယ်။

သူက ကျုပ်ရဲ့ရှေ့ကိုလည်း ရောက်ရော ရိုရိုသေသေခါးညွတ်ပြီး "တစ်ခွက်လောက်သုံးဆောင်ပါ" လို့ ပြောတဲ့အတွက် ကျုပ်လည်းထုံးစံအတိုင်း ပြင်ထိုင်ပြီး သူ့အရက်ကို လက်ခံလိုက်ရတယ်။ ပြီးမှ သူ့ခွက်ထဲကို ပြန်ငှဲ့ပေးလိုက်ပြီး၊

"ကျွန်တော်တို့ တွေ့တာမှဘာမှမကြာသေးဘူး၊ ခွဲရတော့မယ်ဗျာ၊ ခင်ဗျား ဘယ်တော့ပြောင်းမှာလဲ၊ ပြောင်းတဲ့နေ့ကျရင် ဆိပ်ကမ်းအထိလိုက်ပို့ပါမယ်' လို့ ပြောလိုက်မိတယ်။ ဒီတော့ သူက . . .

"အလကား ဒုက္ခရှာလို့ ဆရာရယ်၊ အလုပ်တွေများနေပါ့မယ်။ ကိစ္စမရှိပါဘူး" လို့ ပြန်ပြောတယ်။ သူဘာပဲပြောပြော ကျုပ်ကတော့ အဲဒီနေ့မှာ ကျောင်းကခွင့်ယူပြီး လိုက်ပို့ဖို့ ဆုံးဖြတ်ထားတယ်။

ဒီလိုနဲ့ တစ်နာရီလောက်လည်း ကြာရော၊ တစ်ခန်းလုံး ဆူညံလာတော့တယ်။ စကားသံတွေကလည်း နှုတ်လျှာလေးလာကြပြီး ဗလုံးဗထွေးပဲ ကြားလာရတော့တယ်။ "သောက်ပါကွ၊ နောက်တစ်ခွက်ထပ်ချလိုက်ပါဦး" ဆိုတဲ့ အသံတွေကိုလည်း တစ်ပိုင်းတစ်စ ကြားနေရတယ်။ ကြာတော့ ကျုပ်လည်း ငြီးငွေ့လာတာနဲ့ အိမ်သာခန်းဖက်ကို ထွက်လာခဲ့မိတော့တယ်။ အိမ်သာက ထွက်လာတော့ ရှေးဟောင်းပုံဥယျာဉ်ကြီး ထဲကနေပြီး ကောင်းကင်ထက်ငွေကြယ်ကလေးတွေကို ငေးမောကြည့်ရှုနေတုန်း ဖြူကောင် ရောက်လာတယ်။

"ဘယ်လိုလဲကွယ့်၊ စောစောက ကိုယ်ပြောခဲ့တာ ဟန်ရဲ့လား"

"ကောင်းပါ့ဗျာ၊ ကျွန်တော်အားလုံးသဘောကျပါတယ်၊ တစ်ခုပဲရှိတယ်"

"ဘာများလဲကွယ်"

"မျက်နှာပေးက ကြင်နာသနားတဲ့ဟန်ပြပြီး လူတစ်ယောက်ကို ချောက်ချတတ်တဲ့ လူပေါ်ကြော့လိုလူမျိုးတွေ ရော်ဘဲအိုကာမှာ တစ်ယောက်မှ ရှိမှာမဟုတ်ဘူးလို့ ခင်ဗျားက ပြောသွားခဲ့တယ် မဟုတ်လား"

"အင်း"

"လူပေါ်ကြော့ဆိုတဲ့စကားနဲ့က မလုံလောက်သေးဘူးဗျ"

"ဒီလိုဆိုရင် ဘယ်လိုပြောရမှာလဲ"

"လူပေါ်ကြော့တွေ၊ လူလိမ်တွေ၊ အတုအယောင်သမားတွေ၊ သိုးရေခြုံထားတဲ့ ဝံပုလွေတွေ၊ လူ့စေဦးလဲတွေ၊ ညစ်ပတ်ကောက်ကျစ်တဲ့ လူယုတ်မာတွေ၊ လူစကား ပြောတဲ့ ခွေးတွေလို့ပြောပစ်ရမယ်"

"ကိုယ် ဒါတွေကို မစဉ်းစားမိဘူး၊ မောင်ရင်က စကားကြွယ်သားပဲ၊ ပြောစရာ ဝေါဟာရတွေလည်း များသားပဲ၊ ဒါနဲ့များ လူပုံအလယ်မှာ စကားထမပြောတတ်တာ အံ့စရာကောင်းတယ်"

"ဘာပြောတယ်၊ ဒီစကားလုံးတွေက ကျွန်တော်ရန်ဖြစ်တဲ့အခါမှာ သုံးဖို့စုထား တာဗျ၊ လူပုံအလယ်ကျတော့ ပြောမထွက်ဘူး"

"အင်း ၊ ဟုတ်မှာပါပဲလေ၊ ဒါပေမယ့် နားထောင်လို့တော့ ကောင်းတယ်ကွယ့်၊ တစ်ခါထပ်ပြီး ရွတ်လိုက်ပါဦး"

"နောက်တစ်ခါ မကဘူး၊ ဘယ်နှစ်ခါဖြစ်ဖြစ် ရွတ်ပြလို့ရပါတယ်ဗျ၊ ကဲ . . . လူပေါ်ကြော့တွေ၊ လူလိမ်တွေ၊ အတုအယောင်သမားတွေ . . ."

ကျုပ်က ဒီလိုရွတ်ပြနေတုန်းမှာ ဝရန်တာဘက်ဆီက လူနှစ်ယောက်ဟာ အရက်မူး ပြီးဒယီးဒယိုင်နဲ့ ကျုပ်တို့ဆီကို တခွပ်ခွပ်လျှောက်လာကြတယ်။

"ဩော်၊ ဩော် ၊ မင်းတို့က အတုအယောင်သမားတွေလားကွ၊ လာ၊ လာ၊ ငါတို့မပြန်သေးဘဲ မင်းတို့ ပြန်လို့ မရဘူးတို့နဲ့အတူ အရက်လာသောက်ရမယ်၊ လာစမ်း အတုအယောင်သမားတွေ"

သူတို့ဟာ ပြောပြောဆိုဆိုနဲ့ပဲ ကျုပ်နဲ့ဖြူကောင်ကို အတင်းဆွဲခေါ်သွားကြတယ်။ အမှန်တော့ သူတို့လည်း အိမ်သာတက်ဖို့ လာခဲ့တာပဲဖြစ်မယ်။ ကျုပ်တို့ကိုတွေ့တာနဲ့ မေ့ပြီး ဆွဲခေါ်သွားတာပဲ။ အမူးသမားတွေများ မျက်စိတွေ့ကရာ ပေါက်ကရပြောတတ် ကြပါကလား။ မူးတော့ ချက်ချင်းမေ့တတ်ကြတာပဲ ထင်တယ်။

"လူကြီးမင်းများခင်ဗျာ၊ ကျုပ် အတုအယောင်သမားတွေကို ဖမ်းလာခဲ့ပါတယ်။ သူတို့ကို မူးအောင်တိုက်လိုက်ကြပါ။ သင်းတို့ကို ထွက်မပြေးပါစေနဲ့"

ကျုပ်လည်း ထွက်ပြေးဖို့ မကြံစည်ပါဘူး။ ဒါပေမယ့် အမူးသမားက ကျုပ်ကို ထောင့်တစ်နေရာစီကို တွန်းထိုးလိုက်တယ်။ ဒါနဲ့ ဘေးပတ်ဝန်းကျင်က စားပွဲတွေကို ငဲ့စောင်းကြည့်လိုက်တော့ ပန်းကန်ပြားတွေထဲမှာ ဘာမှမကျန်တော့ဘူး။ တချို့လူတွေ ဆိုရင် ကိုယ့်ဝေစုကို ပြောင်အောင်စားကြပြီးလို့ တစ်ခြားပန်းကန်တွေကို ရှာတဲ့လူက

ရှာနေကြပြီ။ ကျောင်းအုပ်ကြီးကတော့ ဘယ်အချိန်ပြန်သွားတယ်မသိဘူး၊ အစအနတောင် မတွေ့ရတော့ဘူး။

အဲဒီအချိန်မှာ "ဟယ်၊ ဒီမှာ ဧည့်ခန်းပါလား" ဆိုပြီး ဂေရှာမယ် သုံးလေးယောက် ဝင်လာကြတယ်။ ကျုပ်လည်း ရုတ်တရက် လန့်ဖျပ်သွားပေမယ့် ထောင့်တစ်ခုမှာ အတွန်းခံထားရလေတော့ အသာငေးကြည့်ရုံပဲ တတ်နိုင်တော့တယ်။ စောစောပိုင်းက ပယင်းရောင်ဆေးတံကို ဟန်ပါပါခဲနေတဲ့ အကျီနီဟာ သူတို့လည်း ဝင်လာလေရော။ ရုတ်တရက် ထပြန်ဖို့ပြင်လိုက်တယ်။ တစ်ဖက်ကဝင်လာတဲ့ ဂေရှာမယ်တစ်ယောက်ဟာ သူ့ဘေးနားက ဖြတ်သွားတဲ့အချိန်မှာ စကားတစ်ခွန်းနှစ်ခွန်းပြောပြီး နှုတ်ဆက်သွားတယ်။ အဲဒီမိန်းမက ဂေရှာမယ်တွေအထဲမှာ အငယ်ဆုံး၊ အလှဆုံးပဲ။ အဝေးကဆိုတော့ သဲသဲကွဲကွဲ မကြားလိုက်ပေမယ့် " Good Night' လို့နှုတ်ဆက်လိုက်တဲ့ ပုံပဲ။ အကျီနီကတော့ မသိကျိုးကျွန်ပြုပြီး ထွက်သွားတယ်။ နည်းနည်းကလေးမှ လှည့်မကြည့်ဘူး။ ဧကန္တ သူလည်းကျောင်းအုပ်ကြီးနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားပြီနဲ့တူတယ်။

ဂေရှာမယ်တွေလည်း ရောက်လာရော အခန်းတစ်ခန်းလုံးဟာ သူတို့ကို ကြိုဆိုတဲ့ အသံတွေနဲ့ပြန်ပြီး ဆူညံလာခဲ့ပြန်တော့တယ်။လက်ပံပင်ပေါ် ဆက်ရက်ကျတဲ့အတိုင်းပဲ။ တချို့ကလည်း ဂေရှာမယ်တွေနဲ့ လက်ခုပ်တီးပြီးကြိုဆိုကြတယ်။ ကျားသမင်မုဆိုး လုပ်တမ်းကစားကြတယ်။ သူတို့ အော်ကြဟစ်ကြတဲ့ အသံတွေကို ကြားရတော့ ကျုပ်စားခုတ်သမားတွေ လေ့ကျင့်ရင်းအော်တဲ့ အသံတွေကို အမှတ်ရလာမိတယ်။တချို့ကတော့ ခုန်ဆွခုန်ဆွကနေလိုက်ကြတာ ရုပ်သေးတွေအတိုင်းပဲ။

တစ်ဖက်ထောင့် တစ်နေရာမှာတော့ အရက်ကုန်ပြီ 'ငှဲ့ပေးပါဦး'လို့ဂေရှာမယ်တွေကို လှမ်းအော်တဲ့အသံတွေကို ကြားနေရတယ်။ တစ်ခန်းလုံး ပွက်လောရိုက်နေတော့တာပဲ။

တစ်ခန်းလုံးမှာ ရွှေဖရုံသီးတစ်ယောက်ပဲ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ငေးမှိုင်နေရှာတယ်။ အခု သူတို့လုပ်နေကြတာက သူပြောင်းရတော့မှာကို ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ ဂုဏ်ပြုကျင်းပတာနဲ့လုံးဝမတူဘူး။ အားလုံးဟာ အရက်ကို ပျော်ပျော်ပါးပါးသောက်စားဖို့ပဲ ဖြစ်နေတော့တယ်။ အမှန်တော့ ဒီလိုဂုဏ်ပြုပွဲမျိုးကို မလုပ်တာကမှ ကောင်းဦးမယ်။

၂) ခဏကြာတော့ သူတို့အားလုံးသီချင်းတွေကို တစ်ယောက်တစ်ပေါက် ဟစ်ဆိုကြပြန်တယ်။

အဲဒီအချိန်မှာ ဂေရှာမယ်တစ်ယောက်ဟာ ကျုပ်ရှေ့ကို စားစရာ ပန်းကန်တစ်ခု

ယူလာပြီး . . .

"မောင်မောင်လည်း သီချင်းဆိုပါလားကွယ်" လို့ပြောတယ်။

"ကျုပ်မဆိုတတ်ပါဘူး၊ မင်းပဲ ဆိုပြပါ" လို့ ပြောတော့ သူက

"ဆိုင်းသံ ဗုံသံ တစ်ညံညံ

သူတို့သွားကြပြန်

လမ်းပျောက်နေတဲ့ ကလေးရယ်

လင်းကွင်းကလေးကို တီးပါကွယ်

ထုံ့ ထုံထုံး၊ ရှင့်ရှင် ရှင်း။

ဆိုင်းသံ၊ ဗုံသံ တညံညံ

သူတို့တီးကြပြန်

ထုံ့ ထုံထုံး၊ ရှင့်ရှင် ရှင်း။

ပျိုမေရှာတဲ့ ကိုလူလည်

ဟောဒီနားမှာ တွေ့ပြီကွယ်

ထုံ့ ထုံထုံး၊ ရှင့်ရှင် ရှင်း။

အဲဒီလို သီချင်းဆိုပြနေတုန်း ဘယ်အချိန်က ရောက်လာခဲ့တယ် မပြောတတ်ဘူး။ ဆပ်ကပ်လူပြက်က

"အို၊ စုဇူးလေးရယ်၊ မင်းကလေးရှာနေတဲ့ ကိုလူလည်က အခုလေးတင်ပြန်သွားတယ်ကွယ့်၊ သနားစရာကောင်းလိုက်တာကွယ်" လို့ ပတ်ချွဲနပ်ချွဲ လာပြောတယ်၊ အဲဒီအခါမှာ ဂျေရာမယ်က ခေါင်းကလေးကို တွင်တွင်ရမ်းပြီးတော့ . . .

"ဘယ်ကလူလဲကျွန်မ မသိပါဘူး" လို့ပြောတယ်၊ အဲဒီအခါမှာ ဆပ်ကပ်လူပြက်ဟာ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ "အဆကအော်နီကီ ပြဇာတ်ထဲက မျက်မမြင်မင်းသမီးလေးရဲ့သီချင်းတစ်ပိုင်းတစ်စဖြစ်တဲ့ "ကံကောင်းထောက်မလို့တွေ့ရတဲ့ ကိုကိုရယ်" လို့ အသံပြဲကြီးနဲ့အော်ဆိုတယ်။ ဂျေရာမယ်က တော်စမ်းပါလို့ ပြောပြီး သူ့ဒူးကို လက်ဝါးနဲ့ ခပ်ဖွဖွကလေး ရိုက်နေပြန်တယ်။ ဆပ်ကပ်လူပြက်က သဘောခွေ့သွားပြီး တခွိခွိရယ်နေပြန်တယ်။

အမှန်တော့ ဒီဂျေရာမယ်ဟာ အင်္ဂျီနီကို လှမ်းပြီးနှုတ်ဆက်လိုက်တဲ့ မိန်းမပဲ။

"စုဇူးကလေးရယ် မောင်ကြီး ကချင်လို့ ကီအိနော့ခုနိပြဇာတ်ထဲက သီချင်းတစ်ပုဒ်လောက် ဆိုပေးပါလားကွယ်"

"ဒုက္ခပဲ သည်လူပြက်က ကဦးမယ်ဆိုပါကလား" လို့ ကျုပ် စိတ်ထဲကနေပြီး ညည်းတွားလိုက်မိတယ်။ တစ်ဖက်မှာတော့ ဘရတ်လက်ရေးဆရာ အဘိုးကြီးဟာ



သွားတစ်ချောင်းမှ မရှိတော့တဲ့ သူ့ပါးစပ်ကြီးကို ဖြဲပြီး . . . .

"အို ဂင်ဘီလေးရယ်၊ ကတိတွေထားပြီးမှ ရက်စက်တော့မှာလားကွယ်၊ အဲ အဲ နောက်တော့ ဘာလဲ" လို့ သူမေ့နေတဲ့ သီချင်းပိုဒ်ကို ဂေရှာမယ် တစ်ယောက်ကို မေးနေတယ်။ အသက်ကြီးတော့ မှတ်ဉာဏ်မကောင်းရှာတော့ဘူးနဲ့တူတယ်။

ဂေရှာမယ်တစ်ယောက်ကတော့ သဘာ၀သမိုင်းဆရာကို စကားအတင်းလိုက်ပြောနေတယ်။

"မောင် ခုတလော ဘယ်ပျောက်နေတာလဲဟင်၊ ခုနက သီချင်းကို နားထောင်ဦးမလား"

"ပရိတ်သတ်များရှင် ကျွန်မဆိုမယ့် သီချင်းကလေးကို နားဆင်ကြပါ"

ခေတ်ရဲ့ သမီးငယ် အနောက်တိုင်းဆန်ဆန် ၀တ်ဆင်တယ်

ဖဲပြားဖြူလေးကို ခေါင်းမှာစည်းလို့ တွေ့တဲ့လူတိုင်းကို

I Am Glad To See You

လို့ နှုတ်ဆက်မယ်။

အဲဒီအခါ သဘာ၀သမိုင်းဆရာက

"အင်္ဂလိပ်စကားလည်း ပါပါလားကွယ့်"

လို့ ချီးကျူးတယ်။

ဖြူကောင်ကလည်း 'ဟော့ ဟော့ ဂေရှာမယ်တွေ အီဖေကိုယ် ဆာမူရိုင်းစားသိုင်းကတော့မယ်၊ မင်းတို့လင်ဗန်းတွေ ဘေးဖယ်လို့ ထအော်လိုက်ပြန်တယ်" ဂေရှာမယ်တွေကတော့ သူ့အသံပြဲကြီးကိုကြောက်တာနဲ့ ဘေးကိုချဲ့ပေးလိုက်ကြပေမယ့် တစ်ခွန်းမှပြန်မပြောရဲကြဘူး။ ဒါနဲ့သူက ရှေ့ကိုထွက်ပြီး လမ်းလျှောက်တဲ့ တုတ်ကောက်ကြီးကို ဓားလုပ်တာ "တိမ်ယံထက်က တောင်ထိပ်ဟာ ငါ့ခြေဖ၀ါးအောက်မှာ" လို့ ဟန်ပါပါဆိုပြီး သိုင်းကနေတော့တယ်။

ဆပ်ကပ်လူပြက်ကတော့ 'ကီအီနောခုနိကပိုရယ် ဒါရူမ' စတဲ့ သီချင်းပိုဒ်တွေကို ကုန်အောင်ဆိုကပြီးလို့ မောသွားသလား မပြောတတ်ဘူး။ အ၀တ်အစားတွေ တစ်ခုပြီး တစ်ခု ချွတ်လိုက်တာ အတွင်းခံဘောင်းဘီပဲ ကျန်တော့တယ်။ ပြီးတော့ "တရုတ်ဂျပန် စေ့စပ်ရေးကို ရွှေတရုတ်ဖျက်တယ်လေး 'ဆိုတဲ့ သီချင်းဆိုပြီး အခန်းထဲကထွက်သွားတယ်။

ကျုပ်အဖို့တော့ စောစောကတည်းက ဟမကကီမိုနိုကို ၀တ်ပြီး ကျုံကျုံကလေးထိုင်ငေးကြည့်နေတဲ့ ရွှေဖရုံသီးကို အတော်ကြီးသနားမိတယ်။ ဒီပွဲဟာ သူ့ပွဲဖြစ်ပေမယ့် အ၀တ်အစားမကပ်လောက်အောင် မူးပြီးကနေတဲ့ အရူးတစ်ယောက်ကို သည်းခံပြီး

စောင့်မကြည့်သင့်တော့ဘူးလို့ ကျုပ်ထင်မိတယ်။ ဒါနဲ့ ကျုပ်က သူ့အနားသွားပြီး "ပြန်ကြပါစို့" လို့ ပြောလိုက်တယ်။

"ဒီပွဲက ကျွန်တော့်အတွက် ဂုဏ်ပြုပွဲမဟုတ်လား၊ ကိုယ်ကစပြီး ပြန်လို့ မကောင်းဘူး၊ ဆရာပြန်ချင်ရင်ပြန်ပါ၊ အားမနာပါနဲ့"

"ဘာပြောတယ်၊ ပြန်လို့မကောင်းဘူး ဟုတ်စ၊ ဂုဏ်ပြုပွဲဆိုတာ ဂုဏ်ပြုပွဲနဲ့ တူအောင်လုပ်ရင် ကောင်းတာပေါ့၊ ကြည့်လိုက်စမ်း၊ ဂုဏ်ပြုပွဲနဲ့ တူသေးလားလို့၊ ဒါဟာ အရူးတွေမြူးတဲ့ ပွဲဘဲ၊ ကဲပါဗျာ ပြန်ကြပါစို့" လို့ အတင်းဆွဲခေါ်လာတုန်းမှာ ဆပ်ကပ်လူပြက်က တံမြက်စည်းကြီးကို တယမ်းယမ်းလုပ်ပြီး ပေါက်ချလာတယ်။ သူက . . .

" အမယ် မယ် ဘယ်ရမလဲ၊ အိမ်ရှင်က စပြန်လို့ ဘယ်ရမလဲ၊ ခုမှ တရုတ်ဂျပန် စေ့စပ်ပွဲလုပ်ကာစ ရှိသေးတယ်" လို့ ပြောပြီး ကျုပ်တို့သွားမယ့်လမ်းကို တံမြက်စည်းကြီးနဲ့ ကန့်လန့်တားလိုက်တယ်။

ကျုပ်ရဲ့ဒေါသတွေဟာ ဒီနေရာမှာပဲ ပေါက်ကွဲကုန်တော့တယ်။

"ကောင်းပြီ၊ ဒါဟာ တရုတ်ဂျပန်စေ့စပ်ပွဲဆိုရင် သစ္စာဖောက်လောက်ကောင် 'ချင့်' ကို ဒီလိုဆုံးမရမယ်'လို့ ဆိုပြီး သူ့မျက်ခွက်ကိုလက်သီးနဲ့ ကျုံးပြီးထိုးချလိုက်မိတော့တယ်။

နှစ်စက္ကန့် သုံးစက္ကန့်အတွင်းမှာ ဆပ်ကပ်လူပြက်ဟာ ငါးမျှားချိတ်မှာ ဟပ်မိတဲ့ ငါးကြီးလို့ ကြမ်းပြင်ပေါ်မှာ တဖျပ်ဖျပ်ခုန်ရင်းက သူ့ပါးစပ်ကလည်း . . .

"အားပါး တယ်ဆော်ပါလားကွ၊ အီဖေကိုယ် ယိုရှိဂါဝါကို ထိုးတယ်ပေါ့လေ၊ ကဲကဲ ဒီတစ်ချီ တရုတ်–ဂျပန် စေ့စပ်ပွဲပြန်စရမယ်" လို့ဗလုံးဗထွေး ဆိုပြီးထပြန်တယ်။

အဲဒီအချိန်မှာ စားသိုင်းကနေတဲ့ ဖြူကောင်က ကျုပ်တို့ဘက်က ဆူညံဆူညံ အသံတွေကို ကြားလို့ အကရပ်ပြီး ကြည့်လိုက်တော့ ရန်ဖြစ်နေတာကို တွေ့ရတဲ့အတွက် နောက်ကနေ ဆပ်ကပ်လူပြက်ရဲ့ လည်ပင်းကို လှမ်းညှစ်လိုက်တယ်။

"တရုပ်ဂျပန်စေ့စပ်ပွဲ အဲ . . .ဟယ်၊ နာတယ်၊ နာတယ်၊ ဒီလို မကြမ်းပါနဲ့"

ယိုရှိဂါဝါက ပြောပြောဆိုဆိုနဲ့ ရုန်းကန်နေတုန်း ဖြူကောင်က သူ့ကို ကြမ်းပြင်ပေါ် ကို ဝုန်းကနဲ ကိုင်ပေါက်ချလိုက်တယ်။

နောက်ပိုင်း ဘာတွေဆက်ဖြစ်ကြတယ် မသိတော့ဘူး။ ကျုပ်နဲ့ ရွှေဖရုံသီး ဟာလည်း လမ်းမှာတင်ခွဲလိုက်ကြပြီး အိမ်ကိုပြန်လာခဲ့မိတော့တယ်။ အိမ်ရောက်လို့ နာရီကိုကြည့်လိုက်တော့ ည ၁၁နာရီတောင် ကျော်နေပြီလေ။

## (၁၀)

ဒီနေ့တော့ တစ်မြို့လုံးမှာ စစ်အောင်ပွဲ အခမ်းအနားကျင်းပဖို့ ရှိတဲ့အတွက် ကျောင်းပိတ်ထားတယ်။ စစ်ရေးပြကွင်းမှာ ကျင်းပမယ့် အခမ်းအနား ဖြစ်လို့ ကျောင်းအုပ်ကြီးအနေနဲ့ မိမိကျောင်းက ကျောင်းသားတွေကို စုစည်းပြီး ချီတက်ဖို့ တာဝန်ရှိလာတယ်။ ကျောင်းက ဝန်ထမ်းတစ်ဦးဖြစ်တဲ့ ကျုပ်လည်းပဲ သူတို့နဲ့အတူ လိုက်ရမယ်။ မြို့ထဲကို ထွက်ကြည့်လိုက်တော့ နေဝန်းနီဂျပန် အလံတွေက တလူလူ လွင့်နေလိုက်တာ မျက်စိကျိန်းမခန်းပါပဲ။ ကျောင်းမှာက ကျောင်းသား ၈၀၀ကျော် ရှိလေတော့၊ ကာယဆရာက ဦးဆောင်ပြီး အသင်းလိုက်တန်းစီစေတယ်။ အသင်း တစ်သင်းစီရဲ့ ကြားနေရာမှာကတော့ ဆရာတစ်ယောက်နှစ်ယောက်စီက ကြီးကြပ် ကွပ်ကဲပြီး လိုက်ပါစေတယ်။ သူ့အစီအစဉ်က ကောင်းပေမယ့် လက်တွေ့လုပ်ကြည့် တော့ထင်သလောက် မဟုတ်လှဘူး။ ကျောင်းသားတွေဟာ လူငယ်လေးတွေဆိုပေမယ့် မခိုးမခန့်နိုင်လွန်းတယ်။ စည်းကမ်းကို မချိုးဖောက်ရရင် ကျောင်းသားဆိုတဲ့ ဂုဏ်ကို ထိခိုက်တယ်လို့များ အောက်မေ့နေကြသလား မပြောတတ်ဘူး။ ကြီးကြပ်တဲ့ ဆရာ တွေကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် သဘောမထားကြဘူး။

ပြောစကား နားမထောင်တဲ့အပြင် သူတို့သဘောကျ စစ်သီချင်းတွေ အော်ဆို တဲ့သူက ဆို၊ ဂူးဝါး အော်သူကအော်နဲ့ တောပုန်းစားပြတွေ ရွာထဲဝင်လာကြတဲ့ အတိုင်း ပါပဲ။ သီချင်းမဆိုတဲ့အခါမျိုးမှာလည်း စကားတွေတစ်တွတ်တွတ် များနေကြပြန်တယ်။ စကားမပြောဘဲ ငြိမ်ငြိမ်ကလေး လျှောက်ရင်ရရဲ့သားနဲ့ ကျုပ်တို့ ဂျပန် လူမျိုးတွေကိုက စကားများလွန်းကြပါတယ်။ ကျုပ်တို့တစ်တွေဟာ မွေးကတည်းက စကားများပြီး ထွက်လာခဲ့ကြသလား မပြောတတ်ပါဘူးဗျာ။ စကားကလည်း သာမန်စကားမျိုး ပြောလာကြတာဆိုရင် တော်သေးရဲ့။ ဆရာတွေရဲ့ အတင်းကိုပြောလာကြတယ်။

အတော်အဆင့်အတန်းနိမ့်တဲ့ အကောင်တွေ။

ကျုပ် ညစောင့်တာဝန်ကျတုန်းက ဖြစ်ပျက်ခဲ့တဲ့ အရေးအခင်းမှာ သင်းတို့ကို ဝန်ချတောင်းပန်ခိုင်းပြီးပြီ။ ဒီတော့ ကောင်းသွားကြပြီလို့ စိတ်အေးခဲ့တာပေါ့။ ဒါပေမယ့် လက်တွေ့တော့ တခြားစီပဲ။ အိမ်ရှင်အဘွားရဲ့ စကားအတိုင်းပြောရရင်တော့ ဒီကလေးတွေဟာ ခွေးမြီးကောက် ကျည်တောက်စွပ်တာနဲ့ ဘာမှမခြားဘူး။ သူတို့ တောင်းပန်ခဲ့တာဟာ စိတ်ထဲနှလုံးထဲက နောင်တရလို့ တောင်းပန်ကြတာမဟုတ်ဘူး။ ကျောင်းအုပ်ကြီးကအမိန့်ပေးလို့ အပေါ်ယံသဘောနဲ့ တောင်းပန်ကြတာပဲ။ အရောင်းအဝယ်သမားတစ်ယောက်က မျက်နှာကလေးအောက်ချပြီး သူတို့လိုချင်တာကို ညစ်ယူတဲ့အတိုင်းပဲ။ ကျောင်းသားတွေဟာ ပါးစပ်ကသာတောင်းပန်ကြပေမယ့် အနှောင့်အယှက်ပေးတဲ့ လုပ်ငန်းကိုတော့ နည်းနည်းကလေးမှ မရပ်ကြဘူး။

သေသေချာချာ စဉ်းစားကြည့်တော့ လောကကြီးဟာ ဒီကျောင်းသားတွေလိုဟာမျိုးတွေချည်းပဲထင်ပါရဲ့။ လူတစ်ယောက်ရဲ့ တောင်းပန်ဝန်ခံမှုကို တကယ်ထင်ပြီး လက်ခံတတ်တဲ့ လူစားမျိုးဟာ အလွန်ရိုးလွန်းတယ်လို့ ဆိုရမယ်။ လူတွေကလည်း ဟန်လောက်ပဲ တောင်းပန်ပြီး ခွင့်လွှတ်တဲ့ လူကလည်းဟန်လောက်ပဲ ခွင့်လွှတ်တက်ခဲ့ရင်တော့ နည်းနည်းသက်သာမယ်။ တကယ်လို့ လူတစ်ယောက်ကို တကယ်တောင်းပန်တတ်အောင် လုပ်ဖို့ဆိုရင် သူ့ကို တကယ်နောင်တရတဲ့အထိ တုတ်နဲ့ နာနာရိုက်ပြီး ဆုံးမသင့်တယ်လို့ ကျုပ်ထင်တယ်။

ကျုပ် အသင်းနှစ်သင်းရဲ့ကြားမှာ ချိတက်လာနေတုန်း 'အကြော်ဆရာ၊ ပေါက်ဆီဆရာ' စတဲ့ စကားတွေကို တစ်တွတ်တွတ်ကြားနေရတယ်။ လူကများလွန်းတော့ ဘယ်ကျောင်းသားက ပြောတယ်ဆိုတာကို မသိနိုင်ဘူး။ သိတယ်ပဲထားဦး၊ သူတို့က ဆရာ့ကို အကြော်လို့ မပြောပါဘူး။ ပေါက်စီလို့လည်း မခေါ်ပါဘူး။ ဆရာ့ဘာသာတွေးလန့်ပြီး ကယောင်ချောက်ချား ထင်နေတာပါလို့ နှက်ကြလိမ့်ဦးမယ်။ ဒီလူစုတ်ကလေးတွေဟာ ခေတ်ဟောင်းက အကျင့်ဆိုးတွေ ကြားထဲမှာ ကြီးပြင်းလာခဲ့ကြတာဖြစ်လေတော့ ဘယ်လောက်ဆိုဆို နည်းနည်းလေးမှ ကောင်းလာကြမှာမဟုတ်ဘူး။ ဒီလိုနေရာမျိုးမှာ တစ်နှစ်လောက် ကြာကြာနေရမယ်ဆိုရင် နဂိုက ဖြူစင်နေတဲ့ ကျုပ်တောင်မှ သူတို့အကျင့်တွေကို အတုခိုးလာမိမှာသေချာတယ်။ တစ်ဖက်က ကျုပ်ပြောသမျှကို ခေါင်းငုံ့ခံနေမယ့် လူစားလေးတွေ မဟုတ်ဘူးဆိုတာကိုလည်း ကျုပ် ကောင်းကောင်းကြီး နားလည်ထားတယ်။

အမှန်တော့ တစ်ဖက်ကလူတွေဖြစ်သလို ကျုပ်ကလည်းလူပါပဲ။ ကျောင်းသားလေးတွေ ကလေးတွေလို့ဆိုပေမယ့် လူကောင်က ကျုပ်ထက်တောင် ထွားသေးတယ်။

ဒါကြောင့် တစ်နည်းနည်းနဲ့သင်းတို့ကို အပြစ်မပေးရင် သိက္ခာကျတော့မယ်။ ခက်နေတာက ရိုးရိုးနည်းနဲ့ကျုပ်လက်တုံ့ပြန်မယ်ဆိုရင်တော့ မြားဦးက ကျုပ်ဘက်ပြန်လှည့်လာမှာသေချာတယ်။ သူတို့ကို ကျုပ်ကအပြစ်တင်တယ်ပဲထား၊ သူတို့က အသင့်ကြံရွယ်ထားပြီးဖြစ်တဲ့ စကားအပိုအစာတွေနဲ့ သူတို့မှာ အပြစ်မရှိကြောင်းပြန်ပြီး ငြင်းကြမှာ သေချာတယ်။ သူတို့ကိုယ်သူတို့ ကာကွယ်ရုံတင်မကဘူး၊ ကျုပ်ကိုပါ အပြစ်မကင်းတဲ့ လူအဖြစ်ပြန်ပြီးထိုးနှက်ကြမှာ။ ကျုပ်ရဲ့ ရည်ရွယ်ချက်က သင်းတို့ကို လက်စားချေဖို့လို့ဆိုပေမယ့် သူတို့အပြစ်ကို ထင်ထင်ရှားရှားဖြစ်အောင် မဖော်ထုတ်နိုင်ဘဲနဲ့တော့ ကျုပ်ကိုပင် ကျုပ်တောင်ပြန်ပြီး ကာကွယ်ဖို့ခက်တယ်။ ဒီလိုသာဆိုရင် လူတွေက အခုလိုရန်ဖြစ်ရတာဟာ ကျုပ်ကြောင့်ပဲလို့ ကျောင်းသားတွေကို အပြစ်မတင်ဘဲ ကျုပ်ကို အပြစ်တင်လာခဲ့ရင် မိအေးနှစ်ခါနာဖြစ်တော့မယ်။

တစ်ခါ ကျုပ်က သူတို့ကိုဂရုမစိုက်ဘဲ ဒီအတိုင်းပစ်ထားပြန်ရင်လည်း ဒီထက်ပိုပြီး ချဲ့ကားပြောလာတော့မယ်။ လောကကြီးက ဘာမှမကောင်းပါလား။ မတတ်သာတဲ့အဆုံး သူတို့ယုတ်သလိုပြန်ပြီး ယုတ်မာမှပဲလို့ တွေးမိလိုက်ပြန်တော့ တိုကျိုသားဂုဏ်သိက္ခာကျတော့မယ်။ ဂုဏ်သိက္ခာကျတာ မကျတာထက် ကျုပ်ဒီမှာ ရှိနေသရွေ့တော့ တစ်နေ့နေ့ သင်းတို့ကို ပြန်ပြီး ယုတ်မာမိမလား မပြောတတ်ပါဘူးဗျာ။ အမှန်တော့ ကျုပ်အတွက် အကောင်းဆုံးနည်းက တိုကျို မြန်မြန်ပြန်ပြီး ကီယော်နဲ့အတူနေတာကမှ သင့်လိမ့်မယ်။ ဒီလိုဒေသမျိုးမှာ လာနေရတာ ကိုယ့်ကိုယ်ဖျက်ဆီးနေတာနဲ့ အတူတူပဲ။ မြို့မှာနေပြီး သတင်းစာဝေတဲ့ အလုပ်ကို လုပ်နေတာကမှ ဒီမှာ ဆရာလုပ်ရတာထက် သာချင်သာဦးမယ်။

ကျုပ်ဟာ ဒီလိုတောင်တွေးမြောက်တွေးတွေးရင်း ကျောင်းသားတွေနောက်ကကလျှောက်လာတုန်းမှာ ရှေ့နားက ဆူညံဆူညံကြားလာရတော့တယ်။ တစ်ချိန်တည်းမှာပဲ လူတန်းကြီးကလည်း တုံ့ခနဲရပ်သွားတယ်။ ဒါနဲ့ကျုပ်လည်း လူတန်းယာဘက်ကို ထိန်းပြီးရှေ့ကိုကြည့်လိုက်တော့ အောဘဲမကျိုလမ်းကနေ ယာခုရှိမကျိုလမ်းဘက်ကို ချိုးသွားတဲ့ထောင့်ကွေ့လေးမှာ လူတွေဟာ ရှန်းရင်းဆန်ခတ်ပြီး တစ်ယောက်နဲ့ တစ်ယောက်တွန်းထိုး နေကြတာကိုတွေ့ရတယ်။ ရှေ့ပိုင်းကနေပြီး "အားလုံး ငြိမ်ငြိမ်နေကြပါ။ ငြိမ်ငြိမ်နေကြပါ" လို့ အော်နေတဲ့ ကာယဆရာကို မေးကြည့်တော့ ကျုပ်တို့ အလယ်တန်းကျောင်းသားတွေနဲ့ နော်မန်ကျောင်းသားတွေ ရန်ဖြစ်ကုန်ကြပြီလို့ ဆိုတယ်။

အလယ်တန်းကျောင်းသားတွေနဲ့ နော်မန်ကျောင်းသားတွေဟာ ဘယ်နေရာကိုပဲ သွားသွား၊ မျောက်နဲ့ခွေးလိုပဲ လုံးဝမတည့်ကြဘူး။ ဘာရယ်ကြောင့်ရယ်လို့ တိတိ

ကျကျ မသိရပေမယ့် သူတို့အချင်းချင်းဟာ တစ်ယောက်နဲ့တစ်ယောက် သဘာဝချင်းက ခြားနားနေလေတော့ အတူတူနေလို့ မရကြဘူးလို့ဆိုတယ်။ ထစ်ခနဲ မဖြစ်လိုက်ရင် ရန်ပွဲက စတော့တာပဲ။ ကျုပ်အထင်တော့ ဒီလောက်ကျဉ်းမြောင်းတဲ့ဒေသမှာ အချိန်ကုန်ရင်ကုန်ပါစေဆိုတဲ့ သဘောမျိုးနဲ့ အပျင်းပြေရန်ဖြစ်နေသလား မပြောတတ်ဘူး။ ကျုပ်ကလည်း ရန်ပွဲတို့ဘာတို့ကို ခပ်ကြိုက်ကြိုက်ဆိုတော့ ရန်ပွဲတဲ့ဟော့ ဆိုတာနဲ့ ရှေ့ကို ထွက်ကြည့်ချင်စိတ်က ပေါက်လာတော့တယ်။ ကျုပ်တို့ရှေ့က ကျောင်းသားတွေက နော်မန်ကျောင်းသားတွေကို "ဟော့ကောင်တွေ လမ်းဖယ်ပေးကြ၊ တို့မြို့က အခွန်အတုပ်တွေနဲ့ ကျောင်းထောင်ရတဲ့ အကောင်တွေ လမ်းဖယ်ပေးကြ" လို့ အော်နေတယ်။နောက်ဖက်က ကျောင်းသားတွေကလည်း "လမ်းမဖယ်ပေးရင်အတင်းတိုးကွာ" လို့ မြှောက်ပေးနေကြတယ်။ ကျုပ်လည်း ကျောင်းသားတွေကို တံတောင်ဆစ်နဲ့ တွန်းရင်းကနေ ရှေ့ကိုရောက်ခဲ့တယ်။ ရှေ့ရောက်လို့ ကြည့်လိုက်တော့ နော်မန်ကျောင်းသားတွေက အားများနေပြီး "သူတို့ တိုးရင်တို့လဲတိုးကွာ" လို့ အတင်းအော်ပြီး တိုးတဲ့အတွက် ကျုပ်တို့ကျောင်းက အော်သာအော်ရတယ်၊ နောက်ဆုံး သူတို့ကိုပဲနေရာ ပေးလိုက်ရတော့တယ်။ ဒီလိုဆိုပြန်တော့ နော်မန်ကျောင်းက ကျုပ်တို့ထက် အများကြီး သာသွားပြီပေါ့။

စစ်အောင်ပွဲ အခမ်းအနားက သိပ်ပြီးရှင်းတယ်။ ဗိုလ်မှူးချုပ်တစ်ဦးက မိန့်ခွန်း ဖတ်တယ်။ ပြီးတော့ မြို့တော်ဝန်က ဖတ်ပြန်တယ်။ တက်ရောက်လာတဲ့လူတွေက "အောင်ရမည်၊ အောင်ရမည်"လို့ အော်ကြတယ်။ ဒါနဲ့ပဲ ပြီးသွားတော့တယ်။ ပျော်ပြေမှု အစီအစဉ်က ညနေကျမှ စမယ်လို့ သိရပေမယ့် ကျုပ်လည်း အိမ်ကို ချက်ချင်းပြန်ခဲ့ပြီး ခုတစ်လော ရေးမယ်၊ ရေးမယ်လို့ ကြံရွယ်ထားခဲ့တဲ့ ကီယော်ဆီကို ပြန်စာရေးနေမိတယ်။ ခုတစ်ခါစာရှေ့ရင် ခရေစေ့တွင်းကျရေးပါလို့ မှာထားလေတော့ သေသေချာချာ စဉ်းစားပြီးမှ ရေးရမယ်။

တကယ်ရေးမယ်လည်း လုပ်ရော၊ ရေးစရာတွေက များနေတဲ့အတွက် ဘယ်က စလို့ဘယ်လို ရေးရမှန်းတောင် မသိတော့ဘူး။ တချို့ကို ရေးမယ်လုပ်ပြန်တော့ ရေးလို့ မကောင်းအောင် စိတ်ပျက်စရာတွေမို့ မရေးဖြစ်ပြန်ဘူး။ တချို့ကျတော့ ဘာမှ စိတ်ဝင်စားစရာ မကောင်းဘူး။ ဒါနဲ့ပဲ ကျုပ်ဟာ ဒီအစွန်းနှစ်ဖက်ကို ရှောင်ရင်းကနေ ဘာရေးလို့ ရေးရမှန်း မသိတော့ဘူး။ဆေးခွက်ကို ဖွင့်လိုက်၊ စုတ်တံမှာ တို့စိမ်လိုက်၊ စာရွက်ကို ကြည့်လိုက်၊ တစ်ခါ စာရွက်ကိုကြည့်လိုက်၊ စုတ်တံကို ထပ်စိမ်လိုက်၊ ဆေးခွက်ကို ပြန်ဖွင့်လိုက်နဲ့ပဲ ထပ်ခါတလဲလဲ လုပ်နေမိတော့တယ်။ နောက်ဆုံးမှာတော့ မရေးတတ်တော့ပါဘူးလေလို့ လက်လျှော့လိုက်ပြီးမှ ခွက်ကိုအပြီးအပိုင် ပိတ်လိုက်

ရတော့တယ်။

အမှန်တော့ ကျုပ်က စာရေးသိပ်ပျင်းတယ်။ ဖြစ်နိုင်ရင် တိုကျိုကိုတစ်ခေါက်သွားပြီး လူကိုယ်တိုင်တွေ့ပြီး ပြောလိုက်ရတာကမှဟန်ဦးမယ်။ ကီယော်ိစိတ်ပူနေမှာကို စိုးရိမ်မိပေမယ့် ကီယော်မှာတဲ့အတိုင်းရေးဖို့က ကျုပ်အတွက်တော့ ခုနစ်ရက်လောက်ဥပုသ်စောင့်ရတာထက် ပိုပြီးဒုက္ခကြီးလိမ့်မယ်။

ကျုပ်ဟာ စာရေးစက္ကူနဲ့ စုတ်တံကို အသာချပြီး အိပ်ရာပေါ်ပက်လက်လှန်ကာ ဥယျာဉ်ဘက်ကို လှမ်းကြည့်နေရပေမယ့် ကီယော်ကိုပဲ သတိရနေတော့တယ်။ အဲဒီအခါမှာ ကျုပ်ဒီလိုတွေးမိတယ်။ ကျုပ်ခုလို သူ့ကို သတိရနေတယ်ဆိုရင်ပဲ ကျုပ်က သူ့အတွက် စိတ်အေးနေပြီလို့ သူ့ဝိညာဉ်ကအလိုလို သိနေမှာပဲ။ ဒါကြောင့်လည်း ထူးထူးထွေထွေ ထပ်ပြီးစာမရေးတာပဲလို့ အောက်မေ့နေမှာပဲပေါ့။ ကျုပ်ဆီက ဘာစာမှ မလာတဲ့အတွက် သူကလည်း ကျုပ်နေမကောင်းလို့ စာမရေးဘဲ နေတာဖြစ်မှာပါလို့ တွေးရင်တွေးမိနေမှာ။ စာရေးတယ်ဆိုတာက တစ်ယောက်ယောက် ဖျားနေတဲ့အခါ၊ သေတဲ့အခါ၊ ဒါမှမဟုတ် တစ်ခုခုဖြစ်တဲ့အခါမျိုးမှာမှ ရေးတတ်ကြတာမျိုးပါကလား။

ဥယျာဉ်ကို ကြည့်လိုက်တော့ စတုရန်းကိုက် ၄၀လောက်ကျယ်ပြီး ကျောက်တုံးတစ်တုံး၊ ပန်းပင်တစ်မှမရှိတဲ့ ဟင်းလင်းပြင်ကြီးပဲ။ ပြောစရာဆိုလို့ အပြင်ကကြည့်ရင်တောင် အသာကလေးမြင်နိုင်တဲ့ လိမ္မော်ပင်ကြီးတစ်ပင်တော့ရှိလေရဲ့။ တိုကျိုမြို့သားတွေအဖို့တော့ အပြင်ကိုသာ ထွက်မလည်ဘူးဆိုရင် လိမ္မော်ပင်ကိုတွေ့ရဖို့သိပ်မလွယ်လှဘူး။ လိမ္မော်ပင်က အသီးစိမ်းစိမ်းတွေ ဝင်းဝါဖြိုးမှည့်လာတဲ့အခါမှာတော့ သိပ်ကြည့်လို့ ကောင်းမှာပဲ။ ခုတောင် တချို့တလေဝင်းရောင်ပြနေကြပြီ။ အဘွားရဲ့ ပြောစကားအရတော့ ဒီလိမ္မော်သီးတွေက မှည့်တဲ့အခါကျရင် အရည်ရွှမ်းပြီးချိုတဲ့အတွက် အတော်အရသာ ရှိတယ်လို့သိရတယ်။ အဘွားကမကြာခင်မှာ မှည့်လာတော့မှာမို့ ကြိုက်သလိုစားပေါ့လို့ ဆိုတယ်။ ကျုပ်လည်း တစ်နေ့ကို နှစ်လုံး သုံးလုံးလောက် ခူးစားဖို့ ဟန်ပြင်ထားတယ်။ နောက်တစ်ပတ်ဆိုရင် မှည့်လောက်ကောင်းပါရဲ့။ ဒီအတောအတွင်းပြောင်းရလိမ့်မယ်ဆိုတော့ နည်းနည်းကလေးမှ မတွက်မိဘူးလေ။

ကျုပ်က လိမ္မော်သီးအကြောင်း စဉ်းစားနေတုန်း ရုတ်တရက် ဖြူကောင်ဟာ စကားစမြည် ပြောရမယ်ဆိုပြီး ပေါက်ချလာတယ်။ "ဒီနေ့ စစ်အောင်ပွဲ အခမ်းအနားကျင်းပတဲ့ အထိမ်းအမှတ်နဲ့ မောင်ရင်နဲ့အတူတူ စားရအောင်ဆိုပြီး ဈေးထဲက အမဲသားဝယ်လာတယ်ကွ" လို့ဆိုပြီး သူ့အိတ်ထဲက ဖက်ထုပ်တစ်ထုပ်ကို ထုတ်ပြပြီး အခန်းအလယ်မှာချလိုက်တယ်။ ကျုပ်လည်း နေ့စဉ်နေ့တိုင်းဆိုသလို အာလူးနဲ့ တို့ဟူးတွေရဲ့ နှိပ်စက်တဲ့ဒဏ်ကိုခံနေရတဲ့အပြင် အကြော်ဆိုင်နဲ့ပေါက်စီဆိုင်ကို မဝင်ရလို့ တားမြစ်

ထားခြင်းခံနေရတော့ အတော်ကြီးဝမ်းသာသွားတယ်။ဒါနဲ့ အိမ်ရှင်အဘွားဆီက ဒယ်အိုးတစ်လုံးနဲ့ သကြားနည်းနည်းတောင်းပြီး ချက်ပြုတ်ရတော့တာပေါ့။

ဖြူကောင်ဟာ အမဲသားဟင်းကို ပလုတ်ပလောင်းစားရင်းက–

"မောင်ရင်၊ အကျိုနီနဲ့ဂေရှာမယ်တစ်ယောက် အချိတ်အဆက်ဖြစ်နေတာကို သိလား" လို့မေးတယ်။ ကျုပ်က . . .

"ရွှေဖရုံသီးကို နှုတ်ဆက်ပွဲလုပ်တုန်းက ဂေရှာမယ်တစ်ယောက်ကို ပြောတာလား" လို့ ပြန်မေးတော့ . . .

"ဟုတ်တာပေါ့၊ ကျုပ် အဲဒီတုန်းကတည်းက သံသယဝင်နေတာ၊ မောင်ရင်က အတော် အကင်းပါးသားပဲ" လို့ အကြီးအကျယ် ချီးမွမ်းပြန်တယ်။

"ဒီလူဟာ အတော်လည်တယ်ကွ၊ ပါးစပ်ကတော့ လူတွေဟာ စိတ်ပိုင်းဆိုင်ရာ မွန်မြတ်သန့်စင်ရမယ်လေး ဘာလေးနဲ့ ကြွားပြီး ကွယ်ရာမှာကျတော့ ဂေရှာမယ်ကို အမြှောင်မယားထားတယ်၊ အတော်အရှက်မဲ့တဲ့လူပဲ။ သူကျတော့ သူထင်သလိုနေပြီး မောင်ရင့်ကျတော့ အကြော်ဆိုင်မှာထိုင်တာ၊ ပေါက်စီဆိုင်ကို သွားတာဟာ လူကုံထံတွေနဲ့မဆိုင်ဘူးဆိုပြီး ဆရာကြီးက တစ်ဆင့်တားမြစ်တယ်မဟုတ်လား"

"ဟုတ်တယ်၊ ဒီလူရဲ့ သဘောအရ ဂေရှာမယ်ကို အမြှောင်ထားတာဟာ စိတ်ပိုင်းဆိုင်ရာ အပန်းဖြေမှုလို့ ပြောမယ်ဆိုရင် အကြော်နဲ့ ပေါက်စီစားတာဟာလည်း ရုပ်ပိုင်းဆိုင်ရာ အပန်းဖြေမှုလို့ပဲဆိုရမှာပေါ့။ စိတ်ပိုင်းဆိုင်ရာ အပန်းဖြေမှုဆိုရင်လည်း အများရှေ့မှာပြောင်ပြောင်တင်းတင်း နေပြရမှာပေါ့။ ခုတော့ ပုန်းလျှိုးကွယ်လျှိုးနဲ့ သူ့ဂေရှာမယ်လေးလည်းလာရောတစ်ချိုးတည်း ထလစ်သွားတာပဲ၊ ဒါလူတွေကို သက်သက် မျက်စိလှည့်စားတာပဲ။တစ်ယောက်ယောက်က ဖြောင်တိုက်ခိုက်လာတဲ့အခါကျရင်လည်း ကျုပ်မသိရပါလား၊ ရုရှားစာရေးဆရာကြီးဂေါ်ကီငါးတွေ မမှုားတော့ဘူးလား၊ ဟိုက္ကူဟာခေတ်ကဗျာရဲ့ ဖွားဖက်တော်ပါပဲ စတဲ့ လူတွေရဲ့မျက်စိထဲသဲနဲ့ပက်သလို ထမင်းရည်ပူလျှာလွှဲ ပြောပစ်တတ်တယ်၊ မိန်းမရွှင်သေပြီး ပြန်ဝင်စားလာတဲ့အတိုင်းပဲ။ ဒါနဲ့ သူ့အဖေက တစ်ချိန်တုန်းက ယုရှီးမကျွန်းမိကျိုနာနဲ့ ဘုန်းကြီးကျောင်းရှေ့က လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုး လုပ်တယ်ဆိုလားပဲ"

"ယုရှီးမား လက်ဖက်ရည်ဆိုင်စားပွဲထိုးဆိုတာ ဘယ်လိုလူမျိုးလဲကွယ့်"

"ဘာရယ် မသိပါဘူးဗျာ၊ ယောကျ်ားမပီသတဲ့ လူမျိုးတွေဖြစ်မှာပေါ့။ အလို၊ ခင်ဗျား အမဲသားက မကျက်သေးဘူးဗျ။ ဒါတွေစားရင် သန်ထတတ်တယ်"

"ဟုတ်လား၊ဘာမှမဖြစ်လောက်ဘူး ထင်ပါရဲ့ကွာ၊ ဒါနဲ့ ဒီအကျိုနီဟာ ရေပူစမ်းက ကဒိုယာဆိုတဲ့ဆိုင်မှာ လူတွေမသိအောင် ဂေရှာမယ်နဲ့ ချိန်းတွေ့တယ်ဆိုပဲ"

"ကဒိုယာဆိုတာ ဟိုဆိုင်လား"

"စားသောက်ဆိုင်နဲ့ တွဲထားတဲ့အခန်းလေကွာ၊ ဒီ အင်္ကျီနီကို နှိပ်ဖို့ သူ ဂေရှာမယ်နဲ့ ချိန်းတွေ့နေတုန်း ချောင်းဖမ်းရရင် မကောင်းဘူးလား"

"ချောင်းဖမ်းဖို့ဆိုတာက တစ်ညလုံး စောင့်အိပ်နေရမှာလား"

"ဟုတ်တယ်၊ ကဒိုယာနဲ့ ရှေ့တည့်တည့်မှာ မစုယာဆိုတဲ့ တည်းခိုခန်းတစ်ခန်း ရှိတယ်၊ အဲဒီအခန်းက ဒုတိယထပ်ကိုငှားပြီး စက္ကူတံခါးမှာ အပေါက်လေးဖောက်ပြီး ချောင်းမလို့"

"ချောင်းနေတော့ သူကလာမှာတဲ့လား"

"လာမှာပေါ့၊ ဒါပေမယ့် တစ်ညတည်းနဲ့တော့ မလုံလောက်ဘူး

နှစ်ပတ်လောက် ဆက်စောင့်ရလိမ့်မယ်"

"အားပါး တယ်မောမယ့်အလုပ်ပါလား၊ ကျွန်တော်အဖေ မသေခင်တုန်းက တစ်ပတ်လောက် ညလုံးပေါက်ချည်းစောင့်ရဖူးတယ်။ အတော့်ကို ပင်ပန်းနုံးချည့်သွားတာပဲ"

"ဒီလောက် အချိန်ကလေးနဲ့တော့ ကိစ္စမရှိလောက်ပါဘူးကွာ၊ ဒီလို လူယုတ်မာမျိုးကို ဒီအတိုင်းလွှတ်ထားရင် တို့ ဂျပန်ပြည်ကြီးအတွက် အကျိုးယုတ်နိုင်တယ်ကွ။ ကျုပ်ကတော့ မိုးပေါ်ကဆင်းလာတဲ့ သိကြားမင်းလို ဒဏ်ခတ်ရမှကျေနပ်မယ်"

"တော်ပါဗျာ၊ ဒီလိုသာ ဆုံးဖြတ်မယ်ဆိုရင် ကျွန်တော်ကူပါ့မယ်၊ ဒီည စကြမလား"

"မစုယာ တည်းခိုခန်းကို မပြောရသေးဘူးကွ၊ ဒီည စလို့မဖြစ်သေးဘူး"

"ဒီလိုဆိုရင် ဘယ်တော့စကြမလဲ"

မကြာခင် စကြတာပေါ့၊ စဖြစ်တော့ ကျုပ် မောင်ရင့်ကို ပြောပါ့မယ်၊ အဲဒီအခါ ကျရင်သာ ကူညီဖို့မမေ့ပါနဲ့"

"စိန်လိုက်လေ၊ ဘယ်အချိန်မှစစ၊ ကျွန်တော်ကူညီပါ့မယ်၊ ကျွန်တော်က အစီအစဉ်လုပ်တာသာ ညံ့ပေမယ့်တိုက်ခိုက်တဲ့ နေရာမှာတော့ လက်သွက်ပါတယ်"

ကျုပ်နဲ့ဖြူကောင်တို့ အခုလို အင်္ကျီနီကို ဘယ်လိုတိုက်ရမယ်ဆိုတာကို စီမံချက်တွေချပြီး ဆွေးနွေးနေကြတုန်း အိမ်ရှင်အဘွားရောက်လာတယ်။

"ဆရာဟောတာကို တွေ့ချင်လို့ဆိုပြီး ကျောင်းသားတစ်ယောက် လာရှာနေပါတယ်။ စောစောပိုင်းက ဆရာ့အိမ်ကို သွားရှာတာမတွေ့လို့ ဒီမှာရောက်မှာပဲလို့ ထင်ပြီး လာရှာတယ်လို့ ပြောပါတယ်" လို့ ပြောပြီး . . .

အဘွားဟာ ကော်ရစ်ဒါမှာ ထိုင်ပြီး ဖြူကောင်ကိုစောင့်နေတယ်။ ဒါနဲ့ ဖြူကောင်

ဟာ အပြင်ကိုထသွားပြီး ချက်ချင်းပြန်ဝင်လာတယ်။

"ကျောင်းသားတွေက ဒီကနေ့ညပွဲ သွားကြည့်ကြမလို့တဲ့ကွ၊ ပြီးတော့ ကောကို ဇာတ်အဖွဲ့ကလည်း လာကပြမှာဆိုတော့ လူတော်တော်စည်မယ်၊ ဒီလိုဇာတ်ပွဲမျိုးက ကြည့်ရခဲတယ်၊ မောင်ရင်လည်း လိုက်ခဲ့ပါလား"

ဖြူကောင်က သူနဲ့ လိုက်ခဲ့ဖို့ ခေါ်နေတယ်။ ကျုပ်အဖို့တော့ တိုကျိုမှာ အကမျိုးစုံ ကို ကြည့်ခဲ့ဖူးပြီပဲ။ နှစ်တိုင်းနှစ်တိုင်း ဟာကျိမန်းဆမ ပွဲတော်မှာ ဇာတ်စင်ကြီးတွေကို ယာဉ်ပေါ်မှာတင်ပြီး မြို့အနှံ့ကပြနေလေတော့ ရှအောစုမိလို နာမည်ကြီးဇာတ်တွေ ကိုတောင် ကြည့်ဖူးတယ်။ တောကဇာတ်အဖွဲ့လို ဟာမျိုးတွေကျတော့ ဘာမှအဓိပ္ပာယ် မရှိဘူး။ ဒါပေမယ့် ဖြူကောင်က အတင်းခေါ်နေလေတော့ အားနာတာနဲ့ လိုက်ဖို့ ဆုံးဖြတ်လိုက်ပြီး သူနဲ့အတူ အပြင်ကိုထွက်လာခဲ့မိတယ်။ ဖြူကောင်ကို လာခေါ်တဲ့ ကျောင်းသားက ဘယ်သူလဲလို့ အောက်မေ့တယ်၊အကိုနီရဲ့ ညီတော်မောင်ဖြစ်နေတယ်။ ကျုပ်စိတ်ထဲမှာ မသင်္ကာသလိုလိုတော့ ခံစားလိုက်မိတယ်။

ကပွဲကျင်းပမယ့် ကွင်းထဲမှာတော့ အလံတိုင်တွေ ပြည့်နှက်အောင်စိုက်ထားပြီး မရေမတွက်နိုင်အောင် များပြားတဲ့ အလံတွေက တလူလူလွင့်နေကြပြီ။ ဒီရှုခင်းကို မြင်ရတော့ တိုကျိုက အဲကိုးအင်ဘုရားကျောင်း နပန်းပွဲနဲ့ စွန်းမွန်းဂျိ ဆွမ်းကြီးလောင်းပွဲ ကို သတိရလာမိတယ်။ ဘေးပတ်ပတ်လည်က ကြိုးတန်းတွေမှာလည်း အလံတွေကို အတန်းလိုက် အတန်းလိုက် ပြင်ဆင်ထားလိုက်တာဟာ တစ်ကမ္ဘာလုံးက အလံတွေကို ငှားပြီး လွှင့်ထားကြသလိုပါပဲ။ မိုးပေါ်ကို မော့ကြည့်လိုက်တော့လည်း ကောင်းကင်ကြီး တစ်ခုလုံးဟာ ပန်းပြောက်ပန်းဖွားတွေ ရေးထားတဲ့ ကော်ဇောကြီးလိုပဲ ဖြစ်နေတော့ တယ်။ ကွင်းရဲ့အရှေ့ဘက်ထောင့်မှာတော့ ကောကိုဇာတ်အဖွဲ့ကဖို့ ဇာတ်စင်ကြီးကို ဟည်းနေအောင် ဆောက်ထားတယ်။

ဇာတ်စင်ကြီးရဲ့ ညာဘက် ကိုက် ၅၀လောက် လျှောက်မိတော့ တဲကြီးတွေထိုး ထားပြီး အလှပြင်ထားတဲ့ ပန်းအိုးတွေကိုပြထားတယ်။ လူအားလုံးက တအံ့တသြ ချီးမွမ်းပြီး ကြည့်နေကြပေမယ့် ကျုပ်အဖို့တော့ ဘာမှအဓိပ္ပာယ်မရှိလှဘူး။ သစ်ပင်ဝါးပင် အလိမ်အကောက်တွေနဲ့ ပန်းအိုးတွေကို သဘောကျတာထက် ဒုက္ခိတ လင်လုပ်ရတာနဲ့ ဒါမှမဟုတ် ကျောမှာ ဘို့ကြီးတွေပါတဲ့ အရိုးပျော့ရောဂါသည်ကို ရည်းစားထားတာကမှ ပိုကောင်းဦးမယ်လို့ ကျုပ်ထင်တယ်။

ဇာတ်စင်ရဲ့ မျက်နှာချင်းဆိုင်ဘက်မှာတော့ မီးကျည်မီးပွားတွေ လွှတ်နေကြ တယ်။ ဒီ မီးကျည် မီးတောက်တွေရဲ့ကြားမှာ မိုးပျံပူဖောင်းကြီးတွေကို တွေ့ရပြန်တယ်။ သူတို့အပေါ်မှာ 'ဧကရာဇ်နိုင်ငံတော် အဓွန့်ရှည်ပါစေ' ဆိုတဲ့ ဆိုင်းဘုတ်ကြီးတွေကို

ရေးထားတယ်။ ဒီပူဖောင်းကြီးတွေဟာ ရဲတိုက်ဘေးက ထင်းရှူးပင်တွေရဲ့ ထိပ်ဖျားကို ဖြတ်ကျော်ပြီး စစ်တန်းလျားတွေဘက်ကို ကျသွားကြတယ်။ နောက်ပြီး 'ဒိုင်း' ဆိုတဲ့ အမြောက်သံနဲ့အတူ ကျည်ဆန်အမည်းကြီးတွေဟာ မိုးပေါ်ကို ရှူးကနဲ တက်သွားကြပြီးတော့ ဆောင်းဦးရဲ့ကောင်းကင်ထဲကို ရောက်သွားကြတယ်။ ဒီအလုံးကြီးတွေဟာ ကျုပ်တို့ ခေါင်းပေါ်တည့်တည့်လောက်ရောက်တာနဲ့ ထီးခရိုင်တွေလို ဖွားခနဲ ပေါက်ကွဲထွက်သွားပြီး ရောင်စုံမီးကျည်တွေဟာလည်း ကောင်းကင်တစ်ခုလုံးကို ပျံ့နှံ့သွားကြပြန်တယ်။ ပြီးတော့ ဘောလုံးတွေ ထပ်တက်လာပြန်တယ်။ ဒီ ဘောလုံးတွေမှာတော့ ကြည်းတပ်၊ ရေတပ် အဓွန့်ရှည်ပါစေဆိုတဲ့ စာတမ်းတွေ ရေးထားကြပြီး ရေပူစမ်းဘက်ကနေ အားအိအောအိရွာဘက်ကို ရွေ့သွားကြတယ်။ ကန်နွမ်းဆမ်ကေးဒိုင်ဘက်ကို ကျသွားကြလိမ့်မယ်လို့ ထင်ရတယ်။

နေ့ခင်းအောင်ပွဲကျင်းပတုန်းက လူသိပ်မများပေမယ့် အခုညမှာတော့ လူတွေကို မနည်းလှဘူး။ ကျေးလက်တောရွာဖြစ်ပေမယ့် လူတွေက မနည်းပါလားလို့လည်း အံ့ဩမိတယ်။ လူရေတတ်တွေ သိပ်မတွေ့ရပေမယ့် အရေအတွက်ကျတော့ အံ့ဩလောက်အောင်များတယ်။ အဲဒီအချိန်မှာပဲ ကြိုတင်ပြောနေကြတဲ့ ကောကျိအကကို စတင်တော့တယ်။ "ကပါတော့မယ်" လို့လည်းကြားရရော ကျုပ်ကတော့ ဖူဂျီမကျောင်းကအကမျိုး ဖြစ်မှာပဲလို့ တွက်လိုက်မိတယ်။ ဒါပေမယ့် အထင်နဲ့အမြင်က တက်တက်စင်အောင်မှားနေတယ်။

ဇာတ်စင်ပေါ်မှာ လူ ၁၀ယောက်စီ ၃တန်း တန်းလိုက်ကြတယ်။ သူတို့ခေါင်းမှာ ခေါင်းစည်းတွေ စည်းထားကြပြီး ဒူးလောက်ရှည်တဲ့ ဟာကမကီမိုနိုတွေကို ဝတ်ဆင်ထားကြတယ်။ ကျုပ်ပိုပြီးအံ့ဩမိတာက ဒီလူ၃၀လုံးရဲ့ လက်ထဲမှာ ဓားကိုယ်စီကိုင်ထားကြတာပဲ။ လူတစ်ယောက်နဲ့တစ်ယောက်က ရှေ့နဲ့နောက် ဘေးတိုက် ၁၈လက်မလောက်ပဲကွာကြတယ်။ လူတစ်ယောက်ပဲ တစ်ခြားလူတွေနဲ့ခွာပြီး ဇာတ်ခုံရဲ့အစွန်းမှာရပ်နေတယ်။ သူလည်းတခြားလူတွေလို ဝတ်စားထားတာဖြစ်ပေမယ့် သူ့လက်ထဲမှာ ဓားအစား ဗုံတီးတဲ့ ကြိမ်တုတ်ကလေးတစ်ခုကိုပဲ ကိုင်ထားတယ်။ ဗုံသံကတော့ ဒိုင်းကဇာတ်ထဲက ဗုံသံအတိုင်းပဲ။

ခဏကြာတော့ ရှေ့လူက 'အိယားယား' လို့လည်းအော်ပြီး နာနာဘာဝအသံမျိုးနဲ့ ကြောက်စရာ သီချင်းတစ်ပုဒ်ဆိုကာ ဗုံကိုတဖြုန်းဖြုန်းတီးတော့တာပါပဲ။ ဒီလိုထူးဆန်းတဲ့ သီချင်းမျိုးကို ကျုပ်တစ်ခါမှမကြားဖူးဘူး။သူ့တေးသွားက နှစ်သစ်ကူးမှာ လမ်းလျှောက်ရင်းဆိုတဲ့ သီချင်းနဲ့ဝမ်းနည်းစရာ သီချင်းနှစ်ခုကို ပေါင်းစပ်ထားတဲ့အတိုင်းပဲ။ သံစဉ်က ပျင်းတွဲတွဲ ရှိပေမယ့် တစ်ခါတစ်ခါ ပြတ်တောင်း ပြတ်တောင်း

ဖြစ်နေပြီးတော့ စည်းချက်ချပေးသလိုထင်ရတယ်။ ဒီစည်းချက်ကိုလိုက်ပြီး ကချေသည်တွေရဲ့ လက်ထဲကဓားတွေဟာ ဝင်းကနဲ လက်ကနဲ အပေါ်ကို မြောက်တက်သွားကြတာဟာ အသည်းယားစရာပါပဲ။ ဓားတွေရဲ့လွှဲချက်က မြန်လွန်းတော့ ကျွမ်းကျင်ဖို့ အတော်ကြီး လိုအပ်လိမ့်မယ်။ ကျုပ်ဖြင့် ဓာချွေးတွေပြန်ပြီး ရင်တမမ ကြည့်နေမိတယ်။

ဘေးနှစ်ဖက်ရဲ့ရှေ့နောက် ၁၈လက်မ အကွာမှာက ကိုယ့်လိုသွေးနဲ့သားနဲ့ ကိုယ့်လူသားတွေ ရပ်နေကြပြီး တီးဝိုင်းခေါင်းဆောင်ရဲ့စည်းချက်နဲ့လိုက်ပြီး သတိကြီးစွာနဲ့ ဓားတွေကို ဝှေ့ယမ်းနေရတော့ တကယ်လို့များ စည်းချက်နဲ့ကိုယ်လှုပ်ရှားဟန်က လွဲသွားမယ်သာဆိုရင် ခုတ်မိမှာသေချာတယ်။ ဘယ်ကိုမှ မရွေ့လျားဘဲ ဒီအတိုင်း ဓားတွေကို ဝှေ့ယမ်းလိုက်၊ နောက်ဆုတ်လိုက်၊ ဘေးဘက်ကို ခါးညွတ်ပြီး ဝိုက်သွားလိုက်နဲ့ ကနေတော့ ဓားချက်ကနည်းနည်းမြန်သွားရင် ဒါမှမဟုတ် နှေးသွားခဲ့ရင် နှာခေါင်းရင်လည်း တိကနဲ ပြတ်သွားနိုင်တယ်။ ဒါမှမဟုတ် ခေါင်းရင်လည်း ကွမ်းစားသလို ရဲကနဲပွင့်သွားနိုင်တယ်။ ဒါကြောင့် လူတွေဟာ သူတို့လက်ထဲက ဓားတွေကို တစ်ချက်ကလေးမှ မတိမ်းစောင်းအောင် ရှေ့နောက်ဘေးတိုက် လှုပ်ရှားနေရတော့တယ်။

ကျုပ်သိရတာတော့ ဒီလို ကဟန်မျိုးကတတ်ဖို့အတွက် နှစ်ပေါင်းများစွာ လေ့ကျင့်ရပြီး အချိန်သားကိုက်အောင် လေ့ကျင့်ရတာက အတော်ကြီးကြာတယ်လို့ဆိုတယ်။ ဒီအထဲမှာ အခက်ဆုံးကတော့ ရှေ့ဆုံးမှာရပ်ပြီး ဗုံတီးနေတဲ့တီးဝိုင်းခေါင်းဆောင်ရဲ့ အလေ့အကျင့်ပဲလို့ ပြောကြတယ်။ ကချေသည်တွေရဲ့ လက်ခြေခေါင်းခါး လှုပ်ရှားဟန်မှန်သမျှတွေကို ဒီတီးဝိုင်းခေါင်းဆောင်ကပဲ သူ့စည်းချက်တွေနဲ့ အချက်ပြထိန်းသိမ်းနေရတယ်။ အပြင်ပန်းအနေနဲ့ ကြည့်ရင်တော့ "အိယားယား" လို့အော်ပြီး ဗုံကလေးတီးနေရတော့ သူ့အလုပ်က အလွယ်ဆုံးလို့ထင်ရပေမယ့် တကယ်တော့ သူ့တာဝန်က မသေးလှဘူး။ အတော့်ကို ပင်ပန်းတဲ့အလုပ်ပဲ။

ကျုပ်နဲ့ဖြူကောင်က အဲဒီအကမှာ မင်သက်မိပြီး ကြည့်နေကြတုန်း ကိုက်တစ်ရာလောက် အကွာအဝေးကနေ "ဝူးဝူးဝါးဝါး"အော်သံတွေကို ကြားလာရတယ်။ စောစောပိုင်းက ငြိမ်ပြီးကြည့်နေကြတဲ့ လူအုပ်ကြီးဟာလည်း လှုပ်လှုပ်ရွရွ ဖြစ်လာပြီး ရုတ်ရုတ်သဲသဲ ဖြစ်လာတော့တယ်။ "ရန်ဖြစ်ကုန်ကြပြီဟေ့၊ ရန်ဖြစ်ကုန်ပြီ" လို့ အော်သံတွေကြားထဲကပဲ အကျီနီနဲ့ညီဖြစ်သူဟာ ပရိသတ်ကို တိုးဝှေ့ထွက်လာပြီး . . .

"ဆရာ . . .ဆရာ၊ ရန်ဖြစ်နေကြပြီ၊ မနက်က ရန်စပဲ၊ ကျွန်တော်တို့ အလယ်တန်းကျောင်းသားတွေနဲ့ နော်မန်ကျောင်းသားတွေ အခဲမကျေလို့ ထပ်ဖြစ်ကြတာ၊ လာပါဦး၊ လာပါဦး၊ တော်ကြာ ဒုက္ခရောက်ကုန်ကြတော့မယ်' လို့ ပြောပြောဆိုဆိုနဲ့ လူအုပ်ထဲကို

ပြန်ဝင်ပျောက်ကွယ်သွားတော့တယ်။

ဖြူကောင်က "ဒီကောင်တွေထပ်ပြီး သောင်းကျန်းကြပြန်ပြီလား၊ အလကား ဒိုက်ဖတ်လို ကောင်တွေ၊ မနက်ကဖြစ်ပြီးရင် တော်ကြရောပေါ့" ပြောပြီး ဘေးဘက်ကို ချဲသွားကြတဲ့ လူအုပ်ကြီးကြားထဲကို တိုးဝင်သွားတယ်။ သူက ကျောင်းသားတွေ ရန်ဖြစ်တာကို ဒီအတိုင်းရပ်ကြည့်နေမယ့် လူမျိုးမဟုတ်တော့ သွားပြီးဖျဉ်မှာ သေချာ တယ်လို့ ကျုပ်တွေးလိုက်မိတယ်။ ကျုပ်လည်း ထွက်ပြေးလို့ မကောင်းတော့ ဖြူကောင် ရဲ့နောက်ကနေ ရန်ဖြစ်တဲ့နေရာကို လိုက်သွားမိတယ်။

ကျုပ်တို့ရောက်သွားတော့ ရန်ပွဲက အရှိန်ကောင်းတုန်းပဲ ရှိသေးတယ်။ နော်မန် ကျောင်းသားတွေက လေးငါးခြောက်ဆယ်လောက်ရှိမယ်။ကျုပ်တို့အလယ်တန်း ကျောင်းသားတွေက ၃၀လောက် ပိုများမယ်။ နော်မန်ကျောင်းသားတွေက ယူနီဖောင်း တွေဝတ်ထားကြပေမယ့် အလယ်တန်းကျောင်းသားတွေကတော့ အိမ်ပြန်အဝတ် အစားလဲထားကြလို့ ဘယ်သူက ရန်သူ၊ ဘယ်သူက မိတ်ဆွေဆိုတာ ကွဲကွဲပြားပြား သိနိုင်တယ်။ ဒါပေမယ့်အပြင်းအထန် လုံးထွေးသတ်ပုတ်နေကြလေတော့ ဘယ်သူ့ကို စပြီး ဆွဲရမှန်းမသိအောင် ဖြစ်နေရတော့တယ်။

ဖြူကောင်ဟာ ခဏတစ်ဖြုတ်ရပ်ကြည့်နေပြီး "ဒုက္ခပါပဲကွာ"လို့ ညည်းနေတယ်။ ပြီးမှ တော်ကြာပုလိပ်တွေလာရင် ပိုရှုပ်တော့မယ်ဆိုတဲ့ အကြည့်နဲ့ ကျုပ်ကို ကြည့်လိုက် တဲ့အတွက် ကျုပ်လည်းဘာတစ်ခွန်းမှ ပြန်မပြောတော့ဘဲ သဲသဲမဲမဲ ဖြစ်နေတဲ့ နေရာကို တိုးဝင်သွားမိတော့တယ်။

"တော်ကြတော့၊ မင်းတို့ ဒီလိုဖြစ်နေရင် ကိုယ့်ကျောင်းကိုယ်နာမည် ဖျက်ရာ ရောက်မယ်၊ ရပ်ကြတော့"လို့ ကျုပ်အသံရှိသမျှကုန်းအော်ရင်း ရန်ဖြစ်နေတဲ့ နှစ်ဖက် ကြားကို ရောက်အောင်သွားဖို့ကြိုးစားပေမယ့် သိပ်တော့မလွယ်လှဘူး၊ ၂ကိုက်၊ ၃ကိုက် လောက်အထဲကို တိုးဝင်သွားမိတာနဲ့ ရှေ့လည်းတိုးမရ၊ နောက်လည်း ဆုတ်မရတဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်လာရတော့တယ်။

ကျုပ်ရဲ့ရှေ့မှာ အတော်ကလေးကြီးတဲ့ နော်မန်ကျောင်းသားတစ်ယောက်နဲ့ အသက် ၁၄၊ ၁၅နှစ်လောက်ရှိမယ့် အလယ်တန်းကျောင်းသားကလေးတစ်ယောက်တို့ လုံးထွေးသတ်ပုတ်နေကြတယ်။

"ဟေ့၊ ရပ်ကြတော့၊ တော်ကြတော့" လို့ လှမ်းပြောပေမယ့် မရပ်ကြတဲ့ အတွက် နော်မန်ကျောင်းသားရဲ့ပုခုံးကို လှမ်းဆွဲလိုက်တဲ့အခါမှာ နောက်ကနေ တစ်ယောက်ယောက်က ကျုပ်ခြေထောက်ကို ရုတ်တရက်လှမ်းဆွဲလိုက်တဲ့အတွက် ကျုပ်ဟာ နော်မန်ကျောင်းသားကိုလွှတ်ပြီး ရှေ့ကိုဟပ်လျားထိုးမှောက်လျက် လဲကျ

သွားတော့တယ်။ အဲဒီအခါမှာ တခြားနော်မန်ကျောင်းသားတစ်ယောက်က ကျုပ်ရဲ့ ကျောပေါ်ကို ဖိနပ်မာမာကြီးနဲ့ ခုန်ပြီးတက်နင်းတဲ့အတွက် ကျုပ်က လေးဘက် ထောက်ပြီး ထချလိုက်တော့ သူဟာ ညာဘက်ဘေးကို လိမ့်ကျသွားတယ်။

ကျုပ် မတ်တပ်ရပ်ကြည့်လိုက်တော့ ခြောက်ကိုက်လောက်အကွာမှာ ဖြူကောင်ရဲ့ ကိုယ်လုံးကြီးကို ကျောင်းသားတွေရဲ့ကြားမှာ ညှပ်ပိတ်မိနေပြီး "တော်ကြတော့၊ မင်းတို့ ရန်ပွဲကို ခုချက်ချင်း ရပ်ကြတော့" လို့ အော်ပြောနေတာကို တွေ့ရတယ်။

"သူကလည်း လစာတိုးပေးတာ မလိုချင်ပါဘူးလို့ ငြင်းလိုငြင်း၊ အလုပ်ထွက် ပါ့မယ်ပြောလိုပြောနဲ့ ဦးနှောက်ချောင်နေသလား မပြောတတ်ပါဘူးကွာ'

ကျုပ်လေ တံခါးပေါက်က ခုန်ချပြီး အဲဒီသတ္တဝါနှစ်ကောင်ကို ထုသတ်ပစ်ချင်တဲ့ စိတ်တွေပေါက်လာပေမယ့် စိတ်ကိုမနည်းကြီး ထိန်းထားရတယ်။

ဒီလူနှစ်ယောက်က "ဟား ဟား ဟား' နဲ့ရယ်မောပြီး မီးရောင်အောက်က ဖြတ်ကာ ကဒိုယာထဲကို ဝင်သွားကြတော့တယ်။

"ဟော"

"ဘာလဲ"

"နောက်ဆုံးတော့ လာရမှာပဲပေါ့"

"ခုမှပဲ စိတ်အေးရတော့တယ်"

"ဆပ်ကပ်လူပြက် ကျွန်တော်ကို စကားသံဝဲဝဲနဲ့ ကောင်လေးတစ်ကောင်လို ပြောသွားတယ်ဗျ"

"အနှောင့်အယှက်ပေးနေတဲ့ အကောင်ဆိုတာ ကိုယ့်ကိုပြောတာကွ၊ အတော် ရိုင်းတဲ့လူတွေ"

ကျုပ်နဲ့ဖြူကောင်ဟာ သူတို့အပြန်ကိုသည်းခံပြီး စောင့်နေရုံကလွဲလို့ တစ်ခြား လမ်းမရှိတော့ဘူး။ ဒါပေမယ့် သူတို့ဘယ်အချိန် ပြန်ထွက်လာမယ်ဆိုတာကို ခန့်မှန်းလို့ မလွယ်ဘူး။ ဖြူကောင်က အောက်ထပ်ကိုသွားပြီး ဒီညကိစ္စတစ်ခုနဲ့ အပြင်ထွက်စရာ ရှိလို့ အိမ်ရှေ့တံခါးသော့ဖွင့်ပေးပါလို့ တည်းခိုခန်းရှင်ကို မှာထားတယ်။အခုပြန်တွေး ကြည့်တော့ တည်းခိုခန်းရှင်က လိုက်လျောခဲ့တာကိုပဲ အံ့ဩနေမိတယ်။ သာမန်လူတွေ သာဆိုရင် ခုလိုညကြီးအချိန်မတော်ထွက်တာဟာ သူခိုးပဲဖြစ်ရမယ်လို့ ယူဆစရာ ရှိတယ်။

အကျိုးနီအလာကို စောင့်ရတာရင်မောစရာကောင်းသလို သူ့အပြန်ကိုစောင့်ရ တာက ပိုပြီးရင်မောရတယ်။ အိပ်လို့လည်း အပေါက်ကနေ ရင်တမမ တောက်လျှောက် စောင့်ကြည့်နေရတဲ့ ဒုက္ခလောက် ဆိုးရွားတာကို တစ်ခါမှ မကြုံဖူးသေးဘူး။ ဒီလိုစောင့်

နေမယ့်အတူတူ ကဒိုယာထဲကိုဝင်သွားပြီး သူတို့ကိုဖမ်းကြစို့လားလို့ ဖြူကောင်ကို ပြောကြည့်တော့ သူက 'မဖြစ်ဘူး' လို့ပြန်ပြောတယ်။ တကယ်လို့ဝင်သွားခဲ့ရင် ကဒိုယာက လူတွေက အနုကြမ်းသမားတွေ ဝင်လာပါတယ်လို့အော်ရင် ကျုပ်တို့ပဲခံရမယ်။ ပြီးတော့အထဲကို ရောက်သွားတဲ့အခါ ဒါလောက်များတဲ့ အိပ်ခန်းတွေထဲက ဘယ်အခန်းမှာ ရှိတယ်လို့ ဘယ်လိုတပ်အပ်သိနိုင်ပါ့မလဲလို့ အကြောင်းပြပြန်တယ်။ ဒါနဲ့ပဲ ပျင်းတာကို အသာထားပြီး စောင့်လာကြတာ နံနက်ငါးနာရီအထိ ရောက်လာတော့တယ်။

ကဒိုယာက လူနှစ်ယောက်ထွက်သွားတာကိုလည်းမြင်ရော ကျုပ်တို့လည်း ချက်ချင်းပဲ နောက်က ကပ်လိုက်သွားတော့တယ်။ ပထမဆုံးထွက်မယ့် ရထားနဲ့ စီးမယ်ဆိုရင်တော့ သူတို့နှစ်ယောက်ဟာ ရထားရှိမယ့်နေရာကို အတော်ကလေး လျှောက်သွားရမှာပဲ။ရေပူစမ်းရပ်ကွက်ကလွန်တာနဲ့ မိုးမခပင်တွေ စီတန်းပြီး ပေါက်နေတဲ့ လမ်းမကိုရောက်တယ်။ လမ်းရဲ့တစ်ဖက်တစ်ချက်မှာတော့ လယ်ကွင်းတွေပဲရှိတယ်။ လယ်ကွင်းတွေထဲမှာတော့ တဲကလေးတွေ ဟိုတစ်လုံးဒီတစ်လုံး ကျိုးတိုးကျဲတဲရှိနေကြပြီး တဲတွေရဲ့နောက်မှာကတော့ ရဲတိုက်မြို့အထိ ရှည်လျားတဲ့ရေကာတာကြီး ရှိတယ်။ မြို့ပြင်လူသူကင်းရင်တော့ သင်းတို့ဘယ်နေရာကိုပြေးပြေး ကိစ္စမရှိဘူး။ ဒါကြောင့် မြို့ပြင်ရောက်တဲ့အထိ သူတို့နောက်က အသာလေးလိုက်လာကြမိတယ်။ မြို့ပြင်လည်းရောက်ရော သူတို့ကို မိအောင် အပြေးလိုက်ကြတော့တာပဲ။ ဘယ်သူတွေများ နောက်ကလိုက်လာကြတာပါလိမ့်ဆိုပြီး သူတို့ကနောက်လှည့်အကြည့်မှာ ကျုပ်တို့ကမီသွားပြီး သူတို့ပခုံးတွေကို ဖမ်းဆွဲထားလိုက်ကြတယ်။

ဆပ်ကပ်လူပြက်က လန့်ဖျပ်သွားပြီး ထွက်ပြေးမယ်လုပ်လို့ကျုပ်က သူ့ရှေ့ကို ရောက်အောင် အလျင်ပြေးကာ ရှေ့က တားထားလိုက်တယ်။

"ဒုတိယ ကျောင်းအုပ်ကြီး တစ်ယောက်လုံး လုပ်နေပြီးဗျာ။ ဘာဖြစ်လို့ ကဒိုယာလို အိမ်တွေမှာ ညအိပ်ရတာလဲ"

ဖြူကောင်က စပြီးရန်စကား ပြောတော့တယ်။

"ဒုတိယကျောင်းအုပ်က ကဒိုယာမှာ ညအိပ်တည်းတာ မကောင်းဘူးဆိုတဲ့ ဥပဒေ ရှိလို့လား"

အကျီနီက ထုံးစံအတိုင်း မုင်မပျက် လေပျော့ကလေးနဲ့ ပြန်မေးလိုက်တယ်။ ဒါပေမယ့် သူ့မျက်နှာကတော့ သွေးမရှိသလို ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။

"သြော် . . .သြော်၊ ကိုယ့်ကျတော့ ပြောတတ်လိုက်တာ၊ ခင်ဗျားတို့ပဲ အကြော်ဆိုင်လို၊ ပေါက်စီဆိုင်လို နေရာမျိုးတွေကို ဆရာတွေ သွားတာဟာ ကျောင်းရဲ့ဂုဏ်ကို

ထိခိုက်တယ်ဆို၊ ခုလို ဒီနေရာမှာ ဂေရှာမယ်တွေနဲ့ လာပြီးအကြည်ဆိုက်နေတာကျတော့ ကောင်းတယ်ပေါ့"

ဆပ်ကပ်လူပြက်ဟာ အခွင့်ကောင်းယူပြီး ထွက်ပြေးတော့မယ်လုပ်တဲ့အတွက် ကျုပ်က ရှေ့ကနေတားပြီး . . .

"စကားသံဝဲဝဲနဲ့ မလည်မပတ် ကောင်လေးဆိုတာ ခင်ဗျားဘယ်သူ့ကိုပြောတာလဲ" လို့ အော်ငေါက်မေးလိုက်တယ်။

"အယ်၊ မောင်ရင့်ကို ပြောတာ မဟုတ်ပါဘူး၊ လုံးဝမဟုတ်ပါဘူး"

ဆပ်ကပ်လူပြက် ကြောင်ငြင်းနေပြန်တယ်။ ကျုပ်က သူ့ကိုလက်ပိုက်ပြီး ကြည့်နေတုန်း အိတ်ကပ်ထဲမှာ ထည့်လာတဲ့ ကြက်ဥတွေကို သွားပြီး အမှတ်ရလိုက်တယ်။ တကယ်လို့ ထွက်ပြေးလို့ လိုက်ရရင် ဒီကြက်ဥတွေ တွဲလောင်းတွဲလောင်းနဲ့ ဖြစ်နေမှာ စိုးတဲ့အတွက် အိတ်ကပ်ထဲကို လက်နှစ်ဖက်နိုက်ကာ ထိန်းထားလိုက်ပြန်တယ်။ နောက်ဆုံး စိတ်တိုလာလွန်းမက တိုလာတဲ့အခါ လက်ထဲက ကြက်ဥနှစ်လုံးနဲ့ ဆပ်ကပ်လူပြက်ကို ပိတ်ပေါက်လိုက်မိတော့တယ်။ သူ့နဖူးကို ခွမ်းကနဲ ပိတ်မှန်ပြီး နှာခေါင်းကနေ ကြက်ဥနှစ်ဝါဝါတွေဟာ တွဲလောင်းကျလာတော့တယ်။ ရုတ်တရက်မို့ လန့်ဖျပ်သွားပြီး ဖင်ထိုင်ချလိုက်ကာ "ကယ်ပါဦးဗျို့၊ ကယ်ပါဦး" လို့ ကုန်းအော်နေတယ်။

အမှန်တော့ ကျုပ်ဟာ ဒီကြက်ဥတွေကို အိမ်မှာ စားဖို့ဝယ်လာတာ။ သူ့ကိုပစ်ဖို့ မဟုတ်ဘူး။ စိတ်ကို မထိန်းနိုင်လွန်းလို့ ပစ်လိုက်ရတာပဲ။ ပစ်ပြီးမှ ကြည့်လိုက်တော့ ကျုပ်လက်ချက်ဟာ အတော်ကြီးထိရောက်နေတာကို တွေ့ရတဲ့အတွက် "ခွေးကောင်ကြီး၊ ဝက်ကောင်ကြီး၊ မှတ်ကရော . . .မှတ်ကရော" လို့ပြောပြီး ကျန်တဲ့ခြောက်လုံးနဲ့ တစ်လုံးပြီး တစ်လုံး ပစ်ထည့်လိုက်မိတယ်။ ကြက်ဥအားလုံး ကုန်သွားတဲ့အခါ သူ့မျက်နှာတစ်ခုလုံးလည်း ဝါထိန်သွားတော့တာပဲ။

ကျုပ်နဲ့ ဆပ်ကပ်လူပြက်တို့က ကြက်ဥစစ်ဆင်နွှဲနေတုန်းမှာ ဖြူကောင်နဲ့အကျီနီတို့က စကားများကောင်းနေတုန်း ရှိကြသေးတယ်။

"ညနေစောင်းကတည်းက ခင်ဗျားအဆက် ဂေရှာမလေးဝင်သွားတာ တွေ့ရဲ့ သားနဲ့ ဘာလိမ်ဦးမလို့လဲ"

"မောင့်ရင့်ကို ကျုပ်က ဘာလိမ်နေရမှာလဲ၊ ကျုပ်နဲ့ယိုရှိဂါဝါတို့ အတူတူ နားချင်လို့ လာတည်းကြတာပဲ၊ ဂေရှာတွေ လာအိပ်သလား၊ မအိပ်ဘူးလားဆိုတာ ကျုပ်ဘယ်သိနိုင်ပါ့မလဲ"

"တိတ်စမ်း"

ဖြူကောင်ဟာ ပြောရင်းဆိုရင်းကနေ အကျီနီကို လက်သီးနဲ့ တစ်ချက်ပစ်ထိုး



လိုက်တယ်။ အင်္ဂျီနီယိုင်သွားတယ်။

"ဒါ သက်သက် အကြမ်းဖက်တာပဲ၊ လူတစ်ဖက်သားပြောတာကို နားမထောင်ဘဲ အင်အားသုံးပြီး မောင်ရင်တို့ အနိုင်ကျင့်တာပဲ၊ မတရားဘူး"

"တရားတယ်၊ မတရားဘူး၊ ဘာမှ လျှာမရှည်နဲ့၊ ရော့ နောက်တစ်လုံး . . ."

ဖြူကောင်က နောက်တစ်ချက် ထပ်ထိုးလိုက်ပြီး . . .

"ခင်ဗျားတို့လို လူယုတ်မာတွေရမယ့် ဆုလာဘ်ဟာဒါပဲဗျ" လို့ပြောကာ တစ်ချက်ပြီး တစ်ချက် ဆက်ထိုးနေပြန်တယ်။ ကျုပ်လည်းပဲ ဆပ်ကပ်လူပြက်ကို အနားမပေးဘဲ ထိုးနေမိတယ်။

နောက်ဆုံးမှာ နှစ်ယောက်စလုံး အထိနာနေကြပြီ။ မိုးမခပင်ရိပ်မှာ ဖင်ထိုင်ရက်သား ကျသွားကြတော့တယ်။ ဘယ်လိုမှ ထမပြေးနိုင်တော့ဘဲ မျက်လုံးလေးတွေ ပေကလပ် ပေကလပ်နဲ့ ကျုပ်တို့ကို မော့ကြည့်နေကြတော့တယ်။

"ကဲ . . . ကျေနပ်ကြပြီလား။ မကျေနပ်သေးရင် ထပ်ထိုးပြရဦးမလား"

ဖြူကောင်က ဒီလိုမေးပြီး ထပ်ထိုးပြန်တယ်။ အဲဒီအခါကျမှ အင်္ဂျီနီက 'ကျေနပ်ပါပြီဗျာ' လို့ ဆိုလာတယ်။ ကျုပ်လည်း ဆပ်ကပ်လူပြက်ကို . . .

"ခင်ဗျားကြီးကော မကျေနပ်သေးဘူးလား" လို့ မေးတဲ့အခါ . . .

"အားပါးပါး၊ မလုပ်လိုက်ပါနဲ့ မောင်ရင်ရာ၊ ကျေနပ်သမှ အများကြီး ကျေနပ်ပါပြီ" လို့ ဖြေတယ်။

"ခင်ဗျားတို့ဟာ လူယုတ်မာတွေ ဖြစ်တဲ့အတွက် ခုလိုဆုံးမလိုက်ရတာပဲ၊ ဒါကို သင်ခန်းစာယူသွားကြပါ၊ ပါးစပ်က ဘယ်လောက်ပဲ ပလီပလာပြောပြော၊ အမှန်တရား ဆိုတာ လှည့်စားလို့မရဘူးဆိုတာ ကောင်းကောင်းကြီးမှတ်ထားလိုက်ကြပါ"

အဲဒီလို ဖြူကောင်က ပြောတဲ့အခါ နှစ်ယောက်စလုံး တုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်နေကြတော့တယ်။ ဘာမှ ပြန်မပြောနိုင်လောက်အောင် မောဟိုက်နေကြပြီနဲ့ တူတယ်။

ကျုပ်တို့ ဘယ်ကိုမှလည်း ထွက်မပြေးဘူး၊ ပုန်းလည်းပုန်းမနေဘူး၊ ဒီနေ့ညနေ ငါးနာရီအထိ ကမ်းနားလမ်းက မီးနားတိုးရာမှာ ရှိနေကြမယ်၊ ခင်ဗျားတို့ မကျေနပ်ရင် ရဲကိုခေါ်ပြီး လာခဲ့ကြ"

ဖြူကောင်က ပြောပြီးတဲ့အခါ ကျုပ်က ဆက်ပြောတယ်။

"ကျုပ်လည်း ဆရာဟောတာနဲ့ အဲဒီမှာအတူရှိနေမယ်၊ မကျေနပ်လို့ ရဲကို သွားတိုင်မယ်ဆိုရင်လည်း တိုင်နိုင်တယ်"

ကျုပ်တို့လည်း အဲဒီနေရာကနေ ခပ်မြန်မြန် ထွက်လာခဲ့ကြတော့တယ်။ အိမ်ပြန်ရောက်တော့ ခုနစ်နာရီ ထိုးကာနီးနေပြီ။

အခန်းထဲဝင်ပြီး အထုပ်အပိုးတွေ ပြင်နေတုန်းမှာ အဘွားရောက်လာပြီး "ဘယ်လို ဖြစ်ရတာလဲ ဆရာလေးရယ်" လို့ မေးရှာတယ်။

"ကျွန်တော် တိုကျိုပြန်ပြီး မိန်းမသွားခေါ်မလို့ပါ" လို့ ဖြေကာ အခန်းခကို ရှင်းပေး လိုက်တယ်။ ပြီးတော့ လန်ချားတစ်စီးငှားပြီး ကမ်းနားလမ်းက ဖြူကောင်ရှိတဲ့ မီနား တိုးရာ တည်းခိုခန်းကို ထွက်လာခဲ့တယ်။

တည်းခိုခန်းရောက်တော့ အပေါ်ထပ်မှာ ဖြူကောင် အိပ်ပျော်နေပြီ။ ကျုပ်လည်း ထွက်စာရေးဦးမှပဲလေလို့ စဉ်းစားမိပေမယ့် ဘယ်လိုရေးရမှန်းမသိတာနဲ့ . . .

"ဆရာကြီး ခင်ဗျာ . . .

ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် ကျွန်တော် တိုကျိုသို့ပြန်ရပါတော့မည်။ ကျွန်တော့် အခြေအနေကို နားလည်လိမ့်မည်ဟု ယုံကြည်ပါ သည်။ ကြိုတင် ကျေးဇူး တင်လျက် "လို့ရေးပြီး စာတိုက်ကနေ ထည့်လိုက်မိသည်။

မီးသဘောက ညနေ (၆)နာရီမှာထွက်မယ်။ ကျုပ်နဲ့ဖြူကောင်ဟာ မောလာ လို့လား မသိဘူး။ တရှူးရှူးနဲ့ အိပ်မောကျနေခဲ့ကြတော့တယ်။ ကျုပ်တို့ နိုးလာတော့ မွန်းလွဲနှစ်နာရီ ထိုးပြီးနေပြီ။ တည်းခိုခန်းက အစေခံမလေးကို " ရဲသားတွေများ လာ သေးလား" လို့ မေးကြည့်တော့ "မလာရပါလားရှင်" လို့ ပြန်ဖြေတယ်။

" အကျီနီကော ဆပ်ကပ်လူပြက်ပါ သွားမတိုင်ကြဘူး ထင်တယ်ကွ၊ ဟားဟား"

ကျုပ်တို့ နှစ်ယောက်စလုံး သဘောကျပြီး တဟားဟား ရယ်လိုက်ကြတယ်။

ညနေခင်းမှာပဲ ကျုပ်တို့ဟာ အဲဒီ ပစ္စန္တရစ်အရပ်က ခွာခဲ့ကြတော့တယ်။ သဘော ကြီးက ကမ်းကခွာလာတာနဲ့အမျှ ကျုပ်တို့စိတ်တွေဟာလည်း ပိုပြီးလန်းဆန်း လာကြတော့တယ်။ ကိုဘဲ့ကိုရောက်တော့ တိုကျိုရထား ပြောင်းစီးကြပြန်တယ်။ တိုကျိုမြို့က ရှင်းဘကျိဘူတာကို ရထားဆိုက်လိုက်တဲ့အခါမှာ ကျုပ်တို့ဟာ ထောင် ကနေလွတ်လာတဲ့ အကျဉ်းသားတွေလို ပျော်ရွှင်မြူးထူးသွားကြတော့တယ်။ ဖြူကောင် နဲ့ကျုပ်လည်းပဲ အဲဒီဘူတာကစပြီး ကွဲလိုက်ကြတာ အခုအထိ တစ်ယောက်နဲ့တစ် ယောက် ပြန်မတွေ့ကြတော့ဘူး။

ကီယော်အကြောင်း ဆက်ပြောဖို့မေ့သွားတယ်။ ကျုပ်လည်း တိုကျိုကို ရောက် ရောက်ချင်း အိမ်ခန်းကိုမပြန်တော့ဘဲ ကီယော်ဆီကို ထွက်လာခဲ့တယ်။ လက်ထဲမှာ အိတ်ကိုကိုင်ပြီးတော့ "အဒေါ်ကီယော်ရေ ကျွန်တော်ပြန်လာပြီဗျ" လို့ ဝမ်းသာအားရ အော်ပြောလိုက်မိတယ်။ ကီယော်လည်း . . .

"အလို လူလေးဘော့ကျန်ပါလား၊ လူလေး စောစောပြန်ခဲ့တယ်နော်" လို့ မျက်ရည် တွေက တတွေတွေစီးကျပြီး ပြောရှာတယ်။ ကျုပ်လည်း ပျော်လွန်းတာနဲ့ . . .

"ကျွန်တော် တောကို ပြန်မသွားတော့ဘူး အဒေါ်၊ တိုကျိုမှာပဲ အိမ်ဆောက်ပြီး အဒေါ်နဲ့ နေတော့မယ်" လို့ ပြောလိုက်မိတယ်။

မကြာခင်မှာပဲ မိတ်ဆွေတစ်ယောက်ရဲ့ ထောက်ခံမှုနဲ့ သံမဏိစက်ရုံတစ်ခုမှာ အငယ်တန်း အင်ဂျင်နီယာအလုပ်ကို ရတယ်။ လစာက နှစ်ဆယ့်ငါးယန်းရပြီး အိမ်လခ ခြောက်ယန်းပေးရတယ်။ ကီယော်ဟာ ဆင်ဝင်တွေ ဘာတွေနဲ့ အိမ်ကြီးရခိုင် မဟုတ်ပေမယ့် အတော်ကလေးပျော်နေရှာတော့တယ်။

ကံမကောင်းချင်တော့ အဲဒီနှစ် ဖေဖော်ဝါရီလမှာ ကီယော်ဟာ အဆုတ်အအေးမိပြီး ကွယ်လွန်သွားရရှာတယ်။ မသေခင်ကလေးမှာ ကျုပ်ကိုခေါ်ပြီး . . .

"လူကလေး ဘော့ကျန်၊ အဒေါ့်ကို သနားရင်လူလေးတို့ မိသားစုသင်္ချိုင်းရှိတဲ့ ဘုန်းကြီးကျောင်းနားမှာ မြှုပ်ပေးပါကွယ်။ အဲဒီနေရာက အုတ်ဂူထဲကနေပြီး လူလေး အလာကို စောင့်နေပါ့မယ်" လို့ မှာရှာတယ်။ ဒါကြောင့်မို့ ကီယော်ရဲ့ အုတ်ဂူကို ကောဘိနတ အရပ်မှာရှိတဲ့ယောဂင်းဂျိ သင်္ချိုင်းမှာတည်လိုက်ရတော့တယ်။

ဘော့ကျန်

မြနန္ဒာစာအုပ်တိုက်

နာစူမဲ့ဆောဆဲကိ

# ဘော့ကျန်

ရဲမြလွင်

